1930011
KS 1200

http://www.dhammadownload.com

**မဟာသရဏဂုံ ရွတ်ပွားထုံးခို**

လွှန်ကြီးမြတ်လုတာမို့
ဆည်းကပ်ကြပါစို့ မဟာသရဏဂုံ ။
ရွတ်ပွားထုံ အာရုံစိတ်တွေနှင့် ၊
အေးရိပ်ခိုလှုံ ။ ။
စီးပွားဓာတ် လာဒ်မျိုးထုံ၊
လုံးစုံပ ရန်ဝေး ။
မင်္ဂလ်နှင့်ဖိုလ် နိဗ္ဗာန်နန်းသို့
မြန်းကြစို့လေး ။ ။

နဝမလယ်တီဆရာတော်

လယ်တီရောင်ခြည် ကွန်ပျူတာမှ စာစီသန့်စင်၍
မိခင်ရောတီစာအုပ်တိုက်မှ ဖြန့်ချိသည်။

…ပြည်လုံးဖြန့်ချိရေး

မိခင်ရောဝတီ စာအုပ်တိုက်
တိုက်(၄)၊ အခန်း(၄၀၂)၊ ကျီတော်အိမ်ရာ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁-၇၀၁၄၃၁

လယ်တီမဟာသရဏဂုံတော်ကြီး မြန်မာပြန် (ပထမတွဲ) လယ်တီအရှင်ကောလာသ

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

**လယ်တီအရှင်ကောလာသ**

သာသနဓဇ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ

ဖွင့် ဆို တော် မူ သော

# လယ်တီမဟာသရဏဂုံတော်ကြီး

## မြန်မာပြန်ကျမ်း

## ပထမတွဲ

ဒုတိယအကြိမ်
မိခင်စာအုပ်အမှတ်(၅၃)

http://www.dhammadownload.com

1200

http://www.dhammadownload.com

http://www.dhammadownload.com

# အမှန်တရားသည် အင်အား

ရောဝတီ ရွှေနဒီသည်
ရစ်ခွေစီးဆင်း ငြိမ်းချမ်းခြင်းဖြင့်
ဝပြောသာယာ ပြည်မြန်မာကို
ထာဝရ အလှဆင်မည်တည်း။

http://www.dhammadownload.com

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | – ၁၀၄၄/၂၀၀၃ (၁၂) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – ၄၅/၂၀၀၄ (၁) |
| ထုတ်ဝေခြင်း | – ဒုတိယအကြိမ် |
| အုပ်ရေ | – ၁၀၀၀ |
| တန်ဖိုး | – ၇၀၀ ကျပ် |
| စီစဉ်သူ | – မိခင်ရောဝတီစာအုပ်တိုက်မိသားစု |
| မျက်နှာဖုံး | – Eagle |
| အတွင်းဖလင် | – ကိုအောင်ခင်ဦး |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | – ဦးကျင်ရင် (မြဲ–၀၅၄၁၇) |
| ထုတ်ဝေသူ | – ဒေါ်ချယ်ရီသိန်း (မိခင်ရောဝတီစာအုပ်တိုက်) (ယာယီ–၆၇၇) |

http://www.dhammadownload.com

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏
မဟာသရဏဂုံတော်ကြီးကို
လယ်တီအရှင်ကေလာသ (အဂ္ဂမဟာပဏ္ဍိတ)
ဖွင့်ဆိုရေးသားအပ်သော

# မဟာသရဏဂုံတော်ကြီးမြန်မာဋီကာ

## ပထမတွဲ

သစ္စဝဏ္ဏနာ၊ ခန္ဓဝဏ္ဏနာ၊ အာယတနဝဏ္ဏနာ၊
ဓာတုဝဏ္ဏနာ၊ ပဋိစ္စသမုပ္ပါဒဝဏ္ဏနာ၊

လယ်တီရောင်ခြည် ကွန်ပျူတာစာပေ
**လယ်တီဒီပနီ ထွန်းကားပြန့်ပွားရေးအဖွဲ့**
မဟာလယ်တီတိုက်၊
မုံရွာမြို့။

http://www.dhammadownload.com

# မာတိကာ


ကျမ်းဦးနိဒါန်း --- က-ဏ

**မဟာသရဏဂုံ အမည်ရပုံ** --- ၁

မဟာသရဏဂုံ ဟူသည်မှာ --- ၂

ကိုးကွယ်ဆည်းကပ် နည်းနှစ်ရပ် --- ၅

မှားယွင်းဖောက်ပြန် နည်းတစ်တန် --- ၅

ငရဲ ပြိတ္တာ ဖြစ်ရာမှန်လှ နတ်ထိန်းမ --- ၈

တန်ဆေးလွန်ဘေး ဆည်းကပ်ရေး --- ၁၀

မှန်ကန်ကိုးကွယ် နည်းတစ်သွယ် --- ၁၁

ကျေးရူးရှင်ကြီး မိတ်ဖွဲ့နည်း --- ၁၁

ရှင်တော်ဗုဒ္ဓ ဟောပြခဲ့တဲ့ ပူဇော်ပုံ --- ၁၃

**သုံးပါးရတနာ ကိုးကွယ်ရာ**

စစ်မှန်သော ကိုးကွယ်မှု --- ၁၅

သရဏဂုံ မှမ်းထုံသူအား ဘီလူးမစား --- ၁၉

သာဓကတစ်လီ မဒ္ဒကုဏ္ဍလီ --- ၁၉

သုံးဆယ့်တစ်ကမ္ဘာ ပါယ်ရွှာမလား --- ၂၀

လောင်းလျှာမှန်က တည်ကြသရဏဂုံ --- ၂၂

http://www.dhammadownload.com

# မာတိကာ

## သရဏဂုံတွင် အမွှမ်းတင်


သစ္စာနှစ်ရပ် ပိုင်းဖြတ်တီထွင် အမွှမ်းတင် --- ၂၃
သမုတိသစ္စာ ဆိုသည်မှာ --- ၂၄
ပရမတ္ထသစ္စာ ဆိုသည်မှာ --- ၂၄
သမုတိသစ္စာ ဝေါဟာရဒေသနာဖြင့် ရှိခိုးခြင်း--- ၂၅
ရှေးပညာရှင် အစီအစဉ် --- ၂၆


## သစ္စာဝဏ္ဏနာ ပဏာမ

### (က) သစ္စပဋိဝေဓ


ပရမတ္ထသစ္စာနယ်ဖြင့် ကိုးကွယ်ဆည်းကပ်ခြင်း-- ၃၀
အမှန်လေးချက် သဘောနက် --- ၃၁
ဤအရာဝယ် မေးဖြေဖွယ် --- ၃၂
သဘောငါးချက် အဟောခက် --- ၃၃


### ဒုက္ခသစ္စာ ပရိညာကိစ္စ


ခန္ဓဝဏ္ဏနာ ပဏာမ --- ၃၇
ပိဋ္ဌနန္ဒဒုက္ခ --- ၃၈
သခ်တဒုက္ခ --- ၃၉
ကာယဖြင့်ပြုပြင်ပုံ --- ၄၀
စိတ်ဖြင့်ပြုပြင်ပုံ --- ၄၀
ဥတုဖြင့်ပြုပြင်ပုံ --- ၄၁
အာဟာရဖြင့်ပြုပြင်ပုံ --- ၄၁

http://www.dhammadownload.com

# မာတိကာ


သန္တာပဒုက္ခ --- ၄၂

ဝိပရိဏာမဒုက္ခ --- ၄၅

ဒုက္ခသုံးချက် ရှောင်ထွက်မရ ပီဋ္ဌနသဘော --- ၄၇

အရေမရှိ နွား၏ဥပမာ ပီဋ္ဌနသဘာဝ၊ --- ၄၇

ပဉ္စက္ခန္ဓ ပရိညာ --- ၄၉

ရူပက္ခန္ဓ ဒုက္ခပရိညာ --- ၅၄

ဝေဒနာက္ခန္ဓ ဒုက္ခပရိညာ --- ၆၀

သညာက္ခန္ဓ ဒုက္ခပရိညာ --- ၆၄

သင်္ခါရက္ခန္ဓ ဒုက္ခပရိညာ --- ၆၆

ဝိညာဏက္ခန္ဓ ဒုက္ခပရိညာ --- ၆၈

အာယတန ဝဏ္ဏနာ ပဏ္ဍာမ

အာယတန ဒုက္ခပရိညာ --- ၇၂

စက္ခာယတန ဒုက္ခပရိညာ --- ၇၈

သောတာယတန ဒုက္ခပရိညာ --- ၈၀

ဃာနာယတန ဒုက္ခပရိညာ --- ၈၁

ဇိဝှါယတန ဒုက္ခပရိညာ --- ၈၁

ကာယာယတန ဒုက္ခပရိညာ --- ၈၂

မနာယတန ဒုက္ခပရိညာ --- ၈၃

ရူပါယတန ဒုက္ခပရိညာ --- ၈၄

သဒ္ဒါယတန ဒုက္ခပရိညာ --- ၈၇

ဂန္ဓာယတန ဒုက္ခပရိညာ --- ၈၈

ရသာယတန ဒုက္ခပရိညာ --- ၈၈

ဖောဋ္ဌဗ္ဗာယတန ဒုက္ခပရိညာ --- ၈၉

http://www.dhammadownload.com

# မာတိကာ


ဓမ္မာယတန ဒုက္ခပရိညာ --- ၉၀

**ဓာတုဝဏ္ဏနာ ပဏ္ဏာန**

ဓာတုဒုက္ခပရိညာ --- ၉၁

**ပဋိစ္စသမုပ္ပါဒဝဏ္ဏနာ ပဏ္ဏာမ**

ပဋိစ္စသမုပ္ပါဒ ဒုက္ခပရိညာ --- ၉၉
ပဋိစ္စသမုပ္ပါဒ ဥဒ္ဒေသပါဠိတော် --- ၁၀၃
အဝိဇ္ဇာ ဒုက္ခပရိညာ --- ၁၀၈
သင်္ခါရ ဒုက္ခပရိညာ --- ၁၁၃
ဝိညာဏ ဒုက္ခပရိညာ --- ၁၂၆
နာမရူပ ဒုက္ခပရိညာ --- ၁၃၁
သဠာယတန ဒုက္ခပရိညာ --- ၁၃၅
ဖဿ ဒုက္ခပရိညာ --- ၁၃၈
ဝေဒနာ ဒုက္ခပရိညာ --- ၁၄၄
တဏှာ ဒုက္ခပရိညာ --- ၁၄၈
ဥပါဒါန ဒုက္ခပရိညာ --- ၁၅၃
ဘဝ ဒုက္ခပရိညာ --- ၁၆၁
ဇာတိ ဒုက္ခပရိညာ --- ၁၇၁
ဇရာ မရဏ ဒုက္ခပရိညာ --- ၁၇၅
သောကာဒိ ဒုက္ခပရိညာ --- ၁၈၃
ဒုက္ခက္ခန္ဓ ပရိညာ --- ၁၉၃
နိဂုံး --- ၁၉၇


မာတိကာ ပြီး၏။

---- ---- * ---- ----

http://www.dhammadownload.com

# ကျမ်းဦးနိဒါန်း

## (၁)

## သရဏဂုံသမိုင်းဦး

ဗုဒ္ဓသာသနာ၏ ပန္နက်

စင်စစ်သရဏဂုံသည် ဗုဒ္ဓသာသနာတော်၏ ပန္နက်ဖြစ်သည်၊ သရဏဂုံ မတည်ပါက ဗုဒ္ဓဘာသာဝင် မဖြစ်နိုင်ပေ၊ သရဏဂုံတည်မှသာလျှင် ဗုဒ္ဓဘာသာဝင် တစ်ယောက် ဖြစ်လာနိုင်ပေမည်။

ဗုဒ္ဓသာသနာတော်၏ ပန္နက်ဖြစ်သည့်အတိုင်း--

- ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်ရန် အတွက်လည်း ကောင်း၊
- ရှင်သာမဏေဖြစ်ရန် အတွက်လည်းကောင်း၊
- ရဟန်းဖြစ်ရန် အတွက်လည်းကောင်း၊

သရဏဂုံနှင့်စတင်ကာ ပန္နက်ချကြရပေသည်၊ သရဏဂုံနှင့် ပန္နက်မချဘဲ ဗုဒ္ဓဘာသာဝင်တစ်ယောက်လည်း မဖြစ်နိုင်ပေ၊ ရှင်-

http://www.dhammadownload.com



ရဟန်းလည်း မဖြစ်နိုင်ပေ။

သရဏဂုံသည် ဤမျှလောက် အခြေခံလည်းကျလှသည်၊ အရေးလည်းကြီးလှသည်၊ ထို့ကြောင့် ဗုဒ္ဓသာသနာတော်၏ ပန္နက်ဟုခေါ် ဆိုရခြင်းဖြစ်သည်။

**ပထမဆုံး ဒွေဝါစိက သရဏဂုံ တည်သူ**

မဟာသက္ကရာဇ် ၁၀၃-ခုနစ်တွင် ဗုဒ္ဓဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူသည်၊ ထို့နောက် ပလ္လင်္က, အနိမိသစသော ခုနစ်ဌာနတို့၌ သတ္တသတ္တာဟ (=ခုနစ်ရက် ခုနစ်လီ) သတ္တဌာန စံနေတော်မူသည်။

ယင်းသို့ စံနေတော်မူစဉ် နောက်ဆုံးသတ္တဌာနဖြစ်သည့် ရာဇာယတန သတ္တာဟလင်းလွန်းပင်ရင်း၌ စံနေတော်မူသောအခါ ဥက္ကလာပဇနပုဒ်မှ တပုဿနှင့်ဘလ္လိက ကုန်သည်ညီနောင်တို့သည် ဗုဒ္ဓဘုရားရှင်အား လာရောက်ဖူးမြော်ကြကာ ကြွက်ကျစ်မုန့်- ပျားမုန့် ဆုပ်တို့ကို ဆပ်ကပ် လှူဒါန်းကြသည်။

ထိုအခါ ဗုဒ္ဓဘုရားရှင်က ယင်းကုန်သည် ညီနောင်တို့အား ဗုဒ္ဓဘာသာဝင်များ ဖြစ်လာအောင် ဒွေဝါစိက သရဏဂုံကိုပေးကာ ဗုဒ္ဓသာသနာ့ ပန္နက်ချ ပေးတော်မူခဲ့သည်၊ တစ်ဆက်တည်းပင် ဦးခေါင်းတော်ကို သုံးသပ်၍ ဆံတော်ဓာတ် လက်တစ်ဆုပ်ကိုလည်း ပေးအပ်ချီးမြှင့်တော်မူလိုက်သည်။

ဒွေဝါစိက သရဏဂုံ ဆိုသည်မှာ-

- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

ဓမ္မံ သရဏံ ဂစ္ဆာမိ

http://www.dhammadownload.com



ပင်ဖြစ်သည်၊ ထိုအချိန်က ဗုဒ္ဓသာသနာတော်၌ သံဃာတော်များ မရှိသေးပေ၊ ထို့ကြောင့် 'သံဃံ သရဏံ ဂစ္ဆာမိ' မပါဘဲ ဒွေဝါစိက သရဏဂုံဖြင့်သာ ဗုဒ္ဓဘုရားရှင်က ဗုဒ္ဓသာသနာ့ပန္နက်ကို ချပေးတော်မူခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓသာသနာတော်၏ သရဏဂုံသမိုင်း၌ တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ကို ပထမဆုံး ဒွေဝါစိက သရဏဂုံ တည်သူဟု မှတ်ယူရပေမည်။

-------*-------

## (၂)

## တေဝါစိက သရဏဂုံ၏ နိဒါန်း

**သူဌေးသား ယသ**

ဗုဒ္ဓဘုရားရှင်ဘဝ- ဗုဒ္ဓဘုရားရှင်၏ သမိုင်း- ဗုဒ္ဓဝင်ကို လေ့လာဖူးသူတိုင်း ဗုဒ္ဓ၏အလောင်းတော်အား ယနာနို့ဆွမ်းဆက်ကပ်လှူဒါန်းသော သုဇာတာ သူဌေးသမီး၏အကြောင်းကို ကြားဖူးကြပြီး ဖြစ်ကြပေလိမ့်မည်။

သူဌေးသမီးသုဇာတာ၌ ယသအမည်ရှိသော သားတစ်ယောက်ရှိသည်၊ ယသလုလင်သည် သူဌေးသားပီပီ ကာမဂုဏ်ချမ်းသာတို့ဖြင့်သာ ခံစား စံစားကာ ပျော်ပါးနေထိုင်လျက်ရှိသည်။

တစ်ညတွင်မူ ယသသူဌေးသားသည် စောစောအိပ်ပျော်သွားသဖြင့် ပစ္ဆိမယာမ်၏ စောစောပိုင်း၌ အိပ်စက်ရာမှနိုးလာသည်၊ ထိုအခါ ညဦးပိုင်းက သူ့အား တူရိယာမျိုးစုံတို့ဖြင့် ဖျော်ဖြေနေကြသော ကိုယ်လုပ်မောင်းမတို့မှာ အိပ်မောကျ အိပ်ပျော်လျက် ရှိနေကြသည်။

http://www.dhammadownload.com



ကိုယ်လုပ်မောင်းမတို့မှာ အိပ်မောကျနေသူတို့၏ ထုံးစံအတိုင်း ပိုးလိုးပက်လက်ဖြင့် ခါးဝတ်ကျွတ်သူကကျွတ်- ဟောက်သူကဟောက်- ဆံပင်ဖားလျားကြဲ ကာ အာခံတွင်းကပွင့်ပြီး စက်ဆုပ်ဖွယ်ရာ အာပုပ်နံ့တို့ကလည်း လှိုင်လျက် မသတိစရာမြင်ကွင်းကို ဟင်းလင်းဖွင့်ပြနေသကဲ့သို့ ဖြစ်နေရာ ယသသူဌေးသားမှာ ယင်းမြင်ကွင်းကို ကြည့်ပြီးလျှင် 'ဤခန္ဓာကိုယ်ကြီးကား နှစ်သက်စွဲလမ်းဖွယ် မရှိ၊ စက်ဆုပ်ရွံရှာဖွယ် အတိပါတကား'ဟု သံဝေဂဉာဏ်ဖြစ်ပေါ်လာသည်၊ ပြင်းပြစွာ တုန်လှုပ်ချောက်ချား ထိတ်လန့်သွားသည်။

ထို့ကြောင့် အိပ်စက်ရာဘောင်စောင်းမှ ထပြီးလျှင် အိမ်မှ ထွက်ခွါလာခဲ့သည်။

**ဗုဒ္ဓဘုရားရှင်နှင့် တွေ့ဆုံခြင်း**

ယသ သူဌေးသားသည် မိဂဒါဝုန်တောအရပ်သို့ မျက်နှာမူကာ ထွက်လာခဲ့ခြင်းဖြစ်သည်၊ ထိုအခါ ဗုဒ္ဓဘုရားရှင်လည်း ထိုညဥ့်မိုးသောက်ယံ၌ စင်္ကြံကြွနေတော်မူစဉ်ဖြစ်၍ ယသ သူဌေးသားကိုမြင်လျှင် စင်္ကြံမှသက်၍ သင့်တင့်လျောက်ပတ် ခင်းအပ်သောအရပ်၌ နေတော်မူလင့်သည်။

ယသ သူဌေးသားလည်း ဗုဒ္ဓဘုရားရှင်ဟောကြားတော်မူသော သစ္စာ လေးပါးတရားကို ကြားနာရသဖြင့် ဒိဋ္ဌိ, ဝိစိကိစ္ဆာကင်းကာ ချက်ချင်းပင် သောတာပတ္တိဖိုလ်သို့ ရောက်ရှိခဲ့သည်။

**သုဇာတာ ဇနီးမောင်နှံ၏ သောက**

နောက်တစ်နေ့ နံနက်ပိုင်းသို့ ရောက်သောအခါ သုဇာတာသည် သားဖြစ်သူ ယသ လုလင်ကို မတွေ့ရတော့သဖြင့် ပူပင်လောင်ဆာ ဗျာပါတကြီး ရင်တီးလက်ခတ် ပါးစပ်မှလည်း ရေရွတ်မြည်တမ်းကာ ယသ၏ဖခင်သူဌေးကြီးအား ပြောကြားသည်။

http://www.dhammadownload.com



ယသ၏ဖခင်သူဌေးကြီးလည်း အရပ်လေးမျက်နှာသို့ မြင်းသည်တမန်တို့ကို စေလွှတ်ကာ သားဖြစ်သူ ယသအား ရှာဖွေစေသည်။

နောက်ဆုံး၌ သားဖြစ်သူ သွားလေရာ ရွှေခြေနင်းရာကို အစဉ်မှီးကာ ခြေရာခံ၍လိုက်လာသောအခါ မိဂဒါဝုန်တောသို့ ရောက်ရှိလာသည်။

**ပထမဦးစွာ တေဝါစိက သရဏဂုံ တည်သူ**

ထိုအခါ ဗုဒ္ဓဘုရားရှင်သည် ယသ၏ ဖခင်သူဌေးကြီး လာသည်ကို အဝေးကမြင်လျှင် အနီး၌ ရှိနေသော ယသလုလင်အား ဝှက်ထားဦးမှသင့်တော်မည်ဟု အကြံဖြစ်တော်မူကာ ယသကို သူဌေးကြီး မမြင်ရအောင် တန်ခိုးဖန်ဆင်း ဝှက်ထားတော်မူသည်။

သူဌေးကြီးလည်း ဗုဒ္ဓဘုရားရှင်သို့ ချဉ်းကပ်ပြီးလျှင် -

'အရှင်ဘုရား -တပည့်တော်ကား သားပျောက်၍ လာရှာပါသည်၊ သတို့သားတစ်ယောက် လာသည်ကို မြင်ပါသလား'

ဟု မေးလျှောက်သည်၊ ဗုဒ္ဓ ဘုရားရှင်က -

'သင် သူဌေး၊ ထိုင်ဦးလော့၊ ဤအရပ်၌ပင် သင်၏သား ယသကို မြင်ရလတ္တံ့.'

ဟု မိန့်ကြားတော်မူသည်၊ 'သား ယသကို မြင်ရလတ္တံ့.' ဟူသော စကားကို ကြားလိုက်ရသောအခါ သူဌေးကလည်း အားရဝမ်းသာဖြစ်ကာ ဗုဒ္ဓဘုရားရှင်၏ ခြေတော်ရင်းသို့ ချဉ်းကပ်နေလေသည်။

ထိုအခါ ဗုဒ္ဓဘုရားရှင်က ဒါနကထာ, သီလကထာ, ကာမာဒီနဝကထာ, နေက္ခမာနိသံသကထာတို့ကို သူဌေးကြီးအား အစဉ်အပိုင်း

http://www.dhammadownload.com



ဟောကြားတော်မူသည်။

ဒေသနာတော်၏ အဆုံး၌ သူဌေးလည်း သောတာပန်အဖြစ်သို့ ရောက်ရှိသွားသည်၊ ထို့နောက် သူဌေးကြီးက-

'အရှင်ဘုရား၏ တရားဒေသနာတော်သည် အလွန်ကောင်းစွတကား၊ ခရီးမှားသောသူအား ဖြောင့်သားစွာ လမ်းညွှန်သကဲ့သို့လည်းကောင်း, ဖုံးမှောက် ဝှက်ထားသော ဝတ္ထုကို လှစ်လှန်၍ ပြဘိသကဲ့သို့လည်းကောင်း, အင်္ဂါလေးပါး ရှိသော အမိုက်မှောင်၌ တန်ဆောင်ဆီမီးကြီးကို ထွန်းဘိသကဲ့သို့လည်းကောင်း ဖြစ်သည်ဟု တပည့်တော် သိရှိရပါပြီ၊

- ယနေ့မှစ၍ တပည့်တော်သည် ဘုရားသခင်ကိုလည်းကောင်း
- တရားတော်ကိုလည်းကောင်း
- သံဃာတော်ကိုလည်းကောင်း ကိုးကွယ်မှီခိုရာဟူ၍ ဆည်းကပ်ပါ၏၊ တပည့်တော်ကို ဥပါသကာဟူ၍ မှတ်တော်မူပါ၊ အရှင်ဘုရား ဟောကြားတော်မူသည်ကို နာခံ၍ ကျင့်ပါတော့မည်ဘုရား'

ဟူ၍လျှောက်ထားလေသည်။

သို့ဖြစ်ရာ 'ဘုရား, တရား, သံဃာကို ကိုးကွယ် မှီခိုရာဟူ၍ ဆည်းကပ်ပါ၏' ဟုလျှောက်ထားသော ယသ၏ ဖခင်သူဌေးကြီးသည် ဗုဒ္ဓသာသနာတော်၏ သရဏဂုံသမိုင်း၌ ပထမဦးစွာ တေဝါစိက သရဏဂုံ တည်သူဟု မှတ်ယူရမည် ဖြစ်ပေသည်။

ဤ၌ သူဌေးကြီး၏ 'ဘုရား, တရား, သံဃာကို ကိုးကွယ်မှီခိုရာဟူ၍ ဆည်းကပ်ပါ၏' ဟုလျှောက်ထားမှုသည် ပါဠိလို -

- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

http://www.dhammadownload.com



ဓမ္မံ သရဏံ ဂစ္ဆာမိ၊

သံဃံ သရဏံ ဂစ္ဆာမိ၊

ဟူသော သရဏဂုံသုံးပါး (=တေဝါစိက သရဏဂုံ)ပင်ဖြစ်သည်။

**ယသနှင့် သူဌေးသား ငါးကျိပ်ငါးဦးတို့ ရဟန်းပြုကြခြင်း**

သူဌေးကြီး တေဝါစိကသရဏဂုံ တည်ပြီးနောက် ဗုဒ္ဓဘုရားရှင်က တန်ခိုးတော်ဖြင့် မမြင်အောင်ဝှက်ထားသော ယသသတို့သားအား ဤနေရာမှာပင် သူဌေးကြီး မြင်အောင် ပြတော်မူလိုက်သည်။

ထို့နောက် ယသ သတို့သားလည်း ဗုဒ္ဓဘုရားရှင်ထံတော်တွင် ရဟန်းအဖြစ်ကို တောင်းပန်၍ ဧဟိဘိက္ခု ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ယသသတို့သား ရဟန်းအဖြစ်သို့ ရောက်ရှိကြောင်း ကြားသိ ကြရသောအခါ အရှင်ယသ၏ အဆွေခင်ပွန်းဖြစ်ကုန်သော သူဌေးသား ငါးကျိပ်ငါးဦးတို့သည်လည်း အရှင်ယသနည်းတူ ဧဟိဘိက္ခု ရဟန်းအဖြစ်သို့ ရောက်ရှိကြကာ သာသနာဘောင်သို့ ဝင်ရောက်လာခဲ့ကြသည်။

ယင်းအရှင်ယသနှင့်တကွ ငါးကျိပ်ငါးပါးသော ဧဟိဘိက္ခု ရဟန်းတို့မှာ ရဟန်းအဖြစ်သာမကတော့ပဲ ဧဟိဘိက္ခု ရဟန္တာအဆင့်ထိအောင် ရောက်ရှိခဲ့ကြခြင်းဖြစ်သည်။

ထိုအခါ ဗုဒ္ဓသာသနာတော်၌ ပဥ္စဝဂ္ဂီငါးပါး - အရှင်ယသစသော ငါးကျိပ် ငါးပါး-ပေါင်း ရဟန္တာအရှင်မြတ် ခြောက်ကျိပ်တိတိ ရှိလာခဲ့ပြီဖြစ်သည်။

http://www.dhammadownload.com


**သရဏာတ္တယဝဏ္ဏနာကို ဟောကြားတော်မူခြင်း**

ဗုဒ္ဓဘုရားရှင်သည် ယင်းခြောက်ကျိပ်သော ရဟန္တာအရှင်မြတ်များနှင့်အတူ ဗာရာဏသီပြည် မိဂဒါဝုန်တောတွင် နန္ဒိယ ဥပါသကာ ဆောက်လုပ်သောကျောင်း၌ ထိုနှစ်ပထမဝါ ဆိုတော်မူခဲ့သည်။

ယင်းသို့ ပထမဝါဆိုတော်မူစဉ် သရဏဂုံသုံးပါးလုံးလည်း ပြည့်စုံပြီဖြစ်၍ ဗုဒ္ဓဘုရားရှင်သည် သရဏာတ္တယဝဏ္ဏနာကို ဟောကြားတော်မူသည်။

**သံဂါယတနာတင် အရှင်မြတ်တို့၏ အစီအစဉ်**

သရဏာတ္တယ ဝဏ္ဏနာသည် ခုဒ္ဒကပါဌ ပါဠိတော်၌ပါရှိသည်၊ အရှင်မဟာကဿပ အစရှိသော သံဂါယနာတင် အရှင်မြတ်တို့သည် ဤ သရဏာတ္တယ ဝဏ္ဏနာကို ခုဒ္ဒကပါဌ ပါဠိတော်၌ ပထမဆုံး အဦးအစထားကာ သံဂါယနာတင်တော်မူခဲ့ခြင်း ဖြစ်သည်။

ဤ၌ အမေးပုစ္ဆာတစ်ရပ် ပေါ်ပေါက်လာသည်၊ 'ခုဒ္ဒကပါဌ ပါဠိတော်တွင် သရဏာတ္တယဝဏ္ဏနာကို အဘယ့်ကြောင့် အဦးအစထားကာ သံဂါယနာ တင်တော်မူခဲ့ကြသနည်း' ဟူသော အမေးပုစ္ဆာပင် ဖြစ်သည်။

**အဋ္ဌကထာဆရာကြီး၏ ဖြေရှင်းချက်**

ယင်း အမေးပုစ္ဆာကို အဋ္ဌကထာဆရာ အရှင်မဟာ ဗုဒ္ဓဃောသ မထေရ်မြတ်က --

အင်္ဂါကိုးပါးရှိသော ဗုဒ္ဓဘုရားရှင်၏ အဆုံးအမ ဩဝါဒတော်ကို ပိဋကသုံးပုံတို့ဖြင့် သံဂါယနာ တင်ကြကုန်သည်ရှိသော် အရှင် မဟာကဿပ အစရှိသော သံဂါယနာတင် အရှင်မြတ်ကြီး

http://www.dhammadownload.com



တို့သည် ဤ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ - ဓမ္မံ သရဏံ ဂစ္ဆာမိ - သံဃံ သရဏံ ဂစ္ဆာမိ' ဟူသော ၂၄-လုံးသော အက္ခရာအစဉ်ဖြင့် -

- ရတနာသုံးပါးကို ဆည်းကပ်တတ်သော ဥပါသကာအဖြစ်ဖြင့် လည်းကောင်း
- ရှင်သာမဏေ, ရဟန်းပဉ္စင်း၏အဖြစ်ဖြင့်လည်းကောင်း

ဗုဒ္ဓဘုရားရှင်၏ သာသနာတော်-ဗုဒ္ဓဘုရားရှင်၏ အဆုံး အမ ဩဝါဒတော်ကို သက်ဝင်ခြင်း၏အကြောင်းရင်း (=သာသနောတာရဿ မဂ္ဂဘူတတ္တာ) အဖြစ်ကြောင့် ခုဒ္ဒကပါဌ ပါဠိတော်ကျမ်း၌ သရဏတ္တယ ဝဏ္ဏနာကို အဦးအစ၌ ထား၍ သံဂါယနာတင်ခဲ့ကြခြင်းဖြစ်သည်။

ဟူ၍ ရှင်းလင်းပြတော်မူခဲ့သည်။

ဤ၌အဋ္ဌကထာဆရာကြီး၏ သာသနောတာရဿ မဂ္ဂဘူတတ္တာ (ဗုဒ္ဓဘုရားရှင်၏အဆုံးအမဩဝါဒတော်ကို သက်ဝင်ခြင်း၏ အကြောင်းရင်း) ဟူသောစကားဖြင့် 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' စသည့် ၂၄ -လုံးသော သရဏဂုံကို 'ဗုဒ္ဓသာသနာတော်၏ပန္နက်' ဖြစ်သည်ဟု သံဂါယနာတင် အရှင်မြတ်များနှင့်တကွ အဋ္ဌကထာဆရာကြီး ကိုယ်တိုင်က ယူဆတော်မူခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားလှပေသည်။

--------*--------

http://www.dhammadownload.com


(၃)

## သရဏဂုံမှ နိဗ္ဗာန်သို့

**အချိုးကျလှသော စီစဉ်–ကိုင်တွယ်နည်း**

ဗုဒ္ဓသာသနာတော်၏ ပန္နက်ဖြစ်သော ယင်း သရဏဂုံသုံးပါးကို ကျေးဇူးတော်ရှင် လယ်တီ ဆရာတော်ဘုရားကြီးက ပုဒ်ရေပေါင်း ၅၀၁-ပုဒ်ဖြင့် 'လယ်တီမဟာသရဏဂုံတော်ကြီး'ကို စီစဉ်ကာ ဗုဒ္ဓဘုရားရှင်အား ဓမ္မာနုဓမ္မ ပဋိပတ်ဖြင့် ကျေးဇူးဆပ် ပူဇော်တော်မူခဲ့သည်။

လယ်တီမဟာသရဏဂုံတော်ကြီးကို ဆရာတော်ကြီးကိုင်တွယ် စီစဉ်ထားပုံမှာ အချိုးကျလှသည်၊ သရဏဂုံကို အခြေခံကာ နိဗ္ဗာန်အထိ ကောင်းကျိုးအနန္တ ရရှိနိုင်အောင် ကိုင်တွယ်စီစဉ်ထားသောကြောင့် ဖြစ်သည်။

**ကာလပရိယန္တ–နှင့် ဓမ္မပရိယန္တ**

ယင်း လယ်တီ မဟာသရဏဂုံတော်ကြီးကို ခြုံငုံလေ့လာကြည့်သောအခါ၌ အဆင့်နှစ်ဆင့် တွေ့ရှိရပေသည်၊ ယင်း အဆင့် နှစ်ဆင့်မှာ-

- ပထမဆင့် အနေဖြင့် ကာလပရိယန္တ
- ဒုတိယဆင့် အနေဖြင့် ဓမ္မပရိယန္တ

တို့ဖြစ်ကြသည်၊ 'အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' မှစ၍ 'ဇီဝိတပရိယန္တံ အဇ္ဇတဂ္ဂေပါဏုပေတံ သံဃံ သရဏံဂစ္ဆာမိ' အထိသည် ကာလပရိယန္တဖြစ်သည်၊ 'စတုသစ္စ ပဋိဝေဓ ပရိယန္တံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ' မှစ၍ 'သဗ္ဗဝိပါကဝဋ္ဋ ဒုက္ခက္ခယ နိဗ္ဗာနဓာတု

http://www.dhammadownload.com



သဒ္ဓိကရဏ ပရိယန္တံ သံယံ သရဏံဂစ္ဆာမိ' အထိသည် ဓမ္မပရိယန္တ ဖြစ်သည်။

သရဏဂုံကို ကာလပရိယန္တနှင့် အခြေခံကာ ဓမ္မပရိယန္တဖြင့် နိဗ္ဗာန်အထိ ရောက်ရှိနိုင်အောင် ကိုင်တွယ် စီစဉ်ထားခြင်းဖြစ်သည်။

**ဗုဒ္ဓဘာသာချင်းမတူသော ဗုဒ္ဓဘာသာဝင်များ**

ဤ၌ မပြောလျှင် မဖြစ်သဖြင့် ဗုဒ္ဓဘာသာဝင်များနှင့် ပတ်သက်၍ စကားတစ်ရပ် ကြားညှပ်ရေးသား လိုပေသည်၊ ဆရာတော်ဘုရားကြီး၏ သရဏဂုံမှ နိဗ္ဗာန်ထိအောင် ကိုင်တွယ်စီစဉ် ထားချက်ကို ကြည့်လျှင် ဗုဒ္ဓဘာသာဝင် အမည်ခံနေကြသော်လည်း တစ်ဦးနှင့်တစ်ဦး အဆင့်ချင်း မတူကြကြောင်းကို သတိပြုက တွေ့ရှိနိုင်ကြပေမည်။

သရဏဂုံတည်ပါက ဗုဒ္ဓဘာသာဝင် ဖြစ်နိုင်သော်လည်း -

- **'အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'** ဟူသော အဆင့်ဖြင့် သရဏဂုံ တည်သောသူနှင့်
- **'စတုသစ္စပဋိဝေဓ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'** ဟူသော အဆင့်ဖြင့် သရဏဂုံတည်သော သူတို့သည် အဆင့်အတန်းချင်း မတူပေ၊ တစ်ဦးနှင့်တစ်ဦး အဆင့်အတန်းချင်း အများကြီးကွာခြားလှပေသည်။

သို့ဖြစ်ရာ **'အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'** အဆင့်ဖြင့် သရဏဂုံတည်သည့် အဆင့်မျှလောက်နှင့် ကျေနပ်မနေကြပဲ **'စတုသစ္စပဋိဝေဓ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'** စသော ဓမ္မပရိယန္တ အဆင့်များသို့ တစ်ဆင့်ပြီး တစ်ဆင့်တက်နိုင် တည်နိုင်သော ဗုဒ္ဓဘာသာဝင် တစ်ယောက် ဖြစ်လာအောင် ကြိုးစားကြဖို့လိုပေသည်။

http://www.dhammadownload.com



**လယ်တီအရှင်ကေလာသ၏ ထိရောက်ခြုံငုံမိလှသော ဖွင့်ဆိုချက်**

လယ်တီ ဆရာတော်ဘုရားကြီး အနေဖြင့် လယ်တီ မဟာသရဏဂုံတော်ကြီးကို စီစဉ်ကိုင်တွယ်ပုံ အချိုးကျသလောက် ယင်း မဟာသရဏဂုံတော်ကို မြန်မာဋီကာ အဖြစ်ဖြင့် ဖွင့်ဆိုတော်မူသော ဆရာတော် လယ်တီ အရှင်ကေလာသ၏ ဖွင့်ဆိုချက်များကလည်း ထိရောက်လှသည်၊ ပီပြင်လှသည်၊ ဆရာတော်ကြီး၏ ဆိုလိုရင်း အာဘော်ကို ငုံမိခြုံမိအောင် ဖွင့်ဆိုနိုင်ခဲ့သည်။

ယင်းသို့ ငုံမိခြုံမိအောင် ဖွင့်ဆိုနိုင်ခြင်းမှာလည်း ဤမြန်မာဋီကာ၏ ကျမ်းဦးအစ၌ 'ဆရာတော်ကြီး၏ လယ်တီဒီပနီများကိုကိုးကားသမှု မှီးငြမ်းပြုကာ ဖွင့်ဆိုရေးသားပါမည်'ဟု ဝန်ခံထားသည့်အတိုင်း ဆရာတော်ကြီး၏ ဒီပနီများကို မှီးငြမ်းပြုကာ ဖွင့်ဆိုထားသောကြောင့် ဖြစ်သည်။ ထို့ကြောင့်လည်း ဆရာတော်ကြီးအနေဖြင့် လယ်တီမဟာ သရဏဂုံတော်ကြီးကို အချိုးကျကျ ကိုင်တွယ်စီစဉ်နိုင်သကဲ့သို့ ဆရာတော် လယ်တီ အရှင်ကေလာသကလည်း သက်ဆိုင်ရာ ပါဠိ -အဋ္ဌကထာ -ဋီကာ အကိုးအထောက်များဖြင့် အကွက်စေ့အောင် ကိုင်တွယ် ဖွင့်ဆိုနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

----------*----------

http://www.dhammadownload.com


## (၄)

## ဘိုးတော်မင်းတရား - နှင့် မောင်းထောင်သာသနာပိုင် ဆရာတော်

**လောကကြောင်းနှင့် ဓမ္မကြောင်း**

သရဏဂုံကား သုံးတတ်လျှင် သုံးတတ် သလောက် ကျယ်ဝန်းလည်း ကျယ်ဝန်းသည်၊ နက်ရှိုင်းလည်း နက်ရှိုင်းလှသည်။

အဘယ်မျှလောက် နက်ရှိုင်းကြောင်းကို ဗုဒ္ဓသာသနာတော်၌ သရဏဂုံသည် ဗုဒ္ဓသာသနာ့ ပန္နက်ဖြစ်ကြောင်းကိုလည်းကောင်း- သရဏဂုံကို အခြေခံကာ နိဗ္ဗာန်အထိ ရောက်ရှိနိုင်ကြောင်းကိုလည်းကောင်း အထက်က ဖော်ပြခဲ့ပြီးဖြစ်သည်၊ ဤမျှလောက် နက်ရှိုင်းလှပေသည်။

ဓမ္မကြောင်းအားဖြင့် ယင်းကဲ့သို့ ကျယ်ဝန်းနက်ရှိုင်းသလောက် လောက ကြောင်းအားဖြင့်လည်း သုံးစွဲတတ်က သုံးစွဲတတ်သလောက် စွမ်းအင်သတ္တိ မြင့်မားလှသည်၊ ထက်မြက်စူးရှလှသည်။

**သစ္စာန္ဒတ်သီး မန္တန်ကြီး**

ဤ၌ စကားစပ်မိသဖြင့် လောကကြောင်း အရဖြင့် သရဏဂုံသုံးစွဲနည်းကို အနည်းငယ် အမြွက်မျှ ဖော်ပြလိုပေသည်။

ကုန်းဘောင်ခေတ် သက္ကရာဇ် ၁၁၅၅ -ခုနှစ်တွင် ဘိုးတော် မင်းတရားကြီးအား မောင်းထောင်သာသနာပိုင် ဆရာတော်ကြီးက သစ္စာဓိဋ္ဌာန်ပြုနည်း (၁၃)နည်းကို တင်သွင်းခဲ့သည်။

ယင်း (၁၃)နည်းတွင် သရဏဂုံဖြင့် သစ္စာဓိဋ္ဌာန်ပြုနည်းလည်း ပါသည်၊ ပါရုံသာမက သရဏဂုံဖြင့် သစ္စာဓိဋ္ဌာန်ပြုနည်းကို ပထမဆုံး

http://www.dhammadownload.com



ဦးစားပေး တင်သွင်းခဲ့ခြင်းဖြစ်သည်။

ဤနေရာ၌ သစ္စာနှင့်မန္တန်ကို ခွဲခြားသိရှိထားဖို့ လိုပေသည်၊ သစ္စာသည် ရှေးရှေးဘုရားအလောင်းတော်ကြီးများ၏ ပြုရိုးပြုစဉ် လုပ်ရိုးလုပ်စဉ်ဖြစ်၍ မန္တန်ကား ၊လောကီဝိဇ္ဇာယာနပညာ၏ ‘ဥံဖွ’ ဖြစ်ရာ သစ္စာနှင့်မန္တန်မှာ တစ်ခြားစီဖြစ်သည်။

ရှေးရှေး ဘုရားအလောင်းတော်ကြီးများသည် အရေးတစ်စုံကိုယ်၌ ကြုံလာပါက သစ္စာဓိဋ္ဌာန် ပြုလေ့ပြုထ ရှိကြသည်၊ ယင်းသို့ သစ္စာဓိဋ္ဌာန်ပြုသောကြောင့် အောင်မြင်သော ဝတ္ထုသာဓကများလည်း ဇာတ်နိပါတ်တော်များ၌ အများအပြား တွေ့မြင်နိုင်ကြသည်၊ ဥပမာ-ဝဋ္ဋသုတ်တော်လာ ဘုရားလောင်း ငုံးမင်းကလေး၏ ဖြစ်ရပ်ဖြင့် ထင်ရှားလှပေသည်။

ထို့ကြောင့်လည်း ရှေးရှေး နိဿယကျမ်းပြုဆရာတော်ကြီးများက ‘ဧတေန သစ္စဝဇ္ဇေန-ဤသို့မှန်ကန်စွာဆိုရသော သစ္စာနှုတ်သီး မန္တန်ကြီးကြောင့်’ ဟူ၍ အနက်မြန်မာ ပြန်ဆိုခဲ့ခြင်းဖြစ်သည်၊ ဆိုလိုသည်မှာ သစ္စာကို မန္တန်နှင့်တင်စားကာ ‘သစ္စာနှုတ်သီး မန္တန်ကြီး’ဟု ဆိုရိုးပြုခဲ့ကြခြင်းဖြစ်သည်၊ ဆိုရိုးပြုခဲ့ကြသော်လည်း သစ္စာနှင့်မန္တန်မှာ တစ်ခြားစီသာဖြစ်သည်။

မောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီးသည် ဘိုးတော်မင်းတရားကြီးအား သရဏဂုံဖြင့် သစ္စာဓိဋ္ဌာန်ပြုနည်း သွင်းခဲ့သည့်အတိုင်း ဆရာတော်ကြီးကိုယ်တိုင်လည်း သရဏဂုံဖြင့် သစ္စာဓိဋ္ဌာန်ပြုနည်းကို အသုံးပြုတော်မူသည်ဟု သိရှိရပေသည်။

http://www.dhammadownload.com



**သီဟိုဠ်**
**အနောမဒဿီ**
**သာသနာပိုင်**

ထို့အတူပင် 'ဘေသဇ္ဇ မဉ္ဇူသာ ဆေးကျမ်းကြီး' ကို ရေးသားပြုစုတော်မူသော သီဟိုဠ် (ယခု သီရိလင်္ကာ) နိုင်ငံမှ အနောမဒဿီ သာသနာပိုင် ဆရာတော် ဘုရားကြီးသည်လည်း ဤသရဏဂုံဖြင့်ပင် သစ္စာဓိဋ္ဌာန်ပြုနည်းကို အသုံးပြုတော်မူသည်ဟု သိရှိရပေသည်။

ဤစာရေးသူလည်း ရှေးဆရာတော်ကြီးများကဲ့သို့ နေ့စဉ်နေ့တိုင်း ဘုရား ရှိခိုးအပြီးတွင် တစ်နေ့သုံးကြိမ် သရဏဂုံဖြင့် သစ္စာဓိဋ္ဌာန်ပြုလျက် ရှိသည်။

သို့သော် သစ္စာဓိဋ္ဌာန်နှင့်မန္တန်ကို အတူတူဟုထင်မှတ်နေသူများ ရှိနေသည့်အပြင် ယခုအခါ မဟာယာနဆန်ဆန် 'ဥံဖွ'စာအုပ်များကလည်း ခေတ်စားကာ အများအပြား ထုတ်ဝေနေကြရာ ယင်း 'ဥံဖွ' စာအုပ်များနှင့် ဆင်တူယိုးမှား ဖြစ်သွားမည်ကို စိုးရိမ်သောကြောင့် သရဏဂုံဖြင့် သစ္စာဓိဋ္ဌာန် ပြုနည်းပြုဟန်များကို ဤ၌ မဖော်ပြလိုတော့ပေ။

သရဏဂုံ၏ သမိုင်းကြောင်းလောက်ဖြင့်သာ ဤနိဒါန်းကို အဆုံးသပ် လိုက်ရပေသတည်း။

မင်္ဂလာပုံနှိပ်တိုက် – နှင့်
မြန်မာပြည်စာအုပ်တိုက်
၁၃ (အေ)၊ ၉၈–လမ်း၊ ကန်တော်ကလေး
ရန်ကုန်မြို့။
ဖုန်း – ၉၀၉၈၂။

မြင့်ဆွေ
၂ - ၃ - ၉၅

http://www.dhammadownload.com

# လယ်တီ
# မဟာသရဏဂုံတော်ကြီး
# မြန်မာဋီကာ

## ပထမတွဲ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

### မဟာသရဏဂုံ အမည်ရပုံ

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည် ၁၂၇၉ - ခုနှစ်က ၅ - လတိုင်တိုင် ဓမ္မာနုဓမ္မပဋိပတ် ဓမ္မပူဇာအဖြစ်ဖြင့် ဗုဒ္ဓဘုရားရှင်အား ကျေးဇူးဆပ် ရွတ်ဆိုပူဇော်တော်မူခဲ့သော 'လယ်တီ မဟာသရဏဂုံတော်ကြီး'ကို ဤစာရေးသူသည် 'လယ်တီမဟာသရဏဂုံတော်ကြီးဝတ်ရွတ်စဉ်' အမည်ဖြင့် ၁၃၅၁-ခုနှစ်၊ နယုန်လဆန်း ၂-ရက် (၅-၇-၈၉) နေ့ကပင် ရေးသားပြုစု ထုတ်ဝေခဲ့ရာ ယခုအခါ တတိယအကြိမ်အထိ ၃-ကြိမ်တိုင်တိုင် ရိုက်နှိပ်ထုတ်ဝေခဲ့ပြီးပေပြီ။

ယခုအခါ ယင်း 'မဟာသရဏဂုံတော်ကြီး'၌ ပါရှိသော အနက်သဘောအဓိပ္ပါယ်တို့ကို မြန်မာဘာသာဖြင့် အကျယ်ဖွင့်ပြကာ 'မဟာသရဏဂုံတော်ကြီး၏ ဋီကာကျမ်း' ကို ရေးသားပြုစုမည် ဖြစ်ပေသည်။

http://www.dhammadownload.com



ယင်းသို့ ဖွင့်ဆိုရေးသားပြုစုရာ၌ -

- ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူသော ပရမတ္ထဒီပနီ 'သင်္ဂြိုဟ်မဟာဋီကာသစ်' ကိုလည်းကောင်း
- သက်ဆိုင်ရာ 'လယ်တီဒီပနီ' ကျမ်းပေါင်း များစွာတို့ကိုလည်းကောင်း
- လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ရေးသားပြုစုသော 'ပရမတ္ထသံခိပ် ဋီကာကျမ်း' ကိုလည်းကောင်း မှီငြမ်းသမှု ကျောရိုးပြုကာ ရေးသားဖွင့်ဆိုမည် ဖြစ်ပေသည်။

ဤမဟာသရဏာဂုံတော်ကြီး၏ အဖွင့်မြန်မာဋီကာတွင်ကား ပရိယတ္တိကျွမ်းကျင်မှု အားနည်းကြသော ကလျာဏပုထုဇဉ်အနွယ်ဝင်လိုကြသည့် လူသူတော်စင် အမျိုးကောင်းသား အမျိုးကောင်းသမီးတို့ ကြည့်လွယ် ရှုလွယ်မှုရှိကြစေရန် ရည်သန်ရင်း အာသီသဖြင့် ရေးသားစီရင်မှု ပြုထားရကား ပါဠိသဒ္ဒါအဆုံးအဖြတ် အစီအရင်တို့ကို ထည့်သွင်းဖော်ပြခြင်း မပြုတော့ပဲ သိလွယ်မြင်လွယ်မည့် မြန်မာစကားလုံးတို့ကိုသာ ဦးစားပေး နေရာပေး၍ ရေးသားစီရင်မည်ဖြစ်ပေသည်။

**မဟာသရဏာဂုံ ဟူသည်မှာ**

ဤ၌ 'မဟာသရဏာဂုံတော်ကြီး' ဟူသော စကားရပ်သည် "မဟာသရဏာဂမန" ဟူသော ပါဠိသဒ္ဒါမှ ဆင်းသက်ခေါ်ဝေါ်သုံးစွဲလာသော ပါဠာနုသာရီစကားတစ်ရပ် ဖြစ်ပေသည်၊ အာဂမသဒ္ဒါမှ အာဂုံဟု ပြောင်းလဲခေါ်ဆိုကြသကဲ့သို့ ပေတည်း။

အမှာ။ ။ မဟာသရဏာဂုမ် ဟူသော အရေးအသားမှ မ-အက္ခရာကို နိရုတ္တိနည်းအားဖြင့် နိဂ္ဂဟိတ်ပြုကာ မဟာသရဏာဂုံ

http://www.dhammadownload.com



-ဟူ၍ ရှေးဆရာတော်များ ရေးထုံးပြုခဲ့ကြပေသည်၊ သို့ဖြစ်၍ မဟာသရဏဂုမ် အရေးအသားသည် ပါဠိဒွာနုသာရီသတ်ပုံသို့ လိုက်၍ ရေးသားခဲ့ကြခြင်း ဖြစ်ပေသည်၊ မဟာသရဏဂုံ-ဟူသော အရေးအသားမှာ နိရုတ္တိနည်းသို့လိုက်၍ ရှေးဆရာတော်များ၏ ရေးထုံးသို့လိုက်ကာ ရေးသားကြခြင်း ဖြစ်ပေသည်၊ မဟာသရဏဂုမ်/မဟာသရဏဂုံ-နှစ်ပုဒ်လုံး မှန်ကန်သော အရေးအသားဖြစ်ပေသည်၊ ဂုမ်နှင့်ဂုံ-ရေးထုံးများကို အမှားအမှန် ဝေဖန်လျက် ငြင်းချက်ထုတ်ရန် မလိုပေ-ဟု အမှာစကားတစ်ရပ် ထည့်အပ်ပါသတည်း။

မဟာသရဏဂမန-ပုဒ်ကို မဟာ- ပုဒ်တစ်ခု, သရဏ-ပုဒ်တစ်ခု, ဂမန-ပုဒ်တစ်ခု ပုဒ်သုံးခု ခွဲခြမ်းစိစစ်ပေရာ၏။

မဟာ -ဟူသော ပုဒ်တစ်စိတ်သည် -

(က) ကြီးမားခြင်း၊

(ခ) ပြန့်ပြောခြင်း၊

(ဂ) မြင့်မြတ်ခြင်း၊

ဟူသောအနက်အဓိပ္ပါယ်တို့ကို ဖော်ဆောင်လျက်ရှိပေသည်၊ ဤကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ မဟာသရဏဂုံတော်ကြီးသည်-

(က) ပိုဒ်ပေါင်း ၅၀၁ - (ငါးရာ့တစ်) ပိုဒ်တို့ဖြင့် တန်ဆာဆင်ထားရကား ကြီးမားခြင်းဟူသော အနက်အဓိပ္ပါယ်လည်း ရှိပေသည်။

(ခ) သမုတိသစ္စာ ဝေါဟာရ ဒေသနာအားဖြင့်လည်း

http://www.dhammadownload.com



ကောင်း, ပရမတ္ထသစ္စာ ပရမတ္ထဒေသနာအားဖြင့်လည်း ကောင်း, သစ္စာနှစ်ရပ် မလစ်မလပ်ရအောင် ကျယ်ဝန်း ပြန့်ပြောစွာ စီစဉ်ထားခြင်းဟူသော အနက်အဓိပ္ပါယ် လည်း ရှိပေသည်။

တစ်နည်း-သစ္စာလေးရပ်တို့ကို မလစ်မလပ်ရအောင် သမ္မုတိသစ္စာ နှင့်သူကိစ္စ ပြည့်စုံစွာ ဖန်တီးစီစဉ် တွဲဖက်ထားသဖြင့် ကျယ်ဝန်းပြန့်ပြောစွာ စီစဉ်ထားပေသည်။

(ဂ ) ရတနာသုံးရပ်တို့ကို ဆည်းကပ်ခြင်း စရဏကိစ္စမျှသာ မဟုတ်ပဲ ဝိဇ္ဇာ, စရဏနှစ်ဌာနလုံးနှင့်ပြည့်စုံစွာ ဖန်တီး စီစဉ်ထားရကား ပါရမီသမ္ဘာရ အဆောက်အဦတို့ကို ကြီးရင့်စေနိုင်ခြင်းကြောင့် မြင့်မြတ်စွာ စီစဉ်ထားခြင်း ဟူသော အနက်အဓိပ္ပါယ်လည်း ရှိပေသည်။

သရဏံ-ဟူသောပုဒ်သည် ကိုးကွယ်ရာ, မှီခိုရာ, ပုန်းအောင်းရာ ဟူ၍ ဆိုလိုရင်းဖြစ်ပေသည်၊ ဤစကားရပ်၌-

- ရတနာမြတ်သုံးပါးတို့သည် ပစ္စုပ္ပန်လောက၌ ရန်သူမျိုး ငါးပါး တည်းဟူသောဘေးရန်, တမလွန်လောက၌ အပါယ် လေးပါးသို့ ကျရောက်မှုဟူသောဘေးရန်, သံသရာထဲ၌ ခန္ဓာစွဲ၍အမြဲမပြတ် ဖြစ်နေရမှု, အိုမှု, နာမှု, သေမှုဟူသော ဘေးရန်တို့ကို မကျမရောက် မတွေ့မကြုံစေရန် အားကိုး အားထား အကွယ်အကာပြုရာဖြစ်သောကြောင့် "ကိုး ကွယ်ရာ" ဟုဆိုပေသည်။
- ဆိုအပ်ခဲ့ပြီးသော ဘေးရန်တို့ကို ရွံ့ကြောက်ကြကုန်သော ကလျာဏနွယ်ဝင် သူတော်စင်အပေါင်းတို့၏ အားထား မှီခိုရာ ဖြစ်သောကြောင့် "မှီခိုရာ" ဟုဆိုပေသည်။

http://www.dhammadownload.com



- ယင်းသို့သော ဘေးရန်တို့နှင့် မတွေ့ဆုံ မကြုံကြိုက် လိုကြသော သူတို့၏ ဝင်ရောက်ခိုလှုံ ပုန်းအောင်းရာ ဖြစ်သောကြောင့် "ပုန်းအောင်းရာ" ဟု ဆိုပေသည်။

ဂမန- ဟူသည်ကား ဆည်းကပ်ခြင်း, မှီဝဲခြင်းဟုဆိုလိုပေသည်။

ထို့ကြောင့် "မဟာသရဏဂမန=မဟာသရဏဂုံဟူသည်ကား ကြီးမား, ကျယ်ပြန့်, မြင့်မြတ်သော အစီအစဉ်အားဖြင့် ရတနာမြတ်သုံးပါးတို့ကို ကိုးကွယ်ရာ, မှီခိုရာ, ပုန်းအောင်းရာဟူ၍ မှီဝဲဆည်းကပ်မှု" ပေတည်း- ဟုဆိုလိုပေသည်။

**ကိုးကွယ်ဆည်းကပ် နည်းနှစ်ရပ်** ဤနေရာ၌ လူ့လောကကြီးတွင် ကိုးကွယ်မှု ဆည်းကပ်မှုမည်သည် -

(၁) မှားယွင်း ဖောက်ပြန် မမှန်မကန်သော ကိုးကွယ်မှု-ဆည်းကပ်မှု၊

(၂) ရှင်တော်ဗုဒ္ဓ၏ အလိုတော်ကျ စစ်မှန်သော ကိုးကွယ်မှု - ဆည်းကပ်မှု၊

ဟူ၍ နှစ်မျိုးနှစ်စားရှိနေသည်ကို သတိပြုသင့်ပေ၏။

**မှားယွင်းဖောက်ပြန် နည်းတစ်တန်** ထို နှစ်မျိုးတို့တွင် သစ်ပင် (သစ်ပင်စောင့်နတ်), တော (တောစောင့်နတ်), တောင် (တောင်စောင့်နတ်) စသော လောကဥပပတ္တိနတ်တို့ကို ပူဇော်မှု, ကိုးကွယ်မှု, ဆည်းကပ်မှုတို့သည် မှားယွင်းချွတ်ချော် အမြော်အမြင်ကင်းမဲ့သော မဟာအမှား, ကမ္ဘာအမှား, မိစ္ဆာအမှားဖြစ်သည့် ကိုးကွယ်ဆည်းကပ်မှုမျိုးသာ ဖြစ်ပေသည်၊ ထို့ကြောင့်ပင်လျှင် ကျေးဇူးရှင်ကြီး ပါဠိဘာသာဖြင့် စီရင်ရေးသား၍ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး

http://www.dhammadownload.com



မြန်မာပြန်ဆိုခဲ့သော သာသနသမ္ဗတ္တိဒီပနီကျမ်းတွင် -

- အချို့သော သူတို့သည် လောကကို အစိုးရသော အရှင်ကို ဆည်းကပ်ကိုးကွယ်ကြကုန်၏၊ အချို့သော သူတို့သည် မဟာဗြဟ္မာကြီးကို ကိုးကွယ်ဆည်းကပ်ကြကုန်၏၊ အချို့သောသူတို့သည် လကို ကိုးကွယ်ကြကုန်၏၊ အချို့သော သူတို့သည် နေကို ကိုးကွယ်ကြကုန်၏၊ အချို့သော သူတို့သည် မဟာဒေဝစသော မိမိတို့ ဆိုင်ရာနတ်တို့ကို ကိုးကွယ်ကြကုန်၏၊ အချို့သောသူတို့သည် တောတောင်ကို, အချို့သောသူတို့သည် သစ်ပင်ကြီးကို, အချို့သော သူတို့သည် မြစ်ကို ကိုးကွယ်ကြကုန်၏။
- ထိုအလုံးစုံသော ကိုးကွယ်မှုများသည် တစ်စုံတစ်ခုမှ အကျိုးကို မရစေနိုင်သောကြောင့် နိရတ္ထက=အချည်းနှီးတို့သာ ဖြစ်ကြကုန်၏၊ အားကိုးပါသော်လည်း ကိုးရာမရောက် ဖြစ်ကြလေကုန်၏။
- မိမိတို့ ထင်မြင်စွဲလမ်းသောအတိုင်း ကိုးကွယ်ရာတို့ကို ကပ်၍ဆု တောင်းခြင်း, ချီးမွမ်းထောမနာပြုခြင်း, နဖူးမြေစိုက်နှင့် ခစားဝပ်တွားခြင်း ပူဇော်လုပ်ကျွေးခြင်း, တင်သခြင်းစသော ကိစ္စတို့ဖြင့် တစ်သက်တာ ကာလပတ်လုံး ပင်ပန်းကြီးစွာ အားထုတ်ကြပါကုန်သော်လည်း ပင်ပန်း ကာမျှသာ အဖတ်တင်ခံရ၍ သေလွန်စုတိကျသောအခါ ကိုးကွယ်ရာ မဲ့သော သေခြင်းဖြင့် သေခြင်းဆိုးသေကြရကုန်၏၊ တစ်သက်လုံး တပင်တပန်းကြီး ခစားပူဇော်ရပြီးသော နောက်ကာလ၌ အပါယ်ဒုဂ္ဂတိသို့သာ လားကြရလေကုန်၏။

http://www.dhammadownload.com



- နွားမ၏ ဦးချိုဖျားကို နို့ရည်ထွက်မည်အထင်နှင့်ညှစ်သော သူရူး၏ အချည်းနှီးပင်ပန်းခြင်းကဲ့သို့လည်းကောင်း၊
- မီးကို အလိုရှိသဖြင့် ပိုးစုန်းကြူးကို အပန်းကြီးစွာ ကောက်ရိုးဖြင့် မီးမှုတ်သော သူရူးကဲ့သို့လည်းကောင်း၊
- ဆီကို အလိုရှိသဖြင့် သဲတို့ကို ဆီပွတ်သော သူရူးကဲ့သို့လည်းကောင်း၊ ဖြစ်ကြရလေကုန်၏။

ဤသို့ ဖြစ်သည်ကိုရည်၍ ဓမ္မပဒပါဠိတော် (နှာ-၄၁၊ ဂါထာအမှတ် ၁၈၈-၁၉၉) ၌ -

- ဗဟူဝေ သရဏံ ယန္တိ၊
  ပဗ္ဗတာနိ ဝနာနိစ။
  အာရာမရုက္ခစေတျာနိ၊
  မနုဿာ ဘယတဇ္ဇိတာ။

- နေတံ ခေါ သရဏံ ခေမံ၊
  နေတံ သရဏ မုတ္တမံ၊
  နေတံ သရဏ မာဂမ္မ၊
  သဗ္ဗဒုက္ခာ ပမုစ္စတိ။

ဟူ၍ဟောတော်မူသည်။

(အနက်ကား) ဘယတဇ္ဇိတာ=ဘေးကိုကြောက်လန့်ကြကုန်သောကြောင့်၊ မနုဿာ=လူများအပေါင်းတို့သည်၊ ဗဟူ=များစွာကုန်သော၊ ပဗ္ဗတာနိ=တောင် (တောင်စောင့်နတ်)တို့ကိုလည်းကောင်း၊ ဝနာနိစ=တော (တောစောင့်နတ်)တို့ကိုလည်းကောင်း၊ အာရာမ ရုက္ခစေတျာနိစ=အရှိအသေ ပြုထိုက်သည်ဟု မှတ်ထင်၍ နေကြကုန်သော အရာမ်, ဥယျာဉ်, တောစိုး သစ်ပင်တို့ကိုလည်းကောင်း၊ ဝေ=စင်စစ်၊ သရဏံ=

http://www.dhammadownload.com


ကိုးကွယ်ရာဟူ၍၊ ယန္တိ-ဆည်းကပ်ကြကုန်၏။

ဧတံ-ထိုကိုးကွယ်ရာသည်၊ ခေမံ-ဘေးကင်းစေနိုင်သော၊ သရဏံ-ကိုးကွယ်ရာသည်၊ န-မဟုတ်၊ ဧတံ-ထိုကိုးကွယ်ရာသည်၊ ဥတ္တမံ-မြတ်သော၊ သရဏံ-ကိုးကွယ်ရာသည်၊ န-မဟုတ်၊ ဧတံ-ထိုတော တောင်စသည်ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ အာဂမ္မ-မှီခိုဆည်းကပ်ခြင်းကြောင့်၊ သဗ္ဗဒုက္ခာ-အလုံးစုံသော ဆင်းရဲမှ၊ န ပမုစ္စတိ-မကျွတ် မလွတ်နိုင်။

ဟူ၍ ရေးသားတော်မူခဲ့ပေသည်။

ဤနေရာ၌ ဆိုးဆိုးကောင်းကောင်း မြင်သမျှ အကြောင်းအရာမှန်သမျှ နတ်ကိုချည်း ပုံချပြီး ယုံကြည်မှု စွဲလမ်းမှု အားသန်နေသူသည် ကံ, ကံ၏အကျိုးကိုမျှ မသက်ဝင် မမြင်နိုင်တော့ပြီ၊ ကမ္မဿကတာသမ္မာဒိဋ္ဌိ ပျက်စီးပြီး လောကီသူတော်ကောင်းမျှပင် မဖြစ်နိုင်တော့ပြီ၊ ကမ္မဿမောဟအမိုက်တွင်းသို့ သက်ဆင်းဝင်ရောက်၍ မိစ္ဆာဒိဋ္ဌိ အယူနှင့်သာ ဘဝဆုံး နိဂုံးချုပ်ရပေတော့သည်။

မိမိကိုယ်တိုင် ယုံကြည်ရုံမျှသာမကပဲ သူတစ်ပါးတို့ကို တိုက်ရိုက်နည်းဖြင့်လည်းကောင်း, သွယ်ဝိုက်သော နည်းပရိယာယ်ဖြင့်လည်းကောင်း ဆွဲဆောင်သွတ်သွင်းနေကြသည့် နတ်ထိန်း နတ်ကတော် စသည်တို့မှာလည်း မဟာအလွဲ, ကမ္ဘာအလွဲ, ဗရဲချာအလွဲကြီးဖြင့်သာ လွဲမှားနေရှာကြပေတည်း။

**ငရဲ, ပြိတ္တာ ဖြစ်ရာမှန်လှ နတ်ထိန်းမ**

မှန်လှစွာ၏၊ ဤသို့ လွဲမှားနေပုံကို ရှင်တော်ဗုဒ္ဓသည် နိဒါဝဂ္ဂသံယုတ် လက္ခဏသံယုတ် ပါဠိတော်၌ ဖော်ပြ လတ္တံ့သော အကြောင်းအရာတို့ကို မိန့်တော်မူခဲ့ပေသည်။

http://www.dhammadownload.com



အကြောင်းအရာကား -

တစ်နေ့သောအခါ အရှင်မောဂ္ဂလ္လာန်နှင့် အရှင်လက္ခဏတို့ ဆွမ်းခံရန်အလို့ငှါ ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်တော်မူလာကြသည်၊ တစ်နေရာသို့ရောက်လျှင် အရှင်မောဂ္ဂလ္လာန်သည်ပြုံးတော်မူ၏၊ ထိုအခါ အရှင်လက္ခဏက "ငါ့ရှင်-အဘယ့်ကြောင့် ပြုံးဘိသနည်း" ဟု မေးလတ်သော် အရှင်မောဂ္ဂလ္လာန် က "ငါ့ရှင် -ဤအကြောင်းကို ဤနေရာတွင် မမေးပါလင့်၊ ရှင်တော်ဘုရား ထံမှောက်သို့ ရောက်မှမေးပါ" ဟု မိန့်တော်မူ၏။

ဆွမ်းခံပြန်၍ ရှင်တော်ဗုဒ္ဓထံမှောက် ရောက်လေလျှင် အရှင်လက္ခဏ က ယခင်နည်းအတိုင်း မေးတော်မူပြန်၏၊ ထိုအခါ အရှင်မောဂ္ဂလ္လာန်က "ငါ့ရှင်လက္ခဏ- ဂိဇ္ဈကုဋ်တောင်တွင် အပုပ်နံ့, အညှီနံ့ တို့ဖြင့် မကောင်းသောအနံ့ရှိသည့် မြင်ရသူ ကြောက်လန့်ဖွယ်ရာ မကောင်းသော ရုပ်အဆင်းရှိသည့် မိန်းမပြိတ္တာတစ်ယောက်ကို မြင်ခဲ့ရ၏၊ သူမသည် ကောင်းကင်၌ ကိုးကွယ်ရာမဲ့ ပြေးသွားနေရ၏၊ ဘီလူးဖြစ်သော လင်းတ စွန်ရဲတို့သည် နောက်မှလိုက်၍လိုက်၍ ထိုးဆိတ်နေကြကုန်၏၊ ထိုပြိတ္တာမသည် "အမေကယ်ပါ အဖေကယ်ပါ တစ်စာစာ အော်ဟစ်ငြီးတွား ပြေးသွားနေရ၏၊ ထိုသို့သော ပြိတ္တာမကို မြင်ခဲ့ရ၏ ငါ့ရှင်" ဟု မိန့်တော်မူ၏။

ရဟန်းအချို့က အရှင်မောဂ္ဂလ္လာန်ကို ဥတ္တရိမနုဿဓမ္မ သိက္ခာပုဒ်ဖြင့် စွပ်စွဲကြကုန်၏၊ ထိုအခါ ရှင်တော်ဗုဒ္ဓက "ချစ်သားတို့ - မောဂ္ဂလ္လာန်သည် ဥတ္တရိမနုဿဓမ္မကို မဟုတ်မမှန်ပြောသည် မဟုတ်ချေ၊ စင်စစ် အမှန် တေန်ရှိကြောင်း ငါဘုရားလည်း သိမြင်တော်မူ၏ဟု မိန့်တော်မူပြီး-

- ဤပြိတ္တာမသည် ဤရာဇဂြိုဟ်ပြည်၌ပင်လျှင် လူအပေါင်းအား မိစ္ဆာအမှုကို ရှုကြည့်စေတတ်သော နတ်ကတော် ဖြစ်ခဲ့

http://www.dhammadownload.com


ဖူးသည်၊ ဤ မကောင်းမှုကြောင့် ငရဲ၌ များစွာသော နှစ်ပေါင်းထောင်သောင်းမက ကျရောက်ခဲ့ရပြီး ကြွင်းကျန်သော အကျိုးဝိပါက်ဖြင့် ဤပြိတ္တာဘဝကို ရရှိခံစားနေရ၏။

ဟူ၍ဟောကြားတော်မူခဲ့ပေသည်၊ မည်သည့်အလုပ်ပင်ဖြစ်စေ ဉာဏ်ဖြင့် တိုင်းထွာ၍ ပြုလုပ်တတ်ကြရပေမည်။

**တန်ဆေးလွန်ဘေး ဆည်းကပ်ရေး**

"တန်ဆေး-လွန်ဘေး" ဟူသော လောက ဝေါဟာရအရ သင့်ရုံတန်ရုံ ပြုလုပ်လျှင် ဆေးဝါးဖြစ်နိုင်သော်လည်း အလွန်အကျွံ ပြုလုပ်ခဲ့ပါမူကား ဘေးအဖြစ်သို့ ရောက်နိုင်ပေသည်။

**သီလက္ခန္ဓအဋ္ဌကထာ (နှာ- ၂၀၈) သာမညဖလသုတ်အဖွင့်၌-**

- ရာဇာနံ ဘယဝသေန ဝန္ဒတော၊

ရာဇာနံ=မင်းကို၊ ဘယဝသေန=ဘေးမှကြောက်ခြင်းကြောင့်၊ ဝန္ဒတော=ရှိခိုးသောသူအား၊ သရဏဂမနံ=သရဏဂုံသည်၊ န ဘိဇ္ဇတိ=မပျက်။

ဟူ၍ လာရှိရကား မင်းကို ဘေးဖြစ်မည်မှ ကြောက်သောကြောင့် ရှိခိုးသောသူအား သရဏဂုံ မပျက်သည်ကို ထောက်ဆ၍ နတ်တို့ကို ဘေးရန်ပြုမည်ကို ကြောက်၍ ရှိခိုးခြင်း, ပူဇော်ခြင်း ပြုသောသူအား သရဏဂုံမပျက် -ဟု ယူဆသင့်ပေသည်၊ ဤသည်ကား "တန်ဆေး" ဟု မှတ်ရမည်။

ပစ္စုပ္ပန် တမလွန်နှစ်တန်သော အကျိုးပွါးတိုးမှုအတွက် ရည်မှန်းချက် အားကိုးအားထားပြု၍ ရှိခိုးခြင်း, ပူဇော်ခြင်းစသည် ပြုလျှင်ကား သရဏဂုံ ပျက်စီးနိုင်သည်ဟု ယူဆရပေမည်၊ ဤသည်ကား "လွန်ဘေး" ဟုမှတ်ရမည်။

http://www.dhammadownload.com


**မှန်ကန်ကိုးကွယ် နည်းတစ်သွယ်**

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ရောဂန္တရဒီပနီ၌ -"နတ်များကို တရားသဖြင့် ပ,သခြင်းသည် သရဏဂုံ ပျက်သည် မဟုတ်၊ ငါတို့မြတ်စွာဘုရား ချီးမွမ်းတော်မူသော အမှုပင် ဖြစ်ပေသည်" ဟု ရေးသားတော်မူခဲ့ပေသည်၊ ဤဝါဒတော်ကြီးသည် မိတ်ဆွေအဖြစ်၌တည်၍ နတ်အများနှင့် မိတ်အဖြစ် ဆွေအဖြစ်လည်း မပျက်စေရ၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိကိုလည်း မချွတ်ယွင်းစေရပဲ **"ရှဉ့်လည်းလျှောက်သာ-ပျားလည်းစွဲသာ"** ဖြစ်အောင် ဉာဏ်နှင့် ဆင်ခြင်တိုင်းထွာ၍ ပြုလုပ်ခြင်းမျိုးကိုသာ ဆိုတော်မူလိုသည်ဟု မှတ်ယူရပေမည်။

**ကျေးဇူးရှင်ကြီး မိတ်ဖွဲ့နည်း**

ထို့ကြောင့် နတ်အများကို တရားသဖြင့် ပသပုံကို ကျေးဇူးရှင်ကြီး ကိုယ်တော်တိုင် စီစဉ်ဆောင်ရွက်ခဲ့သည်ကား -

\- ကကုသန္ဓော ကောဏာဂမနော၊
ကဿပေါ ဂေါတမော မုနိ။
မေတ္တေယျော ပဉ္စ ဗုဒ္ဓါ တေ၊
သီသေ မေ သန္တု သဗ္ဗဒါ။

\- ဧတေသံ အာနုဘာဝေန၊
ယက္ခာ ဒေဝါ မဟိဒ္ဓိကာ။
သဗ္ဗေပိ သုခိတာ ဟောန္တု၊
မမ မိတ္တာ သဟာယကာ။

ကကုသန္ဓော=ကကုသန်ဟု နာမံဂုဏ်ဟိတ် ရွေဘွဲ့ချိတ်တော်မူသော၊ မုနိ=မုနိထွဋ်ရတင် ဘုရားရှင်သည်လည်းကောင်း၊ ကောဏာဂမနော=ကောဏာဂုံဟု ဂုဏ်တော်ရွှန်းဖိတ် ရွှေဘွဲ့ချိတ်တော်မူသော၊

http://www.dhammadownload.com



မုနိ=မုနိထွဋ်တင် ဘုရားရှင်သည်လည်းကောင်း၊ ကဿပေါ=ကဿပဟု နာမဂုဏ်ဟိတ် ရွှေဘွဲ့ချိတ်တော်မူသော၊ မုနိ=မုနိထွဋ်တင် ဘုရားရှင် သည်လည်းကောင်း၊ မေတ္တေယျော=အရိမေတ္တေယျဟု နာမဂုဏ်ဟိတ် ရွှေဘွဲ့ချိတ်တော်မူသော၊ မုနိ=မုနိထွဋ်တင် ဘုရားရှင်သည်လည်းကောင်း၊

ဣတိ=ဤသို့ ပဉ္စ=ငါးဆူကုန်သော၊ တေဗုဒ္ဓါ=ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့သည်၊ မေ=ဗုဒ္ဓ၏ဂုဏ် ကြည်ယုံ ရှန်းအိ တပည့်တော်၏၊ သီသေ=ဦးခေါင်းရတနာ မြတ်အင်္ဂါအထက်၌၊ သဗ္ဗဒါ=နေ့ညမကွာ အခါခပ်သိမ်း၌၊ သေန္တု=မှိဝဲချဉ်းကပ် ကိန်းဝပ် စံပယ်တော်မူကြပါစေ ကုန်သတည်း။

ဧတေသံ=ထိုငါးဆူကုန်သော ရှင်တော်မြတ်ဘုရားကြီးတို့၏၊ အာနုဘာဝေန=တန်ခိုးတေဇော် အာနုဘော်ကြောင့်၊ မဟိဒ္ဓိကာ=ကြီးဘိ ထန်ဖြိုး တန်ခိုးရှိကြပေကုန်သော၊ သဗ္ဗေ=ရေ မြေ သစ်ပင် ကောင်းကင် အရပ် မှီကပ်ဖုံဖုံ အလုံးစုံကုန်သော၊ ယက္ခာပိ=သူရဲ သဘက် ယက္ခိုသ် တစ္ဆေ ခေါ်ထွေမည်လျှင်း ဘီလူးမင်းတို့သည်လည်းကောင်း၊ ဒေဝါပိ= လောကပါလ စရှိသောင်းသောင်း နတ်အပေါင်းတို့သည်လည်းကောင်း၊ သုခိတာ=ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်ပြ ချမ်းသာကြကုန်သည်၊ ဟောန္တု=ဖြစ်ကြပါစေကုန်သတည်း။

မမ=အကျွန်ုပ်၏၊ မိတ္တာ=မေတ္တာသက်ဝင် ခင်မင်ရင်းနှီး မိတ် ကောင်း ဆွေကောင်းကြီးတို့သည်၊ ဟောန္တု=ဖြစ်ကြပါစေကုန်သတည်း။

သဟာယကာ=ချမ်းသာမကွဲ ဆင်းရဲအမျှ တကွရွှင်ပျော် အဖော် ကောင်း အပေါင်းကောင်းကြီးတို့သည်၊ ဟောန္တု=ဖြစ်ကြပါစေကုန် သတည်း။

ဟူ၍ပင်ဖြစ်ပေသည်၊ ဤအရာ၌ ဆိုလိုရင်း အစီအစဉ်ကား -

http://www.dhammadownload.com



(၁) ရှေးဦးစွာ ဘုရားစသော ရတနာမြတ်တို့အား ဆည်းကပ် ကိုးကွယ်ရမည်။

(၂) ထို့နောက် နတ်အပေါင်းတို့အား မေတ္တာပို့ခြင်း, အမျှဝေခြင်း ပြုရမည်။

(၃) ထို့နောက် ရင်းနှီးခင်မင်စွာ မိတ်ဆွေဖွဲ့ရမည်။

ဟူသည်တို့ ဖြစ်ပေသည်။

**ရှင်တော်ဗုဒ္ဓ ဟောပြခဲ့တဲ့ ပူဇော်ပုံ**

မှန်လှစွာ၏၊ ရှင်တော်ဗုဒ္ဓက လည်း သုတ်မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ်၌ -

- ယသ္မိံ ပဒေသေ ကပ္ပေတိ၊
ဝါသံ ပဏ္ဍိတဇာတိယော။
သီလဝန္တေတ္ထ ဘောဇေတွာ၊
သညတေ ဗြဟ္မ စာရယော။ ။

- ယာ တတ္ထ ဒေဝတာ အာသုံ၊
တာသံ ဒက္ခိဏ မာဒိသေ။
တာ ပူဇိတာ ပူဇယန္တိ၊
မာနိတာ မာနယန္တိ နံ။ ။

ယသ္မိံ ပဒေသေ=အကြင်အရပ်၌၊ ပဏ္ဍိတဇာတိယော=ရှေ့နောက်မြော်သိ ပညာရှိသော၊ ယောနရော=အကြင်သူသည်၊ ဝါသံ=နေခြင်းကို၊ ကပ္ပေတိ=ပြု၏၊ သောနရော=ထိုသူသည်၊ ဧတ္ထ=ဤအရပ်၌၊ သီလဝန္တေ=သီလနှင့် ပြည့်စုံကြကုန်သော၊ သညတေ=ကိုယ်နှုတ်နှလုံး စောင့်သုံးကြကုန်သော၊ ဗြဟ္မစာရယော=မြတ်သောအကျင့်ကို ကျင့်လေ့ရှိကြကုန်သောသူတို့ကို၊ ဘောဇေတွာ=ဆွမ်းကျွေး၍၊

http://www.dhammadownload.com



တတ္ထ=ထိုအရပ်၌၊ ယာ ဒေဝတာ=အကြင်နတ်တို့သည်၊ အာသုံး=ရှိသည်ဖြစ်ကြကုန်၏၊ တာသံ ဒေဝတာနံ=ထိုနတ်တို့အား၊ ဒက္ခိဏံ=အလှူရေစက်ကို၊ အာဒိသေ=အမျှပေးဝေရာ၏၊ ကသ္မာ=အဘယ့်ကြောင့်နည်းဟူမူကား၊ ပူဇိတာ=အမျှဝေလတ် ပူဇော်အပ်ကုန်သော၊ တာ ဒေဝတာ=ထိုနတ်တို့သည်၊ နံ=ထိုမနုစင်ဖြူ မျှဝေသူကို၊ ပူဇယန္တိ=တုံ့ပြန်သောထွေ ပူဇော်ကြလေကုန်၏၊ မာနိတာ=မျှဝေပေးလတ်မြတ်နိုးအပ်ကုန်သော၊ တာ ဒေဝတာ=ထိုနတ်တို့သည်၊ နံ=ထိုမနုစင်ဖြူ မျှဝေသူကို၊ မာနယန္တိ=တုံ့ပြန်သောထွေ မြတ်နိုးကြလေကုန်၏။

ဟူ၍ ဟောတော်မူ၏၊ ဤအရာ၌လည်း-

- မိမိက ဆွမ်းကျွေးခြင်းစသော ကုသိုလ်အမှုတို့ကို ပြုလုပ်ရမည်။
- မိမိ၏နေရာ အနီးအပါးရှိ နတ်အများတို့အား အမျှပေးဝေရမည်။

ဤသို့ပြုရမည်ကို ရည်ရွယ်၍ "ပူဇိတာ ပူဇယန္တိ-မာနိတာ မာနယန္တိ" ဟု ဟောတော်မူသည်ဟု မှတ်ယူရပေမည်။

နတ်စင် နတ်ကွန်းတို့၌ ဆီမီးတိုင် မီးမွှေးတိုင် ထွန်းညှိပြီး ရှိခိုးခြင်း, မိမိလိုချင်တာတွေကို တစ်စုတစ်ပြုံကြီး အော်ဟစ်တောင်းဆိုနေခြင်းမျိုးကို ရည်ရွယ်၍ ဟောတော်မူသည် မဟုတ်ချေ။

ပညာရှိသည့် ပုဂ္ဂိုလ်တို့က ကုသိုလ်ပြုကာ အမျှဝေသည်ကို သာဓုနုမော် ခေါ်ဆိုလိုက်ရသော နတ်တို့သည် နတ်၌ဖြစ်သော စည်းစိမ်ချမ်းသာ တိုးပွါးလာမည်မှာ သေချာလှပေသည်၊ နတ်ဩဇာ နတ်ထမင်း နတ်ပန်း နတ်နံ့သာ နတ်တန်ဆာတို့သည် နတ်ယုံကြည်စွဲလမ်းသူ လူတစ်စုတို့ တင်သကြသော လူ့ထမင်း လူ့ဟင်းစသည်တို့ထက် အဆပေါင်းများစွာ

http://www.dhammadownload.com



ရာထောင်မက သာလွန်ရကား ထိုနတ်၌ဖြစ်သော စည်းစိမ်ချမ်းသာကိုသာ လွှန်စွာတပ်မက်နှစ်သက်ကြမည် ဖြစ်ပေသည်၊ သတိကောင်းကောင်း ရှိကြရန် သင့်ပေသည်၊ လမ်းလွဲရောက်နေသူတွေရှိကြ၍ ထိုက်သင့်သမျှ ဖွင့်ထုတ်ရေးသားလိုက်ရသည်၊ "လမ်းလွဲကိုရှောင် - လမ်းမှန်ကိုဆောင်" နိုင်ကြပါစေ။

## သုံးပါးရတနာ – ကိုးကွယ်ရာ

**စစ်မှန်သော ကိုးကွယ်မှု**

ရှင်တော်ဗုဒ္ဓ၏ အလိုကျ စစ်မှန်သော ကိုးကွယ်ဆည်းကပ်မှုသည် ဘုရား တရား သံဃာ ရတနာမြတ် သုံးပါးတို့ကို ဆည်းကပ်မှု ကိုးကွယ်မှုမျိုးကိုသာ ဆိုလိုပေသည်၊ ထို့ကြောင့် ခုဒ္ဒကပါဌပါဠိတော် (နှာ-၁)၌ -

\- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊

\- ဒုတိယံပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒုတိယံပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဒုတိယံပိ သံဃံ သရဏံ ဂစ္ဆာမိ၊

\- တတိယံပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
တတိယံပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
တတိယံပိ သံဃံ သရဏံ ဂစ္ဆာမိ၊

ဟူ၍ ကိုးကွယ်ဆည်းကပ်ရမည့် အမှန်တရား သုံးချက်ကို အကွက်ချကာ ဟောမြွက်တော်မူခဲ့ပေသည်၊ ဤရတနာသုံးပါး အမြတ်တရားတို့သည် -

http://www.dhammadownload.com



ဟိံသတိ တိ သရဏံ၊ သရဏာဂတာနံ တေနေ၀
သရဏာဂမနေန ဘယံ သန္တာသံ ဒုက္ခံ ဒုဂ္ဂတိံ ပရိက္ကိလေသံ
ဟိံသတိ ၀ိဓမတိ နီဟရတိ နိရောဓေတိ။

ယံ ရတနတ္တယံ=အကြင် ရတနာသုံးပါး အပေါင်းသည်၊ ဘယံ သန္တာသံ=ကြောက်ခြင်း ထိတ်လန့်ခြင်းကို၊ ဟိံသတိ=ညှဉ်းဆဲတတ်, ပယ်ဖျောက်တတ်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ တံ ရတနတ္တယံ=ထို ရတနာသုံးပါးအပေါင်းသည်၊ သရဏံ=သရဏမည်၏၊ သရဏာဂတာနံ= ရတနာသုံးပါးအပေါင်းကို မှီ၀ဲဆည်းကပ်ခြင်းသို့ ရောက်ကုန်သော သူတို့၏၊ တေနေ၀ သရဏာဂမနေန=ထိုသို့ မှီ၀ဲဆည်းကပ်ခြင်းသို့ ရောက်ခြင်းကြောင့်သာလျှင်၊ ဘယံ သန္တာသံ=စိတ်၏ကြောက်ခြင်း ထိတ်လန့်ခြင်းကို၊ ဒုက္ခံ=ဆင်းရဲခြင်းကို၊ ဒုဂ္ဂတိံ=အပါယ်လေးပါးကို၊ ပရိက္ကိလေသံ=စိတ်၏ ပူပန်ခြင်းကို၊ ဟိံသတိ=ညှဉ်းဆဲတတ် ပယ်ဖျောက်တတ်၏၊ ၀ိဓမတိ=မှုတ်လွင့်တတ်၏၊ နီဟရတိ=ထုတ်ဆောင်တတ်၏၊ နိရောဓေတိ=ချုပ်ဆုံးစေတတ်၏။

ဟူ၍ ခုဒ္ဒကပါဌ အဋ္ဌကထာ (နှာ-၆)၌ မိန့်ခဲ့သောကြောင့် ဆည်းကပ် ကိုးကွယ်သူတို့၏ ကြောက်ခြင်း လန့်ခြင်းတို့ကို ပယ်ဖျောက်နိုင်၏၊ ကိုယ်၏ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်းတို့ကို မှုတ်လွင့်ပယ်ရှားနိုင်၏၊ အပါယ်လေးမျိုး ဒုက္ခဆိုးမှ ထုတ်ဆောင်ကယ်တင်နိုင်၏၊ စိတ်၏ ပူပန်ခြင်း သောကစုကို ချုပ်ငြိမ်းစေနိုင်၏၊ ဤသို့သော အနိဋ္ဌမျိုး ဆိုးကျိုးတို့ကို ပယ်ချိုး သုတ်သင်နိုင်စွမ်း ကေန်အမှန်ရှိမှသာ ကိုးကွယ်မှု မည်သည် ဖြစ်ကြပေမည်-ဟု အဆုတ်အသည်း၌ ပန္နက်သဲရိုက်၍ တစ်ထစ်ချ မှတ်ယူကြရပေမည်။

ထိုမှတစ်ပါး အလိုရှိအပ်သော ကောင်းကျိုးများတို့ကို ပေးရာ၌-

ဗုဒ္ဓေါတိ ကိတ္တယန္တဿ၊ ကာယေ ဘ၀တိ ယာ ပီတိ၊

http://www.dhammadownload.com



ဝရမေဝ ဟိ သာ ပီတိ၊ ကသိဏေနာပိ ဇမ္ဗုဒီပဿ။

- ဓမ္မောတိ ကိတ္တယန္တဿ၊ ကာယေ ဘဝတိ ယာ ပီတိ၊
ဝရမေဝ ဟိ သာ ပီတိ၊ ကသိဏေနာပိ ဇမ္ဗုဒီပဿ။

- သံဃောတိ ကိတ္တယန္တဿ၊ ကာယေ ဘဝတိ ယာ ပီတိ၊
ဝရမေဝ ဟိ သာ ပီတိ၊ ကသိဏေနာပိ ဇမ္ဗုဒီပဿ။

ဗုဒ္ဓေါတိ=သုံးလူ့သခင်းကျစ် ဓမ္မရာဇ်မှန်ကူ ဘုရားဟူ၍၊ ကိတ္တယန္တဿ=ပြုံးရွှင်ကြည်နူး သဒ္ဓါမြူးလျက် မြွက်ကျူးရွတ်ဆိုသောသူ၏၊ ကာယေ=ဗုဒ္ဓ၏ဂုဏ် အာရုံဇောကပ် သောမနသ်နှင့် ပြည့်ကျပ်တုံ့လျှင်း ကိုယ်အတွင်း၌၊ ယာ ပီတိ=ထုံအိရွှမ်းရွှမ်း ဆီထိဂွမ်းသို့ အကြင်နှစ်လို ဝမ်းမြောက်ခြင်းသည်၊ ဘဝတိ=မုချမသွေ ဖြစ်ပေါ်လာပေ၏၊ သာ ပီတိ=ထိုသဒ္ဓါဓာတ်မျိုး ဆော်ဖန်နိုး၍ ဖွံ့ဖြိုးသောပီတိသည်၊ ဇမ္ဗုဒီပဿ=ယူဇနာပေါင်း တစ်သောင်းကျယ်ဝန်း ဇမ္ဗုဒိပ်ကျွန်း၏၊ ကသိဏေနာပိ=ကေရာဇ်စကြာ များစွာဖုံဖုံ အလုံးစုံသော စည်းစိမ်ချမ်းသာထက်၊ ဝရမေဝဟိ=သာလွန်ကဲတင့် တံခွန်လွှင့်သို့ မြင့်မြတ်သည်သာလျှင်တည်း။

ဓမ္မောတိ=မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်ချမ်းသာ ပေးတတ်စွာသား မြတ်တရားဟူ၍၊ ကိတ္တယန္တဿ=ပြုံးရွှင်ကြည်နူး သဒ္ဓါမြူးလျက် မြွက်ကျူးရွတ်ဆိုသောသူ၏၊ ကာယေ=ဓမ္မ၏ဂုဏ် အာရုံဇောကပ် သောမနသ်နှင့် ပြည့်ကျပ်တုံ့လျှင်း ကိုယ်အတွင်း၌၊ ယာ ပီတိ=ထုံအိရွှမ်းရွှမ်း ဆီထိဂွမ်းသို့ အကြင်နှစ်လို ဝမ်းမြောက်ခြင်းသည်၊ ဘဝတိ=မုချမသွေ ဖြစ်ပေါ်လာပေ၏၊ သာပီတိ=ထိုသဒ္ဓါဓာတ်မျိုး ဆော်ဖန်နိုး၍ ဖွံ့ဖြိုးသောပီတိသည်၊ ဇမ္ဗုဒီပဿ=ယူဇနာပေါင်း တစ်သောင်းကျယ်ဝန်း ဇမ္ဗုဒိပ်ကျွန်း၏၊ ကသိဏေနာပိ=ကေရာဇ်စကြာ များစွာဖုံဖုံ အလုံးစုံသော စည်းစိမ်ချမ်းသာထက်၊ ဝရမေဝဟိ=သာလွန်ကဲတင့် တံခွန်လွှင့်သို့ မြင့်မြတ်

http://www.dhammadownload.com



သည်သာလျှင်တည်း။

သံဃောတိ=မင်္ဂတည် ဖိုလ်တည် ရှစ်လီသတ်မှတ် သံဃာတော် အရှင်မြတ်ဟူ၍၊ ကိတ္တယန္တသဿ=ပြုံးရွှင်ကြည်နူး သဒ္ဓါမြူးလျက် မြွက်ကျူး ရွတ်ဆိုသောသူ၏၊ ကာယေ=သံဃာ၏ဂုဏ် အာရုံဇောကပ် သောမနဿ နှင့် ပြည့်ကျပ်တုံလျှင်း ကိုယ်အတွင်း၌၊ ယာ ပီတိ=ထုံအိရွှမ်းရွှမ်း ဆီထိ ဂွမ်းသို့ အကြောင်နှစ်လိုဝမ်းမြောက်ခြင်းသည်၊ ဘဝတိ=မုချပသ္တေ ဖြစ် ပေါ်လာပေ၏၊ သာ ပီတိ=ထိုသဒ္ဓါဓာတ်မျိုး ဆော်ဖန်နိုး၍ ဖွံ့ဖြိုးသော ပီတိသည်၊ ဇမ္ဗုဒီပဿ=ယူဇနာပေါင်း တစ်သောင်းကျယ်ဝန်း ဇမ္ဗူဒိပ်ကျွန်း ၏၊ ကသိဏောနာပိ=ကေရာဇ်စကြာ များစွာဖုံဖုံ အလုံးစုံသော စည်းစိမ် ချမ်းသာထက်၊ ဝရမေဝဟိ=သာလွန်ကဲတင့် မြင့်မြတ်သည်သာလျှင် တည်း။

အမှာ။ ။ ပရိယတ္တိစာပေအား နည်းပါးကြသော အမျိုးသား အမျိုးသမီးတို့အား ရည်ရွယ်ရင်းဖြစ်၍ ပေယျာလ မြှုပ်ကွက်မထားပဲ ဗုဒ္ဓ ဓမ္မ သံဃ သုံးပုဒ်လုံးကို ဖော်၍ အနက်ပေးလိုက်သည်၊ အကျယ်ချဲ့ကာ စာမျက်နှာဖြုန်းသည်ဟု မှတ်တော် မမူကြစေကုန် သတည်း။

ဤပြဆိုအပ်ခဲ့ပြီးသော သီလက္ခန္ဓ အဋ္ဌကထာ(နှာ-၅၄) ၌လာသည့် ဂါထာတို့ဖြင့် သိစွမ်းနိုင်လောက်ပေသည်။

ဤဂါထာဖြင့် ကြည်လင်ရွှင်ပျသော သဒ္ဓါဓာတ်အား ဘုရား ဘုရား ဟူ၍လည်းကောင်း, တရား တရားဟူ၍လည်းကောင်း, သံဃာ သံဃာ ဟူ၍လည်းကောင်း နှုတ်မှမြွက်ဆိုကျူးရင့်သော ခဏ၌ စိုးရိမ်ပူဆွေးမှု သောကတို့သည် ကင်းငြိမ်းလျက် ဗုဒ္ဓါရမ္မဏပီတိတို့ဖြင့် အုပ်ဖုံးလွှမ်းခြုံပြီး

http://www.dhammadownload.com



ကိုယ်လုံးထုံနေပေတော့သည်။

ထိုသို့ ဗုဒ္ဓဂုဏ်ကို ကြည်ညိုချီးကျူးလိုက်ရသော ကံသည်လည်းကောင်း, ပီတိလွှမ်းခြုံ ကိုယ်လုံးထုံရခြင်းသည်လည်းကောင်း, ဤဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာရှိသော သူကြွယ်စည်းစိမ်ချမ်းသာ, သူဌေးစည်းစိမ်ချမ်းသာ, ပဒေသရာဇ် မင်းစည်းစိမ်ချမ်းသာ, စကြာဝတေးမင်း စည်းစိမ်ချမ်းသာထက်ကျူးလွန်၍ ထူးချွန်မွန်မြတ်လှပေ၏ - ဟု ဆိုလိုပေသည်။

မှန်လှပေ၏၊ ထိုကဲ့သို့သော ဗုဒ္ဓပူဇဝန္တ ကုသိုလ်ကံသည်သူကြွယ်စည်းစိမ်ကိုလည်း ပေးစွမ်းနိုင်၏၊ သူဌေးကြီး စည်းစိမ်ကိုလည်း ပေးစွမ်းနိုင်၏၊ ပဒေသရာဇ် ဧကရာဇ်မင်းစည်းစိမ်ကိုလည်း ပေးစွမ်းနိုင်၏၊ စကြာဝတေးမင်း စည်းစိမ်ချမ်းသာကိုလည်း ပေးစွမ်းနိုင်၏၊ ဆိုခဲ့ပြီးသော လူ့စည်းစိမ်ချမ်းသာထက် အဆများစွာ သာလွန်ကောင်းမြတ်သော နတ်စည်းစိမ်ချမ်းသာကိုလည်း ပေးစွမ်းနိုင်၏၊ ဝိဝဋ္ဋဉာဏ်ဓာတ်များ သက်ဝင်ခဲ့ပါမူကား လောကီစည်းစိမ်ချမ်းသာ အဖြာဖြာတို့နှင့် မနှိုင်းသာ မယှဉ်သာ ခြားကွာ မြင့်မြတ်လှစွာသော မဂ်ဖိုလ်နိဗ္ဗာန်ဟူသော လောကုတ္တရာချမ်းသာထူး ချမ်းသာမြတ်ကြီးကိုလည်း ပေးစွမ်းနိုင်၏။

**သရဏဂုံ မှမ်းထုံသူအား ဘီလူးမစား**

ချဲ့၍ဆိုပေအံ့၊ ထိုဗုဒ္ဓ ဓမ္မ သံဃဂုဏ်ကို အာရုံပြုကာ ရွတ်ဆိုမိသောကြောင့် ရှင်တော်ဗုဒ္ဓ လက်ထက်တော်က ထင်းခွေသော လှည်းသမား သားအဖဝတ္ထု၌ ဘီလူး စားခံရမည့်ဘေးမှလည်း ကင်းဝေးခဲ့ရ၏၊ တစ်သိန်းတန်သော ရွှေခွက်ကို ရရှိကာ သူကြွယ်အဖြစ် သူဌေးအဖြစ်သို့လည်း ရောက်ခဲ့ရဖူးလေသည်။

**သာဓကတစ်လီ မဋ္ဌကုဏ္ဍလီ**

မိဘမျိုးရိုးစဉ်ဆက်အားဖြင့် မိစ္ဆာအယူကို ယူစွဲလာခဲ့သည့် မဋ္ဌကုဏ္ဍလီ သတို့သားသည် ဒါနလည်း မပေးမလှူခဲ့ရ, သီလလည်းမဆောက်တည်ခဲ့ရပဲ

http://www.dhammadownload.com



တစ်ကြိမ်တစ်ခါမျှသာ ဖြစ်ခဲ့သော ဗုဒ္ဓါရမ္မဏပီတိဖြင့် ဘုရားရှင်အား လက်အုပ်ချီမိုး ရှိခိုးရသော ကောင်းမှုကြောင့် မိစ္ဆာဒိဋ္ဌိကာ၏ အစွမ်းဖြင့် အပါယ်လမ်းသို့ မမြန်းရပဲ တာဝတိံသာနတ်ရွာတို့၌ တစ်ဆယ့်နှစ်ယူဇနာရှိသော နတ်ဗိမာန်နှင့် စံစားနေရကြောင်းကို **ဝိမာန အဋ္ဌကထာ**၌ မိန့်ဆို၏၊ ထို့ကြောင့် အပါယ်ဘေးကိုလည်း ကင်းဝေးစေခြင်း, နတ်ပြည်၌ ဖြစ်ရမှု ဘဝသမ္ပတ္တိစုကိုလည်း ပေးစွမ်းနိုင်ခြင်းတို့သည် ထင်ရှားလှပေသည်။

**သုံးဆယ့်တစ်ကမ္ဘာ ပါယ်ရွာမလား**

ပိယဥ္စဟ မထေရ် အလောင်း ရက္ခစိုးနတ်သည် ဝိပဿီဘုရားရှင်အား, သုနာဂမထေရ် အလောင်း ပုဏ္ဏားသည် သိခီဘုရားရှင်အား ကြည်ညိုဖူးမြင်သော စိတ်အစဉ်ကြောင့် သုံးဆယ်တစ်ကမ္ဘာပတ်လုံး အပါယ်ငရဲသို့ မကျရောက်ရပဲ သုဂတိဘဝတွင်သာ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိတို့ကို ခံစားစံစားခဲ့ရကြောင်းကို **ထေရဂါထာ အဋ္ဌကထာ**၌ မိန့်ဆိုခဲ့၏။

**သဂါထာဝဂ္ဂသံယုတ် ပါဠိတော် (နှာ- ၂၅) ၌လည်း -**

- ယေ ကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ။ ။

ယေ ကေစိ= ဗုဒ္ဓအာရုံ ကိုယ်လုံးထုံကြသည့် ခပ်သိမ်းကုန်သော၊ ဇနာ=သူတော်စင်မာတ် ကိန်းဝပ်ခိုအောင်း သူအပေါင်းတို့သည်၊ "ဗုဒ္ဓံ= သစ္စာလေးဆူ ဆရာမကူပဲ သယမ္ဘူဉာဏ်မြတ် ဉာဏ်ဥက္ကဋ္ဌဖြင့် ပိုင်းဖြတ်သိမြင် ဘုရားရှင်ကို၊" သရဏံ=ဆင်းရဲကိုဖျောက် ချမ်းသာရောက်အောင် ကယ်ထောက် ပို့ဆောင်တတ်၏ဟူ၍၊ ဂတာသေ=နှလုံးစိတ်ထဲ ပန်ကြွက်စွဲသို့

http://www.dhammadownload.com



မှီဝဲဆည်းကပ်ခြင်းသို့ ရောက်ကုန်၏၊ တေ-"ဗုဒ္ဓအာရုံ" စွဲထုံ့ညွှတ်ပျောင်း ထိုသူတော်ကောင်းတို့သည်၊ အပါယဘူမိံ-ချမ်းသာကင်းကွာ ပါယ်လေးရွာသို့၊ န ဂမိဿန္တိ-မလားရောက်ကြရကုန်လတ္တံ့၊ မာနုသံ-ကံကောင်းထောက်၍ လာရောက်ကြုံကြိုက် ဒုလ္လဘစစ် လူ့နိုက်ဖြစ်သော၊ ဒေဟံ-လေးမဟာဘုတ် ခန္ဓာရုပ်ကို သမုတ်ခေါ်ပြော အတ္တဘောကို၊ ပဟာယ-ဘဝနိဂုံး ချုပ်ကုန်သုဉ်းလျက် သေဆုံးစွန့်ပယ်ကြကုန်၍၊ ဒေဝကာယံ-နတ်ဟုခေါ်သော ကိုယ်အတ္တဘောကို၊ ပရိပူရေဿန္တိ-ပင့်မြှောက်တင်တုံ ကံအဟုန်ကြောင့် ပြည့်စုံကြရကုန်လတ္တံ့။

ဟူ၍လည်း သုဒ္ဓါဝါသဗြဟ္မာတစ်ဦးက ရှင်တော်မြတ်ဘုရားအား လျှောက်ကြားခဲ့ဖူး၏၊ ဤစကား၌ ဗုဒ္ဓရှင်တော်မြတ်တစ်ပါးတည်းကိုသာ ဆိုခဲ့သော်လည်း ဓမ္မသံဃတို့တွင်လည်း သင့်လျော်လျောက်ပတ်သော ကြောင့် -

- ယေ ကေစိ ဓမ္မံ သရဏံ ဂတာသေ၊
  န တေ ဂမိဿန္တိ အပါယဘူမိံ၊
  ပဟာယ မာနုသံ ဒေဟံ၊
  ဒေဝကာယံ ပရိပူရေဿန္တိ။ ။

- ယေ ကေစိ သံဃံ သရဏံ ဂတာသေ၊
  န တေ ဂမိဿန္တိ အပါယဘူမိံ၊
  ပဟာယ မာနုသံ ဒေဟံ၊
  ဒေဝကာယံ ပရိပူရေဿန္တိ။ ။

ဟူ၍လည်း ရတနာသုံးပါးပြည့်စုံအောင် ထည့်သွင်းရွတ်ဆို ပြောဟော ယူဆလျှင်လည်း မှားယွင်းရန် အကြောင်းမရှိချေ၊ ပြည့်စုံလုံလောက်သည်သာတည်း။

http://www.dhammadownload.com



[အမှာ -ယခုဆိုခဲ့သော ဂါထာနှစ်ပုဒ်၌ "ဗုဒ္ဓ" ပုဒ်၏အနက်တွင် "ဓမ္မ=မဂ်ကလေးသွယ် ဖိုလ်ဝယ်လေးတန် နိဗ္ဗာန်, ပရိယတ်ဆယ်ပါးသော တရားတော်မြတ်ကို" လည်းကောင်း၊ "သံဃ=မဂ်တည် ဖိုလ်တည် ရှစ်လီအရိယာမြတ်သံဃာကို"လည်းကောင်း၊ "ဗုဒ္ဓအာရုံတွင်"တွင် "ဓမ္မအာရုံ" ဟူ၍လည်းကောင်း၊ "သံဃအာရုံ" ဟူ၍လည်းကောင်း ပြောင်းလဲ ဆိုရုံမျှသာ ထူး၏၊ တစ်ပါးသော အနက်များ အတူတူပင် သိမှတ်ကြပါကုန်။]

ဤအခန်းတွင် ပြဆိုခဲ့ပြီးသော မဋ္ဌကုဏ္ဍလီသတို့သား, ပီယဥ္စဟ မထေရ်အလောင်း, သုနာဂမထေရ် အလောင်းတို့သည် သရဏဂုံ ဆည်းကပ်ကိုးကွယ်မှုကြောင့် လောကီဖြစ်သော ဘဝသမ္ပတ္တိ ဘောဂ သမ္ပတ္တိတို့နှင့် ပြည့်စုံသည်သာ မဟုတ်၊ လောကုတ္တရာဓမ္မရရှိရေးအတွက် အကြောင်းအထောက်အပံ့အဖြစ် ပေးခဲ့သည်ကိုလည်း ဉာဏ်ဖြင့် ဆင်ခြင်သိမြင်သင့်လှပေသည်။

**လောင်းလျာမှန်က တည်ကြသရဏဂုံ**

ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူသွားကြသည့် ဘုရားရှင်တို့သည် အလောင်းတော်ဘဝနှင့် ပါရမီဖြည့်ခဲ့စဉ် မည်သည့် အလောင်းတော်ပင်ဖြစ်စေ သရဏဂုံ ဆည်းကပ်မှုမှ အစပြုခဲ့သည် ချည်းသာ ဖြစ်၏၊ နောင်ပွင့်လတ္တံ့သော သမ္မာသမ္ဗုဒ္ဓ အလောင်းတော်တို့သည်လည်း ဤသရဏဂုံဆည်းကပ်မှုမှ အစပြုရမည်ချည်းသာ ဖြစ်ပေလတ္တံ့၊ နိဗ္ဗာန်အောင်ပွဲဆင်နွှဲကြပြီး ဆင်နွှဲကြလတ္တံ့သော ပစ္စေကဗောဓိဆု, အဂ္ဂမဟာသာဝကဆု, အဂ္ဂသာဝကဆု, ပကတိသာဝကဆုတို့ကို ပန်ယူပြီး ပန်ယူလတ္တံ့ဖြစ်ကြသော မည်သည့်ပုဂ္ဂိုလ်ပင်ဖြစ်စေ သရဏဂုံ ခံယူဆောက်တည် ဆည်းကပ်မှုနှင့် မကင်းနိုင်ကြပေ၊ နိဗ္ဗာန် မဂ်ဖိုလ် ရယူ

http://www.dhammadownload.com



လိုသူမှန်သမျှ သရဏဂုံမှ အရင်းစကြရပေမည်၊ ဦးစွာ ပထမပြုကြရမည့်တရား ဖြစ်သည်ကို ဗုဒ္ဓဘာသာဝင်တိုင်း သတိပြုကြရပေမည်။

**ဤမျှသော စကားအစဉ်ဖြင့်**
**သရဏဂုံကို မှန်ကန်စွာ ဆည်းကပ်ကိုးကွယ်မှုနှင့်**
**ဆည်းကပ်ကိုးကွယ်ရခြင်း၏ အကျိုးကို ပြဆိုသောအခန်း**
**အပြီးသတ်သတည်း။**

--------*--------

## သရဏဂုံတွင် – အမွှမ်းတင်

**သစ္စာနှစ်ရပ် ပိုင်းဖြတ်တီထွင် အမွှမ်းတင်**

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် သရဏဂုံ ဆည်းကပ်မှုစသော ကောင်းမှုကုသိုလ် အရာတွင် မည်သည့်အရာကိုပဲ ပြုသည်ဖြစ်စေ သူတကာထက် တစ်ပန်းသာရမှ- ထူးချွန်လွန်ကဲရမှ နှစ်သိမ့် အားရတော်မူလေ့ရှိပေသည်၊ ထို့ကြောင့် မိမိသူတစ်ပါး နှစ်ပါးစုံတို့၌ ဝိဇ္ဇာ, စရဏနှစ်ဌာနနှင့်ပြည့်စုံသည့် သရဏဂုံဆောက်တည် ဆည်းကပ်မှု ဖြစ်စေရန်, ကလျာဏလောင်း သူတော်ကောင်းတို့သည်လည်း သမုတိသစ္စာ ပရမတ္ထသစ္စာဟူသော သစ္စာနှစ်ပါးတို့ကို ခွဲခြားဝေဖန် သိမြင်နိုင်စေရန် **“တစ်ချက်ခုတ်-နှစ်ချက် ပြတ်”** ရည်ရွယ်လျက် သစ္စာနှစ်ရပ်တို့ကို သတ်မှတ်ခွဲခြားပြီး အမွှမ်းတင်ကာ ရှိခိုးပြတော်မူခဲ့ပေသည်၊ သစ္စာနှစ်ရပ်ဟူသည်ကား -

- ဒွေ ဟိ သစ္စာနိ သမ္မုတိသစ္စံ ပရမတ္ထသစ္စံ။

(ပရမတ္ထဒီပနီ-သင်္ဂြိုဟ်မဟာဋီကာသစ်)

ဟိ သစ္စံ=မှန်လှစွာ၏၊ သစ္စာနိ=သစ္စာတို့သည်၊ သမ္မုတိသစ္စံ= သမ္မုတိသစ္စာ လည်းကောင်း၊ ပရမတ္ထသစ္စံ=ပရမတ္ထသစ္စာလည်းကောင်း၊

http://www.dhammadownload.com



ဣတိ=ဤသို့၊ ဒွေ=နှစ်ပါးတို့သည်၊ ဟောန္တိ=ဖြစ်ကုန်၏။

ဟု ကျေးဇူးရှင်ကြီး ရေးသားတော်မူခဲ့ပေသည်။

**သမုတိသစ္စာ ဆိုသည်မှာ** လောကဝေါဟာရအားဖြင့် ခေါ်ဝေါ် သုံးစွဲနေကြသော ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ, ခြေ, လက်, ခေါင်း, ကိုယ်, မျက်နှာ, ရင်, ဝမ်းစသော ကိုယ်တွင်းကိုယ်ပ နှစ်ဌာနလုံးမှ အသုံးအနှုန်း မှန်သမျှတို့သည် သူ့လောက သူ့နယ်နှင့် သူ့စကား ခေါ်ဝေါ်ပြောဆိုမှုအတွက် မှန်ကန်စွာ သမုတ်ထားသည့် အချက်များ ဖြစ်ပေသည်၊ ယင်းသို့ခေါ်ဝေါ် ပြောဆိုမှုကြောင့် မုသာဝါဒကံ မထိုက်နိုင်ချေ၊ သူ့နယ်နှင့် သူ့ဝေါဟာရ မှန်ကန်နေကြပေသည်၊ ထိုသို့ မှန်ကန်နေမှုမျိုးကို သမုတိသစ္စာဟု ဆိုပေသည်။

**ပရမတ္ထသစ္စာ ဆိုသည်မှာ** ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ ထိုက်သော စိတ်တရား, စေတသိက်တရား, ရုပ်တရား, နိဗ္ဗာန်တရားတို့သည်ကား သမုတိသစ္စာတို့ကဲ့သို့ နောက်တစ်ဖုံ ခုတစ်မျိုး ဖောက်ပြန်တတ်, ချွတ်ယွင်းတတ်, ပြောင်းလဲတတ်သောတရားမျိုး မဟုတ်ပဲ မဖောက်ပြန်, မချွတ်ယွင်း, မပြောင်းလဲတတ်သောတရား, မြဲသောမှန်သော တရားမျိုးဖြစ်ပေသည်။

မှန်လှစွာ၏၊ ထိုတရားတို့သည် ကမ္ဘာပေါင်း အသင်္ချေအနန္တ ပြောင်းလဲ၍ သွားကြစေကာမူ ဆင်းရဲမှုသဘော, သာယာနှစ်သက်မှုသဘော, ချုပ်ငြိမ်းမှုသဘော, ချုပ်ငြိမ်းမှုသို့ရောက်ကြောင်းသဘောတို့မှ တစ်ဆံဖျားမျှ ပြောင်းလဲ ရွေ့ရှားသွားမှုမရှိပဲ မြဲ၍မှန်၍သာ နေပေသည်၊ ယင်းသို့ မဖောက်မပြန် မြဲမှန်နေမှုကို ပရမတ္ထသစ္စာ ဟုခေါ် ဆိုပေသည်။

ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် ဤမဟာသရဏဂုံတော်ကြီးကို -

http://www.dhammadownload.com



(က) ထူးခြားသော လေးနက်သော သရဏဂုံ ကိုးကွယ် ဆည်းကပ်မှုကိစ္စ၊

(ခ) သစ္စာ နှစ်ရပ် ခွဲခြားသတ်မှတ်၍ သိမြင်နိုင်မှုကိစ္စ၊

ဤကိစ္စနှစ်ရပ်ကို တစ်ချိန်တည်း တစ်ခါတည်း၌ သူတော်စင် အပေါင်းတို့ ပြီးစီးနိုင်စေရန် ရည်သန်မှုအာသီသဖြင့် ရေးသားစီရင်တော်မူသည်ဟု သိမြင်ရပေသည်။

**သမုတိသစ္စာ ဝေါဟာရဒေသနာဖြင့် ရှိခိုးခြင်း**

ဤ သစ္စာ နှစ်ရပ်တို့တွင် အန္ဓပုထုဇဉ် ကလျာဏပုထုဇဉ် နှစ်မျိုးလုံးက သိနေ မြင်နေ ခေါ်ဝေါ် ပြောဆိုနေကြသော သမုတိသစ္စာ ဝေါဟာရဒေသနာတို့ကို သုံးစွဲလျက်-

(က) အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ၊

(ခ) ဒုတိယံပိ အဇ္ဇတဂ္ဂေ (ပ) ဂစ္ဆာမိ၊

(ဂ) တတိယံပိ အဇ္ဇတဂ္ဂေ (ပ) ဂစ္ဆာမိ၊

ယနေ့မှစ၍ အသက်ထက်ဆုံး ဘုရား, တရား, သံဃာကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ဤသရဏဂုံ ဆည်းကပ်မှုတွင် "ယနေ့" ဟူသော "အသက်" ဟူသော အများသူငါ လူတိုင်း လူတိုင်းက သိနေကြ ခေါ်ဝေါ်နေကြသည့် သမုတိသစ္စာ စကားလုံးတို့ကို အမွှမ်းတင်ထည့်သွင်း သုံးစွဲရှိခိုးခဲ့ခြင်း ဖြစ်ပေသည်၊ ယနေ့ နက်ဖြန် သန်ဘက်စသော အသက်ရှိသည် မရှိသည် စသော စကားအသုံးအနှုန်းတို့သည် သမုတိသစ္စာတို့ပေတည်း။

http://www.dhammadownload.com



ရှေးပညာရှင်
အစီအစဉ်

ဤသရဏဂုံပါဠ်၌ ခုဒ္ဒကပါဌပါဠိတော်တွင် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသည်ဖြင့်သာ လာရှိခဲ့ပေသည်၊ "အဇ္ဇတဂ္ဂေ ပါဏုပေတံ" ဟူသော ပါဠ်ကိုကား အမွှမ်းတင်ရှေ့ထား၍ နောက်နောက်ဖြစ်သော ရှေးပညာရှိ အကျော် ဆရာတော်များထည့်သွင်း စီစဉ်ခဲ့သည်ဟု ယူဆရပေသည်၊ "အတိုင်း ထက်အလွန် တံခွန်နှင့်ဘုရား" ဆိုသကဲ့သို့ အထူး သင့်လျော်လျောက် ပတ်သော အစီအစဉ်များ ဖြစ်ပေသည်။

ဝိနည်းမဟာဝါပါဠိတော်၌ ရှင်တော်ဗုဒ္ဓသည် ဘုရားအဖြစ်သို့ ရောက်ပြီးနောက် ရာဇာယတနသတ္တာဟ=လင်းလွန်ပင် ရင်းတွင် ခုနစ်ရက် စံနေတော်မူဆဲအခါ တပုဿနှင့် ဘလ္လိက ကုန်သည် ညီနောင် တို့က-

> ဧတေ မယံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ ဓမ္မဉ္စ၊
> ဥပါသကေ နော ဘဂဝါ ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ
> သရဏံ ဂတေ။

ဟူ၍ လျှောက်ကြားခဲ့ဖူးပေသည်၊ သီလက္ခန္ဓပါဠိတော် သာမည ဖလသုတ်၌ အဇာတသတ်မင်းကလည်းကောင်း၊ သောဏဒဏ္ဍသုတ်၌ သောဏဒဏ္ဍပုဏ္ဏားကလည်းကောင်း, ကူဋဒန္တသုတ်၌ ကူဋဒန္တပုဏ္ဏားက လည်းကောင်း -

> ဧသာဟံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ ဓမ္မဉ္စ
> သံဃဉ္စ၊ ဥပါသကံ မံ ဘဂဝါ ဓာရေတု အဇ္ဇတဂ္ဂေ
> ပါဏုပေတံ သရဏံ ဂတံ။

ဟူ၍လျှောက်ကြားခဲ့ကြဖူးလေပြီ၊ ဘုရားရှင်အား မဖူးမြော်ရမီ မိစ္ဆာအယူရှိကြပြီး ဘုရားရှင်အား ဖူးမြော်ရပြီးနောက်တွင် သမ္မာဒိဋ္ဌိ အယူသို့ သက်ဝင်ခဲ့ကြသော ပုဂ္ဂိုလ်တိုင်း ဤသို့ လျှောက်ကြားကြသည်ကို

http://www.dhammadownload.com


ပါဠိတော်အရပ်ရပ်၌ တွေ့မြင်ခဲ့ရပေသည်။

ဤသို့လျှောက်ကြားသော ပါဠိမှ "အဇ္ဈတဂ္ဂေ ပါဏုပေတံ" ပါဌ်နှင့် ခုဒ္ဒကပါဌပါဠိတော်မှ လာသော "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ပါဌ်တို့ကို ရှေ့နောက်စပ်လျက် သင့်မြတ်လျောက်ပတ်စွာ ရှေးဆရာတော် ပညာကျော်တို့ စီစဉ်ခဲ့ကြပေသည်၊ ထိုနည်းကိုပင် ယူငင်၍ ကျေးဇူးရှင်ကြီး၏ မဟာသရဏာဂုံတော်ကြီးလည်း ထည့်သွင်းစီစဉ်တော်မူခဲ့ပေသည်။

ထို့ထက် တစ်မူထူးခြားလျက် -

(ယ) ဘဝပရိယန္တံ အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

(ဓမ္မံ - သံဃံ)

ဘဝအဆုံးရှိသည်တိုင်အောင် ယနေ့မှစ၍ အသက်ထက်ဆုံး မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာ ဟူ၍ ဆည်းကပ်ပါ၏ -ဟူ၍ ရှိခိုးတော်မူခဲ့ပေ၏။

ဤစကားရပ်၌ "ဘဝဆုံးသည်တိုင်အောင်" ဟူသည် ယခုရရှိဆဲဖြစ်သော ဘဝကြီးသည် အသက်တမ်းကုန်၍ သေဆုံးသွားသည်တိုင်အောင်-ဟူ၍လည်းကောင်း၊ ကိလေသာအာသဝကြောင့် ဖြစ်နေရသော ဘဝပေါင်းများစွာ သံသရာဆုံးသည်တိုင်အောင်-ဟူ၍လည်းကောင်း၊ အဓိပ္ပါယ်နက်နှစ်မျိုးထွက်၏ နောက်ဖြစ်သော အဓိပ္ပါယ်နက်သည်ကား အထူးလေးနက်လှပေ၏။

(င) အတ္တဘာဝပရိယန္တံ အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

(ဓမ္မံ - သံဃံ)

ကိုယ်ခန္ဓာအတ္တဘောကြီး ပုပ်ပွပျက်စီး ကုန်သုဉ်းခြင်း အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာ

http://www.dhammadownload.com


ဟူ၍ ဆည်းကပ်ပါ၏။

(စ) ကာယပရိယန္တံ အဇ္ဈတၱေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(ခမ့် - သံဃံ)

ဤမဟာဘူတ ရုပ်ကာယကြီး ပုပ်ပွပျက်စီး ကုန်သုဉ်းခြင်း အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

(ဆ) အင်္ဂပရိယန္တံ အဇ္ဈတၱေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(ခမ့် - သံဃံ)

ဤမဟာဘုတ် ရုပ်အပေါင်းတွင် သမ္မုတိသစ္စာဖြင့် တင်စား ခေါ်ဝေါ်ကြသော ခေါင်း, ခါး, ခြေ, လက်, မျက်နှာ, ရင် ဝမ်းစသော ကိုယ်အင်္ဂါအစိတ်အပိုင်းတွေ သေဆုံးပြီးနောက် တစ်ပိုင်းစီ တစ်စစီ ပြုတ်ကျ ပြိုပျက် လွင့်ပါးပျက်စီးကုန်ခြင်းသို့ ရောက်သည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

(ဇ) ဇီဝိတပရိယန္တံ အဇ္ဈတၱေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(ခမ့် - သံဃံ)

ဤလောက၌ အသက်ဟူ၍ ခေါ်ဆိုကြသော ဇီဝိတိန္ဒြေရုပ်ကြီး ပျက်စီးရကား သူသေကောင်ပုပ်ကြီး ဖြစ်သည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ဤဆိုအပ်ပြီးသည်ကား သမုတိသစ္စာအားဖြင့် ခေါ်ဆိုနေကြသော ခေါ်ဆိုနေရုံတွင်မကပဲ တကယ့်အရှိထား၍ စွဲလမ်းသာယာနေကြသော ငါ့ကိုယ်, ငါ့ခြေ, ငါ့လက် စသည်တို့သည် သေတတ် ပျောက်တတ် ပျက်စီးတတ်၏၊ သေလွယ် ပျောက်လွယ် ပျက်စီးလွယ်၏၊ သေဆုံးပြီးနောက် ဖွဲ့ထင်းတုံးလောက်မျှ အသုံးမကျ ပုပ်ပွပျက်စီးခြင်းသို့ ရောက်ကြကုန်၏၊

http://www.dhammadownload.com



ထို့ကြောင့် ဤခန္ဓာကိုယ်ကြီးသည် အားကိုးစရာ အားထားစရာ ဘာမျှ မရှိချေ၊ ဘုရား တရား သံဃာသာလျှင် အားကိုးအားထားစရာ အစစ် အမှန်ဖြစ်ပေ၏၊ ဤသို့သော အမြင်ဉာဏ်သန်သန်နှင့် မှန်ကန်စွာ ဆည်းကပ် ကိုးကွယ်နိုင်ကြစေရန် ကလျာဏလောင်း သူတော်ကောင်း တို့အား မရဏာနုဿတိ ကမ္မဋ္ဌာန်းနှင့်တွဲဘက်ကာ သရဏဂုံ ဆောက် တည်နိုင်ရေး နည်းပေးလမ်းညွှန်တော်မူခဲ့ပေသည်။

ကျေးဇူးရှင် ဆရာတော်ကြီးကဲ့သို့ပင် သီဟိုဠ်ကျွန်း အရှင်သံဃ ရက္ခိတ မထေရ်မြတ်ကြီးကလည်း -

- မတ္ထကဋ္ဌိ မတသာပိ၊
ရဇောဘာဝံ ဝဇန္တု မေ။
ယတော ပုညေန တေ သန္တု၊
ဇိနပါဒမ္ဗုဇ ဒွယေ။

(သုဗောဓာလင်္ကာရ - နှာ - ၂၁၈)

မတဿာပိ=စုတိကမ္မဇရုပ် ပြုတ်ကျမနေ သေခဲ့ရသည်လည်း ဖြစ်သော၊ မေ=ဘုတ်ကြီးလေးတန် အမာခံ၍ အရုံရုပ်သေး နှစ်ဆယ့်လေး တို့ ပေါင်းထွေမျှညီ အဋ္ဌဝီသ ရုပ်ကာယကို အတ္တသမုတ် အကျွန်ုပ်၏၊ မတ္ထကဋ္ဌိ=ဦးခေါင်းအင်္ဂါ တွင်ကာသတ်မှတ် အရိုးခေတ်တို့သည်၊ ရဇော ဘာဝံ=မြူမှုန်မြူနု၏အဖြစ်သို့၊ ဝဇန္တု=ကြေညက်သောထွေ ရောက်ကြ ပါစေကုန်သတည်း၊ ယတော=အကြင် ဗုဒ္ဓအာရုံ မြဲထုံသတိ မြတ်ပ်တိ ကြောင့်၊ မေ=ဗုဒ္ဓစမ္မ သံဃဉ္စသာ ကိုးကွယ်ရာဟု ကောင်းစွာမြင်သိ အကျွန်ုပ်၏၊ ပုညေန=ရတနာသုံးရပ် မြတ်ထက်မြတ်ကို တုပ်ဝပ်ခယမ်း ကောင်းမှုစွမ်းကြောင့်၊ တေ=ထိုမြူမှုန်မြူနု ဦးခေါင်းရိုး အစုတို့သည်၊ ဇိနပါဒမ္ဗုဇဒွယေ=တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ ဝတ်မှုန်လွှာတို့ဖြင့် လွှမ်းစွာတင့်ဆန်း ဘုရားရှင်၏ခြေတော်အစုံ တည်းဟူသော ပဒုမ္မာကြာ

http://www.dhammadownload.com



ပန်း၌၊ သေန္တ=လောကထွတ်မျူး ခေါင်ညွန့်ဖူးကို ဦးညွတ်သောထွေ မှီဝဲဆည်းကပ်ကြပါစေကုန်သတည်း။

ဟူ၍ ချီးကျူးပူဇော် ဆည်းကပ်ခဲ့ဖူးလေပြီ။

**ဤမျှလောက်သော စကားအစဉ်ဖြင့် သမုတိသစ္စာ**
**ဝေါဟာရဒေသနာနှင့် ကိုးကွယ်ဆည်းကပ်ပုံ**
**နိဂုံးကမ္ပတ် အဆုံးသတ်သတည်း။**

--------*---------

**သစ္စဝဏ္ဏနာ ပဏ္ဏာမ**

**(က)သစ္စပဋိဝေဓ**

**ပရမတ္ထသစ္စာနယ်ဖြင့် ကိုးကွယ် ဆည်းကပ်ခြင်း**

ယခုအခါ ပရမတ္ထ သစ္စာကို ဦးတည် အမှမ်းတင်ထားလျက် သရဏဂုံမြတ် သုံးပါးတို့ကို ဆည်းကပ်ကိုးကွယ်မှု ပြု တော်မူလိုသည်ဖြစ်၍-

(၁) စတုသစ္စပဋိဝေဓပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၂ -၃) ဓမ္မံ - သံဃံ

သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိခြင်းလျှင် အဆုံးရှိသည် တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

အစရှိသည်တို့ကို ပြုစီရင်တော်မူ၏၊ ဤအရာ၌ သစ္စာဟူသည်-

- သန္တဿ ဓမ္မဿ ဘာဝေါ သစ္စံ၊

သန္တဿ ဓမ္မဿ=မဖောက်မပြန် မှန်ကန်သော တရား၏၊ ဘာဝေါ= အဖြစ်တည်း၊ သစ္စံ=မဖောက်မပြန် မှန်ကန်သောတရား၏အဖြစ်။

http://www.dhammadownload.com



ပရမတ္ထတရားတို့၏ ဆင်းရဲမှုဒုက္ခစသော သဘောလေးချက်တို့၏ မဖောက်မပြန် မှန်ကန်သော သဘောသည် သစ္စာမည်၏။

ထိုသစ္စာတို့သည် -

(၁) ဒုက္ခသစ္စာ=ဆင်းရဲမှုသဘောအမှန်၊

(၂) သမုဒယသစ္စာ=နှစ်သက်သာယာ စွဲလမ်းမှုသဘောအမှန်၊

(၃) နိရောဓသစ္စာ=ဒုက္ခ, သမုဒယတို့ ချုပ်ငြိမ်းမှု အေးချမ်းမှု သဘော အမှန်၊

(၄) မဂ္ဂသစ္စာ=ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းတရား သဘောအမှန်။

**အမှန်လေးချက် သဘောနက်**

ဤ အမှန်လေးပါး သစ္စာတရားတို့၏ သဘော အဓိပ္ပါယ်ကို ဉာဏ်နုသူများ, ပရတောဃောသ=သူတစ်ပါးထံမှ သင်ကြား နာယူမှု မရှိသူများ သိမြင်နိုင်ရန်ခဲယဉ်းကြပေကုန်၏၊ ထို့ကြောင့်ပင်လျှင် "**အမှန်လေးချက်-သဘောနက်**" ဟု ကျေးဇူးရှင်ကြီး မိန့်တော်မူခဲ့ဖူးလေသည်၊ ရှေးပညာရှိ အကျော်အမော် ဆရာတော်တို့ကလည်း "**အပြောခက် အဟောခက်, သဘောနက်သည့်တရား**" ဟုလည်း မိန့်တော်မူခဲ့ကြကုန်၏။

အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်ကလည်း -

- သစ္စံ သတ္တော ပဋိသန္ဓိ၊ ပစ္စယာကာရမေဝ စ။
ဒုဒ္ဒသာ စတုရော ဓမ္မာ၊ ဒေသေတုဉ္စ သုဒုက္ကရာ။

(သမ္မောဟဝိနောဒနီ၊ နှာ-၁၁၃)

သစ္စံ စ=အမှန်လေးပါး သစ္စာတရားလည်းကောင်း၊ သတ္တော စ=သဠီရတရားတို့၌ သတ္တဝါဟုခေါ်ဝေါ်မှု ဝေါဟာရလည်းကောင်း၊ ပဋိသန္ဓိ စ=ပဋိသန္ဓေ တည်နေရပုံ အခြင်းအရာလည်းကောင်း၊ ပစ္စယာကာရမေဝ

http://www.dhammadownload.com



စ=ပဋိစ္စသမုပ္ပါဒ် အခြင်းအရာလည်းကောင်း၊ စတုရော=လေးပါးကုန်သော၊ ဣမေ ဓမ္မာ=ဤတရားတို့သည်၊ ဒုဒ္ဒသာ=ဉာဏ်နှင့်ထင်ထင်မြင်နိုင်ခဲကြကုန်၏၊ ဒေသေတုဉ္စ=နာသူခပင်း ဉာဏ်မြင်ရှင်းအောင် ဟောကြားခြင်းငှါလည်း၊ သုဒုက္ကရာ=သဘောနက်နဲ၍ အလွန့်အလွန်ပင် ခက်ခဲကြပေကုန်၏။

- အမှန်လေးပါး သစ္စာတရား၊
- သင်္ခါရဓမ္မတို့၌ သတ္တဝါဟုဝေါဟာရ ဖြစ်ပေါ်လာပုံ အခြင်းအရာ၊
- သတ္တဝါတို့ ပဋိသန္ဓေ တည်နေပုံ အခြင်းအရာ၊
- ပဋိစ္စသမုပ္ပါဒ် ဖြစ်ပုံအခြင်းအရာ၊

ဤလေးပါးတို့သည် သိနိုင်ခဲ မြင်နိုင်ခဲလှစွာ၏၊ ဟောကြားခြင်းငှါလည်း အလွန်ခဲယဉ်း၏- ဟု ခဲယဉ်းသည့်တရား ဤလေးပါးကို ထုတ်ဆိုမိန့်ကြားခဲ့ပေသည်။

**ဤအရာဝယ်မေးဖြေဖွယ်**

ဤမျှခက်ခဲနက်နဲသော တရားစုကို သိမြင်မှု မလွယ်လျှင် စိတ်ဆင်းရဲခံ၍ သိဖို့ရန် ကြိုးစားဖွယ် လိုအပ်ပါအံ့လော-ဟုမေးဆိုဖွယ် ရှိ၏၊ လိုအပ်ပါ၏-ဟု ဖြေဆိုရပေမည်၊ အဘယ့်ကြောင့်နည်း၊ ဤတရားစုလေးခုကို သိမြင် ပေါက်ပိုင် ဆင်ခြင်နိုင်မှ သံသရာစက်ရဟတ်မှ ထွက်ရပ်လမ်း ရနိုင်မည်ကို သတိပြုဖို့လိုပေသည်။

ဥပမာ- မိုးကုတ်မြို့နယ်တွင် ကျောက်ရှာဖွေကြကုန်သော သူတို့သည် အရည်အသွေးပြည့် ကျောက်ကိုရမှသာ လိုအပ်သော စီးပွားချမ်းသာကို ခံစားကြရမည်၊ အရည်မပြည့်သည့်ကျောက်ဖြုန်း ကျောက်ကာတို့နှင့် စီးပွားချမ်းသာ မဖြစ်နိုင်ချေ၊ ကျောက်ဖြုန်း ကျောက်ကာ

http://www.dhammadownload.com



တို့ကား နေရာတကာပေါ်များလှစွာ၏၊ အရည်ပြည့် ကျောက်ပတ္တမြားကား ရှားပါးလှစွာ၏၊ ထို့ကြောင့် အဖြုန်းကိုပယ်ခွါ-အကာကို ပယ်ရှား အရည်ပြည့် ပတ္တမြားကို ကြိုးစားရှာဖွေကြရသည် မဟုတ်ပါလော၊ ထိုနည်းတူစွာ ခက်ခဲနက်နဲလှသည်ဟု အားမာန်လျှော့ရန် မလိုပဲ ဇွဲစိတ်မာန် သန်သန်ထား၍ ထိုလေးပါးသောတရားတို့ကို သိမြင်နိုင်ရန် မသိမနေ ကြိုးစားအားထုတ်ကြပေရာ၏။

**သဘောငါးချက် အဟောခက်**

ဤဒွိစကားတစ်ရပ် ညှပ်လိုက်ပါဦးအံ့၊ ယခု ရေးသားဖွင့်ဆိုဆဲဖြစ်သော "မဟာသရဏဂုံတော်ကြီး" သည်လည်း သစ္စာလေးဝကို ကိစ္စလေးဖြာ လှည့်လည်ကာဖြင့် ပဋိစ္စသမုပ္ပါဒ် အနုလုံပဋိလုံတို့နှင့်တကွ အသီးအသီး ခွဲခြမ်းဝေဖန်၍ စီစဉ်တော်မူခဲ့ရကား သိမြင်ဖို့ခက်ခဲ, ဟောကြားဖို့ ခက်ခဲသည့် အတွက်ကြောင့်လည်း -

- သစ္စံ သတ္တော ပဋိသန္ဓိ၊ ပစ္စယာကာရမေဝ စ။
ဒုဒ္ဒသာ သရဏံ ပဉ္စ၊ ဒေသေတုဉ္စ သုဒုက္ကရာ။ ။

သစ္စံ=အမှန်လေးပါး သစ္စာတရားလည်းကောင်း၊ သတ္တော စ=သင်္ခါရတရားတို့၌ သတ္တဝါဟု ခေါ်ဝေါ်မှုဝေါဟာရလည်းကောင်း၊ ပဋိသန္ဓိ စ=ပဋိသန္ဓေ တည်နေရပုံ အခြင်းအရာလည်းကောင်း၊ ပစ္စယာကာရမေဝ စ=ပဋိစ္စသမုပ္ပါဒ် အခြင်းအရာလည်းကောင်း၊ သရဏဉ္စ=လယ်တီထေရ်ရှင် စီရင်ပြုတုံ မဟာသရဏဂုံတော်ကြီးလည်းကောင်း၊ ပဉ္စ=ငါးပါးကုန်သော၊ ဣမေ ဓမ္မာ=ဤတရားတို့သည်၊ ဒုဒ္ဒသာ=ဉာဏ်နှင့်ထင်ထင် မြင်နိုင်ခဲကုန်၏၊ ဒေသေတုဉ္စ=နာသူခပင်း ဉာဏ်မြင်ရှင်းအောင် ဟောကြားခြင်းငှါလည်း၊ သုဒုက္ကရာ=သဘောနက်နဲ အလွန်အလွန်ပင် ခက်ခဲကြပေကုန်၏။

ဟု မဟာသရဏဂုံတော်ကြီးတစ်ပါး ခက်ခဲခြင်းတရားအဖြစ်

http://www.dhammadownload.com



ထည့်သွင်း၍ ခက်ခဲခြင်းတရား ငါးပါးထုတ်ဆိုရလျှင်လည်း မှားနိုင်မည် မဟုတ်ပေ။

ဤသစ္စာလေးပါးအမှန်တရားတို့သည်-

- ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း ပရိညာကိစ္စ၊
- သမုဒယသစ္စာကို အကြွင်းမဲ့ပယ်သတ်ခြင်း ပဟာနကိစ္စ၊
- နိရောဓသစ္စာကို ကိုယ်တိုင်မျက်မှောက် ဆိုက်ရောက်ခြင်း သစ္ဆိကရဏကိစ္စ၊
- မဂ္ဂသစ္စာကို ပွါးများခြင်း ဘာဝနာကိစ္စ၊

ဟူ၍လည်း သူ့သစ္စာနှင့်သူ့ကိစ္စ သီးခြားကန့်သတ်လျက်ရှိပေသည်၊ ထိုသစ္စာလေးပါး သဘောအဓိပ္ပါယ်များကို ညဉ့်အမှောင်တိုက်၌ မီးမောင်း ထိုးပြလိုက်သလို ခန္ဓာကိုယ်တွင်းမှာ ဉာဏ်ဖြင့်ထိုးထွင်း၍ ထင်ထင် လင်းလင်းကြီး သိရခြင်းလျှင် အဆုံးရှိသည့်တိုင်အောင် သရဏဂုံမြတ်ကို ဆည်းကပ် ကိုးကွယ်ပါ၏ -ဟုစီစဉ်တော်မူချက်သည် အထူးနှစ်သက်ဖွယ် ကောင်းလှပေ၏။

(၄) ဒုက္ခသစ္စာပရိညာဝေဓ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
(၅- ၆) ဓမ္မံ - သံဃံ

ဒုက္ခသစ္စာကို ပရိညာကိစ္စဖြင့် ထိုးထွင်း၍သိခြင်းလျှင်အဆုံးရှိသည် တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

(၇) သမုဒယသစ္စ ပဋိဝေဓပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
(၈ - ၉) ဓမ္မံ - သံဃံ

သမုဒယသစ္စာကို ပဟာနကိစ္စဖြင့်ထိုးထွင်း၍ သိခြင်းလျှင် အဆုံး

http://www.dhammadownload.com



ရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာ ဟူ၍ ဆည်းကပ်ပါ၏။

(၁၀) နိရောဓသစ္စ ပဋိဝေဓပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
(၁၁ - ၁၂) ဓမ္မံ - သံဃံ

နိရောဓသစ္စာကို သစ္ဆိကရဏကိစ္စဖြင့် ထိုးထွင်း၍ သိခြင်းလျှင် အဆုံးရှိသည့်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

(၁၃) မဂ္ဂသစ္စ ပဋိဝေဓ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
(၁၄ - ၁၅) ဓမ္မံ - သံဃံ

မဂ္ဂသစ္စာကို ဘာဝနာကိစ္စဖြင့် ထိုးထွင်း၍သိခြင်းလျှင်အဆုံးရှိသည် တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာ ဟူ၍ဆည်းကပ်ပါ၏။

ဤသို့ ရတနာမြတ်သုံးပါးတို့အား ဆည်းကပ်ကိုးကွယ်သော သူသည် သစ္စာလေးပါး အမှန်တရားကို သိမြင်၏၊ သစ္စာလေးချက် သဘောနက်ကို မျက်ဝါးထင်ထင် သိမြင်မှသာလျှင် ဘေးရန်မရှိသော ကိုးကွယ်ရာ, မြင့်မြတ်သော ကိုးကွယ်ရာ, မှန်ကန်သော ကိုးကွယ်ရာ မည်၏၊ ထိုသို့သော ကိုးကွယ်မှုကို အစွဲပြု၍ အလုံးစုံသော ဝဋ်ဆင်းရဲမှ ကင်းလွတ်ထွက်မြောက်နိုင်၏၊ ထို့ကြောင့် ဓမ္မပဒပါဠိတော် (နှာ - ၄၂)

- ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော၊
  စတ္တာရိ အရိယာသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။

- ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿ စ အတိက္ကမံ၊
  အရိယ စ ဋ္ဌဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။

http://www.dhammadownload.com



- ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏ မုတ္တမံ၊
ဧတံ သရဏ မာဂမ္မ၊ သဗ္ဗာ ဒုက္ခာ ပမုစ္စတိ။ ။

ယော စ=ပါရမီခေတ် ဝင်ကပ်ခိုအောင်း အကြွင်သူတော်ကောင်း သည်ကား၊ ဗုဒ္ဓဥ္စ=သုံးလူ့ဥက္ကဋ္ဌ ဘုရားမြတ်ကိုလည်းကောင်း၊ ဓမ္မဥ္စ= ဆယ်ဖြာသတ်မှတ် တရားတော်မြတ်ကိုလည်းကောင်း၊ သံဃဥ္စ=ရှစ်ရပ် ထင်စွာ အရိယာ သံဃာတော်မြတ်ကိုလည်းကောင်း၊ သရဏံ=ပစ္စုပ် သံသရာ နှစ်ဖြာရန်ဘေး ကင်းစင်ဝေးအောင် ကွယ်ပေးတတ်စွာ ကိုးကွယ် ရာဟူ၍၊ ဂတော=မာန်ညွှန့်ကိုချွေ ရိုသေတုပ်ဝပ် ဆည်းကပ်ပေ၏၊ သော=ရတနာသုံးရပ် ဆည်းကပ်ကြည်ဖြူ ထိုသို့သောသူသည်၊ ဒုက္ခံ= ဆင်းရဲမှန်လှ ဒုက္ခသစ္စာလည်းကောင်း၊ ဒုက္ခသမုပ္ပါဒံ=ဒုက္ခဖြစ်ရန် အကြောင်းမှန်လှ သမုဒယသစ္စာလည်းကောင်း၊ ဒုက္ခဿ=သံသရာ သမုတ်ကြ ခန္ဓာဒုက္ခကို၊ အတိက္ကမဥ္စ=ထွက်မြောက်လွန်ရာ နိရောဓသစ္စာ လည်းကောင်း၊ အရိယံ=ဖြူစင်ဖြောင့်မတ် လွန်ကောင်းမြတ်သော၊ အဋ္ဌင်္ဂိကံ=သမ္မာဒိဋ္ဌိ စရှိဖြာဖြာ အင်္ဂါရှစ်ပါးရှိသော၊ ဒုက္ခူပသမဂါမိနံ= ဒုက္ခချုပ်ရာ မြတ်စွာနိဗ္ဗာန် ရောက်ရန်အကြောင်းဖြစ်ပေသော၊ မဂ္ဂံ= ကိလေသာစက် ချိုးပယ်ဖျက်သည့် မဂ္ဂသစ္စာလည်းကောင်း၊ ဣတိ=ဤသို့ စတ္တာရိ=လေးပါးကုန်သော၊ အရိယသစ္စာနိ=မဖေါက်မပြန် ဖြောင့်မှန်မြဲစွာ အရိယသစ္စာတို့ကို၊ သမ္မာ=သမ္မဇဉ်ညီ သတိယှဉ်ကာ ကောင်းမွန်စွာ၊ ပညာယ=မင်္ဂနှင့်ယှဉ်လတ် ပညာခေတ်ဖြင့်၊ ပဿတိ=ကိလေသာစုတ် ရန်အနုတ်ကို ပယ်ဖြုတ်မှုန်းချေ သမုစ္ဆေဖြင့် သိမြင်ပေ၏။

ဧတံ=ဤအမြတ်သုံးဖြာ ရတနာသည်၊ ခေါ=မလွဲကေန် အမှန် စင်စစ်အားဖြင့်၊ ခေမံ=ကိလေသာညစ်ကြေး ကင်းဝေးတုံဘိ ဘေးမရှိ သော၊ သရဏံ=အားထားမှီတွယ် ကိုးကွယ်ရာမည်ပေ၏၊ ဧတံ=ဤ အမြတ်သုံးဖြာ ရတနာသည်၊ ဥတ္တမံ=ညစ်ကြေးကင်းပြတ် မြင့်မြတ်စွာ

http://www.dhammadownload.com



သော၊ သရဏံ=အားထားမှီတွယ် ကိုးကွယ်ရာမည်ပေ၏၊ ဧတံ=ဤ အမြတ်သုံးဖြာ ရတနာကို၊ အာဂမ္မ=ကိုးကွယ်သမှု အစွဲပြု၍၊ သဗ္ဗဒုက္ခာ=လုံးစုံခပဲ ဝဋ်ဆင်းရဲမှ၊ ပမုစ္စတိ=ချမ်းသာဆိုက်ရောက် လွတ်မြောက်ရပေ၏။

ဟူ၍ ဟောတော်မူ၏။

**သစ္စာလေးပါးအဖွင့် ပြီး၏။**

----------✱----------

## ဒုက္ခသစ္စာ ပရိညာကိစ္စ

### ခန္ဓဝဏ္ဏနာ ပဏာမ

(၁) ဒုက္ခသစ္စပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၂-၃) ဓမ္မံ - သံဃံ

ရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြားဆုံးဖြတ်၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ဤအရာ၌ ဆိုအပ်လတ္တံ့သော ခန္ဓာငါးပါး, အာယတန တစ်ဆယ့်နှစ်ပါး, ဓာတ်တစ်ဆယ့်ရှစ်ပါး, ပဋိစ္စသမုပ္ပါဒ်တရားတို့သည် ပရိညာကိစ္စဖြင့် သိသင့်သိထိုက်သော ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီးတွေ ဖြစ်ကြကုန်၏၊ ထိုတရားစုတို့သည် -

(၁) ပီဠနဋ္ဌ-နှိပ်စက်အပ်, နှိပ်စက်တတ်, နှိက်စက်ခြင်း သဘော၊
(၂) သင်္ခတဋ္ဌ-အဖန်ဖန် ပြုပြင်အပ်, ပြုစုပျိုးထောင်အပ်သော သဘော၊

http://www.dhammadownload.com



(၃) သန္တာပဒ္ဒ-အဖန်ဖန် ပူလောင်စေတတ်, ပူပန်စေအပ်, ပူပန်ခြင်းသဘော၊

(၄) ဝိပရိဏာမဋ္ဌ -ဖရိုဖရဲ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်သော သဘော၊

ဤဒုက္ခသစ္စာအနက် အချက်လေးပါးတို့နှင့် ပြည့်စုံကြကုန်၏၊ တေဘူမက သင်္ခါရတရားစုသည် ဤလေးပါးသော ဒုက္ခသဘော ဒုက္ခအနက် ဒုက္ခအချက်တို့နှင့် ပြည့်စုံသည်ချည်းဖြစ်၍ ဒုက္ခချည်းသာ အမှန်ဖြစ်ပေ၏။

**ပီဠနဋ္ဌ ဒုက္ခ**

ဤအရာ၌ ဒုက္ခအချက် အနက်သဘောကို ကျေးဇူးရှင်ကြီး၏ ပရမတ္ထဒီပနီ သင်္ဂြိုဟ်မဟာဋီကာသစ်မှလာသော ဥပမာကို ထုတ်ဆောင် ပြဆိုပေအံ့။

တစ်ယောက်သော သူဆင်းရဲမ၏ ဝမ်း၌ ဝမ်းတွင်းရောဂါ အနာအမျိုးမျိုး စွဲကပ်လျက်ရှိသော တစ်ယောက်သော သားသည် ပဋိသန္ဓေတည်နေ၏၊ ထိုသူငယ်သည် အမျိုးမျိုးသော ရောဂါတို့ဖြင့် အမြဲနှိပ်စက်အပ်သောသူ ဖြစ်သဖြင့် သုတ်သင်မှု၊ စောင့်ရှောက်မှု အစရှိသော ဒုက္ခအမျိုးမျိုးတို့ဖြင့် မိခင်ကိုလည်း အမြဲနှိပ်စက်တတ်၏၊ ထိုသို့ ဝမ်းတွင်းကပင် အနာရောဂါ ကပ်လျက်ရှိသော သူငယ်၏ အမိဝမ်းတွင်း၌ ပဋိသန္ဓေတည်လာခြင်းသည် အမိအပေါ်၌ နှိပ်စက်ခြင်းကြီး တစ်ခု ဖြစ်နေ၏။

ထိုဥပမာနှင့်တူစွာ စက္ခုအစရှိကုန်သော ဒုက္ခသစ္စာ သဘောရှိသော (တေဘူမက) တရားတို့သည် ခယ ဝယ ဇရာ မရဏ တရားတို့၏နှိပ်မှုတို့ကို ခံရသောတရားများဖြစ်ကုန်သောကြောင့် ဇရာ မရဏတို့သည် အမြဲမပြတ် နှိပ်စက်အပ်သော ပီဠနဋ္ဌ တရားတို့သာ ဖြစ်ကုန်၏။

http://www.dhammadownload.com



ထိုဇရာ မရဏစသည်တို့ဖြင့် နှိပ်စက်အပ်သော တရားတို့သည် ပြုပြင်မှု, စောင့်ရှောက်မှုအစရှိသော ဒုက္ခတို့ဖြင့် စက္ခုစသည်တို့နှင့် ပြည့်စုံသော သတ္တဝါကိုလည်း အမြဲမပြတ် နှိပ်စက်လည်းနှိပ်စက်တတ်ကုန်၏၊ နှိပ်စက်တတ်သော ပီဠနဋ္ဌတရားတို့သာ ဖြစ်ကုန်၏။

သတ္တဝါတို့၏ သန္တာန်၌ ထိုစက္ခုစသည်တို့၏ ဖြစ်ပေါ်ခြင်းသည် သတ္တဝါတို့၏ အပေါ်မှာ နှိပ်စက်ခြင်းကြီး တစ်ခုပင် ဖြစ်ပေ၏။

ထို့ကြောင့်-

- ယော ဘိက္ခဝေ စက္ခုဿ ဥပ္ပါဒေါ ဌိတိ အဘိနိဗ္ဗတ္တိ ပါတုဘာဝေါ၊ ဒုက္ခဿေသော ဥပ္ပါဒေါ ၊ ရောဂါနံ ဌိတိ ၊ ဇရာမရဏဿ ပါတုဘာဝေါ။

(သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော်၊ နှာ-၂၄၇ )

ဘိက္ခဝေ=ရဟန်းတို့၊ စက္ခုဿ=စက္ခု၏၊ ယော ဥပ္ပါဒေါ=အကြင်ဖြစ်ခြင်းသည်၊ ယာ ဌိတိ=အကြင်ဋ္ဌီ အနေအားဖြင့် တည်ခြင်းသည်၊ ယာ အဘိနိဗ္ဗတ္တိ=အကြင်အသစ်အသစ် ဖြစ်ပေါ်ခြင်းသည်၊ ယော ပါတုဘာဝေါ=အကြင်ထင်ရှား ဖြစ်ပေါ်ခြင်းသည်၊ အတ္ထိ=ရှိ၏၊ ဧသော=ထိုစက္ခု၏ ဖြစ်ခြင်းသည်၊ ဒုက္ခဿ=ဒုက္ခ၏၊ ဥပ္ပါဒေါ=ဖြစ်ခြင်းမည်၏၊ ရောဂါနံ=ရောဂါတို့၏၊ ဌိတိ=တည်ခြင်းမည်၏၊ ဇရာမရဏဿ=အိုခြင်း သေခြင်း၏၊ ပါတုဘာဝေါ=ထင်ရှားဖြစ်ပေါ်ခြင်း မည်၏။

စသည်ဖြင့် ဟောတော်မူ၏။

**သင်္ခတဋ္ဌ ဒုက္ခ** အဖန်ဖန် ပြုပြင်အပ်၏ ဟု ဆိုရာ၌ -

၁။ ကံဖြင့် အဖန်ဖန် ပြုပြင်ရမှု သင်္ခတဒုက္ခ၊

၂။ စိတ်ဖြင့် အဖန်ဖန် ပြုပြင်ရမှု သင်္ခတဒုက္ခ၊

http://www.dhammadownload.com



၃။ ဥတုဖြင့် အဖန်ဖန် ပြုပြင်ရမှု သင်္ခတဒုက္ခ၊
၄။ အာဟာရဖြင့် အဖန်ဖန် ပြုပြင်ရမှု သင်္ခတဒုက္ခ၊
ဟူ၍ လေးမျိုး ခွဲခြား သတ်မှတ်ကာ သိရန် လိုအပ်ပေ၏။

**ကံဖြင့် ပြုပြင်ပုံ**

ယခု ပစ္စုပ္ပန် လူ့ဘဝ ရရှိရေးအတွက် ဒါနမှု သီလမှု ဘာဝနာမှု ကုသိုလ်ကံစုတို့ကို အတိတ်ဘဝတို့က အဖန်ဖန် ပြုလုပ် ကြိုးကုပ်ကြရကုန်၏၊ ဤသို့ ပြုလုပ် စီမံကြရသည်ကိုပင် ကံဖြင့် အဖန်ဖန် ပြုပြင်မှုသင်္ခတဒု ဒုက္ခ အနက်ဟု မြော်သိပေရာ၏၊ ယခုရရှိနေသည့် ပစ္စုပ္ပန်ဘဝတွင်လည်း ရရှိလာသောခန္ဓာသည် ဇာတိဒုက္ခဖြင့် ရင်းနှီးလာခဲ့ရကား ဇာတိ၏ အကျိုးတရား ဇရာဒုက္ခ ဗျာဓိဒုက္ခ မရဏဒုက္ခတို့သည်လည်း ကပ်လျက် ချပ်လျက် နောက်မှလိုက်ပါလာခဲ့ကြကုန်၏၊ သို့သော်လည်း ထိုဗျာဓိတရား မရဏတရားတို့ကို မည်သူမျှ အလိုမရှိကြကုန်၊ သို့အတွက် အနာကင်းရေး ကျန်းမာရေး အသက်ရှည်ရေးကို အလိုရှိကြကုန်၍ အန္တရာယ်ကင်း ပရိတ်တရားနာခြင်း, ဘုရားကိုးဆူ ပူဇော်ခြင်း, ဘုရားကို ရေချမ်းလှူခြင်း, ပန်းလှူခြင်း, ဆီမီးလှူခြင်း, ထီး တံခွန် ကြက်လှျာလှူခြင်း, တံတားခင်းခြင်း, ညောင်ထောက်ခြင်း, သမ္ဗုဒ္ဓေဂါထာ ဓာရဏပရိတ်ရွတ်ဆို စီးဖြန်းခြင်း စသည့် ကောင်းမှုကံတို့ဖြင့် ပြုပြင်နေရမှု အနန္တကို သင်္ခတဒုက္ခ အနက်ဟု မြော်သိပေရာ၏။

**စိတ်ဖြင့် ပြုပြင်ပုံ**

ဣရိယာပုထ် လေးပါးတို့တွင် တစ်ခုသောသွားမှု ဣရိယာပုထ်ဖြင့် ကြာမြင့်ခဲ့လျှင် ညောင်းညာမှု ဖြစ်ခဲ့၏။ ထိုအခါ ရပ်ခြင်းဣရိယာပုထ် တစ်ခုသို့ ပြောင်းလဲလိုစိတ်တွေ ဖြစ်ပေါ်လာ၏၊ ရပ်ခြင်းဣရိယာပုထ်တစ်ခုသို့ ပြောင်းလဲမှု ပြုလုပ်ရ၏၊ ဤသို့သောနည်းဖြင့် တစ်ခုသော ဣရိယာပုထ်မှ

http://www.dhammadownload.com



တစ်ခုသော ဣရိယာပုထ်သို့ ပြောင်း၍ပြောင်း၍ ပြုပြင် စီစဉ်ရ၏၊ ဣရိယာပုထ် လေးပါးတို့ ပြောင်းတိုင်း ပြောင်းတိုင်း ကိုယ်ပိုင်ဉာဏ်နှင့် မြော်ကြည့်ကြလေ။

ပူမှု လွန်ကဲလာလျှင် အေးလိုသောစိတ် ဖြစ်ပေါ်လာ၏၊ ရေချိုးရ၏၊ ယပ်လေခပ်ရ၏၊ အေးသော အရပ်ဒေသကို ရှာဖွေ နေထိုင်ရ၏၊ အေးမှုလွန်ကဲလာလျှင် ပူနွေးလိုသောစိတ် ဖြစ်ပေါ်လာ၏၊ နေပူ မီးပူရှာရ၏၊ ပူနွေးသော အဝတ်အထည် အခြုံအရုံတို့ ဝတ်ဆင်ရမှု အတွက် စိတ်ဖြင့်ကြံစည်ပြုပြင်ရ၏၊ ထိုသို့ စိတ်အကြံ ဖြစ်ပေါ်မှုကြောင့် ပြုပြင်မှုမှန်သမျှ အနန္တတို့ကို သင်္ခတဒုက္ခအနက်ဟု မြော်သိပေရာ၏။

**ဥတုဖြင့် ပြုပြင်ပုံ**

အေးသော ရာသီဥတု ဒေသအရပ်တို့၌ အအေးလွန်လျှင် အပူဖြင့် ပြုပြင်ရမှု, ပူသောရာသီ ဥတုဒေသ အရပ်တို့၌ အပူလွန်လျှင် အအေးဖြင့် ပြုပြင်ရမှုတို့သည်လည်းကောင်း, အအေးရောဂါ အအေးနာဖြစ်လျှင် အပူဆေးဝါး အပူဓာတ်စာတို့ကို သုံးဆောင် မှီဝဲမှု အပူရောဂါ အပူနာဖြစ်လျှင် အအေးဆေးဝါး အအေးဓာတ်စာတို့ကို သုံးဆောင် မှီဝဲမှုမှန်သမျှ အနန္တတို့ကို သင်္ခတဒုက္ခအနက်ဟု မြော်သိပေရာ၏။

**အာဟာရဖြင့် ပြုပြင်ပုံ**

အလုံးစုံသော သတ္တဝါ မှန်သမျှတို့ သည် အာဟာရကို မှီတွယ် ရပ်တည်နေကြရ၏၊ အာဟာရမမှီဝဲရလျှင် အာဟာရကြောင့်ဖြစ်သော ရုပ်ကလာပ်တို့သည် ဆီကုန်သောမီးနှယ် တစ်စတစ်စ ကွယ်ပျောက်ကြရကုန်၏၊ ထမင်းဆာသည်ဟု ပြောဆိုကြရာဝယ် အစာအိမ်တွင် ထမင်းစသော အာဟာရတို့ မရှိကြ၍ ထိုအစာအိမ်ခေါ်သော ဘူတရုပ်တို့ကို ပါစကဓာတ်မီးတို့က လောင်မြိုက်ကြကုန်၏၊ အစာအိမ်ကို ပါစကဓာတ်မီး

http://www.dhammadownload.com



လောင်မြိုက်သည်ကိုပင် ထမင်းဆာသည်ဟု ပြောဆိုကြရ၏၊ ထိုအချိန်တွင် အာဟာရကြောင့်ဖြစ်သော ရုပ်တို့သည် အားနည်းခဲ့ ကုန်ခန်းခဲ့ကြကုန်၏၊ ပါစကတေဇောတ်မီး လောင်မြိုက်ခြင်းဘေးကို ကာကွယ်ရန် နံနက်တစ်ခါ ညနေတစ်ခါ အစာအာဟာရတို့ကို မျိုသွင်းကြရကုန်၏၊ အာဟာရမျိုသွင်းရမှု ကိစ္စကြောင့် ရှာရဖွေရ ချက်ရပြုတ်ရစသော ပြုပြင်နေရမှုအနန္တတို့ကို သင်္ခတဒုက္ခအနက်ဟု မှော်သိပေရာ၏။

ဤခန္ဓာကိုယ်ကြီးအတွက် မြော်ကြည့်လျှင် တစ်သက်တာ တစ်ဘဝလုံး လောကကြီးတစ်ခုလုံး တရုန်းရုန်းနှင့် သွားလာလှုပ်ရှား နေကြရသမျှသည် သင်္ခတအနက် ဒုက္ခအချက်စုတွေချည်း ဖြစ်ပေ၏၊ ဉာဏ်နှင့်ချဲ့ထွင်ဆင်ခြင်ကြည့်ရှုကြပါကုန်။

**သန္တာပ ဒုက္ခ** — စက္ခု အစရှိသော (တေဘူမက) ဒုက္ခသစ္စာ တရားတို့သည် ရာဂမီး ဒေါသမီး အစရှိသော မီးတစ်ဆယ့်တစ်ပါးတို့ အမြဲဖြစ်ပွါးရာ လောင်မြိုက်ရာ ဖြစ်သောကြောင့် ပူပန်စေအပ်သော သဘောရှိကုန်၏၊ ထို့ကြောင့် သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် (နှာ-၂၅၀) အာဒိတ္တပရိယာယသုတ်၌ -

> စက္ခုံ ဘိက္ခဝေ အာဒိတ္တံ၊ ရာဂဂ္ဂိနာ ဒေါသဂ္ဂိနာ မောဟဂ္ဂိနာ အာဒိတ္တံ၊ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ အာဒိတ္တန္တိ ဝဒါမိ။

ဘိက္ခဝေ=ရဟန်းတို့၊ စက္ခုံ=စက္ခုကို၊ အာဒိတ္တံ=အလျှံတပြောင်ပြောင် တောက်လောင်အပ်၏၊ ကေန=အဘယ်တရားသည်၊ အာဒိတ္တံ=အလျှံတပြောင်ပြောင် တောက်လောင်အပ်သနည်း၊ ရာဂဂ္ဂိနာ=ရာဂမီးသည်၊ အာဒိတ္တံ=အလျှံတပြောင်ပြောင် တောက်လောင်အပ်၏၊ ဒေါသဂ္ဂိနာ=ဒေါသမီးသည်၊ အာဒိတ္တံ=အလျှံတပြောင်ပြောင် တောက်

http://www.dhammadownload.com


လောင်အပ်၏၊ မောဟဂ္ဂိနာ-မောဟမီးသည်၊ အာဒိတ္တံ=အလျှံတပြောင်ပြောင် တောက်လောင်အပ်၏၊ ဇာတိယာ=ဇာတိမီးသည်၊ ဇရာယ=ဇရာမီးသည်၊ မရဏေန=မရဏမီးသည်၊ သောကေဟိ=သောကမီးတို့သည်၊ ပရိဒေဝေဟိ=ပရိဒေဝမီးတို့သည်၊ ဒုက္ခေဟိ=ဒုက္ခမီးတို့သည်၊ ဒေါမနဿေဟိ=ဒေါမနဿမီးတို့သည်၊ ဥပါယာသေဟိ=ဥပါယာသမီးတို့သည်၊ အာဒိတ္တံ=အလျှံတပြောင်ပြောင် တောက်လောင်အပ်၏၊ ဣတိ=ဤသို့ ဝဒါမိ=ဟောတော်မူ၏။

ဤပါဠိတော်၌ စက္ခုဟူ၍ ဟောတော်မူသော်လည်း စက္ခုနှင့်အလားတူစွာ တေဘူမက တရားမှန်သမျှကို ကုန်စင်အောင် ယူဆသိမြင်ဆင်ခြင်ပါလေ။

- ဤခန္ဓာကိုယ်ကြီးကိုအရင်းပြု၍ လိုချင်နှစ်သက် တွယ်တာသာယာမှု ရာဂမီးသည် တဟုန်းဟုန်း တောက်လောင်နေ၏။
- မနှစ်သက်မှု ပြစ်မှားမှု အမျက်ထွက်မှု ဒေါသမီးသည်လည်း တဟုန်းဟုန်း တောက်လောင်နေ၏၊ မသိမှု မိုက်မဲမှုတွေဝေမှု မောဟမီးသည်လည်း တဟုန်းဟုန်း တောက်လောင်နေ၏။

ဤရာဂ ဒေါသ မောဟမီးတွေ တဟုန်းဟုန်း တောက်လောင်တပြောင်ပြောင် ဖုတ်မြိုက်ခြင်းခံရ၍ မကောင်းမှုအကုသိုလ် ဒုစရိုက်ကိုမကောင်းမှု အကုသိုလ်ဟု မသိနိုင် မမြင်နိုင်ကြဘဲ ပြုရဲလုပ်ရဲနိုင်ကြ၏၊ ပြုလွယ် လုပ်လွယ်ရှိကြ၏၊ လူ့အလယ် ရှင့်အလယ်၌ လူ့ကျင့်ဝတ် လူ့သိက္ခာ ရှင့်ကျင့်ဝတ် ရှင့်သိက္ခာ ရဟန်းကျင့်ဝတ် ရဟန်းသိက္ခာတို့မှ လျှောကျလျက် မျက်စိပျက် မျက်နှာပျက်နှင့် အရှက်ကွဲခံကြရ၏၊ ဤသည်ကား ရာဂစသော မီးလောင်မှု သန္တာပဒုက္ခ အချက်ပေတည်း။

http://www.dhammadownload.com


- ဤပစ္စုပ္ပန်ဘဝ မိမိတို့ဖြစ်နေကြရသော ခန္ဓာကိုယ်ကို ပဋိသန္ဓေနေရမှုမီးသည် ရှေးဦးစွာ လောင်မြိုက်ခဲ့၏၊ မိမိတို့ ကိုယ်တွေ့တွေ့ကြုံခဲ့ရ၏၊ သို့သော်လည်း အတိတ်ကာလ လွန်ခဲ့ပြီးဖြစ်၍ သတိမေ့လျော့ကာ အမှတ်မထင် ဖြစ်နေကြပေသည်၊ ဤဇာတိမီး၏ အစမထင် သံသရာတစ်ခွင်၌ အစဉ်တစိုက် တဟုန်းဟုန်း လောင်မြိုက်ခြင်းကို ခံခဲ့ရဖူး၏၊ ခန္ဓာဝဋ်ဇာတ် လွတ်လပ်မှု မရသေးသမျှ အနာဂတ်ဘဝတို့၌လည်း တဟုန်းဟုန်းလောင်မြိုက်ခြင်းကို ခံကြရဦးမည်သာတည်း။

- ယခုလည်း တွေ့ကြုံနေရဆဲ 'နောင်လည်း တွေ့ကြုံရလတ္တံ့ဖြစ်သော ဇရာမီး လောင်မြိုက်မှုကို မရှောင်သာ မလွဲသာ တွေ့နေကြရ၏၊ အမှတ်ထင်ထင် တွေ့မြင်နေကြရ၏၊ တရွေ့ရွေ့နှင့် အိုနေကြရ၏၊ တစ်ရက်ထက်တစ်ရက် တစ်လထက် တစ်လ တစ်နှစ်ထက် တစ်နှစ် မျက်စိမှုန် နားထိုင်း ခါးကိုင်း သွားကျိုး ဆံဖြူ ဆိုးရွားဟောင်းမြင်း အိုမင်းရင့်ရော်ရမှုသည် ဇရာမီး တဟုန်းဟုန်း တောက်လောင်မှု သန္တာပဒုက္ခ အချက်ပေတည်း။

- ဖျားမှု နာမှု နာကျင်ကိုက်ခဲမှု ရောဂါစွဲကပ်မှုသည် ဗျာဓိမီး တဟုန်းဟုန်း တောက်လောင်မှု သန္တာပဒုက္ခအချက်ပေတည်း။

- ထွက်သက်ဝင်သက် ရှူရှိုက်မှု မလုပ်နိုင် မပြုနိုင်တော့ဘဲ ပြင်းထန်စွာ စွဲကပ်သော ဝေဒနာကြောင့် သတိမရဘဲ မေ့မြော လျက် အသက်ထွက်သည်ဟု ခေါ်ဆိုရသည့် ထွက်သက် ဝင်သက်လေ ချုပ်သုဉ်းပြီး သေဆုံးရမှုသည် မရဏမီး တဟုန်းဟုန်းတောက်လောင်မှု သန္တာပဒုက္ခ အချက်ပေတည်း။

- ဤအိုမှု နာမှု သေမှုတို့ ဆိုက်ရောက်လာမည်ကို ကြောက်ရွံ့မှု ထိတ်လန့်မှု စိုးရိမ်မှုသည် သောကမီး တဟုန်းဟုန်းတောက်

http://www.dhammadownload.com



လောင်မှု သန္တာပဒုက္ခ အချက်ပေတည်း။

- အဆွေအမျိုး ပျက်စီး သေဆုံးမှု စည်းစိမ်ဥစ္စာ အခြံအရံ အသင်းအပင်း ပျက်စီး ဆုတ်ယုတ်မှုစသော အကြောင်းကြောင့် ငိုကြွေးမြည်တမ်းမှုသည် ပရိဒေဝမီး တဟုန်းဟုန်း တောက်လောင်မှု သန္တာပဒုက္ခ အချက်ပေတည်း။
- ဇာတိစသော တရားတို့ကြောင့် ကိုယ်ခန္ဓာကြီး၌ ပင်ပန်းနွမ်းနယ်မှု ဆင်းရဲမှုသည် ဒုက္ခမီးတဟုန်းဟုန်းတောက်လောင်မှု သန္တာပဒုက္ခ အချက်ပေတည်း။
- ဇာတိ စသော အကြောင်းတို့ကြောင့် စိတ်နှလုံး မရွှင်မလန်း မချမ်းမသာ ပင်ပန်းစွာဖြစ်မှုသည် ဒေါမနဿမီး တဟုန်းဟုန်းတောက်လောင်မှု သန္တာပဒုက္ခ အချက်ပေတည်း။
- ရင်ခတ်လက်တီး သက်ကြီးရှိုက်ငင် ပင်ပင်ပန်းပန်း ဖြစ်မှုသည် ဥပါယာသမီး တဟုန်းဟုန်း တောက်လောင်မှု သန္တာပဒုက္ခ အချက်ပေတည်း။

ဤတစ်ဆယ့်တစ်ပါးသော မီးတို့သည် မိမိတို့သန္တာန်၌ တစ်ခုမဖြစ် တစ်ခုဖြစ်, တစ်ခုမတွေ့တစ်ခုတွေ့သောအားဖြင့် အမြဲမပြတ် တဟုန်းဟုန်း လောင်မြိုက်ခြင်းကို ခံနေရခြင်းသည်ပင်လျှင် သန္တာပဒုက္ခမည်၏။

**ဝိပရိဏာမ ဒုက္ခ**

အတိတ်ဘဝ ကာလများစွာ အနမတဂ္ဂ သံသရာတွင် မိမိတို့ သေခဲ့ကြရသော ဘဝတို့ကား များပြားလှစွာ၏၊ မရေမတွက်နိုင်လောက် အောင်ပင် များပြားစွာ၏။

ထို့ကြောင့် နိဒါနဝဂ္ဂသံယုတ်ပါဠိတော် (နှာ - ၃၄၉ -) ၌ -

http://www.dhammadownload.com



ဧကေဿေကေန ကပ္ပေန၊
ပုဂ္ဂလဿဋ္ဌိ သဉ္စယော။
သိယာ ပဗ္ဗတသမော ရာသိ၊
ဣတိ ဝုတ္တံ မဟေသယော။ ။

ဧကေန ကပ္ပေန=မဟာကပ်ဟု ပညတ်ဝေါဟာ တစ်ကမ္ဘာ၌၊ မတသ=အရိုးရှိပါ သတ္တဝါဘဝဖြင့် သေခဲ့ရသော၊ ဧကဿပုဂ္ဂလဿ= သံသရာတွင် ကျင်လည်ပြေးလျှောက် တစ်ယောက်သော ပုဂ္ဂိုလ်၏၊ အဋ္ဌိသဉ္စယော=ဉာဏ်ဖြင့်ယူတုံ အရိုးပုံ အရိုးစုသည်၊ ပဗ္ဗတသမော= ဝေပုလ္လဟု မည်ရမြင့်ခေါင် တောင်နှင့် တူမျှသော၊ ရာသိ=အပုံအစုသည်၊ သိယာ=ဖြစ်ရာ၏၊ ဣတိ=ဤသို့၊ မဟေသိနာ=လောကမျက်ရှု သဗ္ဗညု ဘုရားရှင်သည်၊ ဝုတ္တံ=မမှားပုံသေ ဟောကြားတော်မူအပ်ပါပေ၏။

ဤပါဠိတော်၏ ဆိုလိုရင်းအဓိပ္ပါယ်ကား တစ်ကပ်တစ်ကမ္ဘာတွင် သေခဲ့ရသော သတ္တဝါတစ်ယောက်တစ်ယောက်သည် အရိုးမပါသော တီဘဝ, မျှော့ဘဝ မျိုးစသည်ဖြင့် သေခဲ့ရသည်ကား အလွန်များပြား လှစွာ၏၊ အရိုးပါသော သတ္တဝါဘဝမျိုးဖြင့် သေခဲ့ရသည်ကား အလွန် နည်းပါးလှစွာ၏၊ ထိုအရိုးပါသော သတ္တဝါအဖြစ်ဖြင့် သေခဲ့ရသောဘဝမှ အရိုးတို့ကို ဉာဏ်ဖြင့် မြော်ရှုစုပုံခဲ့လျှင် ဂိဇ္ဈကုဋ်တောင် ဝေပုလ္လတောင်နှင့် တူမျှသော အရိုးစုအရိုးပုံ ရှိခဲ့ပေရာ၏-ဟူ၍ ဟောတော်မူလိုရင်း ဖြစ်ပေသည်။

မိမိတို့သည် ဤမျှလောက်ပင် သေခဲ့ရသည်ဟု မြော်ထောက် ကြည့်လျှင် ဝိပရိဏာမဒုက္ခအချက်ကို အကွက်ကျသိမြင်နိုင်ပေ၏၊ အရိုးရှိသော သတ္တဝါမျိုးပင် ဖြစ်ပါသော်လည်း ကလလရေကြည် အခိုက်အတန့်, အမြှုပ်၏အခိုက်အတန့်, သွေးခဲ၏အခိုက်အတန့်, သားတစ်၏အခိုက်အတန့်တို့တွင် ဝိပရိဏာမဒုက္ခ ဒဏ်ချက်ဖြင့် အသက်

http://www.dhammadownload.com



ထွက်ခဲ့ရ သေခဲ့ရပေါင်းလည်း များလှပေပြီ။

ယခုဘဝတွင်လည်း မွေးဖွါးခါစ သူငယ်ဘဝမှ တစ်စထက် တစ်စ ကြီးမြင့်လာမှု, ရင့်ရော်လာမှု ဇရာ၏လက်တွင်း သက်ဆင်းကျရောက် လာခဲ့ရမှု, ယခု ဤစာကို ကြည့်ရှုနေစဉ် အချိန်အရွယ်တိုင်အောင် ပြောင်းလဲလာမှု, တစ်ချိန်ထက် တစ်ချိန်, တစ်နေ့ထက် တစ်နေ့, တစ်ရက် ထက် တစ်ရက်, တစ်လထက် တစ်လ အသီးအသီး ပြောင်းလဲလာမှု, ဖောက်ပြန်ပျက်စီးလာမှု, ဝိပရိဏာမဒုက္ခ ဒဏ်ချက်စုကို ဉာဏ်နှင့် မြော်ရှု လျှင် တွေ့မြင်ရပေလတ္တံ့၊ ထင်အောင်မြင်အောင် ရှုကြည့်ကြပါကုန်။

နောက်လာလတ့်သော နေ့, ရက်, လ, နှစ်တို့တွင်လည်း သင်္ခတ အမှုတွေ ဘယ်လောက်ပင် ပြုပြင်စေကာမူ သန္တာပအမှုတွေနှင့် ဘယ် လောက်ပင် စိုးရိမ်ပူပန်စေကာမူ ပြုပြင်တိုင်းမရ ပူပန်တိုင်းမနေဘဲ ဝိပရိဏာမ ဒုက္ခသဘောသို့ လိုက်လျော၍သာ အိုရ, နာရ, သေရမည်မှာ မလွဲမသွေ ဧကန်ဖြစ်ရပေသည်။

**ဒုက္ခသုံးချက် ရှောင်ထွက်မရ ပီဠနသဘော**

ဤဆိုအပ်ခဲ့ပြီးသော ဒုက္ခအချက် အနက်လေးပါး တို့တွင် သင်္ခတဋ္ဌ, သန္တာပဋ္ဌ, ဝိပရိဏာမဋ္ဌ သုံးပါးတို့ သည် ပီဠနဋ္ဌသဘော၏ အတွင်းသို့ သက်ဆင်း ဝင် ရောက်ကြကုန်၏၊ ပြုပြင်မှု ပူပန်စိုးရိမ်မှု, ဖောက် ပြန်မှု သဘောအချက်တို့ဖြင့် ပြည့်နက်ကာ ထွက်ရှောင်ပုန်းအောင်းမရဘဲ ဒုက္ခဝဲလည်နေခြင်းကိုပင် ပီဠနဋ္ဌ ခေါ်သည်ဟု မှတ်ကြပါကုန်။

**အရေမရှိ နွား၏ဥပမာ ပီဠနဋ္ဌသဘာဝ**

ထင်မြင်နိုင်စရာ ဥပမာကား၊ ဆန့်ကျင်ဘက်ရန်သူ တစ်ဦး တစ်ယောက်က ဦးခေါင်းမှစပြီး အမြီးအထိ ရှိသမျှအပေါ်ရေကို အရှင်လတ်လတ် ခွါချခြင်းကို ခံရသော နွားအိုကြီးသည် မည်သည့်အရပ်တွင်

http://www.dhammadownload.com



နေနေ မည်သည့်အချိန်ခါပင်ဖြစ်ဖြစ် နာကျင်မှုမှ သက်သာရာ မရဘဲ အလွန်ဆင်းရဲသည့် ဘေးဒုက္ခဒဏ်ကို တိမ်းမရ ရှောင်မရ အကျဉ်းအကျပ် ခံနေရရှာပေသည်၊ အိပ်သော်လည်းကောင်း, ရပ်သော်လည်းကောင်း, ပြေးသွားနေသော်လည်းကောင်း ဆင်းရဲဒုက္ခမှ သက်သာရာ မရနိုင်ချေ၊ လယ်ယာကွင်းပြင် သို့ ထွက်ပြန်လျှင် မှက်, ခြင်, ယင်တို့၏ ကိုက်ခဲခြင်းကို ခံရ၏၊ တောချုံတွင်းသို့ ဝင်ပြန်လျှင်လည်း ဆူးတွေ နွယ်တွေနှင့် ထိခိုက်မိပြန်ကာ နာကျင်မှု ဒုက္ခဒဏ်ကို အပြင်းအထန် ခံရပြန်၏၊ ဘယ်လိုဘဲနေနေ ဘယ်လိုဘဲသွားသွား နာကျင်မှု ဆင်းရဲမှုတွေကို တစ်ရံမစဲ အမြဲခံရပေ၏၊ အဘယ့်ကြောင့် ဤမျှသော ဆင်းရဲ ဒုက္ခတွေကို ခံနေရသနည်း- ဟု စိစစ်မေးလာပါမူ ဤမျှလောက်သော ဆင်းရဲဒုက္ခတွေကို အမြဲအပြတ် အကျဉ်းအကျပ်ခံနေရခြင်းသည် သူ၏ခန္ဓာကိုယ်ကြီး၌ အရေမရှိသောကြောင့်ပေတည်း-ဟု ဖြေဆိုရပေမည်။

ဤအတူ သင်္ခတဓာတ် ပရမတ် ရုပ်နာမ်မှန်သမျှတို့သည်၊ ခိုင်မြဲမှုဓုဝအနှစ်, တင့်တယ်မှုသုဘအနှစ်, ချမ်းသာမှုသုခအနှစ်, ငါဟု ခေါ်ဆိုထိုက်မှုအတ္တအနှစ်ဟူသော သာရလေးထွေ အရေကင်းသုဉ်းနေသည့်အတွက် ဒုက္ခအချက် အနက်လေးပါးတို့ဖြင့် နေ့မနား ညမနား ဆင်းရဲဒုက္ခများနှင့်သာ တွေ့ကြုံနေရပေသည်၊ သုံးဆယ့်တစ်ဘုံ ဝဋ္ဋဇာတ်မြုံကြီးတွင် ဘယ်ဘုံဘယ်ဘဝမှ ဒုက္ခနှင့်မကင်းနိုင်၊ ဆင်းရဲမှုဒုက္ခစုကို ပိုင်ပိုင်နှင့် မြိုင်မြိုင်ကြီး ခံနေကြရပေသည်၊ ဉာဏ်နှင့်ချိန်၍ အကြိမ်ကြိမ် ကြည့်ရှုကြပါကုန်။

နောက်နောက်သော ဒုက္ခသစ္စာထိုက်သော တရားစုတို့တွင် ဤနည်းအတိုင်းပင် ဉာဏ်သက်ဝင်ကြပါကုန်၊ အထူးမရေးတော့ပြီ၊ ဤဒုက္ခသစ္စာအချက် အနက်လေးပါးတို့၏ အဓိပ္ပါယ်အကျယ်ကို သိလိုပါမူ ကျေးဇူးရှင်ကြီး၏ စတုသစ္စ ဒီပနီ စသည်တို့တွင် ဉာဏ်ကုန်နှင်၍

http://www.dhammadownload.com



ရှုကြပါကုန်။

## ပဉ္စက္ခန္ဓ ဒုက္ခပရိညာ

(၄) ပဉ္စက္ခန္ဓဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
(၅-၆) ဓမ္မံ - သံဃံ

ခန္ဓာငါးပါးတည်းဟူသော ဒုက္ခတုံး၊ ဒုက္ခခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြားဆုံးဖြတ်၍ မိမိကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ, မှီခိုရာ, ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ဤအရာ၌ ခန္ဓာငါးပါးဟူသည်ကား--

၁။ ရူပက္ခန္ဓာ = ဖောက်ပြန်မှု ရုပ်အပေါင်း ရုပ်အစု၊

၂။ ဝေဒနာက္ခန္ဓာ= ခံစားမှု ဝေဒနာအပေါင်း ဝေဒနာအစု၊

၃။ သညာက္ခန္ဓာ= မှတ်သားမှု သညာအပေါင်း သညာအစု၊

၄။ သင်္ခါရက္ခန္ဓာ= စေ့ဆော်ပြုပြင် စီရင်တတ်မှု သင်္ခါရအပေါင်း သင်္ခါရအစု၊

၅။ ဝိညာဏက္ခန္ဓာ=သိမှုစိတ် ဝိညာဉ်အပေါင်း ဝိညာဉ်အစု၊

ဤတရားစုတို့ပေတည်း။

**ခန္ဓာမည်ခြင်း အကြောင်းရင်း** ဤအရာ၌ အဘယ့်ကြောင့် ဤတရားစုတို့သည် ခန္ဓာမည်ကြကုန်သနည်း -

ရာသိလက္ခဏာခန္ဓာ။

(သမ္မောဟ ဝိနောဒနီ၊ နှာ-၂)

ခန္ဓာ=ခန္ဓာတို့သည်၊ ရာသိလက္ခဏာ=အပေါင်းအစု၏ အဖြစ်ဟူ

http://www.dhammadownload.com



သော မှတ်ကြောင်းလက္ခဏာ ရှိကြကုန်၏။

အပေါင်းအစု၏ အဖြစ်ဖြင့် မှတ်ကြောင်းလက္ခဏာရှိသောကြောင့် ခန္ဓာမည်၏ဟု သိမှတ်ပေရာ၏၊ ဤစကားရပ်၌ စပါးပုံ ဆန်ပုံတို့ကဲ့သို့ ဒြပ် သဏ္ဌာန်နှင့် ရုပ်တွေ ဝေဒနာတွေ တစ်စုတည်း တစ်ပုံတည်း စုပုံနေသောကြောင့် ခန္ဓာမည်၏- ဟူ၍ကား မမှတ်သင့် မမှတ်ထိုက်၊ ပရမတ္ထဓမ္မတို့မည်သည် ဒြပ်သဏ္ဌာန် မရကောင်းချေ။

အဘိဓမ္မာ ဝိဘင်းပါဠိတော် (နှာ- ၁) ၌-

> ယံကိဉ္စိ ရူပံ အတီတာနာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံဝါ ဒူရေ ဝါ သန္တိကေ ဝါ၊ တဒေကဇ္ဈံ အဘိသညူဟိတွာ အဘိသင်္ခိပိတွာ အယံ ဝုစ္စတိ ရူပက္ခန္ဓော။

ယံကိဉ္စိ=ခပ်သိမ်းသော၊ အတီတာနာဂတ ပစ္စုပ္ပန္နံ=အတိတ်, အနာဂတ်, ပစ္စုပ္ပန်၌ အကျုံးဝင်သော၊ အဇ္ဈတ္တံ ရူပံ ဝါ=အဇ္ဈတ္တ ရုပ်သည်လည်းကောင်း၊ ဗဟိဒ္ဓါရူပံ ဝါ=ဗဟိဒ္ဓရုပ်သည်လည်းကောင်း၊ ဩဠာရိကံ ရူပံ ဝါ=ဩဠာရိက ရုပ်သည်လည်းကောင်း၊ သုခုမံ ရူပံ ဝါ=သုခုမ ရုပ်သည်လည်းကောင်း၊ ဟီနံ ရူပံ ဝါ=ဟီနရုပ်သည်လည်းကောင်း၊ ပဏီတံ ရူပံ ဝါ=ပဏီတရုပ်သည်လည်းကောင်း၊ ယံ ဒူရေ ရူပံ ဝါ=အကြင်ဒူရ ရုပ်သည်လည်းကောင်း၊ ယံ သန္တိကေ ရူပံ ဝါ=အကြင် သန္တိကရုပ် သည်လည်းကောင်း၊ အတ္ထိ=ရှိ၏၊ တံ သဗ္ဗံ=ထိုအလုံးစုံကို၊ ဧကဇ္ဈံ= တစ်ပေါင်းတည်း၊ အဘိသညူဟိတွာ=စုရုံး၍၊ အဘိသင်္ခိပိတွာ=ချုံး၍၊ (အကျဉ်းရုံး၍) အယံ သဘာဝေါ=ဤသဘောကိုပင်လျှင်၊ ရူပက္ခန္ဓောတိ= ရူပက္ခန္ဓာဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

ဟူ၍ဟောတော်မူ၏၊ ဤပါဠိတော်၏ ခန္ဓာငါးခုအစုံခြုံငုံ၍-

http://www.dhammadownload.com


- လွန်ခဲ့ပြီးသော ချုပ်ခဲ့ပြီးသော တရားစုတို့သည် အတိတ်တရားတို့မည်ကုန်၏။
- နောင်လာလတ္တံ့သော ကာလတို့၌ ဖြစ်လတ္တံ့သော တရားစုတို့သည် အနာဂတ်တရားတို့ မည်ကုန်၏။
- ယခုမျက်မှောက်ကာလဖြစ်ဆဲသော တရားစုတို့သည် ပစ္စုပ္ပန်တရားတို့ မည်ကုန်၏။
- မိမိတို့၏ အတွင်းသန္တာန်၌ဖြစ်ကုန်သော တရားစုတို့သည် အဇ္ဈတ္တတရားတို့ မည်ကုန်၏။
- မိမိမှ တစ်ပါးသော သတ္တဝါတို့၏ သန္တာန်၌ဖြစ်ကုန်သော တရားစုတို့သည် ဗဟိဒ္ဓတရားတို့မည်ကုန်၏။
- ရုန့်ရင်းကြမ်းတမ်းသောသဘောရှိကုန်သော တရားစုတို့သည် ဩဠာရိကတရားတို့ မည်ကုန်၏။
- သိမ်မွေ့နူးညံ့သော သဘောရှိကုန်သော တရားစုတို့သည် သုခုမတရားတို့ မည်ကုန်၏။
- အယုတ်အားဖြင့် သိအပ်, အလေးအမြတ် မပြုအပ်ကုန်သော တရားတို့သည် ဟီနတရားတို့ မည်ကုန်၏။
- အမြတ်အားဖြင့် သိအပ်, အလေးအမြတ် ပြုအပ်ကုန်သော တရားစုတို့သည် ပဏီတတရားတို့ မည်ကုန်၏။
- ဉာဏ်ဖြင့် သိမြင်ရန် မလွယ်၊ ဉာဏ်ဖြင့် သိမြင်ရန် မနီးစပ်သော ဝေးကုန်သောတရားစုတို့သည် ဒူရတရားတို့ မည်ကုန်၏။
- ဉာဏ်ဖြင့် သိမြင်ရန် လွယ်သော, ဉာဏ်ဖြင့် သိမြင်ရန် နီးစပ်ကုန်သော တရားစုတို့သည် သန္တိကတရားတို့ မည်

http://www.dhammadownload.com



ကုန်၏။

ဤသို့ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိကဟု တစ်ဆယ့်တစ်ပါး ကွဲပြားခြားနား သော်လည်း ဉာဏ်ဖြင့်စုပေါင်း၍ ဖောက်ပြန်မှု သဘောခြင်းတူရာ တရားစုကို ရူပက္ခန္ဓာ, ခံစားမှုသဘောခြင်းတူရာ တရားစုကို ဝေဒနာက္ခန္ဓာ, မှတ်သားမှုသဘောခြင်းတူရာ တရားစုကို သညာက္ခန္ဓာ, ပြုပြင်စီရင်မှု သဘောခြင်းတူရာ တရားစုကို သင်္ခါရက္ခန္ဓာ, သိမှုသဘောခြင်းတူရာ တရားစုကို ဝိညာဏက္ခန္ဓာဟု ပေါင်းစုရသောကြောင့် ခန္ဓာမည်၏။

တစ်နည်းကား-

(က) ဇာတိဇရာ ဗျာဓိမရဏ ဒုက္ခာ ဒီဟိ အနေကေဟိ ဒုက္ခေဟိ ခဇ္ဇတိ ခါဒီယတီတိ ခန္ဓော။

(အဘိဓာနပ္ပဒီပိကာသူစိ)

ဇာတိဇရာ ဗျာဓိမရဏ ဒုက္ခာဒီဟိ=ဇာတိဒုက္ခ ဇရာဒုက္ခ ဗျာဓိဒုက္ခ မရဏဒုက္ခ အစရှိကုန်သော၊ အနေကေဟိ=များစွာကုန်သော၊ ဒုက္ခေဟိ= ဒုက္ခတို့သည်၊ ခဇ္ဇတိ=ခါဒီယတိ=ခဲစားအပ်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ ခန္ဓော=ခန္ဓာမည်၏။

ဆိုလိုရင်း အဓိပ္ပါယ်ကား ခန္ဓာဟူ၍ ဖြစ်ပေါ်လာလျှင် ဇာတိဒုက္ခ ဗျာဓိ ဒုက္ခ မရဏဒုက္ခ အစရှိကုန်သောများစွာသော ဒုက္ခအမျိုးမျိုးတို့နှင့် တွေ့ရကြုံရဆုံရ၏၊ ထိုဒုက္ခမျိုးတို့မှ မလွတ်နိုင် မကင်းနိုင်ချေ၊ ထိုဒုက္ခတို့ ကိုက်စား ဝါးမျိုအပ်သောကြောင့် ခန္ဓာမည်၏-ဟု ဆိုလိုပေသည်။

တစ်နည်းကား-

(ခ) ခံ အတ္တနိစ္စာဒီဟိ သုညံ ဓာရေန္တီတိ ခန္ဓာ၊

(အဘိဓာနပ္ပဒီပိကာသူစိ)

http://www.dhammadownload.com



အတ္တနိစ္စာဒီဟိ= အတ္တ- ငါဟူသောအနှစ်သာရ, နိစ္စ- မြဲ၏ဟူသော အနှစ်သာရ စသည်တို့မှ၊ ခံ သုညံ=သုဉ်းဆိတ်သော အခြင်းအရာကို၊ ဓာရေန္တိ=ဆောင်တတ်ကုန်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ ခန္ဓာ=ခန္ဓာတို့မည်ကုန်၏။

ဆိုလိုရင်းအဓိပ္ပါယ် ငါးပါးသော ခန္ဓာတရားတို့သည် ငါဟူသော အနှစ်သာရ, မြဲ၏ဟူသော အနှစ်သာရ, ချမ်းသာ၏ဟူသော အနှစ်သာရ, တင့်တယ်၏ဟူသော အနှစ်သာရတို့မှ သုဉ်းဆိတ်ခြင်းသဘောကို ဆောင်တတ်သောကြောင့် ခန္ဓာမည်၏ဟု ဆိုလိုပေသည်။

တစ်နည်းကား-

- အတ္တေန ဝါ အတ္တနိယေန ဝါ တုစ္ဆတ္တာ ခံ သုညာကာရံ ဓာရေတီတိ ခန္ဓော။

အတ္တေန ဝါ=ငါဟူသောအတ္တမှလည်းကောင်း၊ အတ္တနိယေန ဝါ=ငါ့ဥစ္စာဟူသော အတ္တနိယမှလည်းကောင်း၊ တုစ္ဆတ္တာ=အကျိုးမပြီး အချည်းနှီး၏အဖြစ်ကြောင့်၊ ခံ သုညာကာရံ=သုဉ်းဆိတ်သော အခြင်းအရာကို၊ ဓာရေတိ=ဆောင်တတ်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ ခန္ဓော=ခန္ဓာမည်၏။

ဆိုလိုရင်း အဓိပ္ပါယ် ခန္ဓာငါးပါး တရားတို့သည် ငါဟူ၍လည်းကောင်း, ငါ့ဥစ္စာဟူ၍လည်းကောင်း စွဲဆိုဖွယ်မရှိချေ၊ စွဲဆိုရန် အကျိုးမပြီး အချည်းနှီးဖြစ်ရကား သုဉ်းဆိတ်သော အခြင်းအရာကို ဆောင်တတ်သောကြောင့် ခန္ဓာမည်၏။

ထို့ကြောင့် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် (နှာ- ၁၆၆ )၌-

ဖေဏပိဏ္ဍူပမံ ရူပံ၊

ဝေဒနာ ပုဗ္ဗုဠုပမာ။

http://www.dhammadownload.com


မရီစိကူပမာ သညာ၊
သင်္ခါရာ ကဒလူပမာ။
မာယူပမဥ္စ ဝိညာဏံ၊
ဒေသိတာဒိစ္စဗန္ဓုနာ။ ။

ရူပံ=ဖောက်ပြန်တတ်ခြား ရုပ်တရားသည်၊ ဖေဏပိဏ္ဍူပမံ=ငါဟုစွဲလမ်း အားထားစရာ အနှစ်သာရ ဘာမျှမရှိ ပေါင်းငြိစုတွဲ ရေမြှုပ်ခဲကြီးနှင့်တူသော ဥပမာရှိ၏၊ ဝေဒနာ=ခံစားတတ်ခြား ဝေဒနာတရားသည်၊ ပုဗ္ဗုဠူပမာ=ငါဟုစွဲလမ်း အားထားစရာ အနှစ်သာရ ဘာမျှမဖက် ဆူဝေတတ်သည့် ရေပွက်နှင့်တူသော ဥပမာရှိ၏၊ သညာ=မှတ်သားတတ်ခြား သညာတရားသည်၊ မရီစိကူပမာ=ငါဟုစွဲလမ်း အားထားစရာ အနှစ်သာရ ဘာမျှမကပ် တံလျှပ်နှင့်တူသော ဥပမာ ရှိ၏၊ သင်္ခါရာ=ဖဿစေတနာ အစဖြာသော သင်္ခါရတရားတို့သည်၊ ကဒလူပမာ=ငါဟုစွဲလမ်း အားထားစရာ အနှစ်သာရ ရှာမရသော ငှက်ပျောတုံးကြီးနှင့်တူသော ဥပမာရှိကြကုန်၏၊ ဝိညာဏံ=သိမှုအမှန် စိတ်ဝိညာဏ်သည်၊ မာယူပမံ=ငါဟုစွဲလမ်း အားထားစရာ အနှစ်သာရ မရတုံဘိ မျက်လှည့်ပြသော အမှုကြီးနှင့်တူသော ဥပမာရှိ၏၊ ဣတိ=ဤသို့ အာဒိစ္စဗန္ဓုနာ=အာဒိစ္စနွယ်ဖွား မြတ်ဘုရားသည်၊ ဒေသိတာ=ရှေးကြာကုမုဒ် နှုတ်မြွက်ဖွင့်ကြူ ဟောတော်မူ၏။

ဟူ၍ဟောတော်မူခဲ့ပေ၏။

## ရူပက္ခန္ဓ ဒုက္ခပရိညာ

( ၇ ) ရူပက္ခန္ဓ ဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
( ၈-၉ ) ဓမ္မံ ၊ သံဃံ

ဖောက်ပြန်တတ်မှု သဘောအစု ရူပက္ခန္ဓာတည်းဟူသော ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား

http://www.dhammadownload.com



ဆုံးဖြတ်၍ မိမိခန္ဓာ ကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ဤအရာ၌ ဖောက်ပြန်မှု သဘောအစု ရုပ်နှစ်ဆယ့်ရှစ်ခုကို ရူပက္ခန္ဓာ ဆိုသည်၊ ရုပ်နှစ်ဆယ့်ရှစ်ခု ဟူသည်ကား-

## မဟာဘုတ်လေးပါး

၁။ ပထဝီဓာတု=နူးညံ့ခြင်း, ခက်မာခြင်း လက္ခဏာရှိသော ပထဝီမြေဓာတ်တစ်ပါး။

၂။ အာပေါဓာတု=ဖွဲ့စည်းခြင်း, ယိုစီးခြင်း လက္ခဏာရှိသော အာပေါ ရေဓာတ်တစ်ပါး။

၃။ တေဇောဓာတု=ပူခြင်း, အေးခြင်း လက္ခဏာရှိသော တေဇော မီးဓာတ်တစ်ပါး။

၄။ ဝါယောဓာတု=ထောက်ကန်ခြင်း, လှုပ်ရှားခြင်း လက္ခဏာ ရှိသော ဝါယောလေဓာတ် တစ်ပါး။

ဤလေးပါးသော ရုပ်တရားတို့သည် ကြီးကျယ်သည်ဖြစ်၍ ထင်ရှားစွာ ဖြစ်တတ်သောကြောင့် မဟာဘူတ=မဟာဘုတ်ရုပ်ဓာတ်တို့ မည်ကုန်၏။

## ဥပါဒါရုပ်နှစ်ဆယ့်လေးပါး

### ပသာဒရုပ်ငါးပါး

၁။ စက္ခုပသာဒ=ရူပတဏှာလျှင် အကြောင်းရင်းရှိသော ကံကြောင့်ဖြစ်သည့် မဟာဘုတ်တို့၏ ကြည်လင်ခြင်း လက္ခဏာ ရှိသော မျက်စိအကြည် ရုပ်တစ်ပါး။

http://www.dhammadownload.com



၂။ သောတပသာဒ=သဒ္ဒတဏှာလျှင် အကြောင်းရင်းရှိသော ကံကြောင့်ဖြစ်သည့် မဟာဘုတ်တို့၏ ကြည်လင်ခြင်း လက္ခဏာရှိသော နားအကြည်ရုပ် တစ်ပါး။

၃။ ဃာနပသာဒ=ဂန္ဓတဏှာလျှင် အကြောင်းရင်းရှိသော ကံကြောင့်ဖြစ်သည့် မဟာဘုတ်တို့၏ ကြည်လင်ခြင်း လက္ခဏာရှိသော နှာခေါင်းအကြည်ရုပ် တစ်ပါး။

၄။ ဇိဝှါပသာဒ=ရသတဏှာလျှင် အကြောင်းရင်းရှိသော ကံကြောင့်ဖြစ်သည့် မဟာဘုတ်ရုပ်တို့၏ ကြည်လင်ခြင်း လက္ခဏာရှိသော လျှာအကြည်ရုပ် တစ်ပါး။

၅။ ကာယပသာဒ=ဖောဋ္ဌဗ္ဗတဏှာလျှင် အကြောင်းရင်းရှိသော ကံကြောင့်ဖြစ်သည့် မဟာဘုတ်တို့၏ ကြည်လင်ခြင်း လက္ခဏာရှိသော ကိုယ်အကြည်ရုပ် တစ်ပါး။

ဤငါးပါးသော ရုပ်တို့သည် အကြည်အလင်ဖြစ်သောရုပ်များ ဖြစ်သောကြောင့် ပသာဒရုပ်တို့ မည်ကုန်၏။

## ဂေါစရရုပ်ငါးပါး

၁။ ရူပ=စက္ခုပသာဒ၌ ထင်ခြင်း ထိခိုက်ခြင်း လက္ခဏာရှိသော အဆင်း ဝဏ္ဏာရုပ်တစ်ပါး။

၂။ သဒ္ဒ=သောတပသာဒ၌ ထင်ခြင်း ထိခိုက်ခြင်း လက္ခဏာ ရှိသော အသံသဒ္ဒရုပ်တစ်ပါး။

၃။ ဂန္ဓ=ဃာနပသာဒ၌ထင်ခြင်း ထိခိုက်ခြင်း လက္ခဏာရှိ သော အနံ့ရုပ်တစ်ပါး။

၄။ ရသ=ဇိဝှါပသာဒ၌ ထင်ခြင်း ထိခိုက်ခြင်း လက္ခဏာရှိသော ရသာရုပ်တစ်ပါး။

http://www.dhammadownload.com



၅။ ဖောဋ္ဌဗ္ဗ=ကာယပသာဒ၌ ထင်ခြင်းထိခိုက်ခြင်း လက္ခဏာရှိသော အထိအတွေ့ ဖောဋ္ဌဗ္ဗရုပ်တစ်ပါး။

[မှတ်ချက်- ဤ၌ဖောဋ္ဌဗ္ဗရုပ်ဟူသည် ပထဝီ တေဇော ဝါယော မဟာဘုတ် ရုပ်သုံးခုပင်တည်း၊ အာရုံအားဖြင့်ယူလျှင် အာရုံငါးပါး, ရုပ်အရေအတွက်အားဖြင့်ယူလျှင် ဂေါစရရုပ်ခုနစ်ပါးဟုဆိုရ၏၊ ရုပ် နှစ်ဆယ့်ရှစ်ပါး ရေတွက်လျှင် မယူအပ်သေးသည်ကိုသာ ယူရသော အဂ္ဂဟိတဂဟဏနည်းအားဖြင့် ဤဖောဋ္ဌဗ္ဗ ရုပ်သုံးခုကို ထည့်သွင်း မယူရတော့ပေ။]

ဤရုပ်ငါးပါးကို ခြောက်ဒွါရ၌ဖြစ်သောစိတ်တို့၏ အာရုံပြုရာ ကျက်စားရာဖြစ်သောကြောင့် ဂေါစရရုပ်တို့ ဟူ၍လည်းခေါ် ဆိုနိုင်၏။

### ဘာဝရုပ် နှစ်ပါး

၁။ ဣတ္ထိဘာဝ = မိန်းမဟု သိကြောင်း လက္ခဏာရှိသော ဣတ္ထိန္ဒြေရုပ် တစ်ပါး။

၂။ ပုံဘာဝ = ယောကျ်ားဟုသိကြောင်း လက္ခဏာရှိသော ပုရိသိန္ဒြေရုပ် တစ်ပါး။

ဤရုပ်နှစ်ပါးတို့သည် မိန်းမ ယောကျ်ားဟု သိကြောင်းလက္ခဏာရှိသောကြောင့် ဘာဝရုပ်တို့မည်ကုန်၏။

### ဟဒယဝတ္ထုရုပ် တစ်ပါး

၁။ ဟဒယဝတ္ထု=မနောဓာတ် မနောဝိညာဏဓာတ်ဟူသော စိတ်တို့၏ မှီရာမှီကြောင်း, ဖြစ်ရာဖြစ်ကြောင်း လက္ခဏာရှိသော ဟဒယဝတ္ထုရုပ်တစ်ပါး။

http://www.dhammadownload.com



## ဇီဝိတရုပ် တစ်ပါး

၁။ ဇီဝိတ=သဟဇာတ်=အတူတကွဖြစ်သော ရုပ်တို့ကိုအစဉ်စောင့်ရှောက်ခြင်း လက္ခဏာရှိသော ဇီဝိတရုပ်တစ်ပါး။

## အာဟာရရုပ် တစ်ပါး

၁။ အာဟာရ=ရုပ်အပေါင်းတို့ကို ဆောင်ခြင်း လက္ခဏာရှိသော အာဟာရရုပ် တစ်ပါး။

ဤသို့အားဖြင့် မဟာဘုတ်ရုပ် ၄-ပါး၊ ပသာဒရုပ် ၅-ပါး၊ ဂေါစရရုပ် ၄-ပါး၊ ဘာဝရုပ် ၂-ပါး၊ ဟဒယရုပ် ၁-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ အာဟာရရုပ် ၁-ပါး၊ ပေါင်း (၄+၅+၄+၂+၁+၁+၁+=၁၈)တစ်ဆယ့်ရှစ်ပါးတို့သည် ကံ စိတ် ဥတု အာဟာရဟူသော အကြောင်းလေးပါးစုံတို့သည် ပြီးစေအပ်ဖြစ်စေအပ်သောကြောင့် နိပ္ဖန္နရုပ်တို့မည်ကုန်၏။

## အနိပ္ဖန္နရုပ် ဆယ်ပါး

## ပရိစ္ဆေဒရုပ် တစ်ပါး

၁။ အာကာသ=ရုပ်ကလာပ်တို့ကို မရောမယှက်လေအောင် ပိုင်းခြားတတ်သော လက္ခဏာရှိသော အာကာသရုပ်တစ်ပါး၊ (ပရိစ္ဆေဒရုပ်လည်းခေါ်၏။)

## ဝိညတ်ရုပ် နှစ်ပါး

၁။ ကာယဝိညတ်=လှုပ်ရှားသောကိုယ်အမူအရာဖြင့် သိစေတတ်, သိစေအပ်သော လက္ခဏာရှိသော ကာယဝိညတ်ရုပ်တစ်ပါး။

၂။ ဝစီဝိညတ်=ပြောဆိုအပ်သော စကားသံအမူအရာဖြင့် သိစေတတ်, သိစေအပ်သော လက္ခဏာရှိသော ဝစီ

http://www.dhammadownload.com


ဝိညတ်ရုပ်တစ်ပါး။

## ဝိကာရရုပ် သုံးပါး

၁။ ရူပဿလဟုတာ=ရုပ်၏နုံ့နှေးခြင်း လက္ခဏာရှိသော လဟုတာရုပ် တစ်ပါး။

၂။ ရူပဿမုဒုတာ=ရုပ်၏ မခက်မာခြင်း နူးညံ့ခြင်း လက္ခဏာရှိသော မုဒုတာရုပ်တစ်ပါး။

၃။ ရူပဿကမ္မညတာ=ရုပ်၏အမှုအမျိုးမျိုးတို့၌ ခံ့ခြင်း ကောင်းခြင်းလက္ခဏာရှိသော ကမ္မညတာရုပ်တစ်ပါး။

## လက္ခဏာရုပ် လေးပါး

၁။ ဥပစယ=ရုပ်တို့ ရှေးဦးစွာဖြစ်ခြင်း အထက်၌ပွါးခြင်း လက္ခဏာရှိသော ဥပစယရုပ် တစ်ပါး။

၂။ သန္တတိ=ရုပ်တို့၏အစဉ်တည်၍ အစွန့်ရှည်စွာ ဖြစ်နေခြင်း လက္ခဏာရှိသော သန္တတိရုပ်တစ်ပါး။

၃။ ဇရတာ=ရုပ်တို့၏ ရင့်ခြင်း အိုမင်းခြင်း လက္ခဏာရှိသော ဇရတာရုပ် တစ်ပါး။

၄။ အနိစ္စတာ=ရုပ်တို့၏ ထက်ဝန်းကျင်မှ ပျက်စီးခြင်း လက္ခဏာရှိသော အနိစ္စတာရုပ်တစ်ပါး။

ဤသို့အားဖြင့် ပရိစ္ဆေဒရုပ် ၁-ပါး၊ ဝိညတ်ရုပ် ၂-ပါး၊ ဝိကာရရုပ် ၃-ပါး၊ လက္ခဏာရုပ် ၄-ပါး၊ ပေါင်း (၁+ ၂+ ၃+ ၄+ ၁၀) တစ်ဆယ်သော ရုပ်တို့သည် ကံ စိတ် ဥတု အာဟာရဟူသော အကြောင်းလေးပါး အစုတို့သည် ပြီးစေအပ်သည် မဟုတ်သောကြောင့် အနိပ္ဖန္နရုပ်တို့မည်ကုန်၏။

ဤသို့လျှင် နိပ္ဖန္နရုပ်တစ် ၁၈-ပါး၊ အနိပ္ဖန္နရုပ် ၁၀-ပါး၊ ပေါင်း

http://www.dhammadownload.com


(၁၈+ ၁၀= ၂၈ )နှစ်ဆယ့်ရှစ်ပါးသော ရုပ်အစုကို ရူပက္ခန္ဓာ ဖောက်ပြန်မှု ရုပ်သဘော ရုပ်အစုမည်ပေ၏။

ဤမှ နောက်တွင် ဒုက္ခသစ္စာပရိညာကိစ္စထိုက်သော တရားတို့၏ ဒုက္ခအချက် အနက်လေးပါးတို့ကို ဆိုခဲ့ပြီးသောနည်းဖြင့် ပိုင်းခြားဝေဖန် သိမြင်ကြကုန်ရာ၏။

## ဝေဒနာက္ခန္ဓ ဒုက္ခပရိညာ

(၁၀) ဝေဒနာက္ခန္ဓ ဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

(၁၁-၁၂) ဓမ္မံ - သံဃံ

ခံစားမှု သဘောအစု ဝေဒနာက္ခန္ဓ တည်းဟူသော ဒုက္ခတုံး ဒုက္ခခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြားဆုံးဖြတ်၍ မိမိ ခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ဤအရာ၌ ခံစားမှု ဝေဒနာသဘော ဝေဒနာအစု ဟူသည်-

၁။ **စက္ခုသမ္ဖဿဇာ ဝေဒနာ**=စက္ခုသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာ သဘော။

၂။ **သောတသမ္ဖဿဇာ ဝေဒနာ**=သောတသမ္ဖဿကြောင့်ဖြစ် သော ဝေဒနာ သဘော။

၃။ **ဃာနသမ္ဖဿဇာ ဝေဒနာ**=ဃာနသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာ သဘော။

၄။ **ဇိဝှါသမ္ဖဿဇာ ဝေဒနာ**=ဇိဝှါသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာ သဘော။

၅။ **ကာယသမ္ဖဿဇာ ဝေဒနာ**=ကာယသမ္ဖဿကြောင့်ဖြစ်သော

http://www.dhammadownload.com



ဝေဒနာ သဘော။

၆။ မနောသမ္ဖဿဇာ ဝေဒနာ=မနောသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာ သဘော။

ဟူ၍ ဒွါရခြောက်ပါး၌ဖြစ်သော ဝေဒနာခြောက်ပါးကို ဝေဒနာက္ခန္ဓာဟု ဆိုပေသည်၊ မိမိတို့၏ ခန္ဓာကိုယ်၌ တစ်ခုမဖြစ် တစ်ခုဖြစ်နေ၏။

ချဲ့၍ဆိုဦးအံ့၊ ဥပရိပဏ္ဏာသပါဠိတော် (နှာ-၃၂၈)၌-

စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။
တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။

စက္ခုဉ္စ=စက္ခုပသာဒကိုလည်းကောင်း၊ ရူပေစ=အဆင်းရူပါရုံတို့ကို လည်းကောင်း၊ ပဋိစ္စ=စွဲ၍၊ စက္ခုဝိညာဏံ=မြင်သိစိတ် စက္ခုဝိညာဏ်သည်၊ ဥပ္ပဇ္ဇတိ=ဖြစ်၏၊ တိဏ္ဏံ=စက္ခုပသာဒ, ရူပါရုံ, စက္ခုဝိညာဏ်သုံးပါးတို့၏၊ သင်္ဂတိ=ပေါင်းဆုံမိခြင်းသည်၊ ဖဿော=ဖဿမည်၏၊ ဖဿပစ္စယာ= ဖဿဟူသောအကြောင်းကြောင့်၊ ဝေဒနာ=ဝေဒနာသည်၊ သမ္ဘဝတိ= ဖြစ်၏။

စက္ခုပသာဒ၌ ရူပါရုံတို့ တိုက်ခိုက်မှုတို့ကို အစွဲပြု၍ စက္ခုဝိညာဏ် ဖြစ်ပေါ်လာ၏၊ ထိုစက္ခုပသာဒရူပါရုံ စက္ခုဝိညာဏ် သုံပါးအစုံ ဆုံမိသည်ကို ဖဿဟုဆို၏၊ ဖြစ်ပေါ်ရာဌာနကို အစွဲပြု၍ ထိုဖဿကို စက္ခု သမ္ဖဿဟုခေါ်ဆိုသည်၊ ထိုစက္ခုသမ္ဖဿကြောင့် ဖြစ်ပေါ်လာသည့် ဝေဒနာကို စက္ခုသမ္ဖဿဇာဝေဒနာ ဟုခေါ်သည်၊ မျက်စိ၌ဖြစ်သော ခံစားမှုဝေဒနာပေတည်း၊ ဤနည်းကိုမှီ၍ ကြွင်းသော ငါးဒွါရမှ ဝေဒနာ ငါးမျိုးတို့ကို သိကြပါကုန်၊ လူဥပါသကာများအတွက် ရည်ရွယ်၍ ကြွင်းသောပါဠိတော်နှင့် အနက်များကိုသာ ပြည့်စုံစွာ ဖော်ပြပေအံ့။

http://www.dhammadownload.com


သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ၊ သောတဝိညာဏံ၊
တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။

သောတဉ္စ=သောတပသာဒကိုလည်းကောင်း၊ သဒ္ဒေစ=အသံ သဒ္ဒါရုံတို့ကို လည်းကောင်း၊ ပဋိစ္စ=စွဲမှီ၍၊ သောတဝိညာဏံ=ကြားသိစိတ် သောတဝိညာဏ်သည်၊ ဥပ္ပဇ္ဇတိ=ဖြစ်၏၊ တိဏ္ဏံ=သောတပသာဒ, သဒ္ဒါရုံ သောတဝိညာဏ်သုံးပါးတို့၏၊ သင်္ဂတိ=ပေါင်းဆုံမိခြင်းသည်၊ ဖဿော= ဖဿမည်၏၊ ဖဿပစ္စယာ=ဖဿဟူသောအကြောင်းကြောင့်၊ ဝေဒနာ= ဝေဒနာသည်၊ သမ္ဘဝတိ=ဖြစ်၏။

(သောတသမ္ဘဿဇာ ဝေဒနာအတွက်)

ယာနဉ္စ ပဋိစ္စ ဂန္ဓေ စ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ၊
တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿပစ္စယာ ဝေဒနာ။

ဃာနဉ္စ=ဃာနပသာဒကိုလည်းကောင်း၊ ဂန္ဓေစ=အနံ့ ဂန္ဓာရုံ တို့ကိုလည်းကောင်း၊ ပဋိစ္စ=စွဲမှီ၍၊ ဃာနဝိညာဏံ=နံ့သိစိတ် ဃာန ဝိညာဏ်သည်၊ ဥပ္ပဇ္ဇတိ=ဖြစ်၏၊ တိဏ္ဏံ=ဃာနပသာဒ, ဂန္ဓာရုံ, ဃာန ဝိညာဏ် သုံးပါးတို့၏၊ သင်္ဂတိ=ပေါင်းဆုံမိခြင်းသည်၊ ဖဿော=ဖဿ မည်၏၊ ဖဿပစ္စယာ=ဖဿဟူသောအကြောင်းကြောင့်၊ ဝေဒနာ= ဝေဒနာသည်၊ သမ္ဘဝတိ=ဖြစ်၏။

(ဃာနသမ္ဘဿဇာ ဝေဒနာအတွက်)

ဇိဝှဉ္စ ပဋိစ္စ ရသေ စ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ
တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။

ဇိဝှဉ္စ=ဇိဝှါပသာဒကိုလည်းကောင်း၊ ရသေ စ=အရသာ ရသာရုံကို လည်းကောင်း၊ ပဋိစ္စ=စွဲမှီ၍၊ဇိဝှါဝိညာဏံ=စားသိစိတ် ဇိဝှါညာဉ်သည်၊ ဥပ္ပဇ္ဇတိ=ဖြစ်၏၊ တိဏ္ဏံ=ဇိဝှါပသာဒ, ရသာရုံ, ဇိဝှါဝိညာဉ် သုံးပါးတို့၏၊

http://www.dhammadownload.com



သင်္ဂတိ=ပေါင်းဆုံမိခြင်းသည်၊ ဖဿော=ဖဿမည်၏၊ ဖဿပစ္စယာ=ဖဿ ဟူသော အကြောင်းကြောင့်၊ ဝေဒနာ=ဝေဒနာသည်၊ သမ္ဘဝတိ=ဖြစ်၏။

(ဇိဝှါ သမ္ဖဿဇာ ဝေဒနာအတွက်)

- ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊
  တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။

ကာယဉ္စ=ကာယပသာဒကိုလည်းကောင်း၊ ဖောဋ္ဌဗ္ဗေစ=အတွေ့ အထိ ဖောဋ္ဌဗ္ဗာရုံတို့ကိုလည်းကောင်း၊ ပဋိစ္စ=စွဲမှီ၍၊ ကာယဝိညာဏံ= တွေ့သိစိတ် ကာယဝိညာဏ်သည်၊ ဥပ္ပဇ္ဇတိ=ဖြစ်၏၊ တိဏ္ဏံ=ကာယပသာဒ, ဖောဋ္ဌဗ္ဗာရုံ, ကာယဝိညာဏ် သုံးပါးတို့၏၊ သင်္ဂတိ=ပေါင်းဆုံမိခြင်းသည်၊ ဖဿော=ဖဿမည်၏၊ ဖဿပစ္စယာ=ဖဿဟူသော အကြောင်းကြောင့်၊ ဝေဒနာ=ဝေဒနာသည်၊ သမ္ဘဝတိ=ဖြစ်၏။

(ကာယသမ္ဖဿဇာ ဝေဒနာအတွက်)

- မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ၊
  တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။

မနဉ္စ=ဘဝင်စိတ်ကိုလည်းကောင်း၊ ဓမ္မေစ=(စေတသိက် ၅၂-သုခုမ ရုပ်-၁၆-နိဗ္ဗာန်ဟူသော)ခြောက်ဆယ့်ကိုးပါး ဓမ္မာတ်များကိုလည်း ကောင်း၊ပဋိစ္စ=စွဲမှီ၍၊မနောဝိညာဏံ=မနောဝိညာဉ်သည်၊ဥပ္ပဇ္ဇတိ=ဖြစ်၏၊ တိဏ္ဏံ=ဘဝင်စိတ်, ဓမ္မာရုံ, မနောဝိညာဉ်သုံးပါးတို့၏၊ သင်္ဂတိ=ပေါင်းဆုံ မိခြင်းသည်၊ ဖဿော=ဖဿမည်၏၊ ဖဿပစ္စယာ=ဖဿဟူသော အကြောင်းကြောင့်၊ ဝေဒနာ=ဝေဒနာသည်၊ သမ္ဘဝတိ=ဖြစ်၏။

(မနောသမ္ဖဿဇာ ဝေဒနာအတွက်)

ဤဝေဒနာခြောက်ပါးတို့သည် အတိတ် အနာဂတ် ပစ္စုပ္ပန်စသော တစ်ဆယ့်တစ်ပါး အပြားရှိကုန်သော်လည်း သဘောတူရာကို တစ်ပေါင်း တည်း ပေါင်းစုအပ်သောကြောင့်လည်းကောင်း၊ ဇာတိ ဇရာ ဗျာဓိ

http://www.dhammadownload.com



မရဏာစသော များစွာသော ဘေးဒုက္ခတို့သည် ခဲစားအပ်သောကြောင့်လည်းကောင်း၊ အတ္တ အတ္တနိယ စသည်တို့မှ သုဉ်းဆိတ်သော အခြင်းအရာကို ဆောင်တတ်သောကြောင့်လည်းကောင်း ဝေဒနာက္ခန္ဓာတို့ မည်ကုန်၏။

## သညာက္ခန္ဓ ဒုက္ခပရိညာ

(၁၃) သညာက္ခန္ဓဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၁၄-၁၅) ခမ္ပံ - သံယံ

မှတ်သားမှု သဘောအစု သညာက္ခန္ဓာတည်းဟူသော ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား ဆုံးဖြတ်၍ မိမိ၏ခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ, မှီခိုရာ, ပုန်းအောင်းရာ ဟူ၍ ဆည်းကပ်ပါ၏။

ဤအရာ၌ မှတ်သားမှု သညာသဘော အစုဟူသည်

ဝိဘင်းပါဠိတော် (နှာ-၅ )၌-

၁။ စက္ခုသမ္ဖဿဇာ သညာ=စက္ခုသမ္ဖဿကြောင့်ဖြစ်သော မှတ်သားမှု သညာသဘော။

၂။ သောတသမ္ဖဿဇာ သညာ=သောတသမ္ဖဿကြောင့် ဖြစ်သော မှတ်သားမှု သညာသဘော။

၃။ ဃာနသမ္ဖဿဇာ သညာ=ဃာနသမ္ဖဿကြောင့်ဖြစ်သော မှတ်သားမှု သညာသဘော။

၄။ ဇိဝှါသမ္ဖဿဇာ သညာ=ဇိဝှါသမ္ဖဿကြောင့်ဖြစ်သော မှတ်သားမှု သညာသဘော။

၅။ ကာယသမ္ဖဿဇာ သညာ=ကာယသမ္ဖဿကြောင့်ဖြစ်သော

http://www.dhammadownload.com



မှတ်သားမှု သညာသဘော။

၆။ မနောသမ္ဖဿဇာ သညာ=မနောသမ္ဖဿကြောင့်ဖြစ်သော မှတ်သားမှု သညာသဘော။

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် (နှာ- ၄၉ ) ၌-

၁။ ရူပသညာ=ရူပါရုံ၌ မှတ်သားမှု သညာသဘော၊

၂။ သဒ္ဒသညာ=သဒ္ဒါရုံ၌ မှတ်သားမှု သညာသဘော၊

၃။ ဂန္ဓသညာ=ဂန္ဓာရုံ၌ မှတ်သားမှု သညာသဘော၊

၄။ ရသသညာ=ရသာရုံ၌ မှတ်သားမှု သညာသဘော၊

၅။ ဖောဋ္ဌဗ္ဗသညာ=ဖောဋ္ဌဗ္ဗာရုံ၌ မှတ်သားမှု သညာသဘော၊

၆။ ဓမ္မသညာ=ဓမ္မာရုံ၌ မှတ်သားမှု သညာသဘော၊

ဟူ၍ ပါဠိတော်နှစ်ဌာနတို့တွင် အမည်နှစ်မျိုးလာရှိ၏၊

ပထမဝိဘင်းပါဠိတော်၌ စက္ခုသမ္ဖဿဇာ သညာစသော အမည်ကို မှီရာဝတ္ထုကြောင့် ရအပ်သောအမည်ဖြင့် ဟောတော်မူ၏၊ ဒုတိယ သံယုတ်ပါဠိတော်၌ ရူပသညာ စသော အမည်ကို အာရုံကြောင့် ရအပ်သော အမည်ဖြင့် ဟောတော်မူ၏။

ထို့ကြောင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာ- (နှာ -၁၈ ) ၌-

စက္ခုသမ္ဖဿဇာသညာ (ပ) ကာယသမ္ဖဿဇာ သညာတိပိ
တဿာ ယေဝ ဝတ္ထုတော နာမံ၊
ရူပသညာ (ပ) ဖောဋ္ဌဗ္ဗ သညာ တိပိ
တဿာ ယေဝ အာရမ္မဏတော နာမံ။

စက္ခုသမ္ဖဿဇာ သညာ (ပ) ကာယသမ္ဖဿဇာ သညာတိပိ-စက္ခုသမ္ဖဿဇာ (ပ) ကာယသမ္ဖဿဇာ သညာ ဟူသော အမည်သည်လည်း၊

http://www.dhammadownload.com



တဿာယေဝ-ထိုသညာ၏သာလျှင်၊ ဝတ္ထုတော-မှီရာဝတ္ထုကြောင့်၊ လဒ္ဓံ-ရအပ်သော၊ နာမံ-အမည်ပေတည်း၊

ရူပသညာ (ပ)ဖောဋ္ဌဗ္ဗ သညာတိပိ ရူပသညာ (ပ)ဖောဋ္ဌဗ္ဗ သညာဟူသော အမည်သည်လည်း၊ တဿာယေဝ-ထိုသညာ၏သာလျှင်၊ အာရမ္မဏတော-အာရုံကြောင့်၊ လဒ္ဓံ-ရအပ်သော၊ နာမံ-အမည် ပေတည်း။

ဟူ၍ မိန့်ဆိုရကား ဒွါရခြောက်ဖြာ၌ အာရုံခြောက်ပါးတို့ တိုက်ဆိုင်မှုကြောင့်ဖြစ်သော ထိုသညာခြောက်ပါး၏ အမည်တို့ပေတည်း၊ အတူတူဟု မှတ်အပ်၏။

ထိုသညာ ခြောက်ပါးတို့သည် အတိတ် အနာဂတ် ပစ္စုပ္ပန်စသော တစ်ဆယ့်တစ်ပါး အပြားရှိကုန်သော်လည်း သဘောတူရာကို တစ်ပေါင်းတည်း ပေါင်းစုအပ်သောကြောင့်လည်းကောင်း၊ ဇာတိ ဇရာ ဗျာဓိ မရဏစသော များစွာသော ဘေးဒုက္ခတို့သည် ခဲစားအပ်သောကြောင့် လည်းကောင်း၊ အတ္တ အတ္တနိယ စသည်တို့မှ သုဉ်းဆိတ်သော အခြင်းအရာကို ဆောင်တတ်သောကြောင့်လည်းကောင်း သညာက္ခန္ဓာတို့မည်ကုန်ဟု သိမှတ်အပ်၏။

----------

## သင်္ခါရက္ခန္ဓ ဒုက္ခပရိညာ

(၁၆) သင်္ခါရက္ခန္ဓ ဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

( ၁၇- ၁၈) ဓမ္မံ - သံဃံ

ပြုပြင်စီရင်တတ်မှု သဘောအစု သင်္ခါရက္ခန္ဓာတည်းဟူသော ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင် နိုင်နိုင်ပိုင်းခြား၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာ

http://www.dhammadownload.com



ဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာ ဟူ၍ ဆည်းကပ်ပါ၏။

ဤအရာ၌ ပြုပြင်စီရင်တတ်မှု သဘောအစုဟူသည် ဝိဘင်းပါဠိတော် (နှာ -၈- ) ၌ -

၁။ စက္ခုသမ္ဖဿဇာ စေတနာ=စက္ခုသမ္ဖဿကြောင့် ဖြစ်သော ပြုပြင်စီရင်မှု စေတနာသဘော။

၂။ သောတသမ္ဖဿဇာ စေတနာ=သောတသမ္ဖဿကြောင့် ဖြစ်သော ပြုပြင်စီရင်မှု စေတနာသဘော။

၃။ ဃာနသမ္ဖဿဇာ စေတနာ=ဃာနသမ္ဖဿကြောင့် ဖြစ်သော ပြုပြင်စီရင်မှု စေတနာသဘော။

၄။ ဇိဝှါသမ္ဖဿဇာ စေတနာ=ဇိဝှါသမ္ဖဿကြောင့် ဖြစ်သော ပြုပြင်စီရင်မှု စေတနာသဘော။

၅။ ကာယသမ္ဖဿဇာ စေတနာ=ကာယသမ္ဖဿကြောင့် ဖြစ်သော ပြုပြင်စီရင်မှု စေတနာသဘော။

၆။ မနောသမ္ဖဿဇာ စေတနာ=မနောသမ္ဖဿကြောင့် ဖြစ်သော ပြုပြင်စီရင်မှု စေတနာသဘော။

ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် (နှာ -၄၉ -) ၌-

၁။ ရူပသဉ္စေတနာ=ရူပါရုံ၌ စေ့ဆော်ပြုပြင် စီရင်မှု စေတနာသဘော။

၂။ သဒ္ဒသဉ္စေတနာ=သဒ္ဒါရုံ၌ စေ့ဆော်ပြုပြင် စီရင်မှု စေတနာသဘော။

၃။ ဂန္ဓသဉ္စေတနာ=ဂန္ဓာရုံ၌ စေ့ဆော်ပြုပြင် စီရင်မှု စေတနာသဘော။

http://www.dhammadownload.com



၄။ ရသသဉ္စေတနာ=ရသာရုံ၌ စေ့ဆော်ပြုပြင် စီရင်မှု စေတနာ သဘော။

၅။ ဖောဋ္ဌဗ္ဗသဉ္စေတနာ=ဖောဋ္ဌဗ္ဗာရုံ၌စေ့ဆော် ပြုပြင်စီရင်မှု စေတနာ သဘော။

၆။ ဓမ္မသဉ္စေတနာ=ဓမ္မာရုံ၌စေ့ဆော်ပြုပြင် စီရင်မှုစေတနာ သဘော။

ဟူ၍ပါဠိတော်နှစ်ဌာနတို့တွင် အမည်နှစ်မျိုးဖြင့်လာရှိ၏၊ ရှင်းချက် အမိပ္ပါယ်ကို သညာက္ခန္ဓာ၌ ရေးခဲ့ပြီးသော နည်းကိုမှီ၍ သိကြပါကုန်။

ထိုစေတနာခြောက်ပါးတို့သည် အတိတ် အနာဂတ် ပစ္စုပ္ပန်စသော တစ်ဆယ့်တစ်ပါးအပြားရှိသော်လည်း သဘောတူရာကို တစ်ပေါင်းတည်း ပေါင်းစုအပ်သောကြောင့်လည်းကောင်း၊ ဇာတိ ဇရာ ဗျာဓိ မရဏစသော များစွာသော ဘေးဒုက္ခတို့သည် ခဲစားအပ်သောကြောင့်လည်းကောင်း၊ အတ္တ အတ္တနိယစသည်တို့မှ သုဉ်းဆိတ်သော အခြင်းအရာကို ဆောင်တတ်သောကြောင့်လည်းကောင်း သင်္ခါရက္ခန္ဓာတို့မည်ကုန်၏- ဟု သိမှတ်အပ်၏။

## ဝိညာဏက္ခန္ဓ ဒုက္ခပရိညာ

( ၁၉ ) ဝိညာဏက္ခန္ဓဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
( ၂၀- ၂၁) ဓမ္မံ - သံဃံ

သိမှုစိတ် ဝိညာဉ်သဘောအစု ဝိညာဏက္ခန္ဓာတည်းဟူသော ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြားဆုံးဖြတ်၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

http://www.dhammadownload.com



ဤအရာ၌ သိမှု စိတ်ဝိညာဉ် သဘောဟူသည်-

၁။ **စက္ခုဝိညာဏ**=စက္ခုပသာဒ၌ မှီ၍ ရူပါရုံကို သိမှုဟူသော စက္ခုဝိညာဉ်စိတ်။

၂။ **သောတဝိညာဏ**=သောတပသာဒ၌ မှီ၍ သဒ္ဒါရုံကို သိမှုဟူသော သောတဝိညာဉ်စိတ်။

၃။ **ဃာနဝိညာဏ**=ဃာနပသာဒ၌ မှီ၍ ဂန္ဓာရုံကို သိမှုဟူသော ဃာန ဝိညာဉ်စိတ်။

၄။ **ဇိဝှါဝိညာဏ**=ဇိဝှါပသာဒ၌ မှီ၍ ရသာရုံကို သိမှုဟူသော ဇိဝှါဝိညာဉ်စိတ်။

၅။ **ကာယဝိညာဏ**=ကာယပသာဒ၌ မှီ၍ ဖောဋ္ဌဗ္ဗာရုံကို သိမှုဟူသော ကာယဝိညာဉ်စိတ်။

၆။ **မနောဝိညာဏ**=ဟဒယဝတ္ထု၌ မှီ၍ (တစ်နည်း) မနောဒွါရ-ဘဝင်စိတ်၌မှီ၍ ဓမ္မာရုံကို သိမှုဟူသော မနောဝိညာဉ် စိတ်။

ထိုဝိညာဉ်ခြောက်ပါးတို့သည် အတိတ် အနာဂတ် ပစ္စုပ္ပန်စသော တစ်ဆယ့်တစ်ပါး အပြားရှိကုန်သော်လည်း သဘောတူရာကို တစ်ပေါင်းတည်း ပေါင်းစုအပ်သောကြောင့်လည်းကောင်း၊ ဇာတိ ဇရာ ဗျာဓိ မရဏစသော များစွာသော ဘေးဒုက္ခတို့သည် ခဲစားအပ်သောကြောင့် လည်းကောင်း၊ အတ္တ အတ္တနိယ စသည်တို့မှ သုဉ်းဆိတ်သော အခြင်းအရာကို ဆောင်တတ်သောကြောင့်လည်းကောင်း ဝိညာဏက္ခန္ဓာတို့ မည်ကုန်၏-ဟုသိမှတ်အပ်၏။

ဤခန္ဓာငါးပါး တရားအစုတို့ကို-

- "**ဖေဏပိဏ္ဍူပမံ ရူပံ**" ရူပက္ခန္ဓာသည် ရေမြှုပ်စိုင် ရေမြှုပ်ခဲနှင့်

http://www.dhammadownload.com



တူသော ဥပမာရှိ၏

- "ဝေဒနာ ပုဗ္ဗုဠူပမာ" ဝေဒနာက္ခန္ဓာသည် ရေပွက်နှင့်တူသော ဥပမာရှိ၏။
- "မရီစိကူပမာ သညာ" သညာက္ခန္ဓာသည် တံလှပ်နှင့်တူသော ဥပမာရှိ၏။
- "သင်္ခါရာကဒလူပမာ" သင်္ခါရက္ခန္ဓာသည် ငှက်ပျောတုံးနှင့် တူသော ဥပမာရှိ၏။
- "မာယူပမဉ္စ ဝိညာဏံ" ဝိညာဏက္ခန္ဓာသည် မျက်လှည့်ပြသော အမှုနှင့်တူသော ဥပမာရှိ၏။

ဟူ၍ **ဖေဏပိဏ္ဍောပမသုတ်၌** ဟောတော်မူ၏၊ ထိုဒေသနာတော်၏ လိုရင်းအဓိပ္ပါယ်မှာ ပုထုဇဉ်တို့သည် ငါငါ ငါ့ကိုယ် ငါ့အိမ် ငါ့ယာ ငါ့ဥစ္စာ အရှိထား၍ စွဲမှားနေကြ၏၊ **စင်စစ်အမှန် ဇကန်ရှိသော** အရာဌာနမျိုးကား ဆိုအပ်ခဲ့ပြီးသော ခန္ဓာငါးပါး တရားအစုတို့ပေတည်း။

ထိုတရားအစုတို့သည် ရေမြှုပ်ရေပွက်တံလှပ် ငှက်ပျောတုံး မျက်လှည့်ပြသော အမှုနှင့်သာတူကြကုန်၏၊ ဥပမာ ဥပမေယျ နှစ်ဌာနလုံးကို ဉာဏ်ငုံကြည့် မည်သည့်အရာဝတ္ထုမျှ ခိုင်မာမှု ဓုဝ, တယ့်တင်မှု သုဘ, ချမ်းသာမှု သုခ, ငါ့ကိုယ်ဟု စွဲလမ်းဖွယ်မှု အတ္တဟူသော အနှစ်သာရတို့ မရှိကြချေ၊ ထို့ကြောင့်ပင်လျှင် ဖြစ်ပြီဆိုလျှင် ပျက်စီးရသော သဘောနှင့်သာ တွေ့ဆုံကြုံနေကြရ၏၊ ပျက်စီးရမှုသဘောက ကပ်လျက် ချပ်လျက်ပါခဲ့ကြပေတော့သည်။

ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ။

**(ဝိနည်း မဟာဝါပါဠိတော်-နှာ-၁၆)**

ယံကိဉ္စိ=အလုံးစုံကုန်သော ခန္ဓာငါး၀ သင်္ခတတရားအစုသည်၊

http://www.dhammadownload.com



သမုဒယဓမ္မံ=ဖြစ်ခြင်းသဘောရှိ၏၊ တံ သဗ္ဗံ=ထိုအလုံးစုံသော ခန္ဓာငါးဝ သခ်ၤတတရားစုသည်၊ နိရောဓ ဓမ္မံ=ချုပ်ခြင်းသဘောရှိ၏။

ဤခန္ဓာငါးခု သာရလေးလုံး ကင်းသုဉ်းမှုအချက်၌ နှစ်သက်ယုံကြည်စွာဖြင့် ဆင်ခြင်ရှုကြည့်ကြပါလေ၊ သို့မှသာ သာသနာနှင့်တွေ့ကြုံရကျိုး နပ်ကြမည်၊ သေခြင်းကင်းရာ ပြည်အမတာသို့ ရောက်ရန်မှန်ကန်သော မဂ္ဂင်လမ်းကြောင်းကြီးကို တွေ့ရပေမည်၊ အကျိုးမရှိသည့် နိရတ္ထက တရားစကားကို သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်သည် အပင်အပန်းခံ၍ ဟောမည် မဟုတ်၊ အကျိုးရှိသည့်စကား, အကျိုးရှိသည့် တရားမို့ ဟောကြားခဲ့ပေသည်။

ထို့ကြောင့်ပင်လျှင် ဓမ္မပဒပါဠိတော် (နှာ- ၃၉) ၌-

ယထာ ပုဗ္ဗုဠကံ ပဿေ၊
ယထာ ပဿေ မရီစိကံ၊
ဧဝံ လောကံ အဝေက္ခန္တံ၊
မစ္စုရာဇာ န ပဿတိ။

ဘိက္ခဝေ=သေဘေးလွတ်ရာ ပြည်ခေမာကို ဖွေရှာကြပြား အို-ချစ်သားတို့၊ ပုဗ္ဗုဠကံ=ဖွားခနဲဖြစ်, လှစ်ခနဲချုပ်, သုတ်ခနဲ ပျောက်ကွယ်ရေပွက်ငယ်ကို၊ ပဿေယထာ=ဖြစ်၍ပျက်သွား ထိုနှစ်ပါးကို မျက်ဝါးထင်ထင် ရှုမြင်ရလေသကဲ့သို့၊ လောကံ=ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဏဟု ဓမ္မထွေလာ ငါးခန္ဓာတည်းဟူသော သင်္ခါရလောကကြီးကို၊ ပဿေ=ဖြစ်ပျက်မှန်စွာ ဓမ္မတာဟု ဉာဏ်မှာစေ့ငု ထင်မြင်အောင်ရှုပေရာ၏၊ မရီစိကံ=တောသားသမင် ရေအယဉ်ဟု ထင်မြင်လွဲရိုးတံလှပ်မျိုးကို၊ ပဿေယထာ=မဟုတ်ရေယဉ် အလွဲပင်ဟု အမြင့်ဖြောင့်စွာရှုမြင်ရာသကဲ့သို့၊ လောကံ=သခ်ၤတတံထွာ ခန္ဓာငါးဝ သင်္ခါရလောကကြီးကို၊ ပဿေ=သူငါထင်လွဲ မြင်အစွဲတို့ ခွါရှုဉာဏ်တွင် ထင်မြင်အောင်

http://www.dhammadownload.com



ရှုပေရာ၏၊ ဇဝံ=ရေပွက်ပုံကပ် တံလှပ်ပုံနှိုင်း ဤယခုပြဆိုခဲ့သည့်အတိုင်း၊ လောကံ=ဖောက်ပြန်ခံစား မှတ်သားပြုပြင် စိတ်ဝိညာဏ်ဟု ငါးအင်သဘောမျှ သင်္ခါရလောကကြီးကို၊ အဝေက္ခန္တံ=ဝိပဿနာဉာဏ်ပညာဖြင့် ကောင်းစွာထင်ထင် ရှုမြင်သောသူကို၊ ရာဇာ=သတ္တဝါဖုံဖုံ အလုံးစုံကို မြှုပါမကြွင်း ဖြိုသတ်ခွင်းသည့် ရှင်သေမင်းသည်၊ နပဿတိ=အမတမှန် ခါတ်ခေမံဟု နိဗ္ဗာန်ပြည်ကြီး ဝင်စံပြီး၍ ဘယ်နည်းနှင့်မှ မမြင်ရ ပေတော့သတည်း။

**ဒုက္ခသစ္စာ**
**ခန္ဓာငါးပါးအဖွင့် ဘုရားရှိခိုး**
**ပြီးပြီ**

---

## အာယတနဝဏ္ဏနာ ပဌာမ

## အာယတန ဒုက္ခပရိညာ

၁။ ဒွါဒသာယတန ဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
( ၂-၃ ) ဓမ္မံ - သံဃံ

အာယတန တစ်ဆယ့်နှစ်ပါးတည်းဟူသော ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြားဆုံးဖြတ်၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ဤအရာ၌ အာယတန တစ်ဆယ့်နှစ်ပါး ဟူသည်ကား-

၁။ စက္ခာယတန=စက္ခုပသာဒ မျက်စိအကြည် ရုပ်တရား။

၂။ သောတာယတန=သောတပသာဒ နားအကြည် ရုပ်တရား။

http://www.dhammadownload.com


၃။ ဃာနာယတန-ဃာနပသာဒ နှာခေါင်းအကြည် ရုပ်တရား။

၄။ ဇိဝှါယတန-ဇိဝှါပသာဒ လျှာအကြည် ရုပ်တရား။

၅။ ကာယာယတန-ကာယပသာဒ ကိုယ်အကြည် ရုပ်တရား။

၆။ မနာယတန-စိတ်အကျဉ်း (၈၉) ပါး နာမ်တရား။

ဤခြောက်ပါးတို့သည် တဏှာဒိဋ္ဌိတို့ဖြင့် အတွင်းထားကာ သိမ်းပိုက်အပ်သောကြောင့် အဇ္ဈတ္တိကာယတနတို့ မည်ကုန်၏။

၁။ ရူပါယတန-ရူပါရုံဟု ဆိုအပ်သော အဆင်းရုပ်တရား။

၂။ သဒ္ဒါယတန-သဒ္ဒါရုံဟု ဆိုအပ်သော အသံရုပ်တရား။

၃။ ဂန္ဓာယတန-ဂန္ဓာရုံဟု ဆိုအပ်သော အနံ့ရုပ်တရား။

၄။ ရသာယတန-ရသာရုံဟု ဆိုအပ်သော အရသာရုပ်တရား။

၅။ ဖောဋ္ဌဗ္ဗာယတန-ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော အတွေ့အထိ ရုပ်တရား။

၆။ ဓမ္မာယတန-ဓမ္မာရုံဟု ဆိုအပ်သော စေတသိက် ၅၂- ပါး၊ သုခုမရုပ် ၁၆- ပါး၊ နိဗ္ဗာန်ဟု ဆိုအပ်သော ရုပ်နာမ် အစုံ တရား။

ဤခြောက်ပါးတို့သည် အဇ္ဈတ္တိကာယတနတို့ကဲ့သို့ ကြီးမား ပြင်းထန်စွာ အတွင်းထားကာ သိမ်းပိုက်မှု မရှိသောကြောင့် ဗာဟိရာယတနတို့မည်ကုန်၏၊ အဇ္ဈတ္တိကာယတနတို့ကို အတွင်းအာယတန ဗာဟိရာယတနတို့ကို အပြင်အာယတနဟူ၍လည်း ခေါ်ကြ၏။

**အာယတနမည်ခြင်း အကြောင်းရင်း** ဤအရာ၌ အဘယ့်ကြောင့် အာယတန မည်ပါသနည်း။

အာယတန္တိ အတ္တနော ဖလုပ္ပတ္တိယာ ဥဿဟန္တာဝိယ

http://www.dhammadownload.com



ဟောန္တီတိ အာယတနာနိ။

အာယတန္တိ=အားထုတ်တတ်ကုန်၏၊ အတ္တနော=မိမိ၏၊ ဖလုပ္ပတ္တိယာ= အကျိုးကိုဖြစ်စိမ့်သောငှါ၊ ဥဿဟန္တာဝိယ=အားထုတ်ကုန်သကဲ့သို့၊ ဟောန္တိ=ဖြစ်တတ်ကုန်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ အာယတနာနိ= အာယတနတို့မည်ကုန်၏။

ဆိုလိုရင်းအဓိပ္ပါယ်မှာ စက္ခုပသာဒစသော တစ်ဆယ့်နှစ်ပါးသော တရားတို့သည် မိမိနှင့်ဆိုင်သော အကျိုးတရားတို့ကို ဖြစ်ပေါ်စေရန်အား ထုတ်သောတရားတို့ဖြစ်သောကြောင့် အာယတနတို့မည်ကုန်၏-ဟု ဆိုလိုသည်။

အာယတန သဒ္ဒါသည်-

၁။ လွန်စွာဖြစ်ပွါးရာဟု ဆိုအပ်သော သဥ္စာတိဒေသအနက်၊

၂။ တည်နေရာဟု ဆိုအပ်သော နိဝါသ အနက်၊

၃။ ပြိုးပြွမ်းရာဟု ဆိုအပ်သော အာကာရ အနက်၊

ဤသုံးပါးတို့သည် အဇ္ဈတ္တိကာယတနတို့၌ ဟော၏၊ (ဝါ) သက်ဆိုင်၏။

၄။ တကွပေါင်းဆုံ၍ သက်ဆင်းကျရောက်ရာဟုဆိုအပ်သော သမောသရဏ အနက်၊

ဤတစ်ပါးသည် ဗာဟိရာယတနတို့၌ ဟော၏၊ (ဝါ) သက်ဆိုင်၏။

၅။ ဖြစ်ကြောင်းဟု ဆိုအပ်သော ကာရဏအနက်။

ဤတစ်ပါးသည် အဇ္ဈတ္တိကာယတန, ဗာဟိရာယတန နှစ်မျိုးတို့၌ ဟော၏၊ (ဝါ) သက်ဆိုင်၏။

http://www.dhammadownload.com


ထိုအနက်တို့တွင် အဇ္ဈတ္တိကာယတနတို့သည်-

၁။ စိတ်စေတသိက်တရားတို့သည် တစ်ခုသောဘဝ၌လည်းကောင်း၊ အနမတဂ္ဂ သံသရာ၌လည်းကောင်း၊ အဖန်ဖန် အတူတကွ ဖြစ်ပွါးကြကုန်သည်ရှိသော် အခြားသောဌာနတို့၌ မဖြစ်ကြကုန်၊ စက္ခုစသော ဒွါရခြောက်ပါးတို့၌သာ ဖြစ်ကြကုန်၏။

**(ဤကား သဥ္စာတိဒေသအနက်၌ ဖြစ်ပုံတည်း။)**

၂။ စိတ်စေတသိက် တရားတို့သည် အစဉ်မပြတ် ဆက်လက်ဖြစ်ပွါးသည်၏ အစွမ်းအားဖြင့် တည်နေကြကုန်သည်ရှိသော်လည်း အခြား၌ တည်နေကြကုန်သည်မဟုတ်ကုန်၊ စက္ခုစသောဒွါရခြောက်ပါးတို့၌သာ တည်နေကြကုန်၏။

**(ဤကား နိဝါသအနက်၌ ဖြစ်ပုံတည်း။)**

၃။ စိတ်စေတသိက်တို့သည် အနမတဂ္ဂသံသရာ အနန္တသတ္တဝါတို့၌ ဖြန့်ကြဲ၍ ထားအပ်ကုန်ဘိသကဲ့သို့ ဖြစ်သော်လည်း အခြား၌ ပြိုးပြွမ်း၍ မဖြစ်ကြကုန်၊ စက္ခုစသည်တို့၌သာလျှင် ဖြန့်ကြဲ၍ထားအပ်ကုန်ဘိသကဲ့သို့ ပြိုးပြွမ်းလျက် ဖြစ်ကြကုန်၏။

**(ဤကား အာကာရအနက်၌ ဖြစ်ပုံတည်း။)**

ဗာဟိရာယတနတို့သည်-

၄။ အစာအာဟာရနှင့် အရိပ်သခ်မ်းကို အလိုရှိကုန်သော ငှက်အပေါင်းတို့သည် ထိုထိုအရပ်ဒေသတို့မှလာကြကုန်၍ အသီးအပွင့် အရိပ်အာဝါသတို့နှင့်ပြည့်စုံ၍ အေးမြ ချမ်းသာခြင်းနှင့် ယှဉ်ကုန်သော သစ်ပင်ကြီးတို့၌သာလျှင် တစ်ပေါင်းတည်း

http://www.dhammadownload.com


သက်ဆင်းကျရောက်ကြကုန်၏၊ ထိုသစ်ပင်ကြီးတို့သည် ငှက်အပေါင်းတို့၏ သက်ဆင်းရာ ကျရောက်ရာ စုဝေးရာ နားနေရာဖြစ်သကဲ့သို့ ထို့အတူ ရူပါရုံစသော ဌာနခြောက်ပါး တို့၌ စိတ်စေတသိက်တို့သည် အာရုံပြုခြင်းအကျိုးငှါ အမြဲ မပြတ်ကျရောက် နားနေလာကြကုန်၏၊ ထိုရူပါရုံ အစရှိသည် တို့သည် စိတ်စေတသိက်တို့၏ ကျရောက်ရာ စုဝေးရာ နားနေရာဖြစ်၏။

**(ဤကား သမောသရဏအနက်၌ ဖြစ်ပုံတည်း။)**

အဇ္ဈတ္တိကာယတန ဗာဟိရာယတန နှစ်မျိုးစုံတို့သည်-

၅။ အနမတဂ္ဂသံသရာ အနန္တသတ္တဝါတို့၏ သန္တာန်၌ စိတ်စေတသိက်တို့၏ အစဉ်မပြတ် ဖြစ်နေခြင်းသည် အဇ္ဈတ္တိကာယတန, ဗာဟိရာယတန နှစ်မျိုးတို့ကြောင့်သာလျှင်ဖြစ်၍ နေကြကုန်၏၊ ထို အာယတနတို့မရှိကြကုန်လျှင် စိတ်စေတသိက်တို့သည် ဖြစ်ကြကုန်လိမ့်မည် မဟုတ်ကြကုန်၊ ထို့ကြောင့် အာယတနတို့သည် စိတ်စေတသိက်တို့၏ဖြစ်ကြောင်း ကာရဏတရားတို့ ဖြစ်ကြကုန်၏။

**(ဤကား ကာရဏအနက်၌ ဖြစ်ပုံတည်း။)**

**ရှာပျက်ကြီးနှယ် ခြောက်သွယ်အာယတန အဇ္ဈတ္တ**

ဤ အာယတန တစ်ဆယ့်နှစ်ပါးတို့တွင် အတွင်း အဇ္ဈတ္တိကာယတနခြောက်ပါးတို့ကို သဠာယတန **သံယုတ်ပါဠိတော်** (နှာ- ၃၈၃) ၌ -

- သုညော ဂါမောတိ ခေါ ဘိက္ခဝေ ဆန္နေတံ အဇ္ဈတ္တိကာနံ အာယတနာနံ အဓိဝစနံ။

http://www.dhammadownload.com



ဘိက္ခဝေ=ရဟန်းတို့၊ သုညောဂါမောတိ ဝေါ်=ရွာပျက်ကုန်းကြီး ရွာဆိုးကုန်းကြီးဟူသော ဤအမည်သည်၊ ဆန္နံ=ခြောက်ပါးကုန်သော၊ အဇ္ဈတ္တိကာနံ အာယတနာနံ=အတွင်းအာယတနတို့၏၊ အဓိဝစနံ=အမည်ပေတည်း။

ဆိုလိုရင်း အဓိပ္ပါယ်ကား အတွင်းအာယတန ခြောက်ပါးတို့သည် ရွာပျက်ကုန်ကြီး ရွာဆိုးကုန်းကြီးတို့နှင့် တူကြကုန်၏-ဟု ဆိုလိုပေသည်။

မှန်လှစွာ၏၊ ရွာဆိုးကုန်းကြီး ရွာပျက်ကုန်းကြီးတို့သည် အုပ်ချုပ်သူ စောင့်ရှောက်သူတို့မှ ကင်းမဲ့ကြကုန်၏၊ နေထိုင်ကြသည့် ရွာသူ ရွာသားတို့ မရှိရကား စည်းရိုးတံခါးများမရှိကြကုန်၊ သူခိုး ဓားပြစသော လူဆိုး သူခိုးတို့သည် တံခါးမရှိ ဓားမရှိ အလိုရှိတိုင်း ဝင်ထွက်သွားလာ နေထိုင်ကြကုန်၏၊ ဖုတ် ပြိတ္တာ တစ္ဆေ မြေစောင့်ဘီလူးတို့၏နေထိုင် ပျော်ပါးရာလည်းဖြစ်ကုန်၏၊ ထို့ကြောင့် ထိုရွာဆိုးကုန်းကြီး ရွာပျက် ကုန်းကြီးတို့တွင် နေထိုင်သွားလာခဲ့မူ သဲထိတ် ရင်ဖိုစရာ ကြောက်စရာ အကောင်းဆုံး ဘေးရန်အများဆုံးနေရာဌာနကြီးတို့ ဖြစ်ကြကုန်၏။

ထိုဥပမာအတူ စက္ခာယတနစသော အတွင်းအာယတနတို့သည် ကိလေသာမျိုး သူခိုးဓားပြတို့ ဝင်ရောက် ခိုအောင်းရာ သဒ္ဓါစသော သူတော်ကောင်း ဥစ္စာရတနာတို့ကို ခိုးယူလုယက်ရာတို့ဖြစ်ကြကုန်၏၊ ထိုကိလေသာမျိုး သူခိုးဓားပြတို့ကြောင့် အပါယ်သံသရာသို့ ကျရောက်စေ နိုင်သော အကုသိုလ်ကံပေါင်းအနန္တကိုလည်း ပြုလုပ်ကြကုန်၏၊ ထိုကံ၏ အကျိုးတရား အပါယ်လေးပါးသို့လည်း ကျရောက်ကြရကုန်၏၊ ထို့ကြောင့် စက္ခာယတန စသော အတွင်းအာယတနခြောက်ပါးတို့သည် အလွန် ကြောက်ဖွယ်ကောင်းသော ရွာဆိုးကုန်းကြီး ရွာပျက်ကြီးတို့ပေတည်းဟု ဟောတော်မူ၏။

http://www.dhammadownload.com


သုညဂါမသဒိ္ဒတေသု၊
စက္ခုအာဒီသု သဗ္ဗဒါ။
နိဝုဋ္ဌာဝ ဝိလုပ္ပန္တိ၊
ကိလေသာ သဒ္ဓါမနံ ဝရံ။ ။

(လယ်တီပဏ္ဍိတ ရစနာဂါထာ)

သုညဂါမသဒိ္ဒတေသု=ရွာဆိုးကုန်းတို့ဟူ၍ ဆိုအပ်ကုန်သော၊ စက္ခုအာဒီသု=စက္ခုအစရှိသော အဇ္ဈတ္တိကာယတန ခြောက်ပါးတို့၌၊ ကိလေသာ=ကိလေသာရန်သူကြီးတို့သည်၊ သဗ္ဗဒါ=အခါခပ်သိမ်း၊ နိဝုဋ္ဌာဝ=ကိန်းအောင်း ခိုဝင်ကြကုန်၍သာလျှင်၊ ဝရံ=မြတ်လှစွာသော၊ သဒ္ဓါမနံ=သူတော်ကောင်းတို့၏ ဥစ္စာရတနာများတို့ကို၊ ဝိလုပ္ပန္တိ=အတင်းလုယက်ကြကုန်၏။

## စက္ခာယတန ဒုက္ခပရိညာ

( ၄ ) စက္ခာယတန ဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
( ၅-၆ ) ခမ္မံ - သံဃံ

စက္ခာယတနတည်းဟူသော ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြားဆုံးဖြတ်၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ဤအရာ၌ စက္ခာယတနဟူသည်ကား မျက်လုံးအိမ်အတွင်း၌ ခဏမစဲ အမြဲမပြတ် တဖွားဖွားဖြစ်ပေါ်နေသော လွန်ခဲ့သော အတိတ်ဘဝတို့က ရှုပတဏှာ အကြောင်းရင်း မူလရှိသဖြင့် ပြုလုပ်အပ်သော ကံကြောင့်ဖြစ်ပေါ်နေသော ကမ္မဇမဟာဘုတ်တို့၏ ကြည်လင်မှု ပသာဒ သည် စက္ခာယတနမည်၏။

http://www.dhammadownload.com



ထိုစက္ခာယတနခေါ်သော စက္ခုပသာဒသည် မျက်ဖြူဝန်းတို့ဖြင့် ဝိုင်းရံအပ်သော မျက်နက်ဝန်း၏ အလယ်တည့်တည့်၌ သန်းဦးခေါင်း ပမာဏရှိသော အရပ်၌တည်၏၊ ခုနစ်ထပ်သော ဝါဂွမ်းစိုင်တို့ကို ဆီဖြင့် ပျံ့နှံ့စိမ့်စိုစေလျက် တည်နေသကဲ့သို့ စက္ခုပသာဒသည်လည်း မျက်လွှာ ခုနစ်ထပ်တို့ကို ပျံ့နှံ့စိမ့်စိုလျက် တည်နေ၏။

ဤစက္ခာယတနသည် ရွာဆိုးကုန်းကြီး ရွာပျက်ကုန်းကြီး တစ်ခု ပေတည်း၊ မြင်မှုဖြစ်ပေါ်ခဲ့လျှင် "**စက္ခုနာ သံဝရော သာဓု**" ဟု ဟော တော်မူသောအတိုင်း ဝိပဿနာဉာဏ်ပညာနှင့် စောင့်ရှောက် ထိန်းသိမ်း နိုင်ခဲ့ပါမူ သံသရာမှလွတ်ကြောင်း ကောင်းလှပေ၏၊ မစောင့်ရှောက် မထိန်းသိမ်းနိုင်ခဲ့ပါမူ လောဘစသော အနုသယကိလေသာမီးကြီး ညီးညီးပြောင်ပြောင် တောက်လောင်လာမည်မှာ မလွဲပါပေ၊ ထိုအနုသယ ကိလေသာမီး၏ အကျိုးဆက်ဖြစ်သော ပရိယုဋ္ဌာနကိလေသာ ဝီတိက္ကမ ကိလေသာတို့သည် သူ့အကြောင်းနှင့် သူ့အကျိုး သူ့မျိုးစေ့နှင့် သူ့သစ်ပင် အစဉ်မပြတ်ဖြစ်ပေါ်လာကြမည်မှာ မလွဲတံတွာပင် ဖြစ်ပေ၏။

ထို့ကြောင့် **သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော် (နှာ-၃၈၄)**၌-

> **စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာ ဒေါမနဿာ**
> **ပါပကာ အကုသလာ ဓမ္မာ အန္ဝာဿဝေယျုံ။**

စက္ခုန္ဒြိယံ=စက္ခုန္ဒြေကို၊ အသံဝုတံ=မစောင့်ရှောက် မပိတ်မဆို့ မူ၍၊ ဝိဟရန္တံ=နေသောသူကို၊ အဘိဇ္ဈာ ဒေါမနဿာ=အဘိဇ္ဈာဒေါမနဿ တို့သည်လည်းကောင်း၊ ပါပကာ=အကြမ်းအကြုတ် အယုတ်အမာ ဖြစ် ကုန်သော၊ အကုသလာဓမ္မာ=မကောင်းဆိုးဝါးတရားအမိုက်တို့သည် လည်းကောင်း၊ အန္ဝာဿဝေယျုံ=မီးခိုးကြွက်လျှောက်လျှင် ကပ်ရောက် ဝင်ပူး အရှုးတိုက်ခြင်းစသည်ကို ပြုကြကုန်ရာ၏။

ဟူ၍ ဟောတော်မူ၏။

http://www.dhammadownload.com



## သောတာယတန ဒုက္ခပရိညာ

( ၇ ) သောတာယတန ဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
( ၈- ၉ ) ဓမ္မံ - သံဃံ

သောတာယတနတည်းဟူသော ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာ ဟူ၍ ဆည်းကပ်ပါ၏။

ဤအရာ၌ သောတာယတန ဟူသည်ကား နားအိမ်အတွင်း၌ ခဏမစဲ မမြဲမပြတ် တဖွားဖွားဖြစ်ပေါ်နေသော လွန်ခဲ့သော အတိတ်ဘဝတို့က သဒ္ဒတဏှာ အကြောင်းရင်းမူလရှိသဖြင့် ပြုလုပ်အပ်သော ကံကြောင့်ဖြစ်ပေါ်နေသော ကမ္မဇ မဟာဘုတ်တို့၏ ကြည်လင်မှု သောတပသာဒသည် သောတာယတနမည်၏။

ထိုသောတာယတနခေါ် သောတပသာဒသည် နား၏ အတွင်း၌ နူးညံ့ သိမ်မွေ့သော အမွေးနီကလေးတို့ ပေါက်ရောက်၍နေသော ကြေးနီလက်စွပ် ကွင်းသဏ္ဍာန်ရှိသော အရပ်ဌာနကို ပျံ့နှံ့လျက်တည်၏၊ ဤသောတာယတနသည်လည်း ရွာဆိုးကုန်းကြီး ရွာပျက်ကုန်းကြီးတစ်ခုပေတည်း၊ ဤမှစ၍ လာလတ္တံ့သော အတွင်းအာယတန ငါးပါးတို့၏ ရွာဆိုးကုန်းကြီး ရွာပျက်ကုန်းကြီးနှင့် တူပုံကို စက္ခာယတန၌ ဆိုခဲ့ပြီးသော နည်းဖြင့် အကျယ်ဖွင့်၍ သိကြလေကုန်။

> သောတိန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာ ဒေါမနဿာ
> ပါပကာ အကုသလာ ဓမ္မာ အန္ဝာဿဝေယျုံ။

[အမှာ- သောတိန္ဒြိယံ=သောတိန္ဒြေကို၊ ဤမျှသာ အနက်ထူး၏၊
ကြွင်းသော ပါဠိ၏အနက်များ စက္ခုန္ဒြေ၌ ဆိုခဲ့ပြီးသော

http://www.dhammadownload.com



နည်းအတိုင်း သိကြကုန်၊ နောက်အာယတနများတို့
တွင်လည်း ဤနည်းကိုမှီ၍ သိကြပါလေ။

## ဃာနာယတန ဒုက္ခပရိညာ

( ၁၀ ) ဃာနာယတန ဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
( ၁၁- ၁၂ ) ဓမ္မံ - သံဃံ

ဃာနာယတနတည်းဟူသော ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ဤအရာ၌ ဃာနာယတန ဟူသည်ကား နှာခေါင်းအိမ်အတွင်း၌ ခဏမစဲ မမြဲမပြတ် တဖွားဖွား ဖြစ်ပေါ်နေသော လွန်ခဲ့သော အတိတ်ဘဝတို့က ဂန္ဓ တဏှာ အကြောင်းမူလရှိသဖြင့် ပြုလုပ်အပ်သော ကံကြောင့် ဖြစ်ပေါ်နေသော ကမ္မဇ မဟာဘုတ်တို့၏ ကြည်လင်မှု ဃာနပသာဒ သည် ဃာနာယတန မည်၏။

ထိုဃာနာယတနခေါ် ဃာနပသာဒသည် နှာခေါင်းပေါက်၏ အတွင်း၌ ဆိတ်ခွါသဏ္ဌာန်ရှိသောဌာနကို ပျံ့နှံ့လျက်တည်၏၊ ဤဃာနာယတနသည်လည်း ရွာဆိုးကုန်းကြီး ရွာပျက်ကုန်းကြီး တစ်ခု ပေတည်း။

ဃာနိန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာ ဒေါမနဿာ ပါပကာ
အကုသလာ ဓမ္မာ အန္ဝာဿဝေယျုံ။

## ဇိဝှါယတနဒုက္ခပရိညာ

(၁၃) ဇိဝှါယတန ဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

http://www.dhammadownload.com



(၁၄- ၁၅) ဓမ္မ - သံယံ

ဇိဝှါယတနတည်းဟူသော ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ဤအရာ၌ ဇိဝှါယတန ဟူသည်ကား လျှာပေါ်၌ ခဏမစဲ အမြဲမပြတ် တဖွားတဖွား ဖြစ်ပေါ်နေသော လွန်ခဲ့သော အတိတ်ဘဝတို့က ရသတဏှာ အကြောင်းရင်းမူလရှိသဖြင့် ပြုလုပ်အပ်သော ကံကြောင့်ဖြစ်ပေါ်နေသော ကမ္မဇမဟာဘုတ်တို့၏ ကြည်လင်မှု ဇိဝှါပသာဒသည် ဇိဝှာယတန မည်၏။

ထိုဇိဝှါယတန ဇိဝှါပသာဒသည် လျှာ၏အလယ်ဗဟိုချက်တွင် ကြာရွက် ဖျားသဏ္ဍာန်ရှိသော ဌာနကို ပျံ့နှံ့၍ တည်၏။

ဤဇိဝှါယတနသည်လည်း ရွာဆိုးကုန်းကြီး ရွာပျက်ကုန်းကြီး တစ်ခုပေတည်း။

ဇိဝှိန္ဒြိယံ အသံဝုတံ ဝိဟာရန္တံ အဘိဇ္ဈာ ဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာဿဝေယျုံ။

## ကာယာယတန ဒုက္ခပရိညာ

( ၁၆ ) ကာယာယတန ဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

( ၁၇-၁၈ ) ဓမ္မ - သံယံ

ကာယာယတနတည်းဟူသော ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီး ကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ

http://www.dhammadownload.com



ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ဤအရာ၌ ကာယာယတန ဟူသည်ကား အတွင်းအပဖြစ်သော တစ်ကိုယ်လုံး၌ ခဏမစဲ အမြဲမပြတ် တစ်ဖွားဖွား ဖြစ်ပေါ်နေသော လွန်ခဲ့သော အတိတ်ဘဝတို့က ဖောဇ္ဇဒ္ဓတဏှာ အကြောင်းရင်းမူလ ရှိသဖြင့် ပြုလုပ်အပ်သော ကံကြောင့်ဖြစ်ပေါ်နေသော ကမ္မဇမဟာဘုတ် တို့၏ ကြည်လင်မှု ကာယပသာဒသည် ကာယာယတနမည်၏။

ထိုကာယာယတနခေါ် ကာယပသာဒသည် ဆံပင် မွေးညင်း ခြေသည်းဖျား လက်သည်းဖျား သွားအရိုး ခြောက်ထပ်သောအရေတို့မှ ကြွင်းကျန်သော အတွင်းအပြင်တစ်ကိုယ်လုံးကို ပျံ့နှံ့၍တည်၏၊ ဤ ကာယာယတနသည်လည်း ရွာဆိုးကုန်းကြီး ရွာပျက်ကုန်ကြီး တစ်ခု ပေတည်း။

ကာယိန္ဒြိယံ အသံဝုသံ ဝိဟာရန္တံ အဘိဇ္ဈာ ဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာဿဝေယျုံ။

## မနာယတန ဒုက္ခပရိညာ

( ၁၉ ) မနာယတန ဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
( ၂၀- ၂၁) ဓမ္မံ - သံဃံ

မနာယတနတည်းဟူသော ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်း အောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ဤအရာ၌ မနာယတနဟူသည်ကား မိမိခန္ဓာကိုယ်၌ ဖြစ်ဖြစ်သမျှ သော စိတ်မှန်သမျှတို့သည် မနာယတနတို့ မည်ကြကုန်၏။

http://www.dhammadownload.com



(တစ်နည်း) စိတ်အကျဉ်း ၈၉-ပါး၊ အကျယ်-၁၂၁-ပါးတို့သည် မနာယတနတို့ မည်ကြကုန်၏၊ ဤမနာယတနသည်လည်း ရွာဆိုးကုန်းကြီး ရွာပျက်ကုန်းကြီးတစ်ခုပေတည်း။

မနိန္ဒြိယံ အသံဝုတံ ဝိဟာရန္တံ အဘိဇ္ဈာ ဒေါမနဿာ ပါပကာ
အကုသလာ ဓမ္မာ အန္ဝာဿဝေယျုံ။

မနိန္ဒြိယံ=မနိန္ဒြေကို၊ အသံဝုတံ=မစောင့်ရှောက် မပိတ်ဆို့မူ၍၊ ဝိဟာရန္တံ=နေသောသူကို၊ အဘိဇ္ဈာဒေါမနဿာ=အဘိဇ္ဈာ ဒေါမနဿတို့သည်လည်းကောင်း၊ ပါပကာ=အကြွမ်းအကြုတ် အယုတ်အမာဖြစ်ကုန်သော၊ အကုသလာ ဓမ္မာ=မကောင်းဆိုးဝါး တရားအမိုက်တို့သည်လည်းကောင်း၊ အန္ဝာဿဝေယျုံ= မီးခိုးကြွက်လျှောက်လျှင် ကပ်ရောက်ဝင်ပူး အရှုးတိုက်ခြင်းစသည်ကို ပြုကြကုန်ရာ၏။

## အဇ္ဈတ္တိကာယတန ခြောက်ပါးအတွက် ပြီးပြီ။

-------✱-------

## ရူပါယတန ဒုက္ခပရိညာ

(၂၂) ရူပါယတနဒုက္ခ ပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၂၃- ၂၄- ) ဓမ္မံ - သံဃံ

ရူပါယတနတည်းဟူသော ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီးကို ပရိညာ ကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

http://www.dhammadownload.com


**တပ်မားပြနှယ် ခြောက်သွယ်အာယတန ဗာဟိရ**

ဤအရာ၌ ရူပါယတန ဟူသည်အဆင်းမျိုးစုံ ရူပါရုံပင်တည်း၊ ဤရူပါယတနသည် လုယူ တိုက်ဖျက်တတ်သော ခိုးသူကြီး တစ်ယောက် ပေတည်း။

ချဲ့၍ဆိုဦးအံ့၊ သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် (နှာ-၃၈၃) ၌-

စောရာ ဂါမဃာတကာတိခေါ ဘိက္ခဝေ ဆန္နေတံ ဗာဟိရာနံ အာယတနာနံ အဓိဝစနံ။

စောရာ ဂါမဃာတကာတိ=ရွာကိုဖျက်ဆီးတတ်သော သူပုန်ကြီး မားပြကြီးတို့ဟူသော၊ ဧတံ=ဤမည်သည်ကား၊ ဆန္နံ=ခြောက်ပါးကုန် သော၊ ဗာဟိရာနံ အာယတနာနံ=ဗာဟိရာယတနတို့၏၊ အဓိဝစနံ= အမည်ပေတည်း။

ဟူ၍ ဟောတော်မူ၏၊ ဆိုလိုရင်းအဓိပ္ပါယ်ကား ရွာနိဂုံးစသည် တို့ကို တိုက်ဖျက်လုယူတတ်သော ခိုးသူ မားပြကြီးတို့ဟူသည် ဗာဟိရာ ယတနခြောက်ပါးတို့၏ အမည်ပေတည်း၊ ဗာဟိရာယတန ခြောက်ပါး တို့သည် ရွာနိဂုံးတို့ကို တိုက်ဖျက်လုယူတတ်သော ခိုးသူ မားပြကြီး တို့နှင့်တူ၏-ဟုဆိုလိုပေသည်။

မှန်လှစွာ၏၊ ပညာဉာဏ် အမြော်အမြင် ကင်းမဲ့ကြကုန်သော သူတို့သည် အုပ်ချုပ်သူ စောင့်ရှောက်သူမရှိသော ရွာဆိုးကုန်း ရွာပျက် ကုန်းကြီးတို့တွင် အားကိုးတစ်ခုပြုလုပ် နေထိုင်ကြကုန်၏၊ သူခိုး မားပြတို့ သည် လာကြကုန်၍ ထို ရွာဆိုးကုန်း ရွာပျက်ကုန်းကြီးကို ဝိုင်းဝန်း ဖျက်ဆီး မီးတိုက်ကြကုန်၏၊ ရွာတွင်းမှ ပြေးထွက်လာသော သူတို့ထံမှ ရွှေ ငွေ ရတနာတို့ကို လုယက် ယူငင်ကြကုန်၏၊ ရိုက်နှက် ပုတ်ခတ်ကြကုန်၏၊ အသက်ဆုံးသည်တိုင်အောင်သော်လည်း နှိပ်စက်ကြကုန်၏။

http://www.dhammadownload.com



ထို့အတူ ရူပါယတနတည်းဟူသော ဓားပြ သူခိုးတို့သည် စက္ခာယတန တည်းဟူသော ရွာဆိုးကုန်းကြီး ရွာပျက်ကုန်းကြီးကို ရာဂစသော မီးတို့ဖြင့် ဝိုင်းဝန်း ဖျက်ဆီး မီးတိုက်ကြကုန်၏၊ သဒ္ဓါစသော သူတော်ဥစ္စာ ရတနာတို့ကို လုယက် ဖျက်ဆီးကြကုန်၏၊ ယုတ်မာ ဆိုးဝါး အကုသိုလ်တရားတို့ကို ပြုစေကြကုန်၏၊ အပါယ်လေးပါး ဒုဂ္ဂတိဘုံဘဝ များသို့ အရောက်ပို့ဆောင်ကြကုန်၏။

ထို့ကြောင့် သဠာယတနဝဂ္ဂ သံယုတ် ပါဠိ (နှာ - ၃၈၃ ) ၌ -

- စက္ခုံ ဘိက္ခဝေ ဟညတိ မနာပါမနာပေသု ရူပေသု၊

ဘိက္ခဝေ=ရဟန်းတို့၊ မနာပါမနာပေသု=စိတ်နှလုံးကို ပွါးစေတတ်၊ စိတ်နှလုံးကို မပွါးစေတတ်ကုန်သော၊ ရူပေသု=ရူပါရုံတို့သည်၊ စက္ခုံ= စက္ခုပသာဒကို၊ ဟညတိ=ညှဉ်းဆဲနှိပ်စက်အပ်၏။

ဆိုလိုရင်း အဓိပ္ပါယ်ကား ရူပါရုံတို့သည် စက္ခုပသာဒ၌ တိုက်ဆိုင် လာခဲ့သော် ဝိပဿနာဉာဏ်အမြင် မရှိသော ဗာလပုထုဇဉ်တို့၏ စက္ခုပသာဒ၌ နှစ်သက်အပ်သော ဣဋ္ဌာရုံဖြစ်ခဲ့သော ရာဂမီးသည်လည်း ကောင်း၊ မနှစ်သက်အပ်သော အနိဋ္ဌာရုံဖြစ်ခဲ့လျှင် ဒေါသမီးသည် လည်းကောင်း ညီးညီးပြောင်ပြောင် တောက်လောင်ကြကုန်၏-ဟု သိမှတ်ပေရာ၏။

- ဂါမဃာတသခ်ီ တေဟိ၊
တိက္ခာဝုဓေဟိ သဗ္ဗဒါ။
ရူပါဒီဟိတိ ဟညတ္တိ၊
သတ္တာ ရူပါဒိသဋ္ဌိတာ။ ။

(လယ်တီ ပဏ္ဍိတ ရစနာဂါထာ)

http://www.dhammadownload.com


ဂါမယာတသေ်ါတေဟိ=ရွာကို တိုက်ဖျက်တတ်သော ခားပြကြီးတို့ဟူ၍ ဆိုအပ်ကုန်သော၊ တိက္ခာဝုဓေဟိ=ထက်မြက်သော လက်နက်ရှိကြကုန်သော၊ ရူပါဒီဟိ=ရူပါရုံ အစရှိကုန်သော ဗာဟိရာယတန ခြောက်ပါးတို့သည်၊ ရူပါဒိသဒ္ဓိတာ=ရူပါရုံစသည်တို့၌ တပ်မက်ငြိစွန်း၍ နေကြကုန်သော၊ သတ္တာ=သတ္တဝါအပေါင်းတို့ကို၊ အတိဟညန္တိ= အတင်းစီး၍ အားကြီးတိုက်ဖျက်သတ်ဖြတ်ကြကုန်၏။

ဤရူပါယတန၌ ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း ကြွင်းကျန်သော အာယတနတို့၌ အကျယ်ချဲ့၍ သိကြပါကုန်။

## သဒ္ဒါယတနဒုက္ခပရိညာ

( ၂၅ ) သဒ္ဒါယတန ဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
( ၂၆ - ၂၇ ) ဓမ္မံ - သံဃံ

သဒ္ဒါယတန တည်းဟူသော ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

သဒ္ဒါယတနဟူသည် အသံမျိုးစုံ သဒ္ဒါရုံပေတည်း။

- သောတံ ဘိက္ခဝေ ဟညတိ မနာပါမနာပေသု သဒ္ဒေသု။

ဘိက္ခဝေ=ရဟန်းတို့၊ မနာပါမနာပေသု=စိတ်နှလုံးကို ပွားစေတတ်, စိတ်နှလုံးကို မပွါးစေတတ်ကုန်သော၊ သဒ္ဒေသု=သဒ္ဒါရုံတို့သည်၊ သောတံ= သောတပသာဒကို၊ ဟညတိ=ညှဉ်းဆဲနှိပ်စက်အပ်၏။

ဟု ဟောတော်မူသောကြောင့် ဤသဒ္ဒါယတနသည်လည်း လုယူတိုက်ဖျက်တတ်သော ခိုးသူကြီးတစ်ယောက်ပေတည်း။

http://www.dhammadownload.com



## ဂန္ဓာယတန ဒုက္ခပရိညာ

( ၂၈ ) ဂန္ဓာယတန ဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
( ၂၉- ၃၀) ဓမ္မံ - သံဃံ

ဂန္ဓာယတနတည်းဟူသော ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ဂန္ဓာယတနဟူသည် အနံ့မျိုးစုံဂန္ဓာရုံပေတည်း။

- ယာနံ ဘိက္ခဝေ ဟညတိ မနာပါမနာပေသု ဂန္ဓေသု။

ဘိက္ခဝေ=ရဟန်းတို့၊ မနာပါမနာပေသု=စိတ်နှစ်လုံးကို ပွါးစေတတ် စိတ်နှစ်လုံးကို မပွါးစေတတ်ကုန်သော၊ ဂန္ဓေသု=ဂန္ဓာရုံတို့သည်၊ ယာနံ=ယာနပသာဒကို၊ ဟညတိ=ညှဉ်းဆဲနှိပ်စက်အပ်၏။

ဟု ဟောတော်မူသောကြောင့် ဤဂန္ဓာယတနသည်လည်း လုယက်တိုက်ဖျက်တတ်သော ခိုးသူကြီးတစ်ယောက်ပေတည်း။

## ရသာယတန ဒုက္ခပရိညာ

(၃၁) ရသာယတန ဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၏
(၃၂-၃၃) ဓမ္မံ - သံဃံ

ရသာယတနတည်းဟူသော ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

http://www.dhammadownload.com



ရသာယတနဟူသည် အရသာမျိုးစုံ ရသာရုံပေတည်း။

- ဇိဝှါ ဘိက္ခဝေ ဟညတိ မနာပါမနာပေသု ရသေသု။

ဘိက္ခဝေ=ရဟန်းတို့၊ မနာပါမနာပေသု=စိတ်နှလုံးကိုပွါးစေတတ်၊ စိတ်နှလုံးကို မပွါးစေတတ်ကုန်သော၊ ရသေသု=ရသာရုံတို့၌၊ ဇိဝှါ=ဇိဝှါပသာဒကို၊ ဟညတိ=ညှဉ်းဆဲနှိပ်စက်အပ်၏။

ဟုဟောတော်မူသောကြောင့် ဤရသာယတနသည်လည်း လုယက်တိုက်ဖျက်တတ်သော ခိုးသူကြီးတစ်ယောက်ပေတည်း။

## ဖောဋ္ဌဗ္ဗာယတန ဒုက္ခပရိညာ

(၃၄) ဖောဋ္ဌဗ္ဗာယတန ဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။
(၃၅-၃၆) ခမ္ဘံ - သံယံ

ဖောဋ္ဌဗ္ဗာယတန တည်းဟူသော ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ဖောဋ္ဌဗ္ဗာယတနဟူသည် အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံပေတည်း။

- ကာယော ဘိက္ခဝေ ဟညတိ မနာပါမနာပေသု ဖောဋ္ဌဗ္ဗေသု။

ဘိက္ခဝေ=ရဟန်းတို့၊ မနာပါမနာပေသု=စိတ်နှလုံးကို ပွါးစေတတ်၊ စိတ်နှလုံးကို မပွါးစေတတ်ကုန်သော၊ ဖောဋ္ဌဗ္ဗေသု=ဖောဋ္ဌဗ္ဗာရုံတို့သည်၊ ကာယော=ကာယပသာဒကို၊ ဟညတိ=ညှဉ်းဆဲနှိပ်စက်အပ်၏။

http://www.dhammadownload.com



ဟု ဟောတော်မူသောကြောင့် ဤဓမ္မာယတနသည်လည်း လုယူ ဖျက်ဆီးတတ်သော ခိုးသူကြီးတစ်ယောက်ပေတည်း။

## ဓမ္မာယတန ဒုက္ခပရိညာ

(၃၇) ဓမ္မာယတန ဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၃၈ - ၃၉ ) ဓမ္မံ - သံဃံ

ဓမ္မာယတနတည်းဟူသော ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ဓမ္မာယတန ဟူသည် စေတသိက်-၅၂-ပါး၊ သုခုမရုပ်-၁၆-ပါး၊ ဟုဆိုအပ်သော နာမ်ရုပ်အစုံ ဓမ္မာရုံတို့ပေတည်း။

[သတိပြုရန်- ဓမ္မာယတနထိုက်သော တရားတို့တွင် နိဗ္ဗာန်သည် ဒုက္ခာသစ္စာ မထိုက်၊ နိရောဓသစ္စာသာ ဖြစ်၏၊ ထို့ကြောင့် ဓမ္မယတန သာမညကောက်လျှင် နိဗ္ဗာန်ကိုထည့်၍ ကောက်၊ ဒုက္ခသစ္စာဖွဲ့ခဲ့လျှင် နိဗ္ဗာန်ကိုချန်လှပ်၍ ထားကြပါကုန်။]

\- မနော ဘိက္ခဝေ ဟညတိ မနာပါမနာပေသု
ဓမ္မေသု။

ဘိက္ခဝေ=ရဟန်းတို့၊ မနာပါမနာပေသု=စိတ်နှလုံးကို ပွါးစေတတ်, စိတ်နှလုံးကို မပွါးစေတတ်ကုန်သော၊ ဓမ္မေသု=ဓမ္မာရုံတို့သည်၊ မနော=မနောဒွါရကို၊ ဟညတိ=ညှဉ်းဆဲနှိပ်စက်အပ်၏။

http://www.dhammadownload.com


ဟု ဟောတော်မူသောကြောင့် ဤမွာယတနသည်လည်း လုယူ တိုက်ဖျက်တတ်သော ခိုးသူကြီး တစ်ယောက်ပေတည်း။

ဒုက္ခသစ္စာ အာယတန တစ်ဆယ့်နှစ်ပါးအဖွင့်
ဘုရားရှိခိုးပြီးပြီ။

---

## ဓာတုဝဏ္ဏနာ ပဌာမ

### ဓာတုဒုက္ခ ပရိညာ

( ၁ ) အဋ္ဌာရသဓာတု ဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
( ၂-၃ ) ဓမ္မံ ၊ သံဃံ

ဓာတ်တစ်ဆယ့်ရှစ်ပါး တည်းဟူသော ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာ ခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာ ဟူ၍ဆည်းကပ်ပါ၏။

ဤအရာ၌ ဓာတ်တစ်ဆယ့်ရှစ်ပါးဟူသည်ကား -

၁။ စက္ခုဓာတု = စက္ခုပသာဒ မျက်စိအကြည်ရုပ်။

၂။ သောတဓာတု = သောတပသာဒ နားအကြည်ရုပ်။

၃။ ဃာနဓာတု = ဃာနပသာဒ နှာခေါင်းအကြည်ရုပ်။

၄။ ဇိဝှါဓာတု = ဇိဝှါပသာဒ လျှာအကြည်ရုပ်။

၅။ ကာယဓာတု = ကာယပသာဒ ကိုယ်အကြည်ရုပ်။

၆။ မနောဓာတု = ပဉ္စဒွါရာဝဇ္ဇန်း-၁၊ သမ္ပဋိစ္ဆိုန်း-၂- ဟု ဆိုအပ်သော စိတ်-၃ -ခု။



ဤဓာတ်ခြောက်ပါးတို့သည် ရုပ်ရုံစသော ထိခိုက်လာသည့် အာရုံ

http://www.dhammadownload.com



ခြောက်ပါးတို့ကို ခံလင့်တတ်သောကြောင့် အခံဓာတ်တို့ မည်ကုန်၏။

၁။ ရူပဓာတု = ရူပါရုံ အဆင်းရုပ်။

၂။ သဒ္ဒဓာတု= သဒ္ဒါရုံ အသံရုပ်။

၃။ ဂန္ဓဓာတု = ဂန္ဓာရုံ အနံ့ရုပ်။

၄။ ရသဓာတု= ရသာရုံ အရသာရုပ်။

၅။ ဖောဋ္ဌဗ္ဗဓာတု= ဖောဋ္ဌဗ္ဗာရုံ အတွေ့အထိရုပ်။

၆။ ဓမ္မဓာတု= ဓမ္မာရုံ စေတသိက်-၅၂၊ သုခုမရုပ်-၁၆၊ နိဗ္ဗာန်တည်းဟူသော ရုပ်နာမ်အစုံ။

ဤဓာတ်ခြောက်ပါးတို့သည် အခံဓာတ်ခြောက်ပါးတို့၌ ထိရောက် တိုက်ခိုက်တတ်သောကြောင့် အတိုက်ဓာတ် အခိုက်ဓာတ်တို့ မည်ကုန်၏။

၁။ စက္ခုဝိညာဏဓာတု=စက္ခုဒွါရ၌ဖြစ်သောမြင်သိစိတ်။

၂။ သောတဝိညာဏဓာတု=သောတဒွါရ၌ဖြစ်သော ကြားသိစိတ်။

၃။ ဃာနဝိညာဏဓာတု=ဃာနဒွါရ၌ဖြစ်သော နံ့သိစိတ်။

၄။ ဇိဝှါဝိညာဏဓာတု=ဇိဝှါဒွါရ၌ဖြစ်သော လျှက်သိစိတ်။

၅။ ကာယဝိညာဏဓာတု=ကာယဒွါရ၌ဖြစ်သောတွေ့သိစိတ်။

၆။ မနောဝိညာဏဓာတု=မနောဒွါရ၌ဖြစ်သော တွေးသိကြံသိစိတ်။

(တစ်နည်း) ပဉ္စဝိညာဉ်-၁၀-မနောဓာတ်-၃-ခုမှကြွင်းသောစိတ်-၇၆-ခု၊

ဤဓာတ်ခြောက်ပါးတို့သည် အခံဓာတ်နှင့်အတိုက်ဓာတ်တို့ ထိခိုက်မှုကြောင့်ဖြစ်သော အပွင့်ဓာတ်, အပေါ်ဓာတ်တို့မည်ကုန်၏။

(၈၉)

http://www.dhammadownload.com



**ခါတ်မည်ရခြင်း အကြောင်းရင်း** ဤအရာ၌ အဘယ်ကြောင့် ဓါတ်မည်ပါသနည်းဟု မေးခဲ့ပါမူ-

(က) အတ္တနော ဓဝ သဘာဝံ ဓာရေတီတိ ဓာတု။

အတ္တနောဓဝ=မိမိ၏သာလျှင်၊ သဘာဝံ=သဘောကို၊ ဓာရေတိ= ဆောင်တတ်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ ဓာတု=ဓာတ်မည်၏။

ဆိုလိုရင်းအဓိပ္ပါယ်ကား တစ်စုံတစ်ယောက်သော သတ္တဝါ၏ လည်းကောင်း, လူ၏လည်းကောင်း, နတ်၏လည်းကောင်း, ဗြဟ္မာ၏ လည်းကောင်း အလိုမလိုက် အကြိုက်မပါမူ၍ မိမိ၏သဘောကိုသာလျှင် တည့်တည့်မတ်မတ် ဆောင်ရွက်တတ်သောကြောင့် ဓာတ်မည်၏-ဟု ဆိုလိုပေသည်။

(ခ) ယထာ သဘာဝံ ဓာရီယတိ သလ္လက္ခီယတိ ဝဝတ္ထ ပီယတီတိ ဓာတု။

ယထာသဘာဝံ=သဘောအားလျော်စွာ၊ ဓာရီယတိသလ္လက္ခီယတိ= ကောင်းစွာမှတ်အပ်၏၊ ဝဝတ္ထပီယတိ=ပိုင်းခြားအပ်၏၊ ဣတိတသ္မာ= ထို့ကြောင့်၊ ဓာတု=ဓာတ်မည်၏။

ဆိုလိုရင်းအဓိပ္ပါယ်ကား ပရမတ္ထသဘောအားဖြင့်သာ အသီးသီး ပိုင်းခြား မှတ်သားအပ်သောကြောင့် ဓာတ်မည်၏၊ ပရမတ္ထသဘောမှ တစ်ပါးတစ်ခြားသော သတ္တသဘော, အတ္တသဘော, ဇီဝသဘော စသည် အားဖြင့် မပိုင်းခြား မသတ်မှတ်အပ်ချေ-ဟု ဆိုလိုပေသည်။

(ဂ) နိဿတ္တ နိဇ္ဇီဝဋ္ဌေန ဓာတု။

နိဿတ္တ နိဇ္ဇီဝဋ္ဌေန=သတ္တမျိုး ဇီဝမျိုး မဟုတ်သော အနက်ကြောင့် ဓာတု=ဓာတ်မည်၏။

ဆိုလိုရင်း အဓိပ္ပါယ်ကား သူမျိုး ငါမျိုး သတ္တမျိုးစသော အခြင်း

http://www.dhammadownload.com



အရာမှ ကင်းဆိတ်သော နိဿတ္တအနက် သဘောရှိသောကြောင့်လည်းကောင်း အသက်ရှိ၏ဟူသော ဇီဝသဘောမှ ကင်းဆိတ်သော နိဇ္ဇီဝအနက် သဘောရှိသောကြောင့်လည်းကောင်း ဓာတ်မည်၏-ဟု ဆိုလိုပေသည်။

ဤသုံးပုဒ်တို့ဖြင့် စက္ခုစသော တစ်ဆယ့်ရှစ်ပါးသော တရားတို့သည် လူ့အလိုသို့လည်း မလိုက်, နတ်အကြိုက်သို့လည်း မပါ, ဗြဟ္မာဖန်ဆင်းသည်လည်းမဟုတ်ဘဲ အသီးသီး ပိုင်းခြား သတ်မှတ်အပ်သော မိမိသဘာဝအလျောက် ဖြစ်သည့်သဘောကို ဆောင်တတ်သောကြောင့် ဓာတ်မည်၏၊ အသက်မျိုးဇီဝမျိုး သတ္တဝါမျိုးအတ္တမျိုးများ မဟုတ်ချေ၊ ဤသို့သိမှတ်ပေရာ၏။

ဤနေရာ၌ ဓာတ်တစ်ဆယ့်ရှစ်ပါးတို့၏ ဒုက္ခပရိညာကိစ္စတို့ကို ပြဆိုခဲ့ပြီးသော အာယတနတို့နှင့်တူပြီးဖြစ်၍ သီးခြားထပ်မံ၍ မပြတော့ပြီ၊ အဓိပ္ပါယ်ကို နှီးနွှယ်ဆက်စပ်၍သာ သိကြလေကုန်၊ ကလျာဏနွှယ်ဝင် သူတော်စင်တို့ အမြင်ရှင်းစေရန် ပသာဒ, ဝတ္ထု, ဒွါရ, အာယတန, ဓာတ်တို့ကိုသာ တွဲစပ်ဖော်ပြခဲ့ပေအံ့။

- စက္ခုပသာဒ, စက္ခုဝတ္ထု, စက္ခုဒွါရ, စက္ခာယတန, စက္ခုဓာတ် ဤငါးပါးအတူတူမှတ်။
- သောတပသာဒ, သောတဝတ္ထု, သောတဒွါရ, သောတာယတန, သောတဓာတ် ဤငါးပါးအတူတူမှတ်။
- ဃာနပသာဒ, ဃာနဝတ္ထု, ဃာနဒွါရ, ဃာနာယတန, ဃာနဓာတ် ဤငါးပါးအတူတူမှတ်။
- ဇိဝှါပသာဒ, ဇိဝှါဝတ္ထု, ဇိဝှါဒွါရ, ဇိဝှါယတန, ဇိဝှါဓာတ် ဤငါးပါးအတူတူမှတ်။

http://www.dhammadownload.com



- ကာယပသာဒ, ကာယဝတ္ထု, ကာယဒွါရ, ကာယာယတန, ကာယဓာတ် ဤငါးပါးအတူတူမှတ်
- မနောတွင်ကား အလုံးစုံအတူတူဟု မမှတ်ပါလင့်၊ မနောပသာဒဟု မရှိချေ၊ ပသာဒဟူသောစကားသည် ပသာဒရုပ်ငါးပါးတွင်သာ သုံးစွဲရိုးရှိ၏၊ ဝတ္ထုတွင်လည်း မနောဝတ္ထုဟု မရှိချေ၊ ဝတ္ထုအစဉ်တွင် မနောနေရာ၌ ဟဒယဝတ္ထုရုပ်တရားဟုမှတ်။

ဒွါရအစဉ်တွင် မနောဒွါရသည် ဘဝင်စိတ် (၁၉)ခုတို့တွင် ပုဂ္ဂိုလ်အားလျော်စွာ ပုဂ္ဂိုလ်တစ်ယောက်တစ်ယောက်တွင် စိတ်တစ်ခုတစ်ခုစီသာရ၏၊ ထို့ကြောင့် စိတ်နာမ်တရားဟုမှတ်။

**သတိပြုဖွယ်** ဤအချက်တွင် မနောဒွါရနှင့် ဟဒယဝတ္ထုတို့ကို ယောင်ဝါးတွဲစပ် ကောက်ယူမိ၍ မနောဒွါရရုပ်ဟု ယွင်းမှားစွာ သုံးမိကြသည်ကို တွေ့ရဖူး၏၊ သတိပြုကြပါကုန်။

* အာယတန အစဉ်တွင် မနာယတနသည် စိတ်အကျဉ်း (၈၉) ပါး နာမ်တရားဟုမှတ်။
* ဓာတ်အစဉ်တွင် မနောဓာတ်သည် ပဉ္စဒွါရာဝဇ္ဇန်းစိတ်-၁-ပါး၊ သမ္ပဋိစ္ဆိုင်း စိတ်-၂-ပါးပေါင်းသုံးပါး နာမ်တရားဟုမှတ်။

ဓာတ်တစ်ဆယ့်ရှစ်ပါးတို့ကို အခံဓာတ်, အတိုက်ဓာတ်, အပွင့်ဓာတ် အားဖြင့် သူ့ဒွါရနှင့် သူ့အာရုံဆိုင်ရာ ဆိုင်ရာသုံးပါးစီ တွဲစပ်ဖော်ပြခဲ့ပေအံ့။

- စက္ခုဓာတ်-၁၊ ရူပဓာတ်-၁၊ စက္ခုဝိညာဏဓာတ်-၁၊
- စက္ခုဒွါရ၌ ဤဓာတ်သုံးပါးတစ်စုံ။

http://www.dhammadownload.com



- စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။

(အနက်ကို ဝေဒနာကမ္မဋ္ဌာန်၌ ပေးခဲ့ပြီး)

စက္ခုဒွါရ၌ ရူပါရုံတိုက်ဆိုင်လာသောအခါ မြင်သိစိတ်စက္ခုဝိညာဉ် ဖြစ်ပေါ်လာ၏၊ ဥပမာကား စည်မျက်နှာပြင်နှင့် စည်လက်ခတ်တို့ တိုက်ခတ်မှုကြောင့် စည်သံဖြစ်ပေါ်လာသကဲ့သို့ ပေတည်း။

- သောတဓာတ်-၁ ၊ သဒ္ဒဓာတ်-၁ ၊ သောတဝိညာဏဓာတ်-၁၊
  သောတဒွါရ၌ ဤဓာတ်သုံးပါး တစ်စုံ။

- သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ။

သောတဒွါရ၌ သဒ္ဒါရုံ တိုက်ဆိုင်လာသောအခါ ကြားသိစိတ် သောတဝိညာဏ် ဖြစ်ပေါ်လာ၏၊ ဥပမာကား မှန်ပြင်နှင့် မျက်နှာတို့ တိုက်ဆိုင်မှုကြောင့် မှန်ရိပ်ဖြစ်ပေါ်လာသကဲ့သို့ပေတည်း။

- ဃာနဓာတ်-၁၊ ဂန္ဓဓာတ်-၁၊ ဃာနဝိညာဏဓာတ်-၁၊
  ဃာနဒွါရ၌ ဤဓာတ်သုံးပါးတစ်စုံ။

- ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ။

ဃာနဒွါရ၌ ဂန္ဓာရုံ တိုက်ဆိုင်လာသောအခါ နာမ်သိစိတ် ဃာနဝိညာဏ် ဖြစ်ပေါ်လာ၏၊ ဥပမာကား ကြံချောင်းနှင့် ကြံညှပ်စက်တို့ တွေ့ဆုံကြိတ်ဝါးမိသောအခါ ကြံရည် ဖြစ်ပေါ်လာသကဲ့သို့ပေတည်း။

- ဇိဝှါဓာတ်-၁ ၊ ရသဓာတ်-၁၊ ဇိဝှါဝိညာဏဓာတ်-၁၊
  ဇိဝှါဒွါရ၌ ဤဓာတ်သုံးပါး တစ်စုံ။

- ဇိဝှဉ္စ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ။

ဇိဝှါဒွါရ၌ ရသာရုံ တိုက်ဆိုင်လာသောအခါ ဇိဝှါဝိညာဏ် ဖြစ်ပေါ်လာ၏၊ ဥပမာကား နှမ်းစေ့နှင့် ဆီကြိတ်စက်တို့တွေ့ဆုံ ကြိတ်ဝါးမိသောအခါ ဆီဖြစ်ပေါ်လာသကဲ့သို့ပေတည်း။

http://www.dhammadownload.com



- ကာယဓာတ်-၁၊ ဖောဋ္ဌဗ္ဗဓာတ်-၁၊ ကာယဝိညာဏဓာတ်-၁၊ ကာယဒွါရ၌ ဤဓာတ်သုံးပါး တစ်စုံ။

- ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။

ကာယဒွါရ၌ ဖောဋ္ဌဗ္ဗရုံ တိုက်ဆိုက်လာသောအခါ ကာယဝိညာဉ် ဖြစ်ပေါ်လာ၏၊ ဥပမာကား မီးခြစ်တိုက်ခွံ၌ ရှိသော ယမ်းနှင့် မီးခြစ်ဆံ ယမ်းတို့ တိုက်ခိုက်မိသောအခါ မီးဖြစ်ပေါ်လာသကဲ့သို့ပေတည်း။

- မနောဓာတ်-၁၊ ဓမ္မဓာတ်-၁၊ မနောဝိညာဏဓာတ်-၁၊ မနောဒွါရ၌ ဤဓာတ်သုံးပါး တစ်စုံ။

ဤသို့ ဓာတ်တစ်ဆယ့်ရှစ်ပါး ရေတွက်ရာ ပြောဆိုရာ၌ ဤကဲ့သို့ တွဲစပ်ယူကြကုန်ရာ၏၊ သို့သော်လည်း မနောဓာတ်သည် အခံဓာတ် ခြောက်ပါးတွင် ထည့်သွင်းယူကြခြင်းကား များရာသို့လိုက်၍ အခံဓာတ် ခေါ်ဆိုကြသည်ဟု မှတ်ကြပါကုန်၊ စင်စစ်မူကား မနောဓာတ်ထိုက်သော တရားတို့သည် စက္ခုစသော ငါးဒွါရ၌သာဖြစ်၍ ရူပါရုံစသော အာရုံ ငါးပါးကိုသာ အာရုံပြုကြပါကုန်၏။

**ရှေ့တော်ပြေးနှင့် နောက်ပါယော်ကျွန်**

ရှင်းလင်းချက် ထုတ်ပြပေအံ့၊ ထိုမနောဓာတ် ထိုက်သောတရားမှ ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် စက္ခုဝိညာဉ်စိတ်စသော ပဉ္စဝိညာဏ်စိတ်၏ ရှေ့မှဖြစ်ရကား ရှေ့တော် ပြေးနှင့်တူသောစိတ် ဖြစ်၏၊ သမ္ပဋိစ္ဆိုန်း စိတ်နှစ်ခုတို့သည် ပဉ္စဝိညာဉ်စိတ်၏ နောက်မှလိုက်ရကား နောက်တော်ပါ ယော်ကျွန်နှင့် တူသော စိတ်ဖြစ်၏၊ ထို့ကြောင့် ပရမတ္ထဒီပနီဋီကာကြီး၌-

- မနောဓာတု ပန ယထာသမ္ဘဝတော စက္ခုဝိညာဏဓာတု အာဒီနံ ပုရေစရာနုစရာဝိယ ဒဋ္ဌဗ္ဗာ။

http://www.dhammadownload.com



မနောဓာတုပန-မနောဓာတ်သည်ကား၊ ယထာသမ္ဘဝတော-ဖြစ်သင့်သည်အားလျော်စွာ၊ စက္ခုဝိညာဏ ဓာတုအာဒီနံ-စက္ခုဝိညာဏ ဓာတ် စသည်တို့၏၊ ပုရေစရာ နုစရာဝိယ-ရှေ့သွားနောက်လိုက်ကဲ့သို့၊ ဒဋ္ဌဗ္ဗာ-မှတ်အပ်ကုန်၏။

ဟူ၍ ကျေးဇူးရှင်ကြီး မိန့်တော်မူ၏၊ သို့ဖြစ်ရကား မနောဓာတ်သည် မနောဝိညာဏဓာတ်ဖြစ်ရန် အကြောင်းရင်းမှန် အခံဓာတ်ကား မဟုတ်ချေ၊ မနောဝိညာဏ်ဖြစ်ရန် အကြောင်းမှန်ကား မနဉ္စ- ဟုဖော်ပြလတ့်သော ဘဝင် စိတ်တစ်ဆယ့်ကိုးခုမှ ပုဂ္ဂိုလ်အားလျော်စွာဖြစ်သော တစ်ခုခုသော စိတ်သာ ဖြစ်၏-ဟု ရှင်းလင်းစွာ မှတ်သားကြပါကုန်။

ဤသည်တို့ကား အဘိဓမ္မာဒေသနာတော်လာ စကားရပ်များဖြစ်၏၊ ဝိပဿနာဉာဏ်ဖြင့် ရှုပွားစရာ အရာဌာနမျိုးကား မဟုတ်ချေ၊ အရိယာသာဝကလောင်း သူတော်ကောင်းတို့ဉာဏ်တွင် ပိုင်နိုင်ရန် ခဲယဉ်းလှပေ၏၊ ဝိပဿနာ ရှုကွက်အနေဖြင့် ရေးလိုက်သည်ကား မဟုတ်၊ ဓမ္မသာကစ္ဆာမဖြစ်ဘဲ အချင်းချင်း ငြင်းပွဲခုန်ပွဲကြီးဖြစ်ကာ ဝိပဿနာ မဖြစ်ဘဲ ငြင်းပြဿနာ ဖြစ်မည်စိုး၍ ရေးထည့်လိုက်သည်၊ ဓမ္မသာကစ္ဆာ ဖြစ်နိုင်ကြပါစေ။

- မနဉ္စ ပဋိစ္စ ဓမ္မေစ ဉပ္ပဇ္ဇတိ မနောဝိညာဏံ။

မနောဒွါရ၌ ဓမ္မာရုံ တိုက်ဆိုင်လာသောအခါ မနောဝိညာဏ် ဖြစ်ပေါ်လာ၏၊ ဉပမာ လက်ခုပ်လက်ဝါးတို့ကို တီးခတ်သောအခါ လက်ခုပ်သံ ဖြစ်ပေါ်လာသကဲ့သို့ပေတည်း။

ဒုက္ခသစ္စာ ဓာတ်တစ်ဆယ့်ရှစ်ပါး
အဖွင့်ဘုရားရှိခိုး ပြီးပြီ။

--------------------

http://www.dhammadownload.com



## ပဋိစ္စသမုပ္ပါဒ ဝဏ္ဏနာပဏ္ဏာမ

## ပဋိစ္စသမုပ္ပါဒ ဒုက္ခပရိညာ

(၁) ပဋိစ္စသမုပ္ပါဒ ဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၂-၃) ဓမ္မံ ၊ သံဃံ

ပဋိစ္စသမုပ္ပါဒ် တည်းဟူသော ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်း လျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ, မှီခိုရာ, ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

**ပဋိစ္စသမုပ္ပါဒ် မည်ပုံ** ဤအရာ၌ ပဋိစ္စသမုပ္ပါဒ ဟူသည်ကား -

- ပဋိစ္စဖလံ သမုပ္ပဇ္ဇတိ ဧတသ္မာတိ ပဋိစ္စသမုပ္ပါဒေါ။

ဧတသ္မာ=ထိုအကြောင်းမှ၊ ပဋိစ္စ=စွဲ၍၊ ဖလံ=အကျိုးတရားသည်၊ သမုပ္ပဇ္ဇတိ=ကောင်းစွာဖြစ်တတ်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ ပဋိစ္စ သမုပ္ပါဒေါ=ပဋိစ္စသမုပ္ပါဒမည်၏။

အကျိုးတရားတို့ စွဲမှီ၍ ဖြစ်ပေါ်ရာ အကြောင်းတရားဖြစ်သော အဝိဇ္ဇာစသည်တို့သည် ပဋိစ္စသမုပ္ပါဒမည်၏၊ ချဲ့၍ဆိုပေဦးအံ့၊ သင်္ခါရ သည် အဝိဇ္ဇာဟူသော အကြောင်းကိုစွဲမှီ၍ ဖြစ်ရ၏၊ ထိုသင်္ခါရတို့၏ အကြောင်းဖြစ်သော အဝိဇ္ဇာသည် ပဋိစ္စသမုပ္ပါဒမည်၏-ဟု မှတ်အပ်၏၊ ဝိညာဏ်မှ ထောက်ဆလျှင် အကြောင်းဖြစ်သော သင်္ခါရသည် ပဋိစ္စ သမုပ္ပါဒမည်၏၊ နာမ်ရုပ်မှ ထောက်ဆလျှင် အကြောင်းဖြစ်သော ဝိညာဏ်သည် ပဋိစ္စသမုပ္ပါဒမည်၏၊ ဤနည်းဖြင့် ပဋိစ္စသမုပ္ပါဒ မည်ပုံကို အဆင့်ဆင့် သိပေရာ၏။

http://www.dhammadownload.com



**တစ်နည်းကား -**

ပစ္စယံ ပဋိစ္စ သမုပ္ပဇ္ဇတီတိ ပဋိစ္စသမုပ္ပါဒေါ။

ပစ္စယံ=အကြောင်းတရားကို၊ ပဋိစ္စ=စွဲ၍၊ သမုပ္ပဇ္ဇတိ=ကောင်းစွာဖြစ်တတ်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ ပဋိစ္စသမုပ္ပါဒေါ=ပဋိစ္စသမုပ္ပါဒမည်၏။

အကြောင်းတရားတို့ကိုစွဲမှီ၍ ဖြစ်ပေါ်တတ်သော သင်္ခါရစသော အကျိုးတရားတို့သည် ပဋိစ္စသမုပ္ပါဒမည်၏။ ဤသည်လည်း အကျိုးတရားများ ဖြစ်ကြသည့် သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်စသည်တို့ကို အဆင့်ဆင့် ဉာဏ်နှင့်မျှော်၍ သိကြကုန်။

**တစ်နည်းကား -**

သမုပ္ပဇ္ဇနံ သမုပ္ပါဒေါ။

သမုပ္ပဇ္ဇနံ=ကောင်းစွာဖြစ်ပေါ်ခြင်း၊ သမုပ္ပါဒေါ=ကောင်းစွာဖြစ်ပေါ်ခြင်း။

- ယထာသကံ ပစ္စယံ ပဋိစ္စ တေန အဝိနာဘာဝီ ဟုတွာ သမုပ္ပါဒေါ ပဋိစ္စသမုပ္ပါဒေါ။

ယထာသကံ=မိမိတို့၏ဆိုင်ရာ ပိုင်ရာဖြစ်သော၊ ပစ္စယံ=အကြောင်းကို၊ ပဋိစ္စ=စွဲမှီ၍၊ တေန=ထိုအကြောင်းနှင့်၊ အဝိနာဘာဝီ=မကွေမကွာဖြစ်လေ့ရှိသည်၊ ဟုတွာ=ဖြစ်၍၊ သမုပ္ပါဒေါ=ကောင်းစွာဖြစ်ခြင်းတည်း၊ ပဋိစ္စသမုပ္ပါဒေါ=မိမိတို့ဆိုင်ရာ အကြောင်းကိုစွဲ၍ ထိုအကြောင်းနှင့် မကွေမကွာ ကောင်းစွာဖြစ်ခြင်း။

အလုံးစုံသော ပစ္စည်း ပစ္စယုပ္ပန် ဖြစ်ကုန်သော သင်္ခတတရားတို့၏ ဆိုင်ရာအကြောင်းနှင့် စပ်၍ ဖြစ်လေ့ရှိသည်၏ အဖြစ်ဟုဆိုအပ်သော အလုံးစုံသော သင်္ခတတရားတို့နှင့်ဆက်ဆံသော သာမညသာဓာရဏ

http://www.dhammadownload.com



သဘောလက္ခဏာတစ်ခုသည် ပဋိစ္စသမုပ္ပါဒမည်၏။

**ပဋိစ္စသမုပ္ပါဒ် ဒေသနာ၏ နက်နဲပုံ**

ဤပဋိစ္စသမုပ္ပါဒ ဒေသနာတော်သည် မဟာသမုဒ္ဒရာ၏ အလယ်ဌာန၌ ရှိသောရေကဲ့သို့ နက်ယောင်လည်းထင်ရ၏၊ စင်စစ်အားဖြင့် နက်လည်းနက်နဲ၏၊ ဤပဋိစ္စသမုပ္ပါဒ် အချက်ကို ကောင်းစွာ မသိကြခြင်းကြောင့် သတ္တဝါတို့သည် မဖြေနိုင်၊ မရှင်းနိုင် ဝေးမှိုင်လက်ပိုက် အကြံအိုက်ရသည့် ကြွက်ကိုက် ရှုပ်ပွေနေသော မိစ္ဆာချည်ထွေးသကဲ့သို့လည်းကောင်း, အဆုံး အစရှာမရအောင် ရှုပ်ထွေးပွေလိမ်နေသော စာပေါင်းသိုက် အိမ်ကဲ့သို့လည်းကောင်း အဆုံးလည်းရှာမရ အစလည်း မမြင်နိုင်သည့် ဖြူဆံမြက်ထွေး ပြိန်းမြက်ထွေးကြီးကဲ့သို့လည်းကောင်း အဆုံးအစ ရှာမရကြကုန်ဘဲ ရှုပ်ထွေးပွေလိမ်နေကြကုန်၏၊ ပဋိစ္စသမုပ္ပါဒ် သံသရာဇာတ်ရှုပ်ကို မရှင်းနိုင်ကြကုန်သဖြင့် သတ္တဝါအပေါင်းတို့သည် သံသရာအရှုပ် ဒုက္ခဝဋ်မြုံ အရှုပ်ချုံကြီးအတွင်းမှ မလွတ်ကင်းနိုင်ကြပဲ တဝဲလည်လည် ရှိကြကုန်၏။

**ထို့ကြောင့် နိဒါန ဝဂ္ဂ သံယုတ်ပါဠိတော် (၃၁၈) ၌ -**

- ဂမ္ဘီရောစာယံ အာနန္ဒ ပဋိစ္စသမုပ္ပါဒေါ ဂမ္ဘီရာဝဘာသော စ ဧတဿ အာနန္ဒ ဓမ္မဿ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမယံ ပဇာ တန္တကုလကဇာတာ ဂုဠီကုဏ္ဍိကဇာတာ မုဉ္စပဗ္ဗဇဘူတာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ သံသာရံ နာတိဝတ္တတိ။

အာနန္ဒ=အာနန္ဒာ၊ အယံပဋိစ္စသမုပ္ပါဒေါ=ဤပဋိစ္စသမုပ္ပါဒ်သည်၊ ဂမ္ဘီရောစ=စင်စစ်နက်လည်းနက်နဲ၏၊ ဂမ္ဘီရာဝဘာသော စ=စင်စစ် နက်ယောင်လည်းထင်၏၊ အာနန္ဒ=အာနန္ဒာ၊ ဧတဿ ဓမ္မဿ=ဤပဋိစ္စသမုပ္ပါဒ်တရားကို၊ အနနုဗောဓာ=လျော်စွာမသိခြင်းကြောင့်၊ အပ္ပဋိ

http://www.dhammadownload.com



ဝေဓာ=ထိုးထွင်းအမှန် အသိဉာဏ် မပေါက်ခြင်းကြောင့်၊ ဧဝံ=ဤသို့ အယံပဇာ=ဤပုထုဇဉ်သတ္တဝါ အပေါင်းသည်၊ တန္တာကုလကဇာတာ= မဖြေနိုင် မရှင်းနိုင် ေးမှိုင်လက်ပိုက် အကြံအိုက်ရသည့် ကြွက်ကိုက်သော ဖြိုတ်ဆာချည်ထွေးကြီးကဲ့သို့ ရှုပ်ထွေးပွေလိမ်၍နေ၏၊ ဂုဠိကုဏ္ဍိက ဇာတာ=အဆုံးအစ ရှာမရအောင် ရှုပ်ပွထွေးလိမ်နေသော စာပေါင်း သိုက်အိမ်ကဲ့သို့ ပွေလိမ်ရှုပ်ထွေး၍ နေ၏၊ မုဉ္စပဗ္ဗဇဘူတာ= အဆုံးလည်း ရှာမရ, အစလည်း မမြင်နိုင်သည့် ဖြူဆံမြက်ထွေး ပြိတ်မြက်ထွေးကြီး ကဲ့သို့ ရှုပ်ထွေးလိမ်ယှက်၍နေ၏၊ အပါယံ=ချမ်းသာကင်းရာဖြစ်သော၊ ဒုဂ္ဂတိံ=မကောင်းသူတို့ လားရာဖြစ်သော၊ ဝိနိပါတံ=ဆောက်တည်ရာမရ ဖရိုဖရဲကျရာဖြစ်သော၊ သံသာရံ=သံသရာဝဋ်မြဲ အရှုပ်ချုံကြီးကို၊ နာတိ ဝတ္တတိ=မလွန်မြောက်နိုင်ချေ။

ဟု ဟောတော်မူ၏၊ ထိုသို့ နက်နဲ ခက်ခဲလှသောကြောင့် အပြော ခက်, အဟောခက်, သဘောခက်၍ အသိခက်လှသော တရားပင်ဖြစ်၏၊ မည်မျှပင် နက်နဲခက်ခဲသည်ပင်ဖြစ်စေ၊ သံသရာဝဋ်မှ ကျွတ်ပွဲ လွတ်ပွဲ ဆင်နွှဲလိုသော ပုဂ္ဂိုလ်မှန်သမျှ မသိလျှင်မဖြစ်သော တရားမျိုးပင် ဖြစ် ပေသည်။

မဟာသမုဒ္ဒရာကြီးသည် အလွန်ကျယ်ဝန်း နက်ရှိုင်းလှသော်လည်း ရေတစ်ပေါက်မျှ မသောက်ရလျှင် မဖြစ်နိုင်ကြသော သမင် ဒရယ် ယုန် သူငယ်လေးတို့သည် မိမိတို့ အလှမ်းမှီရာဌာနတို့မှ တတ်စွမ်းသမျှ သောက်ကြရကုန်သကဲ့သို့ ထို့အတူ ကလျာဏနွယ်ဝင် သူတော်စင်တို့က လည်း မိမိတို့၏ ဉာဏ်အစွမ်း လက်လှမ်းမှီသမျှ နှလုံးသွင်း ဆင်ခြင် ကြရမည်သာ ဖြစ်ပေသည်၊ ရေးသား ဟောပြောကြမည့် ပုဂ္ဂိုလ်တို့က လည်း ဉာဏ်စွမ်းမှီသမျှ ရေးသားဟောပြောကြရမည့် တာဝန်ရှိပေသည်။

သို့ဖြစ်၍ ကျေးဇူးရှင်ကြီး၏ ဒီပနီကျမ်းများကို မှီငြမ်းပြု၍

http://www.dhammadownload.com



ဉာဏ်စွမ်းမိသမျှဖြင့် ရေးသားခဲ့ပေမည်၊ အဓိပ္ပါယ်အကျယ်ကို သိလိုကြသည့်ပုဂ္ဂိုလ်များ ကျေးဇူးရှင်ကြီး၏ ပဋိစ္စသမုပ္ပါဒ ဒိပနီတွင် ကြည့်ရှုကြပါကုန်။

ယခုအခါ၌ ပဋိစ္စသမုပ္ပါဒ်အချက်ကို အကွက်ကျကျ သိနိုင်ကြစေရန် ဝိဘင်္ဂပါဠိတော်မှလာသော ပဋိစ္စသမုပ္ပါဒ ဥဒ္ဒေသပါဠိတော် အနက်တို့ဖြင့် ပန္နက်ချ ဖော်ပြခဲ့ပေအံ့။

## ပဋိစ္စသမုပ္ပါဒ ဥဒ္ဒေသပါဠိတော်

- အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

အဝိဇ္ဇာပစ္စယာ=အဟုတ်အမှန်ကို မသိမမြင် မထင်မလင်းမှု ဟူသော (အဝိဇ္ဇာ) အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်၊ သင်္ခါရာ= ပစ္စုပ္ပန်အမှု, သံသရာအမှုတို့ကို ပြုစုပျိုးထောင်ခြင်းဟူသော သင်္ခါရတို့သည်၊ သမ္ဘဝန္တိ=ဖြစ်ပွါးကုန်၏၊ သင်္ခါရပစ္စယာ=ပစ္စုပ္ပန်အမှု, သံသရာအမှုတို့ကို ပြုစုပျိုးထောင်ခြင်းဟူသော သင်္ခါရတရား ထင်ရှား ရှိနေခြင်းကြောင့်၊ ဝိညာဏံ=ဘဝသစ်ဝိညာဏ်သစ်ဖြစ်ပေါ်မှုသည်၊ သမ္ဘဝတိ= ဖြစ်ပွါး၏၊ ဝိညာဏပစ္စယာ=ဝိညာဏ်သစ်ဖြစ် ပေါ်မှုကြောင့်၊ နာမရူပံ= နာမ်အစုရုပ်အစုသည်၊ သမ္ဘဝတိ=ဖြစ်ပွါး၏၊ နာမရူပပစ္စယာ=နာမ်အစု ရုပ်အစုဖြစ်ပွါးမှုကြောင့်၊ သဠာယတနံ=ဒွါရခြောက်မည် အကြည်ခြောက်

http://www.dhammadownload.com



ပါး သဠာယတနတရားစုသည်၊ သမ္ဘဝတီ=ဖြစ်ပွါး၏၊ သဠာယတန ပစ္စယာ=ဒွါရခြောက်မည် အကြည်ခြောက်ပါး ထင်ရှားရှိခြင်းကြောင့်၊ ဖဿော=အာရုံကိုတွေ့မှုဟူသော ဖဿခြောက်ပါးသည်၊ သမ္ဘဝတိ= ဖြစ်ပွါး၏၊ ဖဿပစ္စယာ=ဖဿခြောက်ပါး ထင်ရှားရှိနေခြင်းကြောင့်၊ ဝေဒနာ=အာရုံကို ခံစားမှုဟူသောဝေဒနာခြောက်ပါးသည်၊ သမ္ဘဝတိ=ဖြစ် ပွါး၏၊ ဝေဒနာပစ္စယာ=ဝေဒနာခြောက်ပါး ထင်ရှားရှိနေခြင်းကြောင့်၊ တဏှာ=ဝတ္ထုအာရုံကာမဂုဏ်ကို ခင်မင်တွယ်တာ သာယာကပ်ငြိသော တဏှာခြောက်ပါးသည်၊ သမ္ဘဝတိ=ဖြစ်ပွါး၏၊ တဏှာပစ္စယာ=တဏှာ ခြောက်ပါး ထင်ရှားရှိနေမှုကြောင့်၊ ဥပါဒါနံ=မလွတ်နိုင် မခွါနိုင် ပိုင်ပိုင် စေးခဲ တွယ်တာမြဲသောဥပါဒါန်တရားသည်၊ သမ္ဘဝတိ=ဖြစ်ပွါး၏၊ ဥပါဒါန ပစ္စယာ=ဥပါဒါန်တရားထင်ရှားရှိနေခြင်းကြောင့်၊ ဘဝေါ=လောက အစီး အပွါး သံသရာအစီးအပွါးဟူသော ကံတရား ဝိပါက်တရားစုသည်၊ သမ္ဘဝတိ=ဖြစ်ပွါး၏၊ ဘဝပစ္စယာ=ပစ္စုပ္ပန်စီးပွါးမှု သံသရာစီးပွါးမှု ထင်ရှား ရှိနေခြင်းကြောင့်၊ ဇာတိ=အဖန်ဖန်ပဋိသန္ဓေနေမှု ထင်ရှားရှိနေခြင်းသည်၊ သမ္ဘဝတိ=ဖြစ်ပွါး၏၊ ဇာတိပစ္စယာ=ပဋိသန္ဓေနေမှု ထင်းရှားရှိနေခြင်း ကြောင့်၊ ဇရာမရဏံ=အဖန်ဖန်အိုမင်း ရင့်ဆွေးမှု သေဆုံးမှုသည်လည်း ကောင်း, သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာ=စိုးရိမ်ပူဆွေးမှု, ငိုကြွေးမြည်တမ်းမှု, ပင်ပန်းဆင်းရဲမှု, နှလုံးမသာမယာမှု, သက်ကြီးရှိုက်ငင် ပင်ပန်းမှုတို့သည်လည်းကောင်း၊ သမ္ဘဝန္တိ=ဖြစ်ပွါးကြကုန်၏၊ ဧဝံ=ဤသို့၊ ကေဝလဿ=သုခမဖက် သက်သက်သော၊ ဧတဿ ဒုက္ခက္ခန္ဓဿ=ဤ ဒုက္ခအစု၏၊ သမုဒယော=ဖြစ်ပွါးခြင်းသည်၊ ဟောတိ=ဖြစ်၏။

**ပဋိစ္စသမုပ္ပါဒ ဥဒ္ဒေသပါဠိတော်အနက်**

**ပြီးပြီ။**

---

http://www.dhammadownload.com



**ဓမ္မစေတီကျောင်းနှင့်အတူ လူနတ်တို့ ပူဇော်ခံထိုက်ပုံ**

ဤနေရာ၌ စကား တစ်ရပ် ညှပ်၍ ဆိုလိုက်ဦးအံ့၊ ကျေးဇူး ရှင်ကြီး၏ ပဋိစ္စသမုပ္ပါဒ ဒီပနီ၌ -

- ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ ဟူ၍ စေတီလေးပါးရှိသည်တွင် ဓမ္မစေတီကိုကိုးကွယ်လိုသောသူသည် ပဋိစ္စသမုပ္ပါဒ် ဒေသနာပါဠိတော်ကြီးများကို ရွှေပြားငွေပြားမှာရေး၍ ကိုးကွယ်ရသည်ဟု ကျမ်းဂန်တို့မှာလာသည်တစ်ရပ်၊ ဓမ္မာနုဿတိတည်ရှိသောသူ၏ ခန္ဓာကိုယ်သည် စေတီကျောင်းနှင့်အလားတူသည်၊ လူနတ်တို့ ပူဇော်ထိုက်သည်ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာလာသည် တစ်ရပ်၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်သည် ငါဘုရားကိုယ်တော်စား ဘုရားအရာ၌ တည်သည်ဟု ဟောတော်မူသည် တစ်ရပ်၊ ဤသို့လာသော အရာများကို ထောက်၍ ဤပဋိစ္စသမုပ္ပါဒ်ဒေသနာ အကျဉ်းအကျယ် ပါဠိတော်ကြီးများကို အရကျက်၍ အသက်ထက်ဆုံး အမြဲဆောင်ရွက်သောသူသည် ယောကျာ်းဖြစ်စေ, မိန်းမဖြစ်စေ ဓမ္မစေတီကျောင်းနှင့်တူ၏၊ လူနတ်တို့ ရှိခိုးပူဇော်ခြင်းကို ခံထိုက်၏- ဟုသိအပ်၏။

ဟုမိန့်တော်မူ၏၊ ထို့ကြောင့် ယခုပြဆိုအပ်ခဲ့ပြီးသော ပဋိစ္စသမုပ္ပါဒ ဥဒ္ဒေသ=အကျဉ်းပြပါဠိတော်, ပြဆိုအပ်လတ္တံ့သော နိဒ္ဒေသ=အကျယ်ပြ ပါဠိတော်တို့ကို နှုတ်ငုံဆောင်ထားအပ်၏၊ အနက်ကိုကား ရနိုင်ဆောင်နိုင်လျှင်ကောင်း၏၊ အခွင့်အခါအားလျော်စွာ နှုတ်ငုံမရနိုင်ပါမူ ပါဠိတော် ရွတ်ဆိုလျှင် အဓိပ္ပါယ်သဘော မြင်နိုင်စွမ်းရှိရုံ အာရုံပြုကြည့်ရှုထားသင့်

http://www.dhammadownload.com



ပေ၏၊ နောက်တွင် ဖော်ပြလတ္တံ့သော နိဒ္ဒေသပါဠိတော်တို့ကို အစဉ် မပျက်စေဘဲ အမိပ္ပါယ်သက်ရောက်တိုင်း (*) ခရေပွင့်ပြ၍ ဖော်ပြခဲ့ပေအံ့၊ အလေးဂရုပြုလျက်ကြည့်ရှု ကျက်မှတ်ကြပါကုန်။

ဥဒ္ဒေသပါဠိတော်၌ အကျဉ်းအမိပ္ပါယ်ကား အဝိဇ္ဇာအကြောင်း ကြောင့် သင်္ခါရတို့ဖြစ်ကြ၏၊ သင်္ခါရတို့ဖြစ်ခြင်းကြောင့် ဝိညာဏ်ဖြစ်၏၊ ဝိညာဏ်ဖြစ်ခြင်းကြောင့် နာမ်ရုပ်ဖြစ်၏၊ နာမ်ရုပ်ဖြစ်ခြင်းကြောင့် သဠာယတနဖြစ်၏၊ သဠာယတနဖြစ်ခြင်းကြောင့် ဖဿဖြစ်၏၊ ဖဿ ဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်၏၊ ဝေဒနာဖြစ်ခြင်းကြောင့် တဏှာ ဖြစ်၏၊ တဏှာဖြစ်ခြင်းကြောင့် ဥပါဒါန်ဖြစ်၏၊ ဥပါဒါန်ဖြစ်ခြင်းကြောင့် ဘဝ ဖြစ်၏၊ ဘဝဖြစ်ခြင်းကြောင့်ဇာတိဖြစ်၏၊ ဇာတိဖြစ်ခြင်းကြောင့် ဇရာ မရဏတို့သည်လည်းကောင်း၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့သည်လည်းကောင်း ဖြစ်ကြကုန်၏၊ ဤသို့ ချမ်းသာမဖက် သက်သက်သော ဒုက္ခအစုဖြစ်ပွါးရ၏-ဟု သိမှတ်အပ်၏။

**ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်ပုံ**

ဤဥဒ္ဒေသပါဠိတော်အရ အဝိဇ္ဇာသည် အကြောင်း တရားအစသာဖြစ်၍ ဇရာမရဏစသည်တို့မှာ-အ ဆုံးအကျိုးတရားတို့သာဖြစ်၏-ဟုထင်မှားဖွယ် ရှိပေ၏၊ ထိုသို့ကား မဟုတ်ပေ၊ ဇရာတရား မရဏတရားစသည်တို့ အမြဲမပြတ် နှိပ်စက်အပ်သောကြောင့် အာသဝတရားတို့ဖြစ်ကြကုန်၏၊ ထိုအာသဝတို့ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာတရားအကျိုးဖြစ်ပွါးရပြန်၏၊ ထို့ကြောင့် အဘိဓမ္မတ္ထသင်္ဂဟမည်သော လက်သန်းအဋ္ဌကထာ၌-

ဇရာ မရဏ မုစ္ဆာယ၊<br>
ပီဠိတာန မဘိဏှသော၊<br>
အာသဝါနံ သမုပ္ပါဒါ၊<br>
အဝိဇ္ဇာ စ ပဝတ္တတိ။

http://www.dhammadownload.com



ဇရာမရဏမုစ္ဆာယ=အိုခြင်းတစ်ထွေ သေခြင်းတစ်ချက် သက်ပြင်းငင်ရှိုက် ပန်းဟိုက်ပျော့ခွေ တွေဝေမိန်းမောခြင်းဖြင့်၊ အဘိဏှသော=သံသရာထဲ ဂယက်ဝဲ၌ အမြဲမပြတ်သောအားဖြင့်၊ ပီဠိတာနံ=ဝဋ်ဒုံဘုံထုံးတမ်း အပြင်းဖန်း၍ ညှဉ်းပန်းအပ်ကုန်သော သတ္တဝါတို့အား၊ အာသဝါနံ=ကာမဘဝေါ ဒိဋ္ဌော အဝိဇ္ဇာ လေးဖြာထင်ရှား အာသဝတရားတို့၏၊ သမုပ္ပါဒါ=ကြောင်းကျိုးဆက်ရန် အမှန်ဖြစ် ပေါ်လာခြင်းကြောင့်၊ အဝိဇ္ဇာစ=မိုက်မဲစွာလှ မှောင်ကြီးချသည့် မောဟမည်စွာ အဝိဇ္ဇာသည်လည်း၊ ပဝတ္တတိ=ဖလအကျိုး ပွါးတိုးသောထွေ ဖြစ်ပေါ်လာရပေ၏။

ဟု အရှင်အနုရုဒ္ဓါဆရာ မိန့်တော်မူ၏၊ ဤသို့သောနည်းဖြင့် အဝိဇ္ဇာကြောင့် သင်္ခါရတို့ဖြစ်, သင်္ခါရကြောင့် ဝိညာဏ်ဖြစ် စသည်ဖြင့် ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတိုင်အောင် ဖြစ်ကြရကုန်၏၊ နောက်တစ်ဖန် ဇရာမရဏ စသည်တို့အရင်းခံ အကြောင်းပြုခြင်းကြောင့် အဝိဇ္ဇာဖြစ်ရပြန်၏၊ တစ်ဖန်ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်ရပြန်၏၊ ဤသို့ပင် အစကိုလည်း မမြင်နိုင်ချေ အရိယာမဂ်ကို မရသေးသမျှ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ အဆုံးကိုလည်း မမြင်နိုင်ပေ၊ ဤသို့လျှင် အစမမြင် အဆုံးမထင်ဘဲ အစဉ်အမြဲ တဝဲလည်လည် ဖြစ်နေသည်ပင် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်တရားဟူ၍ ရှင်တော်ဗုဒ္ဓ ဟောပြတော်မူခဲ့ပေ၏။

ထို့ကြောင့် အဘိဓမ္မတ္ထသင်္ဂဟမည်သော လက်သန်းအဋ္ဌကထာ၌-

ဝဋ္ဋမာဗန္ဓမိစ္စေဝံ၊
တေဘူမက မနာဒိကံ။
ပဋိစ္စသမုပ္ပါဒေါတိ၊
ပဋ္ဌပေသိ မဟာမုနိ။ ။

9(A)

http://www.dhammadownload.com



ဇဝံ=ကြောင်းကျိုးနှစ်ရပ် ဆက်နွယ်စပ်၍ မပြတ်လှည့်စိုင်း ဤယခု ပြခဲ့သည့်အတိုင်း၊ အာဗန္ဓ=မရပ်မတည် မပြတ်လည်ထသော၊ အနာဒိကံ= ဘယ်တရားမှ ရင်းအစဟု မှန်းဆညာဏ်တွင် အစမထင်ထသော၊ တေဘူမကံ=ကာမရူပ အရူပဟု လောကသုံးပြင် ဘုံသုံးခွင်၌ အစဉ် ဖြစ်ထသော၊ ဝဋ္ဋံ=ကိလေကမ္မ ဝိပါကဟု သုံးဝထင်ရှား ဝဋ်တရားကို၊ ပဋိစ္စသမုပ္ပါဒေါတိ=အကြောင်းစွဲလတ် ကျိုးဖြစ်တတ်သည့် ပဋိစ္စသမုပ္ပါဒ် တရားဟူ၍၊ မဟာမုနိ=မုနိငါးပါး ခေါင်ဖျားထွဋ်တင် ဘုရားရှင်သည်၊ ပဋ္ဌပေသိ=ဝေနေယျများ သိထင်ရှားအောင် ဟောကြားပညတ်တော် မူခဲ့ပါပေ၏။

၁။ အဝိဇ္ဇာ ဒုက္ခပရိညာ

(၄) အဝိဇ္ဇာ ဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၆-၇) ဓမ္မံ ၊ သံဃံ

သစ္စာလေးချက် သဘောအနက်ကို ဖုံးဝှက်ကွယ်ကာအဝိဇ္ဇာတည်း ဟူသော ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ, ပုန်းအောင်းရာဟူ၍ ဆည်းကပ် ပါ၏။

ဤအရာ၌ အဝိဇ္ဇာ ဟူသည်ကား-

- စတုသစ္စ ဓမ္မံ ဝိဒတိ ပါကဋံ ကရောတီတိ ဝိဇ္ဇာ။

စတုသစ္စဓမ္မံ=သစ္စာလေးပါးတရားကို၊ ဝိဒတိ=သိတတ်၏၊ ပါကဋံ= ထင်ရှားသည်ကို၊ ကရောတိ=ပြုတတ်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ ဝိဇ္ဇာ=ဝိဇ္ဇာမည်၏။

သစ္စာလေးပါးကို ထင်ရှားစွာ သိတတ်သောကြောင့် ဝိဇ္ဇာမည်၏၊

http://www.dhammadownload.com


ဝိဇ္ဇာအမည်ရသော စတုသစ္စပဋိဝေဓဉာဏ်ကို ကောက်ယူရမည်။

- ဝိဇ္ဇာ ပဋိပက္ခာတိ အဝိဇ္ဇာ၊

ဝိဇ္ဇာပဋိပက္ခာ=ဝိဇ္ဇာ၏ဆန့်ကျင်ဘက်တည်း၊ ဣတိတသ္မာ=ထို့ကြောင့်၊ အဝိဇ္ဇာ=အဝိဇ္ဇာမည်၏။

သစ္စာလေးပါးကိုသိမြင်တတ်သော စတုသစ္စပဋိဝေဓဉာဏ်ဝိဇ္ဇာ၏ ဆန့်ကျင်ဘက်သည် အဝိဇ္ဇာမည်၏၊ သစ္စာလေးပါးကို မသိ မမြင်နိုင်အောင် ဖုံးလွှမ်းကွယ်ကာတတ်သည့် မောဟစေတသိက်ကို ကောက်ယူရမည်၊ ထိုမောဟတရားကိုပင်လျှင်-

-' မိုက်မလင်းနိုင်လို့ မြိုက်ခင်းညာဆိမှာ' ဟူ၍လည်းကောင်း၊

-' အဝိဇ္ဇာ ပိတ်ကာဆို့ မိစ္ဆာမြို့ပြင်ပြင်' ဟူ၍လည်းကောင်း၊

-' မိုက်မဲစွာလှ၊ မှောင်ကြီးချ၊ မောဟ အဝိဇ္ဇာ, ဟူ၍ လည်းကောင်း၊

-' အမှန်လေးချက်၊ သဘောနက်ကို၊ ဖုံးဝှက်ကွယ်ကာ၊ အဝိဇ္ဇာဟု၊ မဟာမတ၊ မှောင်ကြီးကျလျက်' ဟူ၍လည်းကောင်း၊

စကားအသွယ်သွယ် ဝေဝုစ်ပရိယာယ်တို့ဖြင့် ကျေးဇူးရှင်ကြီး ရေးသား သုံးစွဲတော်မူခဲ့ပေသည်။

ထိုအဝိဇ္ဇာကို ဝိဘင်းပါဠိတော် (နှာ-၁၄၂ ) ၌ -

* တတ္ထ ကတမာ အဝိဇ္ဇာ၊ ဒုက္ခေ အညာဏံ၊ ဒုက္ခသမုဒယေ အညာဏံ၊ ဒုက္ခနိရောဓေ အညာဏံ၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ အညာဏံ၊ အယံ ဝုစ္စတိ အဝိဇ္ဇာ။

တတ္ထ=ထိုဥဒ္ဒေသပါဠိတော်၌၊ အဝိဇ္ဇာ=အဝိဇ္ဇာဆိုသည်ကား၊ ဒုက္ခေ=ဒုက္ခသစ္စာတရား၌၊ အညာဏံ=မသိခြင်းအမှုလည်းတစ်ပါး၊ ဒုက္ခသမုဒယေ=ဒုက္ခပွါးများကြောင်းဖြစ်သော အမြစ်မူလတရား၌၊ အညာဏံ=မသိခြင်းအမှုလည်း တစ်ပါး၊ ဒုက္ခနိရောဓေ=ဒုက္ခ၏ကုန်ဆုံး

http://www.dhammadownload.com



ချုပ်ငြိမ်းရာတရား၌၊ အညာဏံ=မသိခြင်းအမှုလည်းတစ်ပါး၊ ဒုက္ခနိရောဓဂါမိနိယာပဋိပဒါယ=ဒုက္ခကုန်ဆုံး ချုပ်ငြိမ်းရာသို့ ရောက်ကြောင်းဖြစ်သော အကျင့်တရား၌၊ အညာဏံ=မသိခြင်း အမှုလည်းတစ်ပါး၊ အယံ=ဤမသိခြင်းလေးပါးကို၊ အဝိဇ္ဇာ=အဝိဇ္ဇာဟူ၍၊ ဝုစ္စတိ=မိန့်ဆိုအပ်၏။

ဟု ဟောတော်မူ၏၊ ထို ဝိဘင်းပါဠိတော်အရ အဝိဇ္ဇာသည်-

၁။ ဒုက္ခသစ္စာ၌ မသိမမြင်နိုင်အောင် ဖုံးလွှမ်းခြင်းတစ်ပါး၊

၂။ သမုဒယသစ္စာ၌ မသိမမြင်နိုင်အောင် ဖုံးလွှမ်းခြင်တစ်ပါး၊

၃။ နိရောဓသစ္စာ၌ မသိမမြင်နိုင်အောင် ဖုံးလွှမ်းခြင်းတစ်ပါး၊

၄။ မဂ္ဂသစ္စာ၌ မသိမမြင်နိုင်အောင် ဖုံးလွှမ်းခြင်းတစ်ပါး၊

ဤသို့လေးပါးဖြစ်သည်၊ ယင်းလေးပါးတို့တွင်-

၁။ အတိတ်ဖြစ်သော ရှေးအဖို့၌ဖြစ်သည့် ခန္ဓာအာယတနဓာတ်တို့ကို မသိမှု၊ မသိနိုင်အောင် ဖုံးလွှမ်းမှုပုဗ္ဗန္တ တစ်ပါး၊

၂။ အနာဂတ်ဖြစ်သော နောက်အဖို့၌ဖြစ်သည့် ခန္ဓာအယတနဓာတ်တို့ကို မသိမှု၊ မသိနိုင်အောင်ဖုံးလွှမ်းမှု အပရန္တတစ်ပါး၊

၃။ နှစ်ပါးစုံသောအဖို့၌ဖြစ်သည့် ခန္ဓာအာယတနဓာတ်တို့ကို မသိမှု၊ မသိနိုင်အောင်ဖုံးလွှမ်းမှု ပုဗ္ဗန္တာပရန္တတစ်ပါး၊

၄။ ပဋိစ္စသမုပ္ပါဒ်တို့ကို မသိမှု၊ မသိနိုင်အောင် ဖုံးလွှမ်းမှု ဣဒပ္ပစ္စယတာ တစ်ပါး။

ဤလေးပါးနှင့်တကွ ဓမ္မသင်္ဂဏီပါဠိတော် (နှာ-၂၁၆) ၌လာသော အားဖြင့် ရှစ်ပါးဖြစ်ပေသည်။

ဤအဝိဇ္ဇာမည်သော မောဟတရားသည် အရေအတွက်အားဖြင့် လေးပါး ရှစ်ပါးဟုဆိုသော်လည်း သဘောအားဖြင့် ဖုံးလွှမ်းကွယ်ကာ

http://www.dhammadownload.com



တတ်သော သဘောတစ်ခုတည်းသာဖြစ်၏၊ သတ္တဝါတို့၏သန္တာန်၌ သစ္စာလေးပါးကို ထိုးထွင်းသိမြင်နိုင်သော စတုသစ္စပဋိဝေဓဉာဏ်ကို မရသေးသမျှ ကာလပတ်လုံး ဝမ်းတွင်းမှကန်းလာသော ဝမ်းတွင်းကန်းသည် လောက၌မည်သည့်အရာ ဝတ္ထုကိုမျှ မသိမမြင်နိုင်သကဲ့သို့ ခန္ဓာ,အာယတန,ဓာတ်,သစ္စာ,ပဋိစ္စသမုပ္ပါဒ်အရာတို့၌ မြင်သိခြင်းငှါ မစွမ်းနိုင်ပေ၊ မြင်သိလိုသော ဆန္ဒမျှပင်မရှိချေ။

၁။ လကွယ် နေ့, ည, ဖြစ်ခြင်း၊

၂။ သန်းခေါင် အချိန် ဖြစ်ခြင်း၊

၃။ အရပ် ရှစ်မျက်နှာ မိုးမှောင် တိမ်လွှာတို့ အုပ်ဖုံးနေခြင်း၊

၄။ ကြီးစွာသော တောအုပ်ကြီး အတွင်းဖြစ်ခြင်း၊

ဤအင်္ဂါလေးပါးနှင့်ပြည့်စုံသော အမိုက်တိုက်သည် လောက၌ အလွန်မိုက်သော မဟာမတမှောင်ကြီးဟု ဆိုကြကုန်၏၊ ထိုအမိုက်မှောင်သည် အဘယ်မျှကြာအောင် တည်နေမိုက်နေနိုင်မည်နည်း၊ အလွန်တည်နေမိုက်နေနိုင်ပါမှ တစ်ညဥ့်တာမျှသာ ရှိပေမည်၊ နံနက်အရုဏ်တက်လာသည်မှစ၍ ထိုအမိုက်မှောင်သည် နေရောင်ထွန်းတက်လာတိုင်း တစ်စတစ်စ ပျောက်ကွယ်သွားရပေမည်။

ဤမောဟအမိုက်မှောင်သည်ကား နေရောင်လရောင် အလင်းဆောင်၍ မရနိုင်နေပေါင်းတစ်ထောင် လပေါင်းတစ်ထောင် တစ်ပြိုင်နက် အလင်းဆောင်သော်လည်း ထိုမောဟအမိုက်မှောင် မပျောက်နိုင်ပေ၊ သတ္တဝါတို့သန္တာန်၌ ကမ္ဘာ့ကမ္ဘာမည်မျှကြာပြီဟု မသိနိုင်သော သံသရာတစ်လျှောက်လုံး အုပ်ဖုံးလာခဲ့ပေသည်၊ ထို့ကြောင့် မဟာတမခေါ်ကြသည့် လောကအမိုက်မှောင်ထက် ထိုမောဟ အမိုက်မှောင်သည်သာ လျှင် လွန်ကဲသော အမိုက်မှောင်ဖြစ်ပေသည်။

http://www.dhammadownload.com


- စတုရင်္ဂိကံ အန္ဓကာရံ၊
မဟာတမံတိ ဘာသရေ။
မောဟာဓိကံတိ ဆန္ဒတ္တာ၊
ပဏ္ဍိတာတွေ၀ ဘာသရေ။

(ရစနာ)

လောကေ=ဗာလသုဿက္ကု လူဗာလတို့ များစွာပျော်မွှီး လောကကြီး၌၊ ဇနာ=သညာသတ်မှတ် မည်ပညတ်ကို ပြုတတ်ကြစွာ လူများစွာတို့သည်၊ စတုရင်္ဂိကံ=သန်းခေါင်လကွယ်တောအုပ်လယ်၌ ရှစ်နယ်ပတ်ကုံး အပြည့်ဖုံးသား မိုးလုံး တိမ်တိုက်လျှပ်မကြိုက်သည့် အမိုက်အပြား အင်လေးပါးနှင့် ထင်ရှားပြည့်စုံသော၊ အန္ဓကာရံ=အရှေ့အနောက် တောင်မြောက် ရော်ရမ်း မြင်မစွမ်းဘဲ ကန်းခြင်းကိုပြုတတ်သော အမိုက်တိုက်ကို၊ မဟာတမံတိ=အမိုက်တကာ့ခေါင်ဖျား ကြီးမားစွာလျှ မဟာတမဟူ၍၊ ဘာသရေ=နှုတ်တွင်ရွရွ ပြောဆိုကြကုန်၏၊ ပဏ္ဍိတာတု=ကြောင်းကျိုး မြင်သိ ပညာရှိတို့သည်ကား၊ စတုသစ္စံ=အမှန်လေးပါး သစ္စာတရားကို၊ ဆန္ဒတ္တာ=မသိမထင် ဉာဏ်မမြင်အောင် ပိတ်ပင်ဖုံးလွှမ်းတတ်သည်၏ အဖြစ်ကြောင့်၊ မောဟံ=ဘဝသံသရာ ကမ္ဘာဘာက ကိုယ်မှာကိန်းဝပ် စွဲမှီကပ်သည့် ဓာတ်အနုသယ မိုက်မောဟကို၊ တတော=မဟာတမ ခေါ်ဆိုကြသည့် ထိုလောကအမှောင်ထက်၊ အဓိကံတိ=မနိုင်းအပ်ရာ မယှဉ်သာဘဲ လွန်ပိုကဲသည့် အမိုက်တုံးအမိုက်ခဲကြီးဟူ၍၊ ဘာသရေ ဧဝ=ဉာဏ်နှင့်ယှဉ်သော သမ္မာယုတ်ဇောဖြင့် ဖွင့်ဟောတော်မူကြပေကုန် သည်သာလျှင်တည်း။

-----*-------

http://www.dhammadownload.com



## သင်္ခါရ ဒုက္ခပရိညာ

(၇) အဝိဇ္ဇာပစ္စယာ သင်္ခါရ ဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

( ၈-၉) ခမ္ပိ ၊ သံယံ

အဝိဇ္ဇာအကြောင်းကြောင့်ဖြစ်သော သင်္ခါရတည်းဟူသော ဒုက္ခတုံး ဒုက္ခခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ဤအရာ၌ အဝိဇ္ဇာကြောင့်ဖြစ်သောသင်္ခါရဟူသည်ကား--

> သင်္ခတံ ကာယဝစီမနောကမ္မံ အဘိသင်္ခရောန္တိ ဧတေဟီတိ သင်္ခါရာ။

ဧတေဟိ=ထိုတရားတို့ဖြင့်၊ သင်္ခတံ=ပြုပြင်စီရင်အပ်သော၊ ကာယဝစီ မနောကမ္မံ=ကာယကံ ဝစီကံ မနောကံများကို၊ အဘိသင်္ခရောန္တိ=ပြုပြင်စီရင်တတ်ကုန်၏၊ ဣတိ တသ္မာ=ထိုသို့ပြုပြင်စီရင်ကြောင်းဖြစ်သော သတ္တိကြောင့်၊ သင်္ခါရာ=သင်္ခါရတို့မည်ကုန်၏။

ဤစကားရပ်၌ -

၁။ ပါဏာတိပါတ=သူ့အသက်ကိုသတ်မှု၊
၂။ အဒိန္နာဒါန=သူ့ဥစ္စာကိုခိုးယူမှု၊
၃။ ကာမေသုမိစ္ဆာစာရ=သူ့အိမ်ရာ သားမယားကို ပြစ်မှားကျူးလွန်မှု၊

ဤသည်ကား ကာယဒွါရ၌ဖြစ်သော ကာယကံ သုံးပါးတည်း။

၁။ မုသာဝါဒ=မဟုတ်မမှန်ပြောဆိုမှု၊
၂။ ပိသုဏာဝါစာ=ချောပစ်ကုန်းတိုက်၍ပြောဆိုမှု၊

http://www.dhammadownload.com


၃။ ဖရုသဝါစာ=ကြမ်းတမ်းယုတ်မာစွာပြောဆိုမှု၊
၄။ သမ္ဖပ္ပလာပဝါစာ=လောကုတ်လောကီ နှစ်လီအကျိုး ပွါးတိုးမှုမရှိ ပြိန်ဖျင်းသောစကားကို ပြောဆိုမှု၊

ဤသည်ကား ဝစီဒွါရ၌ဖြစ်သော ဝစီကံလေးပါးတည်း။

၁။ အဘိဇ္ဈာ=သူတစ်ပါးစည်းစိမ်ကို မတရားသဖြင့် လိုချင်တောင့်တမှု၊
၂။ ဗျာပါဒ=သူတစ်ပါးပျက်စီးစေလိုမှု၊
၃။ မိစ္ဆာဒိဋ္ဌိ=ကံကိုလည်းကောင်း, ကံ၏အကျိုးတရားကိုလည်းကောင်း၊ ယုံကြည်မှုမရှိပဲ အယူအကျင့် မှောက်မှား လွဲချော်မှု။

ဤသည်ကား မနောဒွါရ၌ဖြစ်သော မနောကံသုံးပါးတည်း၊ ဤဒုစရိုက်ကံ ၁၂-ပါးတို့သည် အကုသိုလ်နှင့်ဆိုင်ရာ ကာယကံ ဝစီကံ မနောကံတို့ပေတည်း။

၁။ ပါဏာတိပါတာ ဝေရမဏီ=သူ့အသက်ကို သတ်မှုမှ ရှောင်ကြဉ်မှု၊
၂။ အဒိန္နာဒါနာဝေရမဏီ=သူ့ဥစ္စာခိုးယူမှုမှရှောင်ကြည်မှု၊
၃။ ကာမေသုမိစ္ဆာစာရာဝေရမဏီ=သူ့အိမ်ရာသားမယားကို ပြစ်မှား ကျူးလွန်မှုမှ ရှောင်ကြဉ်မှု။

ဤသည်ကား ကာယဒွါရ၌ဖြစ်သော ကာယကံ သုံးပါးတည်း။

၁။ မုသာဝါဒါ ဝေရမဏီ=မဟုတ်မမှန် ပြောဆိုမှုမှရှောင်ကြဉ်မှု၊
၂။ ပိသုဏာဝါစာဝေရာမဏီ=ချောပစ်ကုန်းတိုက်၍ ပြောဆိုမှုမှ ရှောင်ကြဉ်မှု၊
၃။ ဖရုသဝါစာဝေရမဏီ=ကြမ်းတမ်းယုတ်မာစွာ ပြောဆိုမှုမှ

http://www.dhammadownload.com


ရှောင်ကြဉ်မှု၊

၄။ သမ္ဖပ္ပလာပဝါစာဝေရမဏီး=လောကုတ်လောကီ နှစ်လီ အကျိုး ပွါးတိုးမှုမရှိ ပြိန်ဖျင်းသောစကားကို ပြောဆိုမှုမှ ရှောင်ကြဉ်မှု။

ဤသည်ကား ဝစီဒွါရ၌ဖြစ်သော ဝစီကံ လေးပါးတည်း။

၁။ အနဘိဇ္ဈာ=သူတစ်ပါးစည်းစိမ်ကို မတရား မလိုလား မတောင့်တမှု၊

၂။ အဗျာပါဒ=သူတစ်ပါး မပျက်စီးစေလိုမှု၊

၃။ သမ္မာဒိဋ္ဌိ=ကံကိုလည်းကောင်း, ကံ၏အကျိုးတရားကို လည်းကောင်း ယုံကြည်သောအားဖြင့် အယူအကျင့် မှန်ကန်မှု၊

ဤသည်ကား မနောဒွါရ၌ဖြစ်သော မနောကံ သုံးပါးတည်း။

ဤသုစရိုက် ကံ ၁၂-ပါးတို့သည် ကုသိုလ်နှင့်ဆိုင်ရာ ကာယကံ ဝစီကံ မနောကံတို့ပေတည်း။

၁။ ပထမစျာန် ကုသိုလ်ကံ၊
၂။ ဒုတိယစျာန် ကုသိုလ်ကံ၊
၃။ တတိယစျာန် ကုသိုလ်ကံ၊
၄။ စတုတ္ထစျာန် ကုသိုလ်ကံ၊
၅။ ပဥ္စမစျာန် ကုသိုလ်ကံ၊

ဤသည်ကား ရူပါဝစရ ကုသိုလ်ကံ ငါးပါးတည်း။

၁။ အာကာသာနဉ္စာယတန ကုသိုလ်ကံ၊
၂။ ဝိညာဏဉ္စာယတန ကုသိုလ်ကံ၊
၃။ အာကိဉ္စညာယတန ကုသိုလ်ကံ၊

http://www.dhammadownload.com



၄။ နေဝသညာနာသညာယတန ကုသိုလ်ကံ၊
ဤသည်ကား အရူပါဝစရ ကုသိုလ်ကံ လေးပါးတည်း။

ဤနှစ်ရပ်ပေါင်း ၉-ပါးသော ကံတို့ကို မဟဂ္ဂုတ်ကံ ဟုဆို၏၊ ထိုမဟဂ္ဂုတ်ကံသည် မနောဒွါရ၌သာဖြစ်သောကြောင့် မနောကံမည်၏။

ဆိုခဲ့ပြီးသော ကာယကံ ဝစီကံ မနောကံတို့ကို ဖြစ်စေတတ်သော-

၁။ အကုသိုလ်စိတ် ၁၂-ခုနှင့်ယှဉ်သော အကုသိုလ်စေတနာ ၁၂-ခုသည် အပုညာဘိသင်္ခါရမည်၏။

၂။ မဟာကုသိုလ်၈-ခု၊ ရူပကုသိုလ် ၅-ခု၊ ပေါင်း ၁၃-ခုနှင့်ယှဉ်သော စေတနာ ၁၃-ခုသည် ပုညာဘိသင်္ခါ မည်၏။

၃။ အရူပကုသိုလ်စိတ် ၄-ခုနှင့်ယှဉ်သော ကုသိုလ်စေတနာ ၄-ခုသည် အာနဉ္စာဘိသင်္ခါရမည်၏။

ထို့ကြောင့် အဘိဓမ္မာ ဝိဘင်းပါဠိတော် ( နှာ-၁၄၂ ) ပဋိစ္စသမုပ္ပါဒ နိဒ္ဒေသ၌ -

* တတ္ထ ကတမေ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ ပုညာဘိ သင်္ခါရော, အပုညာဘိသင်္ခါရော, အာနဉ္စာဘိ သင်္ခါရော, ကာယ သင်္ခါရော, ဝစီသင်္ခါရော, စိတ္တသင်္ခါရော။

တတ္ထ=ထိုဥဒ္ဒေသပါဠိ၌၊ အဝိဇ္ဇာပစ္စယာ=အဝိဇ္ဇာဟူသော အကြောင်းကြောင့်၊ ဥပ္ပန္နာ=ဖြစ်ကုန်သော၊ သင်္ခါရာ=သင်္ခါရတို့သည်၊ ကတမေ=အဘယ်သည်တို့နည်းဟူမူကား၊ ပုညာဘိသင်္ခါရော=ပုညာဘိ သင်္ခါရလည်းတစ်ပါး၊ အပုညာဘိသင်္ခါရော=အပုညာဘိသင်္ခါရလည်း တစ်ပါး၊ အာနဉ္စာဘိသင်္ခါရော=အာနဉ္စာဘိသင်္ခါရလည်းတစ်ပါး၊ (ဤ သုံးပါးတစ်ရပ်)

http://www.dhammadownload.com



ကာယသင်္ခါရော=ကာယသင်္ခါရလည်းတစ်ပါး၊ ဝစီသင်္ခါရော=ဝစီသင်္ခါရလည်းတစ်ပါး၊ စိတ္တသင်္ခါရော=စိတ္တသင်္ခါရလည်း တစ်ပါး၊ (ဤသုံးပါး တစ်ရပ်)

* တတ္ထ ကတမော ပုညာဘိသင်္ခါရော၊ ကုသလာစေတနာ ကာမာဝစရာ ရူပါဝစရာ ဒါနမယာ သီလမယာ ဘာဝနာမယာ၊ အယံ ဝုစ္စတိ ပုညာဘိ သင်္ခါရော။

တတ္ထ=ထိုသုံးပါးစုနှစ်ရပ်မှ ပထမသုံးရပ်တို့တွင်၊ ကတမော=အဘယ် တရားသည်၊ ပုညာဘိသင်္ခါရော=ပုညာဘိသင်္ခါရ မည်သနည်း၊ ကာမာဝစရာ=ကာမာဝစရဖြစ်သော၊ ဒါနမယာ=ဒါနဖြင့်ပြီးသော၊ သီလမယာ=သီလဖြင့်ပြီးသော၊ ဘာဝနာမယာ=ဘာဝနာဖြင့်ပြီးသော၊ ကုသလာစေတနာ=ကုသိုလ်စေတနာသည်လည်းကောင်း၊ ရူပါဝစရာ=ရူပါဝစရဖြစ်သော၊ ဘာဝနာမယာ=ဘာဝနာဖြင့်ပြီးသော၊ ကုသလာစေတနာ=ကုသိုလ်စေတနာသည်လည်းကောင်း၊ အယံ=ဤတရားစုကို၊ ပုညာဘိသင်္ခါရော=ပုညာဘိသင်္ခါရဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

* တတ္ထ ကတမော အပုညာဘိသင်္ခါရော၊ အကုသလာစေတနာ ကာမာဝစရာ၊ အယံ ဝုစ္စတိ အပုညာဘိသင်္ခါရော။

တတ္ထ=ထိုပထမသုံးရပ်တို့တွင်၊ ကတမော=အဘယ်တရားသည်၊ အပုညာဘိသင်္ခါရော=အပုညာဘိသင်္ခါရမည်သနည်း၊ ကာမာဝစရာ=ကာမာဝစရဖြစ်သော၊ အကုသလာစေတနာ=အကုသလာစေတနာတည်း၊ အယံ=ဤအကုသိုလ် စေတနာကို၊ အပုညာဘိသင်္ခါရော=အပုညာဘိသင်္ခါရဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

* တတ္ထ ကတမော အာနဉ္ဇာဘိသင်္ခါရော၊ ကုသလာ စေတနာ အရူပါဝစရာ၊ အယံ ဝုစ္စတိ အာနဉ္ဇာဘိသင်္ခါရော။

http://www.dhammadownload.com



တတ္ထ=ထိုပထမသုံးရပ်တို့တွင်၊ ကတမော=အဘယ်တရားသည်၊ အာနဉ္စာဘိသင်္ခါရော=အာနဉ္စာဘိသင်္ခါရမည်သနည်း၊ အရူပါဝစရာ= အရူပါဝစရဖြစ်သော၊ ကုသလာစေတနာ=ကုသိုလ်စေတနာတည်း၊ အယံ= ဤကုသိုလ်စေတနာကို၊ အာနဉ္စာဘိသင်္ခါရော=အာနဉ္စာဘိသင်္ခါရ ဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

* တတ္ထ ကတမော ကာယသင်္ခါရော၊ ကာယသဉ္စေတနာ ကာယသင်္ခါရော၊ ဝစီသဉ္စေတနာ ဝစီသင်္ခါရော၊ မနော သဉ္စေတနာ မနောသင်္ခါရော၊ ဣမေ ဝုစ္စန္တိ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။

တတ္ထ=ထိုဒုတိယသုံးရပ်တို့တွင်၊ ကတမော=အဘယ်တရားသည်၊ ကာယသင်္ခါရော=ကာယသင်္ခါရမည်သနည်း၊ ကာယသဉ္စေတနာ=ကာယ ဒွါရိက် ကာယသုစရိုက် စေတနာစုသည်၊ ကာယသင်္ခါရော=ကာယ သင်္ခါရမည်၏၊ ဝစီသဉ္စေတနာ=ဝစီဒုစရိုက် ဝစီသုစရိုက် စေတနာစုသည်၊ ဝစီသင်္ခါရော=ဝစီသင်္ခါရ မည်၏၊ မနောသဉ္စေတနာ=မနောဒုစရိုက် မနောသုစရိုက် စေတနာစုသည်၊ စိတ္တသင်္ခါရော=စိတ္တသင်္ခါရမည်၏၊ ဣမေ=ဤတရားတို့ကို၊ အဝိဇ္ဇာပစ္စယာ=အဝိဇ္ဇာဟူသောကြောင်းကြောင့်၊ ဥပ္ပန္နာ=ဖြစ်ကုန်သော၊ သင်္ခါရာ=သင်္ခါတို့ဟူ၍၊ ဝုစ္စန္တိ=ဆိုအပ်ကုန်၏။

ဟူ၍ဟောတော်မူ၏၊ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးကလည်း သက္ကရာဇ် ၁၂၅၇-ခုနှစ်အတွင်း မဟာဗောဓိနှင့်တကွ ဗာရာဏသီစသော မဇ္ဈိမ တိုင်းကြီး ပြည်ကြီးများသို့ အသွားတွင် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော စာပို့ရထားပေါ်တွင် စီရင်ရေးသားသော ပဋိစ္စသမုပ္ပါဒ် ပျို့လင်္ကာ အကျဉ်းချုပ် ၁၃-ပုဒ်တွင်-

- ဗောဓိရတနာ၊ ယာဉ်စကြာဖြင့်၊
  သစ္စာလေးရပ်၊ လေးကျွန်းပတ်သား၊

http://www.dhammadownload.com



နတ် ဝိသုဒ္ဓိ၊ တုမရှိအား၊
တြိဒွါရ၊ ရှိခိုးခလျက်၊
ဘဝ သုံးပါး၊ ဟုန်းဟုန်းသွားသည့်၊
ရထား သံသရာ၊ ယာဉ်စကြာ၏၊
ခြင်းရာ ထုပ္ပတ်၊ သမုပ္ပါဒ်ကို၊
အတပ် သိရန်၊ နိဒါန်း ပြန်ပိမ့်၊
အမှန် လေးချက်၊ သဘောနက်ကို၊
ဖုံးဝှက် ကွယ်ကာ၊ အဝိဇ္ဇာဟု၊
မဟာတမ၊ မှောင်ကြီးကျလျက်၊
ဘဝမြုံသိုက်၊ ရှိန်ရှိန်အိုက်သား၊
အမှိုက်မီးစာ၊ ဤခန္ဓာကို၊
တွယ်တာသမှု၊ အကြောင်းပြု၍၊
အကုသလ၊ ဓမ္မညစ်ဆိုး၊ အပြစ်မျိုးကို၊
ကြိုးကြိုးပမ်းပမ်း၊ နေ့စဉ်ထမ်းသည်၊
ပါယ်လမ်းဗီဇ၊ အပုညနှင့်။ ။
ဘဝနောင်ခါ၊ သံသရာဝယ်၊
လူ့ရွာ နတ်ငြိမ်း၊ စည်းစိမ်သွမ်းကို၊
ချမ်းသာ အတိ၊ အထင်ငြိလျက်၊
ဂတိ နောင်ကို၊ ကောင်းစေလို၍၊
ကုသိုလ် အရိုး၊ အမျိုးမျိုးကို၊
ကြိုးကြိုးစားစား၊ ပြုတုံငြား၊ ဆယ်ပါးပုည၊
အာနဥ္စဟု၊ ဘဝနှီးရင်း၊ ပွါးတုံလျင်းသည်။
ဝဋ်ခင်း ဝဋ်နွယ် ရှည်သတည်း။ ။

ဟုဖွဲ့ဆိုရေးသားတော်မူခဲ့ပေသည်၊ ဤအဘိဓမ္မာ ဝိဘင်းပါဠိ

http://www.dhammadownload.com



တော်နှင့် ကျေးဇူးရှင်ကြီး၏ ပို့လက်ာ၌ ဆိုလိုရင်းအဓိပ္ပါယ်ကို ဤသို့ သိအပ်၏။

**အကြောင်းအဝိဇ္ဇာနှင့် အပုညာဘိသင်္ခါရ**

အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရဖြစ်ပုံမှာ သံသရာတွင် ကျင်လည်ကြရဖြစ်ကြရသည့် ဘဝများစွာတို့နှင့် ဤခန္ဓာစုသည် ဒုက္ခတုံး ဒုက္ခခဲကြီးသာလျှင် အမှန်ဖြစ်၏၊ သို့ပင်ဖြစ်သော်လည်း အဝိဇ္ဇာ အမှောင်ဓာတ်ကြီး ဖုံးပိတ်ကွယ်ကာထားမှုကြောင့် ဒုက္ခအနေအားဖြင့် မထင်နိုင် မမြင်နိုင်ကြကုန်၊ သုခအနေအားဖြင့်သာလျှင် ထင်ကြမြင်ကြကုန်၏၊ ထို့ကြောင့်ငါငါ ငါ့ကိုယ်၊ ငါ့အသက်၊ ငါ့လိပ်ပြာစသည်ဖြင့် ခင်မင် စွဲလမ်းကြကုန်၏၊ ထိုသို့ ခင်မင် စွဲလမ်းမှုကြောင့် ယခုဘဝ ပစ္စုပ္ပန်ခန္ဓာကိုယ်ကို ကျွေးမွေး စောင့်ရှောက်မှုအတွက်နှင့် သူ့အသက်သတ်မှုစသော ဒုစရိုက်တရားတို့ကို ပြုမှားကြကုန်၏၊ ဤဒုစရိုက်ဆယ်ပါး အကုသိုလ်တရားတို့ကိုပင်လျှင် အပုညာဘိသင်္ခါရဆိုပေသည်၊ ဤကားအဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရ ဖြစ်ပုံတည်း။

**အဝိဇ္ဇာကြောင့်ပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရဖြစ်ပုံ**

အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတို့ ဖြစ်ကြပုံကား- နောင် အနာဂတ် ဖြစ်ရလတ္တံ့သော လူ့ခန္ဓာစု နတ်ခန္ဓာစု ဗြဟ္မာ့ခန္ဓာစုသည်လည်း ဒုက္ခစု ဒုက္ခခဲသာ အမှန်ဖြစ်၏၊ သို့ပင်ဖြစ်သော်လည်း အဝိဇ္ဇာအမှောင်ဓာတ်ကြီး ပိတ်ဆီးကွယ်ကာထားမှုကြောင့် ဒုက္ခစု ဒုက္ခခဲအားဖြင့် မမြင်နိုင်ကြပေ၊ သုခအနေအားဖြင့်သာ ထင်ကြမြင်ကြကုန်၏၊ ထို့ကြောင့် ယခုဘဝ ပစ္စုပ္ပန်ခန္ဓာပျက်ဆုံးလျှင် ကောင်းမြတ်သော ဘုံဘဝတို့တွင် လူ့ခန္ဓာ, နတ်ခန္ဓာ, ဗြဟ္မာ့ခန္ဓာ အသစ်အသစ်တို့ကို ရလိုခံစားလိုသော တဏှာဓာတ်ကြောင့် ဒါနမှု သီလမှု ဘာဝနာမှု သုစရိုက်ဆယ်ပါး ကုသိုလ်စုများ စသည်တို့ကို

http://www.dhammadownload.com



ကြီးကြီးစားစား အားထုတ် ပြုလုပ်ကြကုန်၏၊ ထိုသုစရိုက် စသည်တို့တွင် ကာမကုသိုလ်ကံ, ရူပကုသိုလ်ကံတို့သည် ပုညာဘိသင်္ခါရ မည်ကုန်၏၊ အရူပကုသိုလ်ကံသည် အာနဉ္ဇာဘိသင်္ခါရမည်၏၊ ဤသည်ကား အဝိဇ္ဇာ ကြောင့် ပုညာဘိသင်္ခါရ, အာနဉ္ဇာဘိသင်္ခါရတို့ ဖြစ်ပုံတည်း။

ဤသို့လျှင် အဝိဇ္ဇာရှိသောသူသည် ဟုတ်မှန်သည့် ဒုက္ခသစ္စာ အနက်အရာတို့ကို ကောင်းစွာမထင်နိုင် မမြင်နိုင်သဖြင့် ဒုက္ခအတိသာ ဖြစ်သော တေဘူမက ဝဋ္ဋဒုက္ခတရားအစု၏ အပြစ်အာဒီနဝကို မထင်နိုင် မမြင်နိုင်ချေ၊ တဏှာအစေး အချွဲဓာတ်ဖြင့် ကောင်းမြတ်သာယာဖွယ် ဟူ၍သာ မှတ်မှား ထင်မှားကြလေ၏၊ ထိုသို့ အဝိဇ္ဇာအကြောင်းကြောင့် သင်္ခါရဓမ္မတို့ကို ပြုမှားကြပုံ၌ ထင်မြင်လွယ်သော ဥပမာကား-

- နတ်သမီးကို အလိုရှိသည့်အတွက် နက်စွာသော ချောက် နရက်ကြီးအတွင်းသို့ ခုန်ဆင်းမိသော သူကဲ့သို့လည်း ကောင်း၊
- မီးရောင်ကို ခင်မင်၍ မီးတောက်တွင်းသို့ ပျံဆင်း သက် ရောက်သော ပိုးပရန်ကဲ့သို့လည်းကောင်း၊
- ပျားရည်စက်ကို နှစ်သက်မက်မော၍ ပျားရည်ဖြင့် လိမ်းကျံ အပ်သော၊ သံလျက်သွားကို လျှာနှင့်လျက်မှားသော သူကဲ့သို့လည်းကောင်း၊
- ဉာဏ်အမြင်ဝေး သူငယ်ကလေးသည် မစင်ပျော့ကို ကိုင် ဆော့ကစားသကဲ့သို့လည်းကောင်း၊
- သေစေလို၍ အဆိပ်ကို မျိုစားသော သူကဲ့သို့လည်း ကောင်း၊
- မျက်စိလည် လမ်းမှားသည့် ခရီးသွားယောကျ်ားသည်

http://www.dhammadownload.com


တစ္ဆေ, မြေဖုတ်တို့ ဖန်ဆင်းသည့် မြို့တွင်းသို့ ဝင်မှားသကဲ့သို့လည်းကောင်း။

ပညာမျက်စိကန်းကြသည့် ပုထုဇဉ်အန္ဓတို့သည် ဒုက္ခဝဋ်ဘုံ ကရွတ်မြို့ကြီးဝယ် တဝဲလည်လည်နှင့် သဠံရသုံးပါး ကမ္မဝဋ်တရားတို့ကို ပြုမှားမိကြကုန်၏။

ထိုသို့သော အဓိပ္ပါယ်လာ သမ္မောဟဝိနောဒနီ အဋ္ဌကထာ (နှာ-၁၃၈) မှ ဥပမာစကားစုတို့ကို အတိုချုပ် ပြုလုပ်ထားသည့် -

- မရုပပ္ပါတံ ဒီပစ္စိ၊
  မဓုလိတ္တာသ လေဟနံ။
  ဂူထကီဠံ ဝိသံ ခါဒံ၊
  ပိသာ စ နဂရံ ယထာ။
- ဗာလော ကရောတိ သင်္ခါရေ၊
  တိဝိဓေ ဒုက္ခဟေတဝေါ။
  တသ္မာ သတိ အဝိဇ္ဇာယ၊
  ဘာဝတော ဟောတိ ပစ္စယော။

မရူပပ္ပါတံ=ရူ၍မငြီး နတ်သမီးကို ထန်သည်းစုံမက် လွန်နှစ်သက်၍ နရက်ချောက်တွင်း ခုန်ဆင်းမိခြင်းကိုလည်းကောင်း၊ ဒီပစ္စိ=ကောင်းဆိုးနှစ်ခု ကြောင်းကျိုးစုကို မြင်မှုမသန် ပိုးပရန်သည် အလျှံထိန်ဝင်းဆီမီးတွင်းသို့ သက်ဆင်းခြင်းကိုလည်းကောင်း၊ မဓုလိတ္တာသ လေဟနံ=ပျားရည်လူးထား သံလျက်သွားကို လျှင်လျားစုံမက် လျှာဖြင့်လျှက်ခြင်းကိုလည်းကောင်း၊ ဂူထကီဠံ=ညဏ်မြင်နှံ့နှေး သူငယ်လေးတို့ အထွေးသွပ်ပေါ့မစင်ပျော့ကို ကိုင်ဆော့ကစားခြင်းကိုလည်းကောင်း၊ ဝိသံခါဒံ=လောကခံဆိုး တစ်မျိုးမျိုးနှင့် ဝင်တိုးမိလျှင် ထိုခါစဉ်၌ ငြိငြင်သောထွေ သောကပွေ၍ သေချင်စိတ်ထား အဆိပ်စားသုံးခြင်းကိုလည်းကောင်း၊ ပိသာစ

http://www.dhammadownload.com



နဂရုံ-ကြပ်နှင့်တစ္ဆေ မြေဖုတ်ဘီလူး အထူးဖန်ဆင်း မြို့အတွင်းသို့ မှားယွင်းတုံဘိ ဝင်နေမိခြင်းကိုလည်းကောင်း၊ အာရဘီယထား-မြော်မြင် ဉာဏ်ပါး လူယောက်ျားတို့ အားထုတ်မှားလေဘိသကဲ့သို့-

ဗာလော-မှောင်အဝိဇ္ဇာ လှောင်ပိတ်ကာ၍ ပညာစခန်း မြင်မစွမ်းသည့် ပုထုဇဉ် အကန်းအမိုက်သည်၊ ဒုက္ခဟောတဝေါ-သံသရာ သမုတ်ကြခန္ဓာဒုက္ခ၏ အကြောင်းဖြစ်ကြကုန်သော၊ တိဝိဓေသင်္ခါရေ-ပုညာပုညအာနဉ္စဟု သုံးဝထင်ရှား သင်္ခါရတရားတို့ကို၊ ကရောတိ-ပုထုဇ္ဇန သဘာဝတံထွာ သာယာကြီးကုတ် အားထုတ်ပြုလုပ်မိရှာလေ၏၊ တသ္မာ-ကြောင်းကျိုးနှစ်ရပ် ဆက်စပ်မမြင် ထင်ရာအမှု ပြုအပ်တုံရှောင်း ထိုသို့သော အကြောင်းကြောင့်၊ အဝိဇ္ဇာယ-သစ္စာလေးတန် ပဋိစ္စသမုပ္ပါဒ် နှစ်ဝပေါင်းစပ် ဣဒပ္ပစ္စယထာ ဤရှစ်ဖြာကို ကွယ်ကာပိတ်ဆီး မိုက်အားကြီးစွာ အဝိဇ္ဇာသည်၊ သတိ-သမုစ္ဆေဒပဟာနဖြင့် ပယ်ချသမှု မပြုနိုင်ငြား ထင်ရှားရှိလတ်သော်၊ ဘာဝတော-သင်္ခါရတရား ယင်းသုံးပါးတို့ ဖြစ်ပွါးလာခြင်းကြောင့်၊ ပစ္စယော-မိုက်အဝိဇ္ဇာ ဟူသည်မှာကား သင်္ခါရ၏အကြောင်း ပစ္စည်းဟူ၍၊ မတော-ဉာဏ်တွင်သွင်းထား ယွင်းမမှားရအောင် ထင်ရှားစွာ သိအပ်လှပေသတည်း။

ဤဂါထာအရ ဥပမာ ဥပမေယျတို့ကို ဆောင်ကပ်၍ ပြရပါမူ-

- လူ့ရွာနတ်ပြမ်း စည်းစိမ်သွမ်းကို ချမ်းသာအတိ အထင်ငြိ၍ ပုညာဘိသင်္ခါရကို ပြုမိမှားသောသူသည် နတ်သမီးကို လိုချင်မှု ရမ္မက်ဇောဖြင့် ချောက်နရက်တွင်း ခုန်ဆင်းသော သူနှင့်လည်းတူ၏။ အရောင်အလင်း၌ တပ်နှစ်သက်ခြင်းကြောင့် မီးလျှံအတွင်းသို့ သက်ဆင်း ဝင်တိုးသည့် ပိုးဖလံမျိုးနှင့်လည်း တူ၏၊ ပျားရည် လိမ်းသုတ်ထားသည့် သံလျက်သွားကို လျှာဖြင့်လျက်မှားသော သူနှင့်လည်း

http://www.dhammadownload.com



တူ၏။

- အိမ်ထောင်ရေး, စီးပွါးရေး, သားမယားရေး, မိမိကိုယ်ရေးတို့ကြောင့်-အပုညာဘိသင်္ခါရကို ပြုမိမှားသောသူသည် မစင်ပျော့ကို ကိုင်ဆော့ကစားသော ကလေးသူငယ်နှင့်လည်းတူ၏။
- စိတ်ပျက်ငြီးငြင် သေချင်သောအလိုဖြင့် အဆိပ်ကို မျိုစားသောသူနှင့်လည်း တူ၏။
- အရူပတဏှာ သာယာတပ်မက် စွဲလမ်းချက်ဖြင့် အာနဉ္ဇာဘိသင်္ခါရကို ပြုမိမှားသော သူသည် မျက်စိလည်လမ်းမှား၍ ဖုတ်ကြပ်တစ္ဆေတို့ ဖန်ဆင်းထားသော မြို့ရွာတွင်းသို့ သက်ဝင်မိသော ခရီးသွားယောကျ်ားနှင့်လည်းတူ၏။

ဤသို့ အသီးအသီး ဥပမာ ဥပမေယျ ကပ်၍ သိပေရာ၏။

ဥပမာ တစ်နည်းကား ပဋိသန္ဓေအားဖြင့် ကန်းသော ဝမ်းတွင်းကန်းသည် ရှေ့ဆောင် တုတ်ဆွဲ လမ်းပြမရှိဘဲ ခရီးလမ်းကို လျှောက်သွားလေလျှင် တစ်ရံတစ်ခါ အခန့်သင့်စွာ လမ်းဖြောင့်လမ်းမှန်ကိုလည်း သွားမိပေရာ၏၊ တစ်ရံတစ်ခါ လမ်းကောက် လမ်းမှားကိုလည်း သွားမိပေရာ၏။

- ထိုဥပမာ၌ စတုသစ္စပဋိဝေဓ ဉာဏ်မရှိသော ပုထုဇ္ဇန အန္ဓသည် ဝမ်းတွင်းကန်းနှင့်တူ၏။
- ရှေ့ဆောင်တုတ်ဆွဲ လမ်းပြသည် စတုသစ္စ ပဋိဝေဓဉာဏ်နှင့် တူ၏။
- တစ်ရံတစ်ခါ လမ်းဖြောင့်လမ်းမှန် သွားမိသည်နှင့် ပုညာဘိသင်္ခါရ အာနဉ္ဇာဘိသင်္ခါရတို့ကို ရံဖန်ရံခါ ပြုမိသည်နှင့် တူ၏။

http://www.dhammadownload.com



- တစ်ရံတစ်ခါ လမ်းကောက် လမ်းမှားသွားမိသည်နှင့် အပုညာဘိသင်္ခါရကို ရံဖန်ရံခါ ပြုမိသည်နှင့်တူ၏။

ဤသို့လည်း ဥပမာ ဥပမေယျ ကပ်၍ သိပေရာ၏၊ ထို့ကြောင့်လည်း **သမ္မောဟဝိနောဒနီ အဋ္ဌကထာ (နှာ- ၁၄၂) ၌-**

- ယထာပိ နာမ ဇစ္စန္ဓော၊
  နရော အပရိဏာယကော။
  ဧကဒါ ယာတိ မဂ္ဂေန၊
  ကုမ္မဂ္ဂေနာပိ ဧကဒါ။
- သံသာရေ သံသရံ ဗာလော၊
  တထာ အပရိဏာယကော။
  ကရောတိ ဧကဒါ ပုညံ၊
  အပုညမပိ ဧကဒါ။ ။

ယထာပိ နာမ=သိမြင်လွယ်စွာ လောကဥပမာ မည်သည်ကား၊ အပရိဏာယကော=လမ်းမှန်လမ်းမှား ခွဲခြားညွှန်ပြ ရှေ့မှအမြဲ တုတ်ဆွဲ လမ်းပြမှကင်းသော၊ ဇစ္စန္ဓော=ဒွိဟိတ်ဩမက ကုသလဟု ကမ္မပစ္စည်းဆက်သွယ်မိ၍ မျက်စိနှစ်ကွင်း မြင်မလင်းသည့် ဝမ်းတွင်းကန်းဖြစ်သော၊ နရော=အဟိတ်သုဂတိ စိတ်သန္ဓိဖြင့် လူ၏ဘဝ လူ့ဌာနကို ရရှိလာသော သူသည်၊ ဧကဒါ=ရည်မှန်းတည့်စွာ တစ်ရံတစ်ခါ၌၊ မဂ္ဂေန=လိုရာစခန်း ဖြောင့်တည့်တန်းလျက် လမ်းမှန်လမ်းဖြောင့်ဖြင့်၊ ယာတိ=မမှားမဖောက် သွားရောက်နိုင်ပေ၏၊ ဧကဒါ=ရည်မှန်းချက်ကွာ တစ်ရံတစ်ခါ၌၊ ကုမ္မဂ္ဂေနာပိ=လိုရာမပေါက် လမ်းစပျောက်၍ လမ်းကောက် လမ်းမှားဖြင့်လည်း၊ ယာတိ=မမှန်ယွင်းဖောက် သွားရောက်ရရှာပေ၏။

တထာ=ပမာနှိုင်းယှဉ် ထို့အတူ၊ သံသာရေ=ဘုံသုံးဆယ့်တစ် ဆုံလည်ရစ်သို့ ဖြစ်ကြဖန်ခါ သံသရာ၌၊ သံသရံ သံသရန္တော=စုံဆန်မနား

http://www.dhammadownload.com



ပြေးသွား ကျင်လည်နေရသော၊ အပရိဏာယကော-သစ္စပဋိဝေဓဉာဏ် အမြင်မှန်တည်းဟူသော ရှေ့ဆောင်တုတ်ဆွဲမှုကင်းသော၊ ဗာလော-မသိရုပ်နာမ် မမှန်စရိုက် ပုထုဇဉ် အရှုးအမိုက်သည်၊ ကေဒါ-စိတ်ကောင်း ဝင်ခိုက် တစ်ရံတစ်ခါ၌၊ ပုညံ-လူ့ရွာနတ်ဌာန် ရောက်ရန်ကောင်းမှု ကုသိုလ်စုကို၊ ကရောတိ-ကြက်ကန်းဆန်အိုး ဝင်ကာတိုးသို့ ကြိုးကုတ် ထင်စွာ ပြုမိရာ၏၊ ကေဒါ-စိတ်မိုက်ဝင်လာ တစ်ရံတစ်ခါ၌၊ အပုညံပိ-ဒုစရိုက်စု မကောင်းမှုကိုလည်း၊ ကရောတိ-မျက်ကန်းတစ္ဆေ မကြောက် လေသို့ ယွင်းသွေဖောက်ပြား ပြုမိမှားရာလေ၏။

---

## ၃။ ဝိညာဏ ဒုက္ခပရိညာ

(၁၀) သင်္ခါရပစ္စယာ ဝိညာဏဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

(၁၁-၁၂) ဓမ္မံ ၊ သံဃံ

သင်္ခါရအကြောင်းကြောင့်ဖြစ်သော ဝိညာဏတည်းဟူသော ဒုက္ခတုံးဒုက္ခခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ဤအရာ၌ သင်္ခါရကြောင့်ဖြစ်သော ဝိညာဏ် ဆိုရာတွင်-

၁။ မဂ်ဖြင့် ပယ်အပ်ပြီးသော အကုသိုလ် စေတနာ၊
၂။ ပဋိသန္ဓေအခိုက်၌ ဥဒ္ဓစ္စနှင့်ယှဉ်သော စေတနာ၊
၃။ အဟောသိကံသို့ ရောက်ပြီးသော စေတနာ၊

ဤစေတနာကံစုသည် ကြဉ်အပ်သော အလုံးစုံသော ပုညာဘိ သင်္ခါရ, အပုညာဘိသင်္ခါရ, အာနဉ္ဇာဘိသင်္ခါရ တရားစုသည် သင်္ခါရ

http://www.dhammadownload.com



မည်၏- ဟု မှတ်ပါလေ။

ဝိညာဏ ဟူသည်မှာလည်း-

ဝိဇာနာတီတိ ဝိညာဏံ၊

ဝိဇာနာတိ=အထူးသိတတ်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ ဝိညာဏံ= ဝိညာဏ်မည်၏။

တစ်နည်းကား-

ဝိဇာနန္တိ ဧတေနာတိ ဝိညာဏံ၊

ဧတေန=ဤတရားဖြင့်၊ ဝိဇာနန္တိ=အထူးသိကြကုန်၏၊ ဣတိ တသ္မာ=ထို့ကြောင့်၊ ဝိညာဏံ=ဝိညာဏ်မည်၏။

ဟူ၍ကျေးဇူးရှင်ကြီး ပရမတ္ထဒီပနိ၌ မိန့်ဆိုသောကြောင့် အထူး သိတတ်သောကြောင့် ဝိညာဏ်မည်၏၊ (တစ်နည်း) အထူးသဖြင့် သိကြောင်းဖြစ်သောကြောင့် ဝိညာဏ်မည်၏၊ ထိုဝိညာဏ်တို့မည်သည် မှာ အဘယ်တရားတို့နည်းမေးမူ-

* တတ္ထ ကတမံ သင်္ခါရပစ္စယာ ဝိညာဏံ, စက္ခု ဝိညာဏံ, သောတ ဝိညာဏံ, ဃာနဝိညာဏံ, ဇိဝှါ ဝိညာဏံ, ကာယ ဝိညာဏံ, မနောဝိညာဏံ, ဣဒံ ဝုစ္စတိ သင်္ခါရပစ္စယာ ဝိညာဏံ။

တတ္ထ=ထိုဥဒ္ဒေသပါဠိတော်၌၊ သင်္ခါရပစ္စယာ=သင်္ခါရအကြောင်း ကြောင့်၊ ဥပ္ပန္နံ=ဖြစ်သော၊ ဝိညာဏံ=ဝိညာဏ်ဟူသည်၊ ကတမံ=အဘယ် တရားနည်း၊ စက္ခုဝိညာဏံ=မျက်စိ၌ဖြစ်သော စက္ခုဝိညာဏ်လည်း ကောင်း၊ သောတဝိညာဏံ=နား၌ဖြစ်သော သောတဝိညာဏ်လည်း ကောင်း၊ ဃာနဝိညာဏံ=နှာခေါင်း၌ဖြစ်သော ဃာနဝိညာဏ်လည်း ကောင်း၊ ဇိဝှါဝိညာဏံ=လျှာ၌ဖြစ်သော ဇိဝှါဝိညာဏ်လည်းကောင်း၊

http://www.dhammadownload.com



ကာယဝိညာဏံ=ကိုယ်တွင်းကိုယ်ပြင် တစ်ခုလုံး၌အနှံ့ဖြစ်သော ကာယဝိညာဏ်လည်းကောင်း၊ မနောဝိညာဏံ=နှလုံးအိမ်အတွင်း၌ဖြစ်သော မနောဝိညာဏ်လည်းကောင်း၊ ဣဒံ=ဤဝိညာဏ်ခြောက်ပါးကို၊ သင်္ခါရပစ္စယာ=သင်္ခါရအကြောင်းကြောင့်၊ ဥပ္ပန္နံ=ဖြစ်သော၊ ဝိညာဏံ=ဝိညာဏ်ဟူ၍၊ ပဝုစ္စတိ=ဆိုအပ်၏။

ဟူ၍ အဘိဓမ္မာဝိတင်း ပါဠိတော်၌ ဟောတော်မူ၏၊ ကျေးဇူးရှင်ဆရာတော်ကြီးကလည်း ပဋိစ္စသမုပ္ပါဒ ပျို့လင်္ကာ၌ -

- ဝင်္ခင်း ဝင်္နွယ်၊ ရှည်ကြောင်း ရွယ်သား၊
ဆယ်ဖြာ ပုညာ၊ အပုညနှင့်၊
ဘဝနှီးရင်း၊ ပွါးတုံလျင်းသော်၊
လေးသင်းပါယ်ရွာ၊ အဖြာဖြာလျှင်၊
ဖြဟ္မာ လူ နတ်၊ ဘုံသုံးရပ်၌၊
ဓာတ် ပဓာန၊ ပြဋ္ဌာန်းလှသား၊
ဒွါရသခင်၊ ခြောက်ဝိညာဉ်ဟု၊
အရှင်ဓာတ်မင်း၊ ပေါ်တုံလျင်း၍၊
ကိုယ်တွင်းကိုယ်ပြင်၊ ထွက်ဝင်တံခါး အင်ခြောက်ပါး၌၊
အများရုပ်နာမ်၊ အတန်တန်လျှင်၊
ဝန်းရံဖြိုးဖြိုး၊အမျိုးမျိုးကို၊
အုပ်စိုးဆောင်ရွက်၊ လျှမ်းလျှမ်းတက်လျှင်၊
ထက်မြက် တေဇာ၊ သူ့ရှိန်ဝါကြောင့်၊
ငါငါသူသူ၊ လူပဲနတ်ပဲ၊ အထင်လွဲလျက်၊
ငရဲ အပါယ်၊ အသွယ်သွယ်လျှင်၊
ဝင်္နွယ်ရှည်လျား၊ တမားမားသည်။
ခြောက်ပါးဝိညာဉ် စွမ်းရည်တည်း။ ။

http://www.dhammadownload.com



ဟူ၍လည်း ရေးစပ်တော်မူခဲ့ရကား ဒွါရခြောက်ပါး၌ဖြစ်သော ဝိညာဏ်ခြောက်ပါးကို ကောက်ယူရပေမည်၊ ဤဝိညာဏ်ခြောက်ပါးဟု ဆိုရာတွင်လည်း-

- **သန္ဓိ, ပဝတ္တိ၊ နှစ်မျိုးရှိ၊ ဝိပါက် ဝိညာဏာ။**

ဟူသော ကျေးဇူးရှင်ကြီး၏ ပရမတ္ထသံခိပ်အရ (၁) ပဋိသန္ဓေအခါ၊ (၂) ပဝတ္တိအခါဟု နှစ်မျိုးနှစ်စား ခွဲခြားမှတ်ယူသင့်ပေ၏၊ ပဋိသန္ဓေအခါ၌ -

- အပါယ်လေးဘုံသားတို့တွင် အကုသလဝိပါက် ဥပေက္ခာသန္တီရဏ ဟုဆိုအပ်သော ဒုဂ္ဂတိအဟိတ် ပဋိသန္ဓေစိတ်-၁-ခု၊
- ကာမဘုံသား ဝမ်းတွင်းကန်း, ဝမ်းတွင်းပင်း, ဝမ်းတွင်းရူး စသော ပုဂ္ဂိုလ်မျိုးတို့တွင် ကုသလဝိပါက် ဥပေက္ခာ သန္တီရဏဟု ဆိုအပ်သော သုဂတိအဟိတ် ပဋိသန္ဓေ ၁-ခု၊
- ဝမ်းတွင်းကန်း စသည်မှ တစ်ပါးသော ကာမသုဂတိဘုံသားတို့တွင် မဟာဝိပါက်ဖြစ်သော သုဂတိအဟိတ် ပဋိသန္ဓေစိတ် ၈- ခု၊
- ရူပါဝစရ ဘုံသားတို့တွင် ရူပဝိပါက် ပဋိသန္ဓေစိတ် ၅- ခု၊
- အရူပါဝစရ ဘုံသားတို့တွင် အရူပဝိပါက် ပဋိသန္ဓေ စိတ် ၄- ခု၊

ဤပဋိသန္ဓေစိတ် ၁၉- ခုတို့သည်သာ ဝိညာဏ်အရ ဖြစ်ပေသည်။

ပဝတ္တိအခါ၌-

- စက္ခုဝိညာဏ် ဒွေး=စက္ခုပသာဒ၌ မြင်သိစိတ် ၂-ခု၊
- သောတဝိညာဏ် ဒွေး=သောတပသာဒ၌ ကြားသိစိတ် ၂-ခု၊

http://www.dhammadownload.com



- ဃာနဝိညာဏ် ဒွေး=ဃာနပသာဒ၌ နံ့သိစိတ် ၂-ခု၊
- ဇိဝှါဝိညာဏ် ဒွေး=ဇိဝှါပသာဒ၌ လျှက်သိစိတ် ၂-ခု၊
- ကာယဝိညာဏ် ဒွေး=ကာယပသာဒ၌ တွေ့သိစိတ် ၂-ခု၊
- သမ္ပဋိစ္ဆိုန်း ဒွေး=အာရုံကို လက်ခံသိမ်းပိုက်သော စိတ် ၂-ခု၊
- သန္တီရဏ=အာရုံကို စိစစ်သော စိတ် ၃- ခု၊
- မဟာဝိပါက်စိတ် ၈-ခု၊ မဟဂ္ဂုတ် ဝိပါက်စိတ် ၉-ခု၊

ဟူသော လောကီဝိပါက်စိတ် ဗာတ္တိံသ (=၃၂-ခု)တို့သည် ဝိညာဏ် အရတို့ ဖြစ်ပေသည်။

**များစွာဝါဒ ထုတ်ညွှန်ပြ**

ဝိဘင်းပါဠိတော်လာ စက္ခုဝိညာဏ်စသော ဝိညာဏ်ခြောက်ပါးတို့ဖြင့် အလုံးစုံကုန်သော လောကီဝိပါက်တို့ကို ယူအပ် ယူထိုက်၏။ (သုတ္တန္တ ဘာဇနီနည်းဖြစ်၍) လောကုတ္တရာ ဝိပါက် ဝိညာဏ်တို့ကိုကား ဝင်စက်လည်ပုံပြ စကားရပ်၌ မယူအပ် မယူသင့်ချေ၊ ဤကား သမ္မောဟ ဝိနောဒနီနှင့် ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာတို့မှ လာသော စကားရပ်ပေတည်း။

အဘိဓမ္မာနည်းအားဖြင့် ကြိယာစိတ် ၂၀-ကြဉ်သော လောကီ လောကုတ္တရာ စိတ်ပေါင်း ၆၉- ပါးတို့သည် ဝိညာဏ် မည်ကုန်၏၊ ဤကား ပရမတ္ထဒီပနီဋီကာကြီး၏ မိန့်ဆိုချက်ပေတည်း။

ကြိယာစိတ်သည်လည်း ပဋိစ္စသမုပ္ပန္နတရား ဖြစ်သောကြောင့် လည်းကောင်း- ဤ ဝိညာဏ်အရာ၌ မဂ်စိတ် ဖိုလ်စိတ်များလည်း ပါဝင်လျက်ရှိသောကြောင့်လည်းကောင်း ကြိယာစိတ်ကို မကြဉ်ပဲ စိတ် ၈၉- ပါးသည် ဝိညာဏ်မည်၏ဟု ဆိုသော်လည်း အမှား မဆိုသင့်ပေ၊ ဤကား ပရမတ္ထသံခိပ်ဋီကာ၏ မိန့်ဆိုချက်ပေတည်း။

http://www.dhammadownload.com



[ရှင်းလင်းချက် - ဤစကားရပ်စု၌ လောကီဝိပါက်ဗာတ္တိံသ (=၃၂ - ခု ) ကောက်ယူရာတွင် စက္ခုဝိညာဏ်ဒွေး=မြင်သိစိတ် ၂- ခုစသော စကား၌ အလိုမရှိအပ်သော မြင်ရာ, ကြားရာ, အနိဋ္ဌာရုံကို နံရာ, လျှက်ရာ, တွေ့သိရာတို့၌ ဖြစ်ကြသော စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါ ဝိညာဏ်, ကာယဝိညာဏ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏတို့ကို အကုသလဝိပါက်=အကုသိုလ်ကံ၏ အကျိုးတရားပြု၍ တစ်ခုစီ ဟောတော်မူခဲ့ပေသည်၊ အလိုရှိအပ်သော ဣဋ္ဌာရုံကို မြင်ရာစသည်တို့၌ဖြစ်သော စက္ခုဝိညာဏ်စသည်တို့ကို ကုသလဝိပါက်=ကုသိုလ်ကံ၏ အကျိုးတရားပြု၍ တစ်ခုစီ ဟောတော်မူခဲ့ပေသည်၊ ထို့ကြောင့် စက္ခုဝိညာဏ် စသည်၌ အကုသလဝိပါက် တစ်ခု၊ ကုသလဝိပါက်တစ်ခုပြု၍ ဒွေး= နှစ်ခုဟုဆိုသည် မှတ်ပါလေ၊ ဤအရာ၌ ပရိယတ္တိအင်အား မရှိရှာကြသော လူပုဂ္ဂိုလ်များအတွက် ရှင်းလင်းချက် ပေတည်း။]

## ၄။ နာမရူပ ဒုက္ခပရိညာ

(၁၃) ဝိညာဏပစ္စယာ နာမရူပ ဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

( ၁၄- ၁၅ ) ဓမ္မံ ၊ သံဃံ

ဝိညာဏ်အကြောင်းကြောင့်ဖြစ်သော နာမ်ရုပ်တည်းဟူသော ဒုက္ခတုံး ဒုက္ခခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ဤအရာ၌ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏-ဟုဆိုရာတွင် နာမ်ရုပ်

http://www.dhammadownload.com


ဟူသည်မှာ-

အာရမ္မဏော နမတီတိ နာမံ၊

အာရမ္မဏေ=အာရုံ၌၊ နမတိ=ညွတ်တတ်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ နာမံ=နာမ်မည်၏။

ရုပ္ပတီတိ ရူပံ။

ရုပ္ပတိ=အချမ်းအပူ စသည်တို့ဖြင့် ဖောက်ပြန်တတ်၏၊ ဣတိ တသ္မာ=ထို့ကြောင့်၊ ရူပံ=ရုပ်မည်၏။

အာရုံကို သိတတ်သော နာမ်တရား, ဖောက်ပြန်တတ်သော ရုပ်တရားတို့ကိုပင်လျှင် နာမ်ရုပ်ဟုဆိုသည်။

ဤအရာ၌ ဝိညာဏ်ဖြစ်သော နာမ်ကို ပစ္စည်းအရာ၌ ဆိုခဲ့ပြီးဖြစ်၍ နာမ်အရ စေတသိက်နာမ်ကိုသာ ကောက်ယူရာ၏။

အဘိဓမ္မာဝိဘင်း ပါဠိတော်၌-

* တတ္ထ ကတမံ ဝိညာဏပစ္စယာ နာမရူပံ။ အတ္ထိ နာမံ၊ အတ္ထိ ရူပံ၊ တတ္ထ ကတမံ နာမံ၊ ဝေဒနာက္ခန္ဓော, သညာက္ခန္ဓော, သင်္ခါရက္ခန္ဓော၊ ဣဒံ ဝုစ္စတိ နာမံ။

* တတ္ထ ကတမံ ရူပံ၊ စတ္တာရော မဟာဘူတာ၊ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ၊ ဣဒံ ဝုစ္စတိ ရူပံ၊ ဣတိ ဣဒဉ္စ နာမံ ဣဒဉ္စ ရူပံ၊ ဣဒံ ဝုစ္စတိ ဝိညာဏပစ္စယာ နာမရူပံ။

တတ္ထ=ထိုဥဒ္ဒေသပါဠိတော်၌၊ ဝိညာဏပစ္စယာ=ဝိညာဏ်ဟူသော အကြောင်းကြောင့်၊ ဥပ္ပန္နံ=ဖြစ်သော၊ နာမရူပံ=နာမ်ရုပ်ဟူသည်၊ ကတမံ=အဘယ်တရားနည်း၊ နာမံ=နာမ်သည်လည်း၊ အတ္ထိ=ရှိ၏၊ ရူပံ=ရုပ်သည်လည်း၊ အတ္ထိ=ရှိ၏၊ တတ္ထ=ထိုနာမ်ရုပ်နှစ်ပါးတို့တွင်၊ နာမံ=နာမ်ဟူသည်၊ ကတမံ=အဘယ်တရားနည်း၊ ဝေဒနာက္ခန္ဓော=ဝေဒနာက္ခန္ဓာလည်း

http://www.dhammadownload.com



ကောင်း၊ သညာက္ခန္ဓော=သညာက္ခန္ဓာလည်းကောင်း၊ သင်္ခါရက္ခန္ဓော=သင်္ခါရက္ခန္ဓာလည်းကောင်း၊ ဣဒံ=ဤတရားစုကို၊ နာမံ= နာမ်ဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

တတ္ထ=ထိုနာမ်ရုပ် နှစ်ပါးတို့တွင်၊ ရူပံ=ရုပ်ဟူသည်၊ ကတမံ=အဘယ်တရားနည်း၊ စတ္တာရော=လေးပါးကုန်သော၊ မဟာဘူတာစ=မြေ၊ ရေ၊ လေ၊ မီးဟူသော ဘုတ်ကြီးလေးပါးတို့လည်းကောင်း၊ စတုန္နံ=လေးပါးကုန်သော၊ မဟာဘူတာနံ=မဟာဘုတ်တို့ကို၊ ဥပါဒါယ=စွဲမှီ၍၊ ပဝတ္တံ=ဖြစ်သော၊ ရူပံ=အရုံရုပ်သေး နှစ်ဆယ့်လေးခုလည်းကောင်း၊ ဣဒံ=ဤတရားစုကို၊ ရူပံ=ရုပ်ဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏၊ ဣတိ=ဤသို့၊ ဣဒဉ္စ နာမံ=ဤနာမ်တရားစုလည်းကောင်း၊ ဣဒဉ္စရူပံ=ဤရုပ်တရားစုလည်းကောင်း၊ ဣဒံ=ဤတရားနှစ်ပါးကို၊ ဝိညာဏပစ္စယာ=ဝိညာဏ်အကြောင်းတရားကြောင့်၊ ဥပ္ပန္နံ=ဖြစ်သော၊ နာမရူပံ=နာမ်ရုပ်ဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

ဟူ၍ ဟောတော်မူ၏၊ ကျေးဇူးရှင် ဆရာတော်ကြီးကလည်း ပဋိစ္စသမုပ္ပါဒ ပျို့လက်ာ၌-

- ခြောက်ပါးဝိညာဉ် စွမ်းရည်အင်ကြောင့်၊
မီးတွင် ရှိန်ဝါ၊ ထပ်ကြပ်ပါသို့၊
မကွာတူကွ၊ ဖြစ်ပေါ်ကြသား၊
ဖဿ, ဝေဒနာ၊ စေတနာနှင့်၊
သညာ, ဝိတက်၊ ရောင်စုံယှက်သည်၊
အမျက်ကြောင်ဝယ်၊ ကြိုးစုံခြယ်သို့၊
အသွယ်အသွယ်၊ အနွယ်နွယ်လျှင်၊
ဆန်းကြယ်စွာလှ၊ နာမ်ကာယနှင့်၊
ဘူတ ဟူပေ၊ မြေ ရေ လေ မီး၊
ဓာတ်ကြီး လေးတန်၊ အမာခံလျက်၊

http://www.dhammadownload.com



အရံ ရုပ်သေး၊ နှစ်ဆယ့်လေးတည့်၊
ပေါင်းထွေးမျှညီ၊ အဋ္ဌဝီသ၊ ရုပ်ကာယ ဟု။
နာမ ရူပ၊ ဓမ္မအပြား၊ ဤနှစ်ပါးလည်း၊
ထင်ရှား စုံစွာ၊ နာနာကာယ၊ အနန္တလျှင်၊
ရူပ ရုပ်ဟန်၊ သဏ္ဌာန်အမူ၊ ဇာတ်မတူသည်၊
လူ အရပ်ရပ်၊ နတ် အထွေထွေ၊ ရေမျိုး ကုန်းမျိုး၊
ကောင်းဆိုး ယုတ်ညံ့၊ အကန့်ကန့်လျှင်၊
ခြားသန့် ပေါ်ယယ်၊ သောသောကြွယ်သည်။
နှစ်သွယ် နာမ်ရုပ် စွမ်းရည်တည်း။ ။

ဟူ၍ ဖွဲ့ဆိုရေးသားတော်မူခဲ့ပေသည်။ ယင်းပါဠိတော်နှင့် ပျို့လင်္ကာတို့၏ မိန့်ဆိုချက်အရ-

- သုတ္တန်နည်းအားဖြင့် လောကီဝိညာဏ်စုနှင့်တကွဖြစ်သော ဝေဒနာက္ခန္ဓာအစရှိသော ခန္ဓာသုံးပါးသည် နာမ်မည်၏၊ ပဋိသန္ဓေအခါ၌ ကမ္မဇရုပ်သည်လည်းကောင်း၊ ပဝတ္တိအခါ၌ စိတ္တဇရုပ်သည်လည်းကောင်း ရုပ်မည်၏။
- အဘိဓမ္မာနည်းအားဖြင့် အလုံးစုံသော ကုသိုလ်ဝိညာဏ် အကုသိုလ်ဝိညာဏ် ဝိပါက်ဝိညာဏ်စုနှင့်ယှဉ်သော စေတသိက် ခန္ဓာသုံးပါးသည် နာမ်မည်၏၊ ဆိုအပ်ခဲ့ပြီးသော ပဋိသန္ဓေကမ္မဇရုပ် ပဝတ္တိစိတ္တဇရုပ်များသည် ရုပ်မည်၏၊ အဋ္ဌကထာ၌ကား ပဏ္ဏာဇာတ ပစ္စည်းရသော အလုံးစုံသော စတုသမုဋ္ဌာနိကရုပ်ကို ဤအရာ၌ ရုပ်ဟူ၍ ကောက်ယူတော်မူ၏။

ထို နာမ်ရုပ်ကိုလည်း-

ဝိညာဏ် နည်းတူ၊ နှစ်မျိုးယူ၊ အတူ ယှဉ်မကွာ၊

http://www.dhammadownload.com



ဟူသော ပရမတ္ထသံခိပ်အရ ဝိညာဏ်ကို ပဋိသန္ဓေဝိညာဏ် ပဝတ္တိ ဝိညာဏ်ဟု နှစ်မျိုးကောက်ယူသကဲ့သို့ နာမ်ရုပ်ကိုလည်း ပဋိသန္ဓေ နာမ်ရုပ် ပဝတ္တိနာမ်ရုပ်ဟု နှစ်မျိုးခွဲ၍ ကောက်ယူရပေမည်။

- ပဋိသန္ဓေအခါ၌ ပဋိသန္ဓေဝိညာဏ်နှင့်ယှဉ်သော စေတသိက်စုသည် ပဋိသန္ဓေနာမ်မည်၏၊ ပဋိသန္ဓေ အခိုက်၌ ဖြစ်သော ကမ္မဇရုပ်သည် ပဋိသန္ဓေရုပ်မည်၏။
- ပဝတ္တိအခါ၌ ဖြစ်ပေါ်သော ဝိညာဏ်စုနှင့်ယှဉ်သော စေတသိက်စုသည် ပဝတ္တိနာမ် မည်၏၊ ပဝတ္တိအခိုက် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်သည် ပဝတ္တိ ရုပ်မည်၏။

ဟု သိကြကုန်ရာ၏၊ ထို့ထက် အလွန်ချဲ့၍ဆိုသဖြင့် အမြင်ဉာဏ် ရှုပ်ထွေး ကြမည်စိုး၍ မဆို မရေးတော့ပြီ။

## ၅။ သဠာယတန ဒုက္ခပရိညာ

( ၁၆ ) နာမရူပ ပစ္စယာ သဠာယတနဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

( ၁၇- ၁၈ ) ဓမ္မံ ၊ သံဃံ

နာမ်ရုပ် အကြောင်းကြောင့်ဖြစ်သော သဠာယတနတည်း ဟူသော ဒုက္ခတုံး ဒုက္ခခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ဤအရာ၌ နာမ်ရုပ်နှစ်ပါးကြောင့် သဠာယတန ဖြစ်၏- ဟု ဆိုရာ၌ နာမ်ရုပ်အရကား လောကီဝိပါက် ဗာတ္တိံသ(၃၂ပါး)နှင့်ယှဉ်သော စေတသိက်- ၃၅-ပါးတည်းဟူသော ခန္ဓာသုံးပါးသည် နာမ်မည်၏။

http://www.dhammadownload.com



[မှတ်ချက်- လောကီဝိပါက်-၃၂-ပါးတို့တွင် ရူပါဝစရဝိပါက်စိတ်သည် စေတသိက်အများဆုံး -၃၅-ယှဉ်၍ ကြွင်းသောစိတ်တို့၏ ယှဉ်ဘက် စေတသိက်တို့သည် ဤစေတသိက်-၃၅-ပါး၌ အတွင်းဝင်ပြီး ဖြစ်သောကြောင့် စေတသိက်-၃၅-ဟု ဆိုသည်၊ မဟာဝိပါက်စိတ်၌-၃၃-ပါး၊ အရူပဝစရ ဝိပါက် စိတ်၌-၃၀-ပါး၊ ဒုဂ္ဂတိအဟိတ် သုဂတိအဟိတ် ပဋိသန္ဓေ စိတ်၌-၁၀-ပါး အသီးသီး ယှဉ်ကြသည်ကိုလည်း သိထား ပေရာ၏။]

ကမ္မဇ မဟာဘုတ်လေးပါး စက္ခု သောတ ဃာန ဇိဝှါ ကာယ ဟဒယ ဇီဝိတ ဩဇာ ဤ-၁၂-ပါးသည်ရုပ်မည်၏။

ဤအရာ၌ သဠာယတန ဟူသည်မှာ-

* တတ္ထ ကတမံ သဠာယတနံ၊ စက္ခာယတနံ သောတာယတနံ ဃာနံယတနံ ဇိဝှါယတနံ ကာယာယတနံ မနာယတနံ၊ ဣဒံ ဝုစ္စတိ နာမရူပ ပစ္စယာ သဠာယတနံ။

တတ္ထ=ထိုဥဒ္ဒေသ ပါဠိတော်၌၊ နာမရူပ ပစ္စယာ=နာမ်ရုပ်ဟူသော အကြောင်းကြောင့်၊ ဥပ္ပန္နံ=ဖြစ်သော၊ သဠာယတနံ=တည်ရာခြောက်ပါး တံခါးခြောက်ခုဟူသည်၊ ကတမံ=အဘယ်နည်း၊ စက္ခာယတနံ=စက္ခု ဟူသော အကြည်ဓာတ်မှန် တံခါးလည်းတစ်ပါး၊ သောတာယတနံ= သောတဟူသော အကြည်ဓာတ်မှန်တံခါးလည်းတစ်ပါး၊ ဃာနာယတနံ= ဃာနဟူသော အကြည်ဓာတ်မှန် တံခါးလည်းတစ်ပါး၊ ဇိဝှါယတနံ= ဇိဝှါဟူသော အကြည်ဓာတ်မှန် တံခါးလည်းတစ်ပါး၊ ကာယာယတနံ= ကာယဟူသော အကြည်ဓာတ် မှန်တံခါးလည်းတစ်ပါး၊ မနာယတနံ= မနဟူသောအကြည် ဓာတ်မှန်တံခါးလည်းတစ်ပါး၊ ဣဒံ=ဤတရားစုကို၊

http://www.dhammadownload.com



နာမရူပ ပစ္စယာ=နာမ်ရုပ်ဟူသော အကြောင်းကြောင့်၊ ဥပ္ပန္န=ဖြစ်သော၊ သဠာယတနံ=ခြောက်ပါး တံခါးခြောက်ခုဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

ဟူ၍ အဘိဓမ္မာဝိဘင်း ပါဠိတော်၌ ဟောတော်မူ၏၊ ကျေးဇူးရှင် ဆရာ တော် ဘုရားကြီးကလည်း ပဋိစ္စသမုပ္ပါဒ ပျို့လင်္ကာ၌-

- ထင်ရှားစေ့စုံ၊ အပုံပုံလျှင်၊
  တည်တုံနာမ်ရုပ်၊ ကိုယ်သမုတ်သား၊
  အထုပ်အထည်၊
  ကြီးငယ် ကာယ၊ ပေါ်ပြန့်ကလည်း၊
  ဒွါရတွင်မည်၊ ဖိတ်ဖိတ်လည်သည်၊
  အကြည်ခြောက်မျိုး၊ ကိုယ်လုံးဖြိုးလျက်၊
  အရိုး စီစဉ်-
- အမြင် = စက္ခု၊
- ကြားမှု = သောတ၊
- ယာန = အနံ၊
- လျက်ရှန် = ဇိဝှါ၊
- ကာယာ = တွေ့ထိ၊
- အသိ = မနော၊

မရော မယှက်၊ တလက်လက်လျှင်၊
အမျက် စိန်ရည်၊ လဲ့လဲ့ကြည်သို့၊
ခြောက်မည်အာရုံ၊ အလုံးစုံလည်း၊
ပုံသဏ္ဌာန်ရိပ်၊ နိမိတ်အသွင်၊ အကုန်ထင်၍။

ဤရှင် ဤလူ၊ ဤမူ နေလ၊
ရူပသဏ္ဌာန်၊ အသံ အမျိုး၊

http://www.dhammadownload.com



အခိုး လှိုင်ပျံ့၊ ရနံ့ထိုထို၊
အချိုအချဉ်၊ ဤလျှင်အပူ၊ ဤမူအအေး၊
အတွေးအသိ၊ ပြည့်စုံဘိ၍၊
ငါ၏ဤကိုယ်၊ ငါမင်းပိုျဟု၊
အဆိုအထင်၊ အမြင်မှောက်မှား၊ စိတ်နေကြွားဖို့၊
တံခါးခြောက်သင်း၊ ကိုယ်လုံးလင်းသည်။
ခြောက်သင်း ဓာတ်မှန် စွမ်းရည်တည်း။ ။

ဟု စပ်ဆိုတော်မူခဲ့ပေသည်။

ဤသဠာယတနဟူသည် အဇ္ဈတ္တ အတွင်းသဏ္ဌာန်၌ဖြစ်သည့် အာယတနခြောက်ပါး တံခါးခြောက်ခုကို ဆိုလိုသည်၊ ဤကဏ္ဍတွင် အာယတနခေါ် ဆိုရခြင်း အဓိပ္ပါယ် စသည်နှင့် ပတ်သက်၍ "အာယတန ဒုက္ခပရိညာ" ခန်း၌ ပြဆိုပြီးသောနည်းဖြင့် သိကြလေကုန်။

ထူးသည်ကိုသာ ပြဆိုပေအံ့၊ အာယတန ဒုက္ခပရိညာခန်း၌ စိတ်မှန်သမျှ မနာယတန ကောက်ယူ၏။ ဤကဏ္ဍ၌-

- သဠာယတန၊ ခြောက်ဒွါရ၊ မန ဝိပါက်သာ၊

ဟူသော ပရမတ္ထသံခိပ်အရ- လောကီဝိပါက် ဗာတ္တိံသ (၃၂) ပါးကိုသာ မနာယတနဟု ကောက်ယူရပေလိမ့်မည်။

----------

၆။ ဖဿ ဒုက္ခပရိညာ

( ၁၉ ) သဠာယတနပစ္စယာ ဖဿ ဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

(၂၀- ၂၁ ) ဓမ္မံ ၊ သံဃံ

သဠာယတန အကြောင်းကြောင့်ဖြစ်သော ဖဿတည်းဟူသော

http://www.dhammadownload.com


ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ, မှီခိုရာ, ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ဤအရာ၌ ဖဿဟူသည်မှာ -

( က ) ဖုသတီတိ ဖဿော၊

ယော=အကြင်သဘောတရားသည်၊ ဖုသတိ=တွေ့ထိတတ်၏၊ ဣတိ တသ္မာ=ထို့ကြောင့်၊ သော=ထိုသဘောတရားသည်၊ ဖဿော=ဖဿ မည်၏။

အကြင်ပသာဒ၌ ဆိုက်တိုက်လာသော အာရုံကို တွေ့ထိတတ် သောကြောင့် ဖဿမည်၏။

( ခ ) ဖုသန္တိ သမ္ပယုတ္တကာ ဓမ္မာဧတေနာတိ ဖဿော။

ဧတေန=ဤတရားဖြင့်၊ သမ္ပယုတ္တကာ ဓမ္မာ=သမ္ပယုတ်တရား တို့သည်၊ ဖုသန္တိ=တွေ့ထိကြကုန်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ ဖဿော= ဖဿမည်၏။

သမ္ပယုတ္တဓမ္မဖြစ်သော ဝေဒနာစသော တရားတို့သည် အကြည် ပသာဒ၌ တိုက်ဆိုက်လာသော အာရုံကို တွေ့ထိကြကုန်ကြောင်း ဖြစ် သောကြောင့်- ဖဿမည်၏။

( ဂ ) ဖုသနံ ဖဿော၊

ဖုသနံ=တွေ့ထိခြင်း၊ ဖဿော=တွေ့ထိခြင်း။

အကြည်ပသာဒ၌ အာရုံတို့ တိုက်ဆိုက်တွေ့ထိခြင်းမျှသော အမူ အရာ ကြိယာသဘောသည် ဖဿမည်၏။

ဤဖဿကို အဘိဓမ္မာဝိဘာင်း ပါဠိတော်၌ -

11(A)

http://www.dhammadownload.com



* တတ္ထ ကတမော သဠာယတန ပစ္စယာ ဖဿော၊ စက္ခု သမ္ဖဿော၊ သောတသမ္ဖဿော၊ ဃာနသမ္ဖဿော၊ ဇိဝှါ သမ္ဖဿော၊ ကာယသမ္ဖဿော၊ မနောသမ္ဖဿော၊ အယံ ဝုစ္စတိ သဠာယတန ပစ္စယာဖဿော။

တတ္ထ=ထိုဥဒ္ဒေသ ပါဠိတော်၌၊ သဠာယတန ပစ္စယာ=သဠာယတန ဟူသော အကြောင်းကြောင့်၊ ဉပ္ပန္နော=ဖြစ်သော၊ ဖဿော=အာရုံကိုတွေ့ ထိမှုဟူသော ဖဿသည်၊ ကတမော=အဘယ်တရားပေနည်း၊ စက္ခု သမ္ဖဿော=စက္ခုအကြည်မှာ တိုက်ဆိုက်လာသော ရူပါရုံကို တွေ့ထိမှု ဟူသော စက္ခုသမ္ဖဿလည်းတစ်ပါး၊ သောတသမ္ဖဿော=သောတ အကြည်မှာ တိုက်ဆိုက်လာသော သဒ္ဒါရုံကို တွေ့ထိမှုဟူသော သောတ သမ္ဖဿလည်းတစ်ပါး၊ ဃာနသမ္ဖဿော=ဃာနအကြည်မှာ တိုက်ဆိုက် လာသော ဂန္ဓာရုံကို တွေ့ထိမှုဟူသော ဃာနသမ္ဖဿလည်းတစ်ပါး၊ ဇိဝှါသမ္ဖဿော=ဇိဝှါအကြည်မှာ တိုက်ဆိုက်လာသော ရသာရုံကို တွေ့ထိ မှုဟူသော ဇိဝှါသမ္ဖဿလည်းတစ်ပါး၊ ကာယသမ္ဖဿော=တစ်ကိုယ်လုံးရှိ ကာယအကြည်မှာ တွေ့ထိလာသော ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိမှုဟူသော ကာယသမ္ဖဿလည်းတစ်ပါး၊ မနောသမ္ဖဿော=စိတ်နှလုံးဟူသော မနောအကြည်မှာ ထင်ပေါ်လာသော ဓမ္မာရုံကို တွေ့ထိမှုဟူသော မနော သမ္ဖဿလည်းတစ်ပါး၊ အယံ=ဤတရားစုကို၊ သဠာယတနပစ္စယာ= သဠာယတနဟူသော အကြောင်းကြောင့်၊ ဉပ္ပန္နော=ဖြစ်သော၊ ဖဿော= ဖဿခြောက်ပါးဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

ဟူ၍ ဟောတော်မူ၏။

ဤပါဠိတော်လာ ခြောက်ဖြာသော ဖဿတို့ ဖြစ်ပေါ်လာကြပုံ လိုရင်းအကျဉ်းချုပ် အဓိပ္ပါယ်ကား - ပကတိသောဖန်ကြည် မှန်ကြည်တို့၌ နေဝန်း၊ လဝန်း အစရှိသော အထည်ဝတ္ထုသဏ္ဌာန်ဒြပ်စု အမျိုးမျိုးတို့သည်

http://www.dhammadownload.com



ထင်လာကြကုန်သကဲ့သို့ ဤခန္ဓာကိုယ်၌ ရှိသော စက္ခုစသောကံကြောင့် ဖြစ်သည့် ဓာတ်မှန်အကြည်ခြောက်မျိုးတို့၌လည်း နေဝန်း, လဝန်း အစရှိသော ရူပါရုံ အဆင်းရုပ်စုသည်လည်းကောင်း, မိုးသံ, လေသံ အစရှိသောသဒ္ဒါရုံ ရုပ်စုသည်လည်းကောင်း, အမွှေးနံ့, အပုပ်နံ့, အစရှိသော ဂန္ဓာရုံ အနံ့ရုပ်စုသည်လည်းကောင်း, အချို အချဉ်အစရှိသော ရသာရုံ အရသာရုပ်စုသည်လည်းကောင်း, အပူ အအေး အစရှိသော ဖောဋ္ဌဗ္ဗာရုံ အတွေ့ရုပ်စုသည်လည်းကောင်း, အဟောင်းမှတ်မှု အစရှိသော ဓမ္မာရုံ သဘောတရားစုသည်လည်းကောင်း သူ့ဒွါရနှင့် သူ့အာရုံ အသီးသီး အဖုံအဖုံ တိုက်ဆိုင် ထင်ဟပ်ကြကုန်၏။

ထိုသို့တိုက်ဆိုင် ထင်လာကြကုန်သည်ရှိသော် တိုက်ဆိုင်ရာဖြစ်သည့် သက်ဆိုင်ရာ ဒွါရဌာနတို့၌ မြင်မှု=စက္ခုဝိညာဏ်, ကြားမှု=သောတဝိညာဏ်, နံမှု=ဃာနဝိညာဏ်,စားမှု=ဇိဝှါဝိညာဏ်,တွေ့မှု=ကာယဝိညာဏ်, ကြံမှု=မနောဝိညာဏ်တို့သည် ထိုက်သင့်သည့် အားလျော်စွာ ဖြစ်ပေါ်လာကြကုန်၏။

တိမ်တိုက်နှစ်ခုတို့ တိုးဝှေ့တိုက်ဆိုင်မိရာ ဌာန၌ လျှပ်စစ် လျှပ်ပန်းများ ဖြစ်ပေါ်လာသကဲ့သို့လည်းကောင်း, ကျောက်နှင့် မီးခတ်သံတုံးတို့ ပွတ်တိုက်မိရာဌာန၌ မီးတောက်မီးပွါးများ ပွင့်ပေါ်လာသကဲ့သို့လည်းကောင်း ရှုမြင်မှတ်ထင်ပေရာ၏။

ဤစကားရပ်၌ စက္ခုစသော အတွင်းအခံဓာတ် ပသာဒ မှန်အကြည်ဓာတ်ခြောက်ခု, ရူပါရုံစသော အပအတိုက်ဓာတ် အာရုံခြောက်ခု, မြင်သိမှု စက္ခုဝိညာဏ်စသော အပွင့်ဓာတ်, အပေါ်ဓာတ်ခြောက်ခု ထိုအတွင်းအခံဓာတ်, အတိုက်အပဓာတ်, အပွင့်အပေါ်ဓာတ်တို့၏ ပေါင်းဆုံစုဝေးမိဆဲ အခိုက်အခါ တွေ့ထိသော အမှုအရာ

http://www.dhammadownload.com



ကြီယာ သဘာဝတရား ခြောက်ခု, ဖြစ်ပေါ်မှုကိုပင်လျှင် ဖဿခြောက်ပါး ဟု ဟောတော်မူပေသည်။

ထို့ကြောင့် နိဒါနဝဂ္ဂသံယုတ် ပါဠိတော် ( နှာ- ၃၀၀ ) ၌ -

- စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊
တိဏ္ဏံ သင်္ဂတိ ဖဿော။

စသည်ဖြင့် ဟောတော်မူခဲ့ပေသည်၊ အနက်ယောဇနာချက် နှင့်တကွ ဝေဒနာပိုင်း၌ ပြခဲ့ပြီးဖြစ်၍ ထပ်မံမပြဆိုတော့ပြီ။

ဤဖဿအရကိုလည်း -

- ဝိညာဉ် ခြောက်ဝ၊ ယှဉ်တုံကြ၊ ဖဿ ဝေဒနာ။

ဟူသော ကျေးဇူးရှင်ကြီး မိန့်ဆိုချက်အရ ဝိပါက်ဝိညာဏ်နှင့် ယှဉ်သော ဖဿခြောက်ပါးကိုသာ ကောက်ယူရမည်-ဟု သိမှတ်ပါကုန်။

ဤဖဿသည် ဒွါရအာရုံ ပေါင်းဆုံမှု ကွဲပြားသည်ကို အကြောင်း ပြု၍ ဖဿခြောက်ပါးဟု ပါဠိတော်၌ ဟောတော်မူခဲ့သော်လည်း တွေ့ထိမှု သဘောတူရာပေါင်းလျှင် ဖဿတစ်ခုတည်းသာ ဖြစ်၏၊ ဖဿသည် တွေ့ထိခြင်း သဘောလက္ခဏာရှိ၏၊ ဤဖဿသည် နာမ် တရားသာ ဖြစ်၏၊ နာမ်တရားတို့မည်သည် ကာယပသာဒနှင့် ဖောဋ္ဌဗ္ဗာရုံ တို့ကဲ့သို့ တိုက်ရိုက် ထိခိုက်နိုင်သော သပ္ပဋိဃတရားမျိုး မဟုတ်ချေ၊ တိုက်ရိုက်ထိခိုက်မရကောင်းသော အပ္ပဋိဃသဘော ရှိကြကုန်၏၊ ထို့ကြောင့် နာမ်ဖဿသာ ရှိ၏၊ ရုပ်ဖဿ မရှိချေ၊ ရုပ်ဖဿ ရှိသယောင် ယောင် အချို့သူများပြောမှားဆိုမှား ရှိတတ်ကြ၏၊ သတိပြုကြပါကုန်။

ဤအရာ၌ ဖဿ၏ တွေ့ထိခြင်းဆိုသည်ကား ကောင်းမွန်သော ဣဋ္ဌာရုံ, မကောင်းသော အနိဋ္ဌာရုံတို့သို့ ဆိုက်ရောက်ထိခိုက်မှု ယူမှု ပေတည်း၊ အာရုံ၏ အရသာအားလျော်စွာ စိတ်အထူးဖြစ်ပေါ်ရန်,

http://www.dhammadownload.com



ဝေဒနာအထူးဖြစ်ပေါ်ရန်ကိစ္စကို ပြီးစေ၏။

ဤဖဿ၏ တွေ့ထိမှုသဘောသည် ချဉ်သီးစားနေဆဲ ဖြစ်သောသူကို မြင်ရာ၌ မြင်တွေ့သော သူတစ်ယောက်၏ တံတွေးယိုစီးခြင်းစသည့်အခါတို့၌ ထင်ရှားပေ၏။

ဤဖဿ၏ တွေ့ထိမှုကြောင့် ဝေဒနာတို့ ဖြစ်ပေါ်ကြရကုန်၏၊ ဤဖဿသည် ဝေဒနာနှင့် တဏှာတို့ ဖြစ်ပေါ်ရန် အကြောင်းရင်း အမှန်ဖြစ်ပေသည်။

ထို့ကြောင့် ကျေးဇူးရှင်ကြီးသည် ပဋိစ္စသမုပ္ပါဒ ဒီပနီ၌ -

- **ဖဿသန်လျှင် ဝေဒနာသန်၏၊ တဏှာသန်၏။**
- **ဖဿပျော့လျှင် ဝေဒနာ ပျော့၏၊ တဏှာပျော့၏။**

ဟု မိန့်တော်မူ၏၊ ပဋိစ္စသမုပ္ပါဒပျို့ လင်္ကာ၌လည်း--

- ခေတ်မှန်အကြည်၊ ခြောက်မျိုးတည်က၊
  ခြောက်မည် အာရုံ၊ အလုံးစုံသည်၊
  ပုံသဏ္ဌာန်ရိပ်၊ နိမိတ်အသွင်၊ ကိုယ်လုံးထင်၍၊
  ဝိညာဉ် ခြောက်ဆင့်၊ ဖွားဖွားပွင့်က၊
  နှိုင်းသင့်တူမျှ၊ ပမာပြမူ၊
  သိကြား စက်ရှိန်၊ လက်လက်ထိန်သား၊
  ဝရဇိန်သွား၊ ရှပ်ရှပ်ဝါးသို့၊
  ခြောက်ပါး ဖဿ၊ ဖြန်းဖြန်းထ၍၊
  ရသခြောက်မည်၊ အာရုံရည်ကို၊
  ကြိတ်နည်သောအား၊ တွေ့ထိငြားက၊
  ဤကား ဣဋ္ဌ၊ အနိဋ္ဌနှင့်၊
  ဤမျှမကောင်း၊ ဤမျှကောင်းဟု၊
  အကြောင်းသွေးဆော်၊ အရေးပေါ်လျက်၊

http://www.dhammadownload.com



ခြောက်ဖော်အာရုံ၊ ရသဂုဏ်တို့၊
အကုန်ပေါ်ထွက်၊ ရွှန်းရွှန်းတက်၍၊
မက်ဖွယ် မုန်းဖွယ်၊ အနှုန်းခြယ်သည်။
ခြောက်ဖွယ် ဖဿ၊ စွမ်းရည်တည်း။ ။

ဟူ၍ စပ်ဆိုတော်မူပေသည် ။

---

## ၇။ ဝေဒနာဒုက္ခပရိညာ

(၂၂) ဖဿပစ္စယာ ဝေဒနာ ဒုက္ခပရိညာပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

( ၂၃-၂၄ ) ခမ္ဘံ ၊ သံဃံ

ဖဿအကြောင်းကြောင့်ဖြစ်သော ဝေဒနာတည်းဟူသော ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ, မှီခိုရာ, ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ဤအရာ၌ ဝေဒနာဟူသည်မှာ -

(က) ဝေဒယတီတိ ဝေဒနာ။

ဝေဒယတီ=ခံစားတတ်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ ဝေဒနာ= ဝေဒနာမည်၏။

ဤဝေဒနာသည် အာရုံ၏ အရသာကို ခံစားတတ်၏၊ မထင်ရှားသော အာရုံ၏အရသာကို သမ္ပယုတ်တရားတို့၏ အပေါ်၌လည်းကောင်း, ဝေဒနာနှင့်ပြည့်စုံသော ဝေဒနာသမင်္ဂီ ပုဂ္ဂိုလ်အပေါ်၌လည်းကောင်း ထင်ရှားအောင် ပြုတတ်သောကြောင့် ဝေဒနာမည်၏။

(ခ) ဝိဒန္တိ သတ္တာ သာတံဝါ အသာတံဝါ ဧတာယာတိ ဝေဒနာ။

http://www.dhammadownload.com



တေယ=ဤတရားဖြင့်၊ သတ္တာ=သတ္တဝါအပေါင်းတို့သည်၊ သာတံဝါ=သာယာဖွယ်ကိုလည်းကောင်း၊ အသာတံဝါ=မသာယာဖွယ်ကို လည်းကောင်း၊ ဝိန္ဒန္တိလဘန္တိ=ရကြကုန်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ ဝေဒနာ=ဝေဒနာမည်၏။

သတ္တဝါအပေါင်းတို့သည် သာယာဖွယ် မသာယာဖွယ်တို့ကို ရကြကုန်ကြောင်း ဖြစ်သောကြောင့် ဝေဒနာမည်၏။

(၈) ဝေဒယိတမတ္တာ ဝေဒနာ၊

ဝေဒယိတမတ္တာ=ခံစားကာမျှသည်၊ ဝေဒနာ=ဝေဒနာမည်၏။

အာရုံ၏ အရသာကို ခံစားကာမျှသော သဘောသည် ဝေဒနာ မည်၏-ဟုလိုသည်။

ဤဝေဒနာကို အဘိဓမ္မာဝိဘင်း ပါဠိတော်၌ -

* တတ္ထ ကတမာ ဖဿပစ္စယာ ဝေဒနာ၊ စက္ခုသမ္ဖဿဇာ ဝေဒနာ၊ သောတသမ္ဖဿဇာ ဝေဒနာ၊ ဃာနသမ္ဖဿဇာ ဝေဒနာ၊ ဇိဝှါသမ္ဖဿဇာ ဝေဒနာ၊ ကာယသမ္ဖဿဇာ ဝေဒနာ၊ မနောသမ္ဖဿဇာ ဝေဒနာ၊ အယံဝုစ္စတိ ဖဿ ပစ္စယာ ဝေဒနာ။

တတ္ထ=ထိုဥဒ္ဒေသပါဠိတော်၌၊ ဖဿပစ္စယာ=ဖဿဟူသော အကြောင်းကြောင့်၊ ဥပ္ပန္နာ=ဖြစ်သော၊ ဝေဒနာ=ခံစားစံစားခြင်းဝေဒနာ ဟူသည်၊ ကတမာ=အဘယ်တရားနည်းဟူမူကား၊ စက္ခုသမ္ဖဿဇာ= စက္ခုအတွေ့ကြောင့်ဖြစ်သော၊ ဝေဒနာ=ခံစားစံစားမှုလည်းတစ်ပါး၊ သောတသမ္ဖဿဇာ=သောတ အတွေ့ကြောင့်ဖြစ်သော၊ ဝေဒနာ=ခံစား စံစားမှုလည်းတစ်ပါး၊ ဃာနသမ္ဖဿဇာ=ဃာနအတွေ့ ကြောင့် ဖြစ်သော၊ ဝေဒနာ=ခံစားစံစားမှုလည်းတစ်ပါး၊ ဇိဝှါ သမ္ဖဿဇာ= ဇိဝှါအတွေ့

http://www.dhammadownload.com



ကြောင့်ဖြစ်သော၊ ဝေဒနာ=ခံစားစံစားမှု လည်းတစ်ပါး၊ ကာယသမ္ဗဿဇာ=ကိုယ်အတွေ့ကြောင့်ဖြစ်သော၊ ဝေဒနာ=ခံစားစံစားမှု လည်းတစ်ပါး၊ မနောသမ္ဗဿဇာ=မနောအတွေ့ကြောင့်ဖြစ်သော၊ ဝေဒနာ=ခံစားစံစားမှုလည်းတစ်ပါး၊ အယံ=ဤတရားစုကို၊ ဖဿ ပစ္စယာ= ဖဿဟူသောအကြောင်းကြောင့်၊ ဥပ္ပန္နာ=ဖြစ်သော၊ ဝေဒနာ=ခံစားစံစားမှုဝေဒနာ ခြောက်ပါးဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

ဟူ၍ဟောတော်မူ၏၊ ဤပါဠိတော်နှင့်လိုက်ဖက်သော ဝေဒနာခြောက်ပါးဖြစ်ပေါ်လာပုံ အသီးအသီးဖော်ပြသော နိဒါနဝဂ္ဂသံယုတ်ပါဠိတော်များကို ပြဆိုအပ်ခဲ့ပြီးသော ဝေဒနာက္ခန္ဓာ ဒုက္ခပရိညာပိုင်းတွင်ပြန် လည်ကြည့်ရှုကြပါကုန်။

ဤဝေဒနာဓမ္မ၏ ဖြစ်ပေါ်လာပုံ အခြင်းအရာနှင့် တကွသော အဓိပ္ပါယ်သဘောသွားကို ကျေးဇူးရှင်ကြီးသည် ပဋိစ္စသမုပ္ပါဒ်ပျို့လင်္ကာ၌-

- ဖဿခြောက်မည်၊ သူ့စွမ်းရည်ဖြင့်၊
ကြိတ်နည်သောအား၊ စက်ရှိန်ဝါး၍၊
ခြောက်ပါးအာရုံ၊ မြွေမြွေတုန်လျက်၊
ခြောက်စုံရသ၊ အနိဋ္ဌနှင့်၊
ဣဋ္ဌဟူသည်၊ အရည်ဒီးဒီး၊ ယိုထွက်စီးသော်၊
ဓာတ်သီးခြောက်ဖြာ၊ ဝေဒနာဟု၊
ထွေလာအထူး၊ ထွက်ပေါ်မြူး၍၊
ခြောက်ဦးရွှန်းစည်၊ အာရုံရည်ကို၊
မည်မည်ရရ၊ ခံစံကြမှ၊
သုဘ သုဘာ၊ သာ မသာနှင့်၊
ထွေလာများတောင်း၊ ကောင်းမကောင်းလည်း၊
ထောင်းထောင်းငေါ်ငေါ်၊ သိထင်ပေါ်၍၊

http://www.dhammadownload.com


ကောင်းသော်စိတ်ဝမ်း၊ ဖိတ်ဖိတ်လျှမ်းလျှင်၊
ရွှင်လန်းနှလုံး၊ စွင့်စွင့်ပြုံး၏။ ။
မုန်းဖွယ်တွေ့က၊ ခြောက်သွေ့နွမ်းညှိုး၊ နှလုံးဆိုး၍၊
အခိုးလူလူ၊ ပွက်ပွက်ဆူမျှ၊
ပူပူပင်ပင်၊ မရွှင်မလန်း၊ စိတ်ကုန်ခမ်း၏၊
ချမ်းသာသုခ၊ တစ်ခုမျှဒြ၊
လောကအထု၊ အကုန်စု၏၊
ပုပုရွရွ၊ မြင်သမျှလည်း၊
သုခဖို့ချည်း၊ လှုံ့လသည်း၏၊
အရည်းသူမြတ်၊ ပရမတ်ကို၊
ချန်လှပ်ထား၍၊ အများလော်က၊ ရှိသမျှကား၊
ဒုက္ခပွါးမှု၊ များစွာပြုသည်။
သုခဝေဒနာ စွမ်းရည်တည်း။ ။

ဟူ၍ဖွဲ့ဆိုတော်မူသည်။

ဤပို့လက်ာ၏ ဆိုလိုရင်း အဓိပ္ပါယ်အကျဉ်းကား--ဖဿ ခြောက်ပါးတို့သည် မိမိတို့နှင့်တွေ့ထိသော အာရုံခြောက်ပါးတို့၏ အရသာကို မပေါ်ပေါ်အောင်ကြိတ်နယ်၍ ထုတ်ဆောင်၏၊ ဖဿကြိတ်နယ်မှုကြောင့် ဖြစ်ပေါ်လာသော အာရုံ၏အရသာကို ကောင်းလျှင် ကောင်းသည့်အလျောက်၊ မကောင်းလျှင် မကောင်းသည့်အလျောက် ဝေဒနာသည် ခံစားစံစား၏၊ ဝေဒနာသည် အာရုံ၏အရသာကို ခံစား စံစားမှု၌ အရှင်သခင်ဖြစ်ပေ၏။

- သာယာဖွယ်ဖြစ်သော ဣဋ္ဌာရုံနှင့်တွေ့လျှင် ရွှင်ရွှင် လန်းလန်း ဝမ်းမြောက်ဝမ်းသာခံစား၏၊ ထိုအခါ ထိုဝေဒနာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ပြုံးပြုံးရွှင်ရွှင် ကြည်ကြည် လင်

http://www.dhammadownload.com



လင်ဖြစ်၏။

- မသာမယာဖွယ် မုန်းဖွယ်ရွံဖွယ်သော အနိဋ္ဌာရုံနှင့်တွေ့လျှင် ညိုးညိုးနွမ်းနွမ်း မချမ်းမသာ ခံစားရ၏၊ ထိုအခါ ထို ဝေဒနာနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ပူပူပင်ပင် မရွှင် မလန်းသော မျက်နှာရှိသည်ဖြစ်၍ ခြောက်ခြောက် သွေ့ သွေ့ ညိုးညိုးနွမ်းနွမ်း ဖြစ်ရလေ၏။

ချမ်းချမ်းသာသာ ခံစားမှုတည်းဟူသော သုခဝေဒနာကို သတ္တဝါ တိုင်းပင် အလိုရှိကြကုန်၏၊ ထိုဝေဒနာအတွက် နေ့နေ့ညည ကြောင့်ကြ စိုက်၍ အားထုတ်ကြရကုန်၏၊ ဤလောက၌ မြင်မြင်သမျှသော သတ္တဝါ တို့၏ ကာယကံလှုပ်ရှားမှု ဝစီကံလှုပ်ရှားမှု ဟူသမျှသည် သုခဝေဒနာ အတွက်ကြောင့်သာလျှင်ဖြစ်ရ၏၊ သုခဝေဒနာသို့သာ ကိုင်းရှိုင်းလျက် နေကြ၏။

ထိုသုခဝေဒနာသည် သမုဒယသစ္စာ တဏှာ၏အကြောင်း ရင်းကြီးဖြစ်၍ ဒုက္ခမူလကြီးဟု ဆိုထိုက်၏၊ ချမ်းသာကို အလိုရှိ၍ သုခ ဝေဒနာကို ဆည်းပူးသမျှ ကာလပတ်လုံး ဒုက္ခအထုပ်အထည် ကြီးကို သာလျှင် မရရကြောင်း ဆည်းပူးသည်သာမည်၏၊ ဒုက္ခများအောင် အားထုတ်သည်သာမည်ပေ၏-ဟု မိန့်ဆိုတော်မူလိုသည်။

-----*-----

## ၈။ တဏှာ ဒုက္ခပရိညာ

(၂၅) ဝေဒနာပစ္စယာ တဏှာဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

(၂၆-၂၇) ဓမ္မံ ၊ သံဃံ

ဝေဒနာအကြောင်းကြောင့်ဖြစ်သော တဏှာတည်းဟူသော ဒုက္ခ

http://www.dhammadownload.com



သစ္စာတုံး ဒုက္ခသစ္စာခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာမှီခိုရာ ပုန်းအောင်းရာ ဟူ၍ ဆည်းကပ်ပါ၏။

ဤအရာ၌ တဏှာဟူသည်မှာ--

(က) တသတိ ပရိတသတီတိ တဏှာ။

တသတိ ပရိတသတိ=ထက်ဝန်းကျင်မှတောင့်တတတ်၏၊ ဣတိ တသ္မာ=ထို့ကြောင့်၊ တဏှာ=တဏှာမည်၏။

ဒုဗ္ဘိက္ခန္တရကပ်တိုက်ခြင်းကို ခံနေရသောသူသည် အမြဲမပြတ် ဝတ်မွတ် ခေါင်းပါးလျက် အာဟာရကို အမြဲတောင့်တ လိုချင်နေဘိ သကဲ့သို့ တဏှာတရားသည် အာရုံခြောက်ပါးအတွက် ရပ်တည်မရ အောင် ခံ့တမင်မင် ခင်တများများ လိုလားတောင့်တနေ၏-ဟုဆိုလို သည်။

(ခ) တသန္တိ ပရိတသန္တိ သတ္တာ ဧတာယာတိ တဏှာ၊

ဧတာယ=ဤတရားသဘောဖြင့်၊ သတ္တာ=သတ္တဝါတို့သည်၊ တသန္တိ ပရိတသန္တိ=ထက်ဝန်းကျင်မှ တောင့်တတတ်ကုန်၏၊ ဣတိတသ္မာ= ထိုသို့တောင့်တကြောင်းဖြစ်သောသတ္တိကြောင့်၊ တဏှာ=တဏှာမည်၏။

သတ္တဝါတို့သည် အာရုံတရားတို့၌ နှစ်ခြိုက်ခုံမင် လွန်စွာပင် လိုချင်တောင့်တခြင်း၏ အကြောင်းတရားဖြစ်သောကြောင့် တဏှာ မည်၏- ဟု ဆိုလိုသည်။

ဤတဏှာကို အဘိဓမ္မာဝိဘင်း ပါဠိတော်၌-

* တတ္ထ ကတမာ ဝေဒနာပစ္စယာ တဏှာ၊ ရူပ တဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာ၊ အယံ ဝုစ္စတိ ဝေဒနာ ပစ္စယာ တဏှာ။

http://www.dhammadownload.com



တတ္ထ=ထိုဥဒ္ဒေသပါဠိတော်၌၊ ဝေဒနာပစ္စယာ=ဝေဒနာအကြောင်းကြောင့်၊ ဥပ္ပန္နာ=ဖြစ်သော၊ တဏှာ=တဏှာသည်၊ ကတမာ=အဘယ်တရားနည်းဟူမူကား၊ ရူပတဏှာ=အဆင်း၌သာယာသော ရူပတဏှာသည်လည်းတစ်ပါး၊ သဒ္ဒတဏှာ=အသံ၌သာယာသော သဒ္ဒတဏှာသည်လည်းတစ်ပါး၊ ဂန္ဓတဏှာ=အနံ့၌သာယာသော ဂန္ဓတဏှာသည်လည်းတစ်ပါး၊ ရသတဏှာ=အရသာ၌သာယာသော ရသတဏှာသည်လည်းတစ်ပါး၊ ဖောဋ္ဌဗ္ဗတဏှာ=အတွေ့အထိ၌သာယာသော ဖောဋ္ဌဗ္ဗတဏှာသည်လည်းတစ်ပါး၊ ဓမ္မတဏှာ=ပညတ်ပရမတ်အစုံဓမ္မာရုံ၌သာယာသော ဓမ္မတဏှာသည်လည်းတစ်ပါး၊ အယံ=ဤတရားစုကို၊ ဝေဒနာပစ္စယာ=ဝေဒနာအကြောင်းကြောင့်၊ ဥပ္ပန္နာ=ဖြစ်သော၊ တဏှာ=တဏှာဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

ဟူ၍ဟောတော်မူ၏၊ ထိုပါဠိတော်အရ စွဲလမ်းသာယာ တောင့်တအပ်သော အာရုံတို့၏ အပြားအားဖြင့်-

| | |
|---|---|
| ၁။ ရူပတဏှာ၊ | ၄။ ရသတဏှာ၊ |
| ၂။ သဒ္ဒတဏှာ၊ | ၅။ ဖောဋ္ဌဗ္ဗတဏှာ၊ |
| ၃။ ဂန္ဓတဏှာ၊ | ၆။ ဓမ္မတဏှာ၊ |

ဟူ၍ခြောက်ပါးရှိ၏၊ ထိုတဏှာခြောက်ပါး၏၊ အနက်အဓိပ္ပါယ်ကိုကား ဝိဘင်းပါဠိတော်၏အနက်ကို မှီး၍ သိအပ်ပေ၏။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော် (နှာ-၃၀၁) ၌လည်း။

- စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ။

စသည်ဖြင့်ဒွါရခြောက်ဖြာ၌ အာရုံခြောက်ခု တိုက်ခိုက်မှု ဖြစ်ကြရာတွင် တဏှာခြောက်ပါး ပေါက်ဖွားလာကြပုံကို ဟောတော်မူ၏၊ ပါဠိတော်၏အနက်ကား ထင်ရှားသိနိုင်လောက်ပေပြီ၊ ဤတဏှာ ခြောက်

http://www.dhammadownload.com



ပါးကိုပင် အဆင့်ဆင့် ခြောက်ပွါးပါမှု "တဏှာအစစ်- တစ်ရာ့ရှစ်" ဖြစ်ပေါ်လာ၏-ဟု ရှေးဆရာမြတ်တို့ မိန့်ဆိုတော်မူကြ၏၊ တဏှာအစစ်- တစ်ရာ့ရှစ်ဖြစ်ပုံကို နောက်ပြဆိုလတ္တံ့သော သမုဒယသစ္စာခန်းတွင် ရှုကြပါကုန်။

ဒွါရခြောက်ပါး၌ အာရုံခြောက်ပါး တိုက်ဆိုင်လာရာတွင်--

- ဣဋ္ဌာရုံ=အလိုရှိအပ် ကောင်းမြတ်သော အာရုံနှင့် တွေ့ဆုံလျှင် ချမ်းသာမှု သုခဝေဒနာဖြစ်ပေါ်နေသော သူတို့သည်ကား ဆားငန်ရည် သောက်မိသော နွားနောက်သတ္တဝါသည် သောက်လေသောက်လေ ငတ်မပြေဘဲ တိုး၍တိုး၍သာ သောက်လိုသကဲ့သို့ တစ်ဆင့်ထက် တစ်ဆင့် တိုးမြှင့်၍သာ သောက်လိုသကဲ့သို့ တစ်ဆင့်ထက် တစ်ဆင့် တိုးမြှင့်၍ သုခဝေဒနာတွင် ခုံတမင်မင် ခင်တများများ လိုလားတောင့်တကြကုန်၏။
- အနိဋ္ဌာရုံ=အလိုမရှိအပ်သည့် မကောင်းသောအာရုံနှင့် တွေ့ကြုံပြန်လျှင် ဆင်းရဲမှုဒုက္ခဝေဒနာဖြစ်၏၊ ထိုဒုက္ခဝေဒနာနှင့် တွေ့ကြုံနေသောသူသည် နေပူထီးထီး သဲကန္တာရ ခရီးသွားနေရသောသူသည် အေးမြချမ်းသာသော ပညောင်ပင်ကြီး၏ အရိပ်ကို လိုလားတောင့်တဘိသကဲ့သို့ ဆင်းရဲမှုမှ လွတ်မြောက်၍ ချမ်းသာမှု သုခဝေဒနာကိုသာ မျှော်လင့်တောင့်တမှုဖြစ်ပေါ်လာ၏။
- ဣဋ္ဌမဇ္ဈတ္တာရုံ=ကောင်းသည်လည်းမဟုတ် မကောင်းသည်လည်း မဟုတ်၊ အလယ်အလတ်ဖြစ်သော အာရုံတို့နှင့် တွေ့ကြုံပြန်လျှင် ဥပေက္ခာဝေဒနာဖြစ်၏၊ ထိုဥပေက္ခာဝေဒနာသည် ငြိမ်သက်သော သဘောသတ္တိ

http://www.dhammadownload.com



ရှိရကား သုခဝေဒနာသဘောတွင် သက်ဝင်လေ၏၊ ထိုသို့ ဖြစ်ပြန်လျှင်လည်း သူကြွယ်စည်းစိမ်ကို ရပြီးသူသည် ထို့ထက် သာလွန်သော သူဌေးစည်းစိမ်ကို မက်မော လိုချင်သကဲ့သို့ ထို့ထက်ကောင်းသော သုခဝေဒနာကို ခုံမင်မက်မော နစ်မျောကြကုန်၏။

ဤသုခဝေဒနာကို အကြောင်းရင်းခံပြု၍ တဏှာဖြစ်သည်ဆိုရာ တဏှာဟူသည် အနုသယမွေပေတည်း၊ အနုသယမျိုးဓာတ် ချုပ်ပြတ်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့ သန္တာန်၌ သုခဝေဒနာပင် ဖြစ်သော်လည်း၊ အနုသယကင်းပြတ် ပြီးဖြစ်၍ တဏှာမဖြစ်တော့ပြီ၊ တဏှာမဖြစ်လျှင် ဘဝဇာတ်ကွက် တစ်ကြိမ်တစ်ခါမျှ ထွက်၍ ကပြရန်မလိုတော့ပြီ၊ တဏှာ အနုသယဓာတ် မပြတ်မစဲသေးသည့် အန္ဓပုထုဇဉ်နှင့် အောက်တန်း အရိယာပုဂ္ဂိုလ်တို့မှာကား ဘဝဇာတ်ကွက် ထွက်၍ကပြရန် ဇာတိတရား ဘဝ၏သီးကင်းလေးများ အဖြစ်သို့ရောက်ကြရကုန်၏။

ထို့ကြောင့်ကျေးဇူးရှင်ကြီး၏ **ပဋိစ္စသမုပ္ပါဒ** ပျို့လင်္ကာကြီးတွင်--

- သုခဝေဒနာ၊ စွမ်းရည်ဖြာ၍၊
ရသာမြိန်ရှမ်း၊ အစိမ့်မွှမ်းက၊
သွန်းသွန်းဆူကြ၊ ထိုသုခ၌၊
ပိယဟူသား၊ အချစ်ပွါး၍၊
ခြောက်ပါးဝေဒနာ၊ မြိန်ရှက်စွာကို၊
လွယ်ကာမနှေး၊ လိုတိုင်းပေးသည့်၊
သေဌေးရတနာ၊ ပမာအလား၊
ကြင်လင်မယားနှင့်၊ ဝတ်စားရွှေငွေ၊
လယ်မြေလုပ်ခင်း၊ ထမင်းနဘောဇဉ်၊
သဘင်ပွဲလမ်း၊ အဆန်းဆန်းတည့်၊

http://www.dhammadownload.com



ပန်းမျိုးနံ့သာ၊ အဖြာဖြာလျှင်၊
ရူပါရမ္မဏ၊ စသည်အပုံ၊
ပဋ္ဌာရုံနှင့်၊ ခြောက်စုံဖသဿ၊
စက္ခုစသား၊ ဒွါရခြောက်မည်၊
အကြည်အလင်း၊ ကိုယ်တွင်းဓာတ်နု၊ အစုစုလျှင်၊
ဗဟုဘေဒ၊ များပြားစွာသည်၊
ဓမ္မာရမ္မဏ၊ ကာမဝတ္ထု၊
အစုအပုံ၊ ခြောက်အာရုံ၌၊
ခုံတမင်မင်၊ ခင်တများများ၊ နေ့စဉ်ပွါး၍၊
တရားအချက်၊ သဘောနက်ကို၊
အိပ်မက်တွင်မျှ၊ မမြင်ရဘဲ၊
ကာမထောင်တွင်း၊ ခန္ဓာကင်းသည်။
ခြောက်သင်းတဏှာ စွမ်းရည်တည်း။ ။

ဟူ၍ စပ်ဆိုတော်မူခဲ့ပေသည်။

--------*-------

## ၉။ ဥပါဒါန ဒုက္ခပရိညာ

(၂၈) တဏှာပစ္စယာ ဥပါဒါနဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

( ၂၉- ၃၀) ဓမ္မံ ၊ သံဃံ

တဏှာအကြောင်းကြောင့်ဖြစ်သော ဥပါဒါန်တည်းဟူသော ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ, မှီခိုရာ, ပုန်းအောင်ရာဟူ၍ ဆည်းကပ်ပါ၏။

ဤအရာ၌ ဥပါဒါန် ဟူသည်မှာ---

http://www.dhammadownload.com



- ဘုသံ အာဒိယန္တိ အမုဥ္စဂါဟံ ဂဏှန္တီတိ ဥပါဒါနာနိ။

ဘုသံ=ပြင်းထန်စွာ၊ အာဒိယန္တိ=ယူတတ်ကုန်၏၊ အမုဥ္စဂါဟံ=မလွှတ်သောယူခြင်းကို၊ ဂဏှန္တိ=ယူတတ်ကုန်၏၊ ဣတိသွာ=ထို့ကြောင့်၊ ဥပါဒါနာနိ=ဥပါဒါန်တို့မည်ကုန်၏။

ဥပါဒါန် တရားကိုယ်များဖြစ်ကြသည့် တဏှာဒိဋ္ဌိတို့သည် ကြီးရင့်ထက်သန်လာခဲ့သည်ရှိသော် သူခိုးကြီးလျှင် ဓားပြ,ဓားပြကြီးလျှင် သူပုန်, ဖွတ်ကြီးလျှင် မိချောင်း, မြွေကြီးလျှင် နဂါး, တစ္ဆေကြီးလျှင် သရဲ, သူရဲကြီးလျှင် သဘက်, ဆိုသကဲ့သို့ အစွဲအလမ်း ကြီးရင့်ပြင်းထန်လာခဲ့သည်ကို ဥပါဒါန်ဟုဆိုသည်။

ထိုဥပါဒါန်သည်-

၁။ ကာမုပါဒါန်၊ ၃။ သီလဗ္ဗတုပါဒါန်၊

၂။ ဒိဋ္ဌုပါဒါန်၊ ၄။ အတ္တဝါဒုပါဒါန်၊

ဤသို့အားဖြင့် လေးပါးအပြားရှိ၏၊ ထို့ကြောင့် အဘိဓမ္မာ ဝိဘင်းပါဠိတော်၌-

* တတ္ထကတမံ တဏှာပစ္စယာ ဥပါဒါနံ၊ ကာမုပါဒါနံ, ဒိဋ္ဌုပါဒါနံ, သီလဗ္ဗတုပါဒါနံ, အတ္တဝါဒုပါဒါနံ, ဣဒံ ဝုစ္စတိ တဏှာပစ္စယာ ဥပါဒါနံ။

တတ္ထ=ထိုဥဒ္ဒေသပါဠိတော်၌၊ တဏှာပစ္စယာ= တဏှာအကြောင်းကြောင့်၊ ဥပ္ပန္နံ=ဖြစ်သော၊ ဥပါဒါနံ=အစွဲပြင်းထန် ဥပါဒါန်ဟူသည်၊ ကတမံ= အဘယ်နည်းဟူမူကား၊ ကာမုပါဒါနံ=ကာမဂုဏ်၌ စွဲလမ်းမှု ကာမုပါဒါန်လည်းတစ်ပါး၊ ဒိဋ္ဌုပါဒါနံ=ဒိဋ္ဌိအယူ၌စွဲလမ်းမှု ဒိဋ္ဌုပါဒါန်လည်းတစ်ပါး၊ သီလဗ္ဗတုပါဒါနံ= နွား, ခွေးစသည်တို့၏ အလေ့အကျင့်၌ အထွတ်အမြတ် ထင်မှတ်စွဲလမ်းမှု သီလဗ္ဗတုပါဒါန်လည်းတစ်ပါး၊ အတ္တဝါဒုပါဒါနံ=ခန္ဓာ

http://www.dhammadownload.com


ငါးပါးသည်ငါတည်း, ကိုယ်တည်းဟု ပြောဆိုစွဲလမ်းမှု သက္ကာယဒိဋ္ဌိ ခေါ်သော အတ္တဝါဒုပါဒါန်လည်း တစ်ပါး၊ ဣဒံ=ဤတရားစုကို၊ တဏှာပစ္စယာ=တဏှာအကြောင်းကြောင့်၊ ဥပ္ပန္နံ=ဖြစ်သော၊ ဥပါဒါနံ=ဥပါဒါန်ဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏-ဟူ၍ ဟောတော်မူ၏။

ဤဥပါဒါန် လေးပါးတို့တွင်-

**ကာမုပါဒါန်** မိမိတို့ကိုယ်ခန္ဓာနှင့်တကွ ပစ္စည်းဥစ္စာ, ရတနာ, ရွှေ, ငွေ, လယ်ယာ, မြေ, ကျွဲ, နွား, သား, မယား စသော ကာမဝတ္ထု, ကာမအာရုံစုတို့၌ အပြင်းအထန်စွဲလမ်းသော တဏှာကို ကာမုပါဒါန်ခေါ်သည်၊ ကာမုပါဒါန်၏ တရားကိုယ်အရကား တဏှာပေတည်း၊ ထိုကာမပါဒါန်သည်လည်း -

၁။ ရူပါရုံ အဆောက်အဦစုမှာ စွဲလမ်းသော ရူပကာမုပါဒါန်၊
၂။ သဒ္ဒါရုံ အဆောက်အဦစုမှာ စွဲလမ်းသော သဒ္ဒကာမုပါဒါန်၊
၃။ ဂန္ဓာရုံ အဆောက်အဦစုမှာ စွဲလမ်းသော ဂန္ဓကာမုပါဒါန်၊
၄။ ရသာရုံ အဆောက်အဦစုမှာ စွဲလမ်းသော ရသကာမုပါဒါန်၊
၅။ ဖောဋ္ဌဗ္ဗာရုံ အဆောက်အဦစုမှာ စွဲလမ်းသော ဖောဋ္ဌဗ္ဗ ကာမုပါဒါန်
၆။ ဓမ္မာရုံ အဆောက်အဦစုမှာ စွဲလမ်းသော ဓမ္မကာမုပါဒါန်၊

ဟူ၍ ခြောက်ပါး အပြားရှိပေ၏။

http://www.dhammadownload.com



ဒိဋ္ဌုပါဒါန် နိယတမိစ္ဆာဒိဋ္ဌိကြီးသုံးပါး၊ မိစ္ဆာဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါးတို့ကိုပင်လျှင် ဒိဋ္ဌုပါဒါန်ဆို၏၊ ထိုတရားတို့သည် တရားကိုယ်အားဖြင့် ဒိဋ္ဌိစေတသိက်ပင်ဖြစ်၏။

ဤသည်တို့တွင်-

- သတ္တဝါတို့အား ကောင်းကျိုး, မကောင်းကျိုးကို ပေးတတ်သော ကုသိုလ်ကံ အကုသိုလ်ကံဟူ၍ မရှိချေ၊ ဤသို့ စွဲယူခြင်း နတ္ထိက မိစ္ဆာဒိဋ္ဌိ တစ်ပါး။
- သတ္တဝါတို့မှာ ရှေးအကြောင်းဟူ၍ မရှိချေ၊ ဤသို့ စွဲယူခြင်း အဟေတုကမိစ္ဆာဒိဋ္ဌိ တစ်ပါး။
- ကောင်းမှုပြုသော်လည်း ကောင်းမှုဟူ၍ မဖြစ်ချေ၊ မကောင်းမှုပြု သော်လည်း မကောင်းမှုဟူ၍ မဖြစ်ချေ၊ ဤသို့ စွဲယူခြင်း အကိရိယ မိစ္ဆာဒိဋ္ဌိတစ်ပါး။

ဤသုံးပါးတို့သည် ကံ ကံ၏အကျိုး (ကမ္မဿကတာ သမ္မာဒိဋ္ဌိ)ကို လုံးလုံးပယ်သော မိစ္ဆာဒိဋ္ဌိကြီး သုံးပါးတို့ပေတည်း၊ ဤဒိဋ္ဌိသုံးပါးကို မစွန့်ဘဲမြဲစွဲစွာ ခိုင်မာစွာ ယူစွဲသောသူသည်သေသည်၏ အခြားမဲ့၌ ငရဲသို့သာ မသွေမလွဲ အမြဲကျရောက်ရမည်ဖြစ်၍ နိယတ(အမြဲ) ဟူသော ဝိသေသ စကားလုံးဖြင့် တွဲဖက်၍ နိယတမိစ္ဆာဒိဋ္ဌိဟု ဆိုသည်။

ဤအယူဝါဒကို မစွန့်သူမှန်သမျှ ငရဲ၌သာ ကျခံနေကြရပေသည်၊ ကမ္ဘာပျက်သော်လည်း ငရဲမှ မလွတ်ရ မကျွတ်ရချေ၊ ဤကမ္ဘာပျက်သည် ရှိသော် မပျက်ရာကမ္ဘာသို့သာ ပြောင်းရွှေ့ခံကြရ၏၊ ပြစ်မှုကြီးလေးစွာသော ရာဇဝတ်သားသည် ထောင်ပြောင်း၍ ခံရဘိသကဲ့သို့တည်း။

- သုတ်သီလက္ခန္ဓပါဠိတော် ဗြဟ္မဇာလသုတ်၌ ဟောတော်မူသော သဿတဒိဋ္ဌိ-၄၄-ပါး၊ ဥစ္ဆေဒဒိဋ္ဌိ-၁၈-

http://www.dhammadownload.com



ပါး၊ ပေါင်း (၄၄+၁၈=၆၂) ခြောက်ဆယ့်နှစ်ပါးကိုပင်
လျှင်=၆၂-ပါးသော မိစ္ဆာဒိဋ္ဌိဟုဆိုသည်။

ဤ- ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိသည် လူသာမန်တို့ ဖြစ်နိုင်ကြသည်ကား မဟုတ်ချေ၊ အပါယ်ပဋိသန္ဓေကို ပေးနိုင်သည်လည်းမဟုတ်၊ ထိုအယူကို မစွန့်သမျှ သံသရာမှ မလွတ်နိုင် မကျွတ်နိုင်ရုံမျှသာဖြစ်ပေ၏။

**သီလဗ္ဗတုပါဒါန်** နွားတို့၏ အလေ့အကျင့်, ခွေးတို့၏ အလေ့အကျင့်များကိုကျင့်ကြံမှုသည် သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်စေတတ်သော အကျင့်ဟူ၍ အပြင်းအထန် အစွဲအလမ်းသန်မှုသည် သီလဗ္ဗတုပါဒါန်မည်၏၊ ဘုရားရှင်လက်ထက်တော်အခါက ဂေါဝတိက တက္ကတွန်း, ကုက္ကုရဝတိက တက္ကတွန်းတို့၏ အကျင့်များကဲ့သို့သော အကျင့်များပေတည်း၊ ဤသည်လည်း တရားကိုယ်အားဖြင့် ဒိဋ္ဌိစေတသိက် ပေတည်း။

**အတ္တဝါဒုပါဒါန်** ခန္ဓာငါးပါးတို့၌ ငါ, ငါဟူ၍ပြောကြ ဆိုကြ စွဲလမ်းကြမှုများကို သက္ကာယဒိဋ္ဌိဆိုသည်၊ ထိုသက္ကာယဒိဋ္ဌိသည်ပင်လျှင် အတ္တဝါဒုပါဒါန် မည်၏၊ တရားကိုယ်အားဖြင့် ဒိဋ္ဌိစေတသိက် ပေတည်း။

ဤနေရာ၌ အလျဉ်းသင့်၍ သက္ကာယဒိဋ္ဌိနှစ်ဆယ့်ကို အကျဉ်းချုပ်ထုတ်ဆို ဖော်ပြပေအံ့၊

- ရူပက္ခန္ဓာ၌ -

"ရူပံ အတ္တတော သမနုပဿတိ"

ရုပ်ကို ငါ ငါ့ကိုယ် ဟူ၍ စွဲမြဲစွာ ရှုမြင်၏။

"ရူပဝန္တံ ဝါ အတ္တာနံ"

http://www.dhammadownload.com



ငါ ငါ့ကိုယ်သည် ရုပ်ရှိ၏ ဟူ၍ စွဲမြဲစွာ ရှုမြင်၏။

"အတ္တာနံ ဝါ ရူပံ"

ငါ ငါ့ကိုယ်၌ ရုပ်သည် စွဲတည်နေ၏ ဟူ၍ စွဲမြဲစွာ ရှုမြင်၏။

"ရူပသ္မိံ ဝါ အတ္တာနံ"

ရုပ်၌ ငါ ငါ့ကိုယ်သည် စွဲတည်နေ၏ ဟူ၍ စွဲမြဲ ရှုမြင်၏။

ဤသို့လျှင် ရူပက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိလေးချက် စွဲလမ်းစွာ တည်နေ၏။

ဝေဒနာက္ခန္ဓာ၌ -

"ဝေဒနံ အတ္တတော သမနုပဿတိ၊"

ဝေဒနာကို ငါ ငါ့ကိုယ် ဟူ၍လည်းကောင်း၊

"ဝေဒနာဝန္တံ ဝါ အတ္တာနံ"

ငါ ငါ့ကိုယ်၌ ဝေဒနာရှိ၏ - ဟူ၍လည်းကောင်း၊

"အတ္တနိ ဝါ ဝေဒနံ"

ငါ ငါ့ကိုယ်၌ ဝေဒနာသည် တည်စွဲနေ၏ ဟူ၍ လည်းကောင်း၊

"ဝေဒနာယ ဝါ အတ္တာနံ"

ဝေဒနာ၌ ငါ ငါ့ကိုယ်သည် စွဲတည်နေ၏ ဟူ၍လည်းကောင်း၊

ဤသို့လျှင် ဝေဒနာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ လေးချက် စွဲလမ်း တည်နေ၏။

သညာက္ခန္ဓာ၌ -

"သညံ အတ္တတော သမနုပဿတိ"

သညာကို ငါ ငါ့ကိုယ် - ဟူ၍ လည်းကောင်း၊

http://www.dhammadownload.com


“သညာဝန္တံ ဝါ အတ္တာနံ”

ငါ ငါ့ကိုယ်၌ သညာရှိ၏- ဟူ၍ လည်းကောင်း၊

“အတ္တနိ ဝါသညံ”

ငါ ငါ့ကိုယ်၌ သညာသည် စွဲတည်နေ၏- ဟူ၍လည်းကောင်း၊

“သညာယ ဝါ အတ္တာနံ ”

သညာ၌ ငါ ငါ့ကိုယ်သည် စွဲတည်နေ၏- ဟူ၍လည်းကောင်း၊

ဤသို့လျှင် သညာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိလေးချက် စွဲလမ်း တည်နေ၏။

သင်္ခါရက္ခန္ဓာ၌ -

“သင်္ခါရေ အတ္တတော သမနုပဿတိ”

သင်္ခါရတို့ကို ငါ ငါ့ကိုယ် ဟူ၍ လည်းကောင်း၊

“သင်္ခါရဝန္တံ ဝါ အတ္တာနံ”

ငါ ငါ့ကိုယ်၌ သင်္ခါရတို့ ရှိကုန်၏- ဟူ၍ လည်းကောင်း၊

“အတ္တနိ ဝါ သင်္ခါရေ”

ငါ ငါ့ကိုယ်၌ သင်္ခါရတို့သည် စွဲတည်နေကြ၏- ဟူ၍ လည်းကောင်း၊

“သင်္ခါရေသု ဝါ အတ္တာနံ”

သင်္ခါရတို့၌ ငါ ငါ့ကိုယ်သည် ငွဲတည်နေ၏-ဟူ၍ လည်းကောင်း၊

ဤသို့လျှင် သင်္ခါရက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ လေးချက် စွဲလမ်း တည်နေ၏။

ဝိညာဏက္ခန္ဓာ၌-

“ဝိညာဏံ အတ္တတော သမနုပဿတိ”

http://www.dhammadownload.com



ဝိညာဏ်ကို ငါ ငါ့ကိုယ် ဟူ၍လည်းကောင်း၊

"ဝိညာဏဝန္တံ ဝါ အတ္တာနံ"

ငါ ငါ့ကိုယ်၌ ဝိညာဏ် ရှိ၏ - ဟူ၍ လည်းကောင်း၊

"အတ္တနိ ဝါ ဝိညာဏံ"

ငါ ငါ့ကိုယ်၌ ဝိညာဏ်သည် စွဲတည်နေ၏-ဟူ၍ လည်းကောင်း၊

"ဝိညာဏသ္မိံ ဝါ အတ္တာနံ"

ဝိညာဏ်၌ ငါ ငါ့ကိုယ်သည် စွဲတည်နေ၏-ဟူ၍ လည်းကောင်း၊

ဤသို့လျှင် ဝိညာဏက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိလေးချက် စွဲလမ်းတည်နေ၏။

ဤသို့လျှင် ခန္ဓာတစ်ပါး တစ်ပါးတွင် လေးချက် လေးချက်စီ စွဲလမ်းရကား ခန္ဓာငါးပါး၌ (၅×၄=၂၀) သက္ကာယဒိဋ္ဌိ နှစ်ဆယ်ဖြစ်သတည်း၊ ပုထုဇဉ်မှန်သမျှ ဤသက္ကာယဒိဋ္ဌိ ရှိကြသည်ချည်းပေတည်း။

ဤ သက္ကာယဒိဋ္ဌိသည် အမြစ်မူလနှင့် တူ၏၊ နိယတ မိစ္ဆာဒိဋ္ဌိကြီး သုံးပါး၊ ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတို့သည် ပင်စည်ခက်မတို့နှင့် တူကြကုန်၏၊ သက္ကာယဒိဋ္ဌိကို သမုစ္ဆေဒပဟာန်ဖြင့် ပယ်လှန် နုတ်ပစ်နိုင်လျှင် ယခင်ဆိုအပ်ခဲ့ပြီးသော မိစ္ဆာဒိဋ္ဌိကြီးများ မဖြစ်နိုင်တော့ပြီ၊ ထိုသို့ မပယ်မနုတ်နိုင်ခဲ့ပါမူ တစ်ချိန်ချိန် တစ်ခါခါ ဘဝတစ်ခုခု၌ မိစ္ဆာဒိဋ္ဌိကြီးများ ဖြစ်ပွါးလာနိုင်ဖွယ်ရှိပေသည်။

ဤဥပါဒါန် လေးပါးသဘောသွားကို ရည်ရွယ်တော်မူ၍ ကျေးဇူးရှင်ကြီး၏ ပဋိစ္စသမုပ္ပါဒ ပို့လက်ာကြီးတွင် -

- ဟဏ္ဍာခြောက်မည်၊ အရင်းတည်၍၊
  အရှည်မျှားလျှား၊ အစဉ်ပွါးက၊

http://www.dhammadownload.com



လေးပါးအမှန်၊ ဥပါဒါန်လည်း၊
ခန္ဓာကာယ၊ အတ္တနှင့်၊
ကာမအာရုံ၊ အလုံးစုံ၌၊
အကုန်နှီးရင်း၊ အစွဲပြင်း၏။
အသင်းပွါးများ၊ သားမယားက၊
စသည်ဖြာဖြာ၊ မဆုံးရာသား၊
ကာမဝတ္ထု၊ စွဲလမ်းပြုသည်၊ ကာမုပါဒါန်။
တစ်ဖန်ထို့ပြင်၊ မိစ္ဆာညဉ်ဖြင့်၊
အမြင်ယွင်းဖောက်၊ အယူမှောက်သည်၊
ခြောက်ဆယ့်နှစ်ပါး၊ ပြားသည်ဒိဋ္ဌိ။
တစ်စိထိုမှ၊ ဂေါသီလကို၊
ဝင့်မှုထုတ်တတ်၊ စွဲထင်မှတ်သည်၊ သီလဗ္ဗတုပါဒါန်။
ခန္ဓာငါးပါး၊ တရားအစု၊ ဓာတ်အနုကို၊
ကိုယ်ဟုစွဲကပ်၊ အမြဲမှတ်သည်၊ အတ္တဝါဒုပါဒါန်။
အထန်အပြင်း၊ အယူတင်း၍၊
ဝင့်ခင်း ဝင့်နယ်၊ ဝင့်ပင်လယ်မှ၊
လွတ်ဖွယ်မအား၊ တမားမားသည်။
လေးပါးဥပါဒါန် စွမ်းရည်တည်း။ ။

ဟူ၍ စပ်ဆိုတော်မူခဲ့ပေသည်။

------------*-----------

## ၁၀။ ဘဝ ဒုက္ခပရိညာ

( ၃၁ ) ဥပါဒါနပစ္စယာ ဘဝဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

http://www.dhammadownload.com



( ၃၂-၃၃ ) ဓမ္မ ၊ သံဃ

ဥပါဒါန် အကြောင်းကြောင့်ဖြစ်သော ဘဝတည်းဟူသော ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာ ဟူ၍ ဆည်းကပ်ပါ၏။

ဤအရာ၌ ဘဝဟူသည်မှာ -

(က) ဘဝတိ ဝဍ္ဍတီတိ ဘဝေါ။

ဘဝတိ ဝဍ္ဍတိ=ဖြစ်ပေါ်တတ် ကြီးပွါးတတ်၏၊ ဣတိသ္မာ=ထို့ကြောင့်၊ ဘဝေါ=ဘဝမည်၏။

ဖြစ်ပေါ်တတ် ကြီးပွါးတတ်သောကြောင့် ဘဝမည်၏- ဟု ဆိုလိုသည်။

(ခ) ဘဝန္တိ ဇာယန္တိ ဝဍ္ဍန္တိ သုခဒုက္ခာနိ ဧတေနာတိ ဘဝေါ။

ဧတေန=ဤတရားဖြင့်၊ သုခဒုက္ခာနိ=ချမ်းသာမှု ဆင်းရဲမှုအမျိုးမျိုးတို့သည်၊ ဘဝန္တိ ဇာယန္တိ=ဖြစ်လည်းဖြစ်ပေါ်တတ်ကုန်၏၊ ဝဍ္ဍန္တိ=ကြီးပွါးလည်း ကြီးပွါးတတ်ကုန်၏၊ ဣတိတသ္မာ=ထိုသို့ ချမ်းသာ ဆင်းရဲတို့၏ ဖြစ်ကြောင်း ကြီးပွါးကြောင်းဖြစ်သော သတ္တိကြောင့်၊ ဘဝေါ=ဘဝမည်၏။

ချမ်းသာမှုအမျိုးမျိုး ဆင်းရဲမှုအမျိုးမျိုးတို့၏ ဖြစ်ပေါ်ကြောင်း ကြီးပွါးကြောင်း ဖြစ်သောကြောင့် ဘဝမည်၏-ဟူလို။

ထိုဘဝကို အဘိဓမ္မာ ဝိဘင်းပါဠိတော်၌ -

* တတ္ထ ကတမော ဥပါဒါနပစ္စယာ ဘဝေါ၊
ဘဝေါ ဒုဝိဓေန အတ္ထိ ကမ္မဘဝေါ၊
အတ္ထိဥပပတ္တိ ဘဝေါ။

တတ္ထ=ထိုဥဒ္ဒေသပါဠိတော်၌၊ ဥပါဒါန ပစ္စယာ=ဥပါဒါန် အကြောင်း

http://www.dhammadownload.com


ကြောင့်၊ ဥပပ္ပန္နော=ဖြစ်သော၊ ဘဝေါ=အစီးအပွါးဟူသည်၊ ဒုဝိဓေန-ဒုဝိဓော=နှစ်ပါးအပြားရှိ၏၊ ကမ္မဘဝေါ=ကောင်းမှုကံ, မကောင်းမှုကံဟူသော အစီးအပွါးသည်လည်း၊ အတ္ထိ=ရှိ၏၊ ဥပပတ္တိ ဘဝေါ=ဘဝသစ်သို့ ကပ်ရခြင်းတည်းဟူသော အစီးအပွါးသည်လည်း၊ အတ္ထိ=ရှိ၏။

ဟူ၍ ဟောတော်မူရကား (၁) ကမ္မဘဝ၊ (၂) ဥပပတ္တိဘဝဟူ၍ နှစ်မျိုးနှစ်စား ရှိပေ၏၊ ထိုနှစ်မျိုးနှစ်စားတို့တွင် အဘိဓမ္မာဝိဘင်း ပါဠိတော်၌ -

* တတ္ထ ကတမော ကမ္မဘဝေါ၊ ပုညာဘိသင်္ခါရော၊
အပုညာဘိ သင်္ခါရော၊ အာနေဥ္ဇာဘိ သင်္ခါရော၊
အယံဝုစ္စတိ ကမ္မဘဝေါ၊
သဗ္ဗမ္ပိ ဘဝဂါမိကမ္မံ ကမ္မဘဝေါ ။

တတ္ထ=ထိုဘဝနှစ်မျိုးတို့တွင်၊ ကမ္မဘဝေါ=ကံအစီးအပွါးဟူသည်၊ ကတမော=အဘယ်နည်း၊ ပုညာဘိသင်္ခါရော=ကုသိုလ်ကောင်းမှုကို ပြုစုအားထုတ်ခြင်းလည်းတစ်ပါး၊ အပုညာဘိသင်္ခါရော=အကုသိုလ် မကောင်းမှုကို, ပြုစုအားထုတ်ခြင်းလည်းတစ်ပါး၊ အာနေဥ္ဇာဘိသင်္ခါရော= အာနေဥ္ဇာခေါ်သော အရူပဈာန်တရားကို ပြုစုအားထုတ်ခြင်းလည်း တစ်ပါး၊ အယံ=ဤတရားသုံးပါးကို၊ ကမ္မဘဝေါ=ကံအစီးအပွါးဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

သဗ္ဗမ္ပိ=အလုံးစုံလည်းဖြစ်သော၊ ဘဝဂါမိ ကမ္မံ=ဘဝတစ်ပါးသို့ ပို့ဆောင်တတ်သော ကောင်းမှုမကောင်းမှု ဟူသမျှသည်၊ ကမ္မဘဝေါ= ကံအစီးအပွါးချည်းသာတည်း။

ကာမာဝစရကုသိုလ်ကံရှစ်ပါး, ရူပါဝစရ ကုသိုလ်ကံ ငါးပါး (၈+၅= ၁၃) ပေါင်း တစ်ဆယ့်သုံးပါးသော ကုသိုလ်စေတနာ ပုညာဘိသင်္ခါရ သည်လည်းကောင်း၊ အကုသိုလ်ကံ တစ်ဆယ့်နှစ်ပါးသော အကုသိုလ်

http://www.dhammadownload.com



စေတနာ အပုညာဘိသင်္ခါရသည်လည်းကောင်း၊ အရူပကုသိုလ်ကံစေတနာ အာနဉ္စာဘိသင်္ခါရသည်လည်းကောင်း၊ ဤကံ နှစ်ဆယ့်ကိုးပါးသည် ကမ္မဘဝမည်၏။

လောကီဖြစ်သော ကုသိုလ်စေတနာ အကုသိုလ်စေတနာတို့နှင့်ယှဉ်သော အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိတို့သည်လည်းကောင်း, အနဘိဇ္ဈာ အဗျာပါဒ, သမ္မာဒိဋ္ဌိတို့သည်လည်းကောင်း ကမ္မဘဝမည်ကုန်၏။

* တတ္ထ ကတမော ဥပပတ္တိဘဝေါ၊ ကာမဘဝေါ, ရူပဘဝေါ, အရူပဘဝေါ, သညာဘဝေါ, အသညာဘဝေါ, နေဝသညာနာသညာဘဝေါ, ဧကဝေါကာရ ဘဝေါ, စတုဝေါကာရဘဝေါ, ပဉ္စဝေါကာရဘဝေါ၊ အယံဝုစ္စတိ ဥပပတ္တိဘဝေါ။

တတ္ထ=ထိုဘဝနှစ်ပါးတို့တွင်၊ ဥပပတ္တိဘဝေါ=ဘဝသစ်သို့ကပ်ရခြင်းအစီးအပွါးဟူသည်၊ ကတမော=အဘယ်နည်း၊ ကာမဘဝေါ=ကာမဘဝလည်းတစ်ပါး၊ ရူပဘဝေါ=ရူပဘဝလည်းတစ်ပါး၊ အရူပဘဝေါ=အရူပဘဝလည်းတစ်ပါး၊

(ဤသည်လည်း ဥပပတ္တိဘဝ သုံးပါး တစ်ရပ်တည်း)

သညာဘဝေါ=စိတ်သညာရှိသော သညာဘဝလည်း တစ်ပါး၊ အသညာဘဝေါ=စိတ်သညာမရှိသော အသညာဘဝလည်း တစ်ပါး၊ နေဝသညာနာသညာဘဝေါ=စိတ်သညာရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်သော နေဝသညာနာသညာဘဝလည်း တစ်ပါး၊

(ဤသည်လည်း ဥပပတ္တိဘဝသုံးပါးတစ်ရပ်တည်း။)

ဧကဝေါကာရဘဝေါ=ရုပ်ခန္ဓာတစ်ခုသာရှိသော ဧကဝေါကာရဘဝလည်း တစ်ပါး၊ စတုဝေါကာရဘဝေါ=နာမ်ခန္ဓာလေးခုသာရှိသော စတုဝေါကာရဘဝလည်း တစ်ပါး၊ ပဉ္စဝေါကာရဘဝေါ=ခန္ဓာငါးခုရှိသော ပဉ္စဝေါကာရဘဝလည်း တစ်ပါး၊

http://www.dhammadownload.com



(ဤသည်လည်း ဥပပတ္တိဘဝ သုံးပါးတစ်ရပ်တည်း။)

အဃံ=ဤဘဝကိုးပါးကို၊ ဥပပတ္တိဘဝေါ=ဥပပတ္တိဘဝဟူ၍၊ ဝုစ္စတိ= ဆိုအပ်၏။

ဟူ၍ဟောတော်မူသောကြောင့်--

၁။ ကာမဘဝ
၂။ ရူပဘဝ
၃။ အရူပဘဝ
၄။ သညီဘဝ
၅။ အသညီဘဝ
၆။ နေဝသညီနာသညီဘဝ
၇။ ဧကဝေါကာရဘဝ
၈။ စတုဝေါကာရဘဝ
၉။ ပဥ္စဝေါကာရဘဝ

ဤကိုးပါးသောဘဝကို ဥပပတ္တိဘဝဟု ဟောတော်မူသည်။

(တစ်နည်း ဘဝကိုးပါး)

၁။ နာနာတ္တကာယ နာနာတ္တသညီဘဝ၊
၂။ နာနာတ္တကာယ ဧကတ္တသညီဘဝ၊
၃။ ဧကတ္တကာယ နာနာတ္တသညီဘဝ၊
၄။ ဧကတ္တကာယ ဧကတ္တသညီဘဝ၊
၅။ အသညီဘဝ၊
၆။ အာကာသာနဥ္စာယတနဘဝ၊
၇။ ဝိညာဏဥ္စာယတနဘဝ၊
၈။ အာကိဉ္စညာယတနဘဝ၊
၉။ နေဝသညီ နာသညီဘဝ၊

ဤသို့လည်း ဘဝကိုးပါး တစ်မျိုးတခြားလာရှိသေး၏။

ဤအရာ၌ ရေစက်ချ, အမျှဝေစသော ရှေးဟောင်းစာတမ်းတို့၌ "သတ္တဝါသ ဘုံကိုးဝ ဝိညာဏဋ္ဌီတိခုနစ်ပါး" ဟု ပါရှိခဲ့ရာ သိလိုကြသည့်

http://www.dhammadownload.com



သုတေသီတို့ လျှောက်ထား မေးမြန်းမှုများသဖြင့် ရှင်းလင်းဖော်ပြခဲ့ပေဦးအံ့။

သတ္တဝါသ ဘုံကိုးဝ ဟူသည်မှာ-

- ကိုယ်ခန္ဓာသဏ္ဌာန် ထူးထွေကွဲပြားကြသည်ကား နာနာတ္တကာယ မည်၏။
- ပဋိသန္ဓေဝိညာဏ် ထူးထွေ ကွဲပြားကြသည်ကား နာနာတ္တသညီ မည်၏။
- ကိုယ်ခန္ဓာသဏ္ဌာန်တူမျှကြသည်ကား ဧကတ္တကာယ မည်၏။
- ပဋိသန္ဓေဝိညာဏ် တူမျှကြသည်ကား ဧကတ္တသညီမည်၏။

**နိယံ- သဏ္ဌာန် ခန္ဓာ၊ မတူရာ၊ နာနာကာယ သိ၊**
**သန္ဓေ ဝိညာ၊ မတူရာ၊ နာနာသညီ သိ၊**
**သဏ္ဌာန် ခန္ဓာ၊ တူညီစွာ၊ ဧကာကာယ သိ၊**
**သန္ဓေဝိညာ၊ တူညီစွာ၊ ဧကာသညာ သိ။**

ဤသို့အကျဉ်းဝေဖန်၍ သိနှင့်လေဦး။

၁။ ကာမသုဂတိ ခုနစ်ဘုံ၌ရှိသော သတ္တဝါတို့သည် ကိုယ်ခန္ဓာပုံသဏ္ဌာန်လည်း အထူးထူးအထွေထွေ ကွဲပြားကြကုန်၏၊ ပဋိသန္ဓေစိတ်လည်း အထူးထူးအထွေထွေ ကွဲပြားကြကုန်၏၊ ထို့ကြောင့် ကာမသုဂတိခုနစ်ဘုံသည် နာနာတ္တကာယ နာနာတ္တသညီဘုံ (ဘ၀) မည်၏။

**နိယံ-- သတ်သုကာမာ၊ ကာသညာ၊ နာနာချည်းသာသိ။**

၂။ အပါယ်လေးဘုံ၌ရှိသော သတ္တဝါတို့သည် ကိုယ်ခန္ဓာပုံသဏ္ဌာန်အားဖြင့် အထူးထူးအထွေထွေကွဲပြားကြကုန်၏၊ ပဋိသန္ဓေဝိညာဏ်

http://www.dhammadownload.com



သည်ကား အကုသလဝိပါက် ဥပေက္ခာသန္တီရဏတစ်ခုသာဖြစ်ကြ၍ တူမျှကြကုန်၏၊ ပထမစျာန်သုံးဘုံ၌ရှိသော ဗြဟ္မာသတ္တဝါတို့သည်လည်း ကိုယ်ခန္ဓာပုံသဏ္ဌာန် အမျိုးမျိုးရှိကြကုန်၏၊ ပဋိသန္ဓေဝိညာဏ်မူကား ပထမစျာန်ဝိပါက် တစ်ခုမျှသာဖြစ်၍ တူမျှကြကုန်၏၊ ထို့ကြောင့် အပါယ်လေးဘုံနှင့် ပထမစျာန်သုံးဘုံတို့သည် နာနာတ္တကာယ ဧကတ္တသညီမည်ကုန်၏။

**နိယံ- ပ စျာန်သုံးရပ်၊ ပါယ်လေးရပ်၊ နာနာတ်ဧသညီ။**

၃။ ဒုတိယစျာန်သုံးဘုံရှိသော ဗြဟ္မာတို့သည် ကိုယ်ခန္ဓာပုံသဏ္ဌာန် တူမျှကြကုန်၏၊ ပဋိသန္ဓေဝိညာဏ်တို့သည်ကား ဒုတိယစျာန်ဝိပါက်, တတိယ စျာန် ဝိပါက်မျိုးတို့ဖြစ်ကြ၍ ထူးထွေကွဲပြားကြကုန်၏၊ ထို့ကြောင့် ဒုတိယစျာန်သုံးဘုံသည် ဧကတ္တကာယ နာနာတ္တသညီမည်၏။

**နိယံ--ဒု စျာန်သုံး၀၊ ဧကာယ၊ နာနသညာရှိ။**

၄။ တတိယစျာန်သုံးဘုံ၌ရှိသော ဗြဟ္မာတို့သည် ကိုယ်ခန္ဓာပုံသဏ္ဌာန်လည်း တူကြကုန်၏၊ စတုတ္ထစျာန် ဝိပါက်တည်းဟူသော ပဋိသန္ဓေဝိညာဏ်လည်း တူကြကုန်၏၊ ဝေဟပ္ဖိုလ်ဘုံ သုဒ္ဓါဝါသ ငါးဘုံ၌ ရှိကြသော ဗြဟ္မာတို့သည် ကိုယ်သဏ္ဌာန်အားဖြင့်လည်း တူကြကုန်၏၊ ပဥ္စမစျာန်ဝိပါက်တည်းဟူသော ပဋိသန္ဓေဝိညာဏ်လည်း တူကြကုန်၏၊ ထို့ကြောင့်တတိယစျာန်သုံးဘုံ အသညသတ်ကြဉ်သော စတုတ္ထစျာန် ခြောက်ဘုံ ဤကိုးဘုံတို့သည် ဧကတ္တာယ ဧကတ္တသညီမည်ကုန်၏။

**နိယံ--တဘုံသုံး၀၊ စဘုံဆ၊ ဧချည်းသာသိ။**

၅။ အသညသတ်ဘုံသည် နာမ်မရှိ၍ အသညီဘုံ (ဘ၀) မည်၏။

၆။ အာကာသာနဉ္စာယတနဘုံသည် အာကာသာနဉ္စာယတနဘုံ

http://www.dhammadownload.com



(ဘ၀)မည်၏။

၇။ ဝိညာဏဉ္စာယတနဘုံသည် ဝိညာဏဉ္စာယတနဘုံ (ဘ၀) မည်၏။

၈။ အာကိဉ္စညာ ယတနဘုံသည် အာကိဉ္စညာယတနဘုံ (ဘ၀) မည်၏။

၉။ နေဝသညာ နာသညာဘယတနဘုံသည် နေဝသညီ နာသညီ ဘုံ (ဘ၀) မည်၏။

**နိယံ- သညသတ်မှာ၊ အသညာ၊ လေးဖြာအရူပိ။**
**သတ္တဝါသ၊ ဘုံကိုး၀၊ သိကြလေကုန်ဘိ။**

ဤသို့အားဖြင့် "သတ္တဝါသ ဘုံကိုး၀"တို့ကို ခွဲခြားဝေဖန်၍ သိမှတ်ကြကုန်ရာ၏။

**ဝိညာဏဋ္ဌိတိ ခုနစ်ပါး**

ဝိညာဏဋ္ဌိတိ ခုနစ်ပါးဟူသည်မှာ ဝိညာဏ်၏ တည်ရာဘုံ ခုနစ်ပါးပေတည်း။ ဤဝိညာဏဋ္ဌိတိ ခုနစ်ပါး ကို ဤသို့ဝေဖန်၍ သိအပ်၏၊ ယခင်ဘ၀ကြီး ကိုးပါး တွင် အသညသတ်နှင့် နေဝသညာနာသညာယတန နှစ်ဘုံကို နုတ်၍ ကြွင်းသော ခုနစ်ဘုံသည် ဝိညာဏ်၏တည်ရာဖြစ်၍ "ဝိညာဏဋ္ဌိတိ ခုနစ်ပါး" ဖြစ်သတည်း။

ဤတွင် အသညသတ်ဘုံမှာ ဝိညာဏ်မရှိသောကြောင့် ပယ်နုတ်ရ သည်။ နေဝသညာနာသညာယတနဘုံမှာ ထင်ရှားသော ဝိညာဏ်မရှိ သောကြောင့် ပယ်နုတ်ရသည်။

ဥပပတ္တိဘ၀တွင် တရားကိုယ် အရကောက်လျှင် လောကီဝိပါက် စိတ် ဗာတ္တိံသ (၃၂)၊ စေတသိက် ပဉ္စတိံသ(၃၅)၊ ကမ္မဇရုပ်ဝီသ (၂၀)၊

http://www.dhammadownload.com



တို့ပေတည်း။

အဘိဓမ္မာနည်းအားဖြင့် လောကုတ္တရာဖြစ်သော ခန္ဓာတို့ကိုလည်း ဘဝအရတွင် ထည့်သွင်းကောက်ယူရသေး၏။

**အကျိုးအကြောင်းနှစ်ခု ခွဲဝေပြ** ဤပြဆိုခဲ့ပြီးသော ဘဝနှစ်မျိုးတို့တွင် ကမ္မဘဝသည် အကြောင်းတရား၊ ဥပပတ္တိဘဝသည် အကျိုးတရားများ ဖြစ်ကြပေသည်။

ထိုတရားတို့တွင်-

အကုသိုလ်ကံ စေတနာ-၁၂-ခုသည် အပုညာဘိသင်္ခါရမည်သော ကမ္မဘဝ အကြောင်းတရား ဖြစ်ပေသည်၊ ထိုအကြောင်းကြောင့် ဖြစ်ပေါ်သော ပဋိသန္ဓေပဝတ္တိအခါ၌ဖြစ်သည့် အပါယ်ခန္ဓာ အကျိုးဝိပါက်များသည် ဥပပတ္တိဘဝ မည်ကုန်၏။

မဟာကုသိုလ်ကံ စေတနာ-၈-ခုသည် ပုညာဘိသင်္ခါရမည်သော ကမ္မဘဝ အကြောင်းတရား ဖြစ်ပေသည်၊ ထိုအကြောင်းကြောင့် ဖြစ်ပေါ်သော ပဋိသန္ဓေပဝတ္တိအခါ၌ဖြစ်သော ကာမသုဂတိခန္ဓာ အကျိုးဝိပါက်များသည် ဥပပတ္တိဘဝတို့မည်ကုန်၏။

ရူပကုသိုလ်ကံ စေတနာ-၅-ခုသည်လည်း ပုညာဘိသင်္ခါရမည်သော ကမ္မဘဝအကြောင်းတရား ဖြစ်ပေသည်၊ ထိုအကြောင်းကြောင့် ဖြစ်ပေါ်သော ပဋိသန္ဓေ ပဝတ္တိအခါ၌ဖြစ်သော ရူပါဝစရခန္ဓာ အကျိုးဝိပါက်များသည် ဥပပတ္တိဘဝတို့မည်ကုန်၏။

အရူပကုသိုလ်ကံစေတနာ-၄-ခုသည် အာနဉ္ဇာဘိသင်္ခါရမည်သော ကမ္မဘဝ အကြောင်းတရားဖြစ်ပေသည်၊ ထိုအကြောင်းကြောင့် ဖြစ်ပေါ်သော ပဋိသန္ဓေ ပဝတ္တိအခါ၌ဖြစ်သော အရူပါဝစရခန္ဓာ အကျိုး

http://www.dhammadownload.com



ဝိပါက်များသည် ဥပပတ္တိဘဝတို့မည်ကုန်၏။

ဥပမာကား ကမ္မဘဝတို့သည် မျိုးစေ့များနှင့် တူကြကုန်၏၊ ဥပပတ္တိဘဝတို့သည် မျိုးစေ့ကြောင့် ဖြစ်ကြပေါက်ရောက်ကြသော သစ်ပင်တို့နှင့် တူကြကုန်၏။

ထင်ရှားစေဦးအံ့၊ သီးမျိုးပွင့်မျိုးကို ဆောင်ကြကုန်သော သစ်ပင်အမျိုးမျိုးတို့သည် မျိုးစေ့ကြောင့် သစ်ပင်, သစ်ပင်ကြောင့် မျိုးစေ့အားဖြင့် အဆင့်ဆင့် တစ်ကမ္ဘာပတ်လုံး ဆက်လက်ဖြစ်ထွန်း နေကြကုန်သကဲ့သို့ ထို့အတူ အနမတဂ္ဂသံသရာ၌ သတ္တဝါအပေါင်းတို့သည် ဘဝအဆင့်ဆင့်အားဖြင့် တစ်သံရာလုံး ဖြစ်ပွါးနေကြရကုန်၏၊ ကမ္မဘဝကြောင့် ဥပပတ္တိဘဝတို့ ဖြစ်ကြရကုန်၏၊ ဥပပတ္တိဘဝ ဖြစ်ပေါ်လာခြင်းကြောင့် ကမ္မဘဝကို တစ်ဆင့်ပြုလုပ် ဆည်းပူးကြပြန်၏၊ ဤသည့်နည်းဖြင့် နိဗ္ဗာန်မရသမျှ အရဟတ္တမဂ်ဖြင့် ကိလေသဝဋ်ကို အကြွင်းမဲ့ မပယ်သတ်နိုင်သမျှ ကာလပတ်လုံး အဖြစ်မဆုံးနိုင်ကြဘဲ သံသရာထဲတွင် တဝဲလည်လည် ဖြစ်နေကြရပေသည်။

ထို့ကြောင့် ကျေးဇူးရှင်ကြီးသည် ပဋိစ္စသမုပ္ပါဒ ပို့လက်ာကြီး၌-

- စွမ်းရည်ပြင်းထန်၊ ဥပါဒါန်ဖြင့်၊
ခန္ဓာဓမ္မ၊ ကိုယ်ကာယ၌၊
အတ္တအစွဲ၊ မြဲကြီးမြဲ၍၊
ရဲရဲရက်ရက်၊ ကိုယ့်အတွက်ကြောင့်၊
သက်သတ်ခိုးမှု၊ စသည်ပြုလျက်၊
အကုသလ၊ ကမ္မဆယ်တန်၊ အပြစ်လျှံ၏။
တစ်ဖန် နောက်နှောင်း၊ ငါလျှင်ကောင်းစိမ့်၊
အကြောင်းရည်ရော်၊ အရှည်မျှော်လျက်၊

http://www.dhammadownload.com



သူတော်ဝေလ္ဘ၊ ရသေ့ရဟန်း၊
လူ့ဒါန်း ဝေဌ၊ ပဥ္စင်္ဂနှင့်၊
အဌအင်္ဂ၊ ဒသင်္ဂတည့်၊
လေးလီပြဟ္မ၊ ဝိဟာရစျာန်၊
ဆယ်တန်ကသိုဏ်း၊ အလှိုင်းများစွာ၊ ဘာဝနာဟု၊
ဆယ်ဖြာပုညာ၊ ကုသလကို၊
လှံ့လကြိုးစား၊ ကောင်းမှုပွါး၏၊
နှစ်ပါးကုသိုလ်၊ အကုသိုလ်ဟု၊
ထိုထိုဘဝ၊ ဖြစ်သမ္ဘဝ၊
ဇီဇပြည့်ဖြိုး၊ အမျိုးမျိုးကြောင့်၊
အကျိုးတရား၊ အရှည်ပွါးသည်။
နှစ်ပါးဘဝ၊ စွမ်းရည်တည်း။ ။

ဟူ၍ စပ်ဆိုတော်မူခဲ့ပေသည်။

## ၁၁။ ဇာတိ ဒုက္ခပရိညာ

(၃၄) ဘဝပစ္စယာ ဇာတိဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၃၅-၃၆) ဓမ္မံ ၊ သံဃံ

ဘဝအကြောင်းကြောင့် ဖြစ်သော ဇာတိတည်းဟူသော ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်ခြား၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ဤအရာ၌ ဇာတိဟူသည်မှာ-

- ဇနနံ ဇာတိ။

ဇနနံ=ဖြစ်ခြင်း၊ ဇာတိ=ဖြစ်ခြင်း။

http://www.dhammadownload.com


ဥပပတ္တိ ဘဝခန္ဓာတို့၏ ဖြစ်ပေါ်ခြင်းသည် ဇာတိမည်၏။

(တစ်နည်း) ဇာယန္တိ ပါတုဘဝန္တိ ဓမ္မာ ဧတာယာတိ ဇာတိ။

ဧတာယ=ဤတရားသဘောဖြင့်၊ ဓမ္မာ=သင်္ခါရတရားတို့သည် ဇာယန္တိ ပါတုဘဝန္တိ=ထင်ရှားဖြစ်ပေါ်ကြကုန်၏၊ ဣတိတသ္မာ=ထိုသို့ သင်္ခါရတရားတို့၏ ဖြစ်ပေါ်ကြောင်းဖြစ်သော သတ္တိကြောင့်၊ ဇာတိ= ဇာတိမည်၏။

ဇာတိသဘော ရှိခြင်းကြောင့် အလုံးစုံသော သင်္ခတဓမ္မတို့သည် ဖြစ်ပေါ်၍ ဖြစ်ပေါ်၍ နေကြရကုန်၏၊ သင်္ခတဓမ္မတို့သည် ဇာတိ သဘောသို့သာ မေးတင်ကာ ဦးညွှတ်ကာ ကိုင်းကာ ရှိုင်းကာ နေကြ ကုန်၏၊ ဇာတိနယ်အတွင်းသို့ သက်ဝင်ကြမှသာလျှင် တရားကိုယ် ထင်ရှား ဘွားခနဲ ပေါ်ပေါက် ဖြစ်ပွါးနိုင်ကြကုန်၏၊ ထို့ကြောင့် ဇာတိကို သင်္ခတဓမ္မတို့၏ ဖြစ်ပေါ်ကြောင်းတရားဟူ၍ ဆိုရလေသည်၊ ကမ္မဘဝ ကြောင့် ဥပပတ္တိဘဝ၏ ရှေးဦးပထမဖြစ်ပေါ်မှုသဘောကို ဇာတိဟု ဆိုရ၏။

**ဇာတိအပြား သုံးပါး**

ထိုဇာတိသည်

(၁) ဘဝသစ်၏ ဇာတိတစ်ပါး

(၂) သန္တတိ ဇာတိတစ်ပါး

(၃) ခဏိကဇာတိ တစ်ပါး

ဤသို့အားဖြင့် သုံးပါးအပြားရှိ၏။

၁။ ထိုသုံးပါးတို့တွင် တစ်ခုသော ဘုံဘဝမှ စုတိပြီးနောက် ထိုထို ဘုံဘဝ၌ အစစွာ ဖြစ်ပေါ်မှုကို ဘဝသစ်ဇာတိ (ပဋိသန္ဓေ ဇာတိ) ဟုဆိုပေသည်။

၂။ တစ်ခုသောဘဝမှာ တစ်နှစ်အတွင်း, တစ်လအတွင်း,

http://www.dhammadownload.com



တစ်ရက် အတွင်း, တစ်နာရီအတွင်း, တစ်ထိုင်အတွင်းမှာ ကိုယ်ခန္ဓာ၌ အထူးထူး အထွေထွေ သင်္ခတတရားတို့၏ အသစ်အသစ် တစ်မျိုးတစ်မျိုး ပြောင်းလဲဖြစ်ပေါ်မှုကို သန္တတိဇာတိဟု ဆိုပေသည်။

၃။ သင်္ခတမဟ္မတို့၏ ခဏငယ်အစဉ်ဖြင့် ချုပ်၍ချုပ်၍အသစ်အသစ်ဖြစ်ပေါ်မှုကို ခဏိကဇာတိဟုဆိုပေသည်။

ဤအရာ၌ကား ဇာတိအရ ပဋိသန္ဓေဇာတိကိုသာ ဆိုလိုပေသည်၊ ထို့ကြောင့် အဘိဓမ္မာဝိဘင်းပါဠိတော်၌ -

* တတ္ထ ကတမာ ဘဝပစ္စယာ ဇာတိ၊ ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇာတိ သဥ္ဇာတိ ဩက္ကန္တိ နိဗ္ဗတ္တိ အဘိနိဗ္ဗတ္တိ ခန္ဓာနံ ပါတုဘာဝေါ အာယတနာနံ ပဋိလာဘော၊ အယံ ဝုစ္စတိ ဘဝပစ္စယာ ဇာတိ။

တတ္ထ=ထိုဥဒ္ဒေသပါဠိတော်၌၊ ဘဝပစ္စယာ=ဘဝဟူသော အကြောင်းကြောင့်၊ ဥပ္ပန္နာ=ဖြစ်သော၊ ဇာတိ=ဇာတိမည်သည်ကား၊ ကတမာ=အဘယ်တရားနည်း၊ တေသံ တေသံ သတ္တာနံ=ထိုထိုသတ္တဝါတို့၏၊ တမှိ တမှိ သတ္တနိကာယေ=ထိုထိုသတ္တဝါမျိုး အပေါင်း၌၊ ယာဇာတိ=အကြင်ဖြစ်ပေါ်ခြင်းသည်၊ အတ္ထိ=ရှိ၏၊ ယာသဥ္ဇာတိ=အကြင်ခာတ်စုခာတ်ခဲအားဖြင့်ဖြစ်ပေါ်ခြင်းသည်၊ အတ္ထိ=ရှိ၏၊ ယာဩက္ကန္တိ=အကြင်အမိဝမ်း၌ ဝင်ရောက်ခြင်းသည်၊ အတ္ထိ=ရှိ၏၊ ယာနိဗ္ဗတ္တိ=အကြင် အသစ်ဖြစ်ခြင်းသည်၊ အတ္ထိ=ရှိ၏၊ ယာ အဘိနိဗ္ဗတ္တိ=အကြင်ထင်ရှား စွာဖြစ်ပေါ်ခြင်းသည်၊ အတ္ထိ=ရှိ၏၊ ခန္ဓာနံ=ရုပ်အစုနာမ်အစုတို့၏၊ ယောပါတုဘာဝေါ=အကြင်ဖြစ်ပေါ်ခြင်းသည်၊ အတ္ထိ=ရှိ၏၊ အာယတနာနံ=စက္ခုစသော အာယတနတို့ကို၊ ယောပဋိလာဘော=အကြင်အသစ်တစ်ဖန်ရပြန်ခြင်းသည်၊ အတ္ထိ=ရှိ၏၊ အယံ=ဤသို့ဖြစ်ခြင်းကို၊ ဘဝပစ္စယာ=ဘဝ

http://www.dhammadownload.com



ဟူသောအကြောင်းကြောင့်၊ ဥပ္ပန္နာ-ဖြစ်သော၊ ဇာတိ-ဇာတိဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

ဟူ၍ ဟောတော်မူ၏၊ ထိုဇာတိသည်လည်း--

၁။ ကလလရေကြည်ကိုစောင့်ရှောက်တတ်သော အမိဝမ်းတွင်းရှိ သားအိမ်၌ ပဋိသန္ဓေတည်နေဖြစ်ပွါးခြင်းသည် ဇလာဗုဇ ပဋိသန္ဓေနေ ခြင်းမည်၏၊ ဤဇလာဗုဇပဋိသန္ဓေကိုပင်လျှင် ဂဗ္ဘသေယျပဋိသန္ဓေ ဟုလည်းဆို၏။

၂။ ပဒုမာကြာတိုက်, သစ်ခေါင်း, သစ်ပွေး, သစ်ပွင့်, သစ်သီး, ရွှံ့ညွန်, ရေဟောင်း ရေဆွေး အစရှိသော စိုစွတ်စေးခွဲသည့် ဌာန၌ ပဋိသန္ဓေတည်နေ ဖြစ်ပွါးခြင်းသည် သံသေဒဇ ပဋိသန္ဓေတည်နေခြင်းမည်၏။

၃။ ကြက်ဘဲစသော သတ္တဝါတို့၏ အဥ၌ ပဋိသန္ဓေတည်နေ ဖြစ်ပွါးခြင်းသည် အဏ္ဍဇ ပဋိသန္ဓေနေခြင်းမည်၏၊ ဤပဋိသန္ဓေကို ကြက်ဘဲစသော အမိဝမ်းမှ ဖြစ်ရသော ကြောင့် ဂဗ္ဘသေယျဟုလည်း ဆိုအပ်သေး၏။

၄။ ရုတ်တစ်ရက် ကောင်းကင်မှ ပျံကြလာဘိသကဲ့သို့ နတ်ပြည် ဗြဟ္မာ့ပြည် ငရဲပြည်တို့၌ ကိုယ်ထင်ရှား ပဋိသန္ဓေ တည်နေ ဖြစ်ပွါးခြင်းသည် ဩပပါတိက ပဋိသန္ဓေနေခြင်းမည်၏။

ဤသို့လေးမျိုးရှိပေ၏၊ ထို့ကြောင့် ကျေးဇူးရှင်ကြီး၏ ပဋိစ္စသမုပ္ပါဒ ပျို့လင်္ကာကြီး၌ -

- ဘဝစွမ်းရည်၊ ကံနှစ်ထွေကြောင့်၊
သဗ္ဗေသတ္တာ၊ သတ္တဝါတို့၊
ဖြစ်ရာဘဝ၊ ဆုံးပြန်ကလျှင်၊

http://www.dhammadownload.com



ကေစတု၊ ငါးခုခန္ဓာ၊
ကံချရာ၌၊ ဓမ္မတာစစ်၊
သစ်တလဲလဲ၊ အနည်းနည်းလျှင်၊
ဖြစ်မြဲဇာတိ၊ သန္ဓေငြိ၍၊
တြိဘုံပြင်၊ နယ်တစ်ခွင်၌၊
အစဉ်ဖြစ်ပွါး၊ အစားစားလျှင်၊
မားမား မတ်မတ်၊ ဇာတ်အမျိုးမျိုး၊
တန်ခိုး ထင်တိမ်၊ ဂုဏ်သိရ်နိမ့်မြင့်၊
အကျင့်ဆိုးကောင်း၊ အပေါင်းများစွာ၊ သတ္တဝါဟု၊
နာနာကာယ၊ ဖြစ်ပြန်ကြသည်။
လေးဝဇာတိ စွမ်းရည်တည်း။ ။

ဟူ၍ ရေးစပ်တော်မူခဲ့သည်။

------*------

## ၁၂။ ဇရာမရဏ ဒုက္ခပရိညာ

(၃၇) ဇာတိပစ္စယာ ဇရာမရဏဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

(၃၈-၃၉) ဓမ္မံ ၊ သံဃံ

ဇာတိအကြောင်းကြောင့်ဖြစ်သော ဇရာမရဏတည်းဟူသော ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ, မှီခိုရာ, ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ဤအရာ၌ ဇရာမရဏတို့တွင် ဇရာဟူသည်မှာ---

ဇီရဏံ ဇရာ။

http://www.dhammadownload.com



ဇီရဏ်=ရင့်ရော်ဆွေးမြည့်ခြင်း၊ ဇရာ=ရင့်ရော် ဆွေးမြည့်ခြင်း။

ရုပ်နာမ်ဓမ္မ သင်္ခတတရားတို့၏ ရင့်ရော်ဆွေးမြည့်မှုကို ဇရာဟု ဆိုပေသည်။

(တစ်နည်း) ဇီရန္တိ ဇိဏ္ဏဘာဝံ ဂစ္ဆန္တိ ဧတာယာတိ ဇရာ။

ဧတာယ=ဤတရားသဘောဖြင့်၊ ဇီရန္တိ=အိုမင်းရင့်ရော်ကုန်၏၊ ဇိဏ္ဏဘာဝံ=အိုမင်းရင့်ရော်သည်၏အဖြစ်သို့၊ ဂစ္ဆန္တိ=ရောက်ကြကုန်၏၊ ဣတိတသ္မာ=ထိုသို့ရင့် ရော်အိုမင်းကြောင်းဖြစ်သောသတ္တိကြောင့်၊ ဇရာ= ဇရာမည်၏။

ဇရာသဘောရှိနေသောကြောင့် အလုံးစုံသော သင်္ခတဓမ္မတို့သည် ဖြစ်ပေါ်သည်နှင့်တစ်ပြိုင်နက် ဇရာသဘောသို့သာ မေးတင်ကာ ကိုင်းကာ ရှိုင်းကာ ဦးညွှတ်နေကြကုန်၏၊ ဇရာနယ်တွင်းသို့ သက်ဆင်းကြကုန်၍ နဂိုပကတိအတိုင်း မဟုတ်ဘဲ ရင့်ရော်ဆွေးမြည့်ခြင်းသို့သာ ရောက်ရကုန်၏၊ အနည်းငယ်မျှ ပကတိအတိုင်း တည်တံ့၍ နေခြင်းငှါ မတတ်နိုင်ကြကုန်၊ ဖြစ်ပေါ်သမျှသော သင်္ခတဓမ္မတို့သည် ရင့်ရော်အိုမင်းခြင်းတည်းဟူသော ဇရာတွင်းသို့သာ ဆင်း၍ဆင်း၍ နေကြကုန်၏၊ ထို့ကြောင့်ဇရာတရားကို သင်္ခတတရားတို့၏ ရင့်ရော်ဆွေး မြည့်ကြောင်း အိုမင်းကြောင်းဟူ၍ ဆိုရပေသည်၊ ဇာတိရှိလျှင် ဇရာတရားလည်း အမြဲ ထပ်ကြပ်ပါ၍လာ၏၊ အဝိညာဏက သဝိညာဏက=သက်ရှိသက်မဲ့ ဝတ္ထုဟူသမျှတို့သည် ဖြစ်ပေါ်လာသည်ကစ၍ ယနေ့တစ်မျိုး နက်ဖြန်တစ်မျိုး နံနက်တစ်မျိုး ညဥ့်တစ်မျိုး အိုမင်းခြင်းသို့သာလျှင် သက်ဆင်း ယျော့ကျ၍ နေကြကုန်၏။

ထိုဇရာသည် -

(၁) ဝယောဝုဍ္ဍိဇရာ၊

http://www.dhammadownload.com



(၂) သန္တတိဇရာ၊

(၃) ခဏိကဇရာ၊

အားဖြင့် သုံးမျိုးရှိ၏၊ ထိုသုံးမျိုးတို့တွင်--

၁။ ဝယောဝုဒ္ဓိဇရာ ဆိုသည်ကား ဆံဖြူသွားကြွေ အရေတွန့်လိပ်မှု အကြောပြိုင်းရရိုင်းထမှု, ခါးကိုင်းကုန်းကွမှုသို့တိုင်အောင် တစ်ဆင့် တစ်ဆင့် အသက်အရွယ်ကြီးရင့်မှုသည် ဝယောဝုဒ္ဓိဇရာမည်၏။

ထိုဝယောဝုဒ္ဓိဇရာပင်လျှင် ပရမတ္ထမဖြစ်သော ရုပ်တရားတို့၏ အမျိုးမျိုး အဖုံဖုံပြောင်းလဲလာမှုအပေါ်တွင် ပညတ်တင်စား၍ ခေါ်ဝေါ် အပ်သောကြောင့် "ပညတ္တိဇရာ"ဟူ၍လည်းကောင်း, သမုတိနယ်တွင် မျက်မြင်ထင်ရှား ပေါ်လွင်သောကြောင့် "ပါကဋဇရာ" ဟူ၍လည်း ကောင်း ခေါ်ဆိုရသေး၏။

၂။ သန္တတိဇရာ ဆိုသည်ကား သန္တတိဇာတိ၌ ပြဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း တစ်နှစ်အတွင်း, တစ်လအတွင်း, တစ်ရက်အတွင်းစသည် တို့မှာ ရုပ်နာမ်ခန္ဓာတို့၏ တစ်မျိုးစီ တစ်ဖုံစီ အသစ်အသစ်ဖြစ်ပေါ်မှုမှ လျော့သက် ဆုတ်ယုတ်မှုကို သန္တတိဇရာ ဟုဆိုသတည်း။

၃။ ခဏိကဇရာ ဆိုသည်ကား ပရမတ္ထမှသခ်တတရားတို့၏ ခဏငယ်အစဉ် ဥပါဒ်ဌီဘင်အားဖြင့်ဖြစ်ပေါ်၍နေသော ရုပ်တရားနာမ် တရားတို့၏ ဌီခဏကို ခဏိကဇရာဟု ဆိုသတည်း။

ထိုဇရာသုံးမျိုးတို့တွင် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ကား ဝယော ဝုဒ္ဓိဇရာသည်သာလျှင် ဟောတော်မူလိုရင်း ဇရာဖြစ်ပေ၏။

ထို့ကြောင့် အဘိဓမ္မာဝိဘင်း ပါဠိတော်၌--

* တတ္ထ ကတမံ ဇာတိပစ္စယာ ဇရာမရဏံ၊ အတ္ထိဇရာ၊ အတ္ထိ

http://www.dhammadownload.com



မရဏံ၊ တတ္တကတမာ ဇရာ၊ ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇရာ ဇီရဏတာ ခဏ္ဍိစ္စံ ပါလိစ္စံ ဝလိတ္တစတာ အာယုနော သံဟာနိ ဣန္ဒြိယာနံ ပရိပါကော၊ အယံ ဝုစ္စတိ ဇရာ။

တတ္ထ=ထိုဥဒ္ဒေသပါဠိ၌၊ ဇာတိပစ္စယာ=တဖန်အသစ်ဖြစ်ပေါ်ခြင်းဟူသော ဇာတိကြောင့်၊ ဥပ္ပန္နံ=ဖြစ်သော၊ ဇရာမရဏံ=ဇရာမရဏဟူသည်၊ ကတမံ=အဘယ်နည်း၊ ဇရာ=ဇရာသည်လည်း၊ အတ္ထိ=ရှိ၏၊ မရဏံ=မရဏသည်လည်း၊ အတ္ထိ=ရှိ၏၊ တတ္ထ=ထိုဇရာမရဏနှစ်ပါးတို့တွင်၊ ဇရာ=ဇရာဟူသည်၊ ကတမာ=အဘယ်နည်းဟူမူကား၊ တေသံ တေသံ သတ္တာနံ=ထိုထိုသတ္တဝါတို့၏၊ တမှိ တမှိ သတ္တနိကာယေ=ထိုထိုသတ္တဝါမျိုးအပေါင်း၌၊ ယာဇရာ=အကြင်အိုမင်း ရင့်ရော်ခြင်းသည်၊ အတ္ထိ=ရှိ၏၊ ယာဇီရဏတာ=အကြင်ဟောင်းနွမ်းမှည့်ရွမ်းခြင်းသည်၊ အတ္ထိ=ရှိ၏၊ ယံခဏ္ဍိစ္စံ=အကြင်သွားကျိုးခြင်းသည်၊ အတ္ထိ=ရှိ၏၊ ယံ ပါလိစ္စံ=အကြင်ဆံဖြူခြင်းသည်၊ အတ္ထိ=ရှိ၏၊ ယာ ဝလိတ္တစတာ=အကြင်တွန့်ခြင်းသည်၊ အတ္ထိ=ရှိ၏၊ အာယုနော=အသက်၏၊ ယာ သံဟာနိ=အကြင်ဆုတ်ယုတ်ခြင်းသည်၊ အတ္ထိ=ရှိ၏၊ ဣန္ဒြိယာနံ=စက္ခုအစရှိသောဣန္ဒြေတို့၏၊ ယော ပရိပါကော=အကြင်ရင့်ခြင်းသည်၊ အတ္ထိ=ရှိ၏၊ အယံ=ဤအမှုကို၊ ဇရာ=ဇရာဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

ဟူ၍ဟောတော်မူ၏၊ ဤသို့ဟောတော်မူသော ဝယောဝုဒ္ဓိဇရာဟူသည်မှာ ရုပ်တရားတို့၏ ကိစ္စသာဖြစ်၏၊ နာမ်တရားတို့၌ ထိုဇရာမျိုး မရှိချေ၊ ထို့ပြင် ဤဝယောဝုဒ္ဓိဇရာမျိုးသည် ကမ္မဇရုပ်အားနည်းသော လူစသောကာမဘုံ သားတို့၌ သာဖြစ်ပေ၏၊ နတ်စသော ကမ္မဇရုပ်အားကြီးသော ပုဂ္ဂိုလ်မျိုးတို့၌ မဖြစ်နိုင်ချေ ဟုသိရာ၏။

မရဏ ဟူသည်မှာလည်း--

http://www.dhammadownload.com


- မရီယတေ မရဏံ။

မရီယတေ=သေခြင်း၊ မရဏံ=သေခြင်း၊

အသက်ကုန်သည်း ပျက်စီးဆုံးရှုံးခြင်းကို မရဏဟုဆိုသည်။

(တစ်နည်း) မရန္တိ သတ္တာ ဧတေနာတိ မရဏံ။

ဧတေန=ဤတရားဖြင့်၊ သတ္တာ=သတ္တဝါတို့သည်၊ မရန္တိ=သေကြရကုန်၏၊ ဣတိတသ္မာ=ထို့သို့သေကြောင်းဖြစ်သော သတ္တိကြောင့်၊ မရဏံ=မရဏမည်၏။

အလုံးစုံသောသတ္တဝါဟူသမျှတို့သည် မရဏခေတ်ကြီးပိတ်ဆီးဝန်းဝိုင်းခြင်းကို ခံနေကြရကုန်၏၊ မရဏခေတ်ကြီးဆီသို့သာ အတင်းပြေးဝင်ကြရကုန်၏၊ မရဏခေတ်ကြီးသို့သာ ကိုင်းရှိုင်းကြရကုန်၏၊ မရဏခေတ်အတွက်ကြောင့် သေ၍မဆုံးနိုင် ရှိနေကြကုန်၏၊ မရဏနိုင်ငံမှ မလွတ်နိုင်သမျှ ကာလပတ်လုံး သေဖို့ရန်သာ မျှော်လင့်ကြရကုန်၏၊ ထို့ကြောင့် မရဏသဘောကို သတ္တဝါတို့၏ သေကြောင်းဟူ၍ဆိုရ လေသည်။

## မရဏအပြား သုံးပါး

မရဏတရားသည်-

(၁) သမ္မုတိ မရဏ၊
(၂) သန္တတိ မရဏ၊
(၃) ခဏိက မရဏ၊

အားဖြင့် သုံးမျိုးရှိ၏၊ ထိုသုံးမျိုးတို့တွင်-

၁။ သမ္မုတိ မရဏဆိုသည်ကား ပစ္စုပ္ပန်ဖြစ်သောဘဝတစ်ခု၏ ချုပ်ဆုံးသေ ပျက်မှုသည် သမ္မုတိမရဏမည်၏။

http://www.dhammadownload.com



၂။ သန္တတိမရဏဆိုသည်ကား အကြောင်းအခွင့်ဆိုက်တိုက်သည် အားလျော်စွာ အထူးထူးအထွေထွေ ဖြစ်ပေါ်လာသော ရုပ်အစဉ် နာမ်အစဉ်တို့၏ ချုပ်ဆုံးကွယ်ပျောက်မှုသည် သန္တတိမရဏမည်၏။

ထင်ရှားစေဦးအံ့၊ လျောင်းမှု ထိုင်မှု ရပ်မှု သွားမှုဟူသော ဣရိယာပုထ်လေးခုတို့၏ ပြောင်းလဲဖြစ်ပေါ်မှုတို့တွင် သတိပြုလျှင် ထင်ရှားလှစွာ၏၊ လျောင်းလိုသော စိတ်အစဉ်သည် ထိုင်လိုသော စိတ်အစဉ် ဖြစ်ပေါ်လာခိုက်တွင် ပျက်စီးချုပ်ဆုံး ကွယ်ပျောက် သွားရပေ၏၊ ရပ်သော စိတ် ဖြစ်ပေါ်လာခိုက်တွင် ထိုင်လိုသော စိတ်အစဉ် ပျက်စီးချုပ်ဆုံး ကွယ်ပျောက် သွားရပေ၏၊ လျောင်းလိုသော စိတ်အစဉ် ဖြစ်ပေါ်လာခိုက်တွင် ထိုင်လိုသော စိတ်အစဉ် ပျက်စီးချုပ်ဆုံး ကွယ်ပျောက်သွားရ၏၊ ဤသို့လျှင် ဣရိယာပုထ် လေးပါးတို့တွင် နာမ်အစဉ်လေးမျိုးတို့ အသီးသီး ချုပ်ပျောက် ပျက်စီးသွားရမှု နောက်နောက်သော စိတ်အစဉ် ဖြစ်ပေါ်လာတိုင်း ရှေ့ရှေ့သော စိတ်အစဉ်တို့ ချုပ်စဲကင်း ပျောက်သွားရမှုတို့သည် နာမ်သန္တတိမရဏတို့ မည်ကုန်၏။

သွားမှုဟူသော လှုပ်ရှားမှု ဝါယော ရုပ်အစဉ်သည် ရပ်မှု ထိုင်မှု လျောင်းမှုဟူသော ထောက်ကန် ဝါယော ရုပ်အစဉ် ဖြစ်ပေါ်လာခိုက်တွင် တစ်တိုတစ်စမျှ မရှိကြကုန်ဘဲ ချုပ်စဲ ကင်းပျောက်သွားရမှုတို့သည် ရုပ်သန္တတိမရဏတို့ မည်ကုန်၏၊ အေးမှုရုပ်အစဉ်မှ ပူမှုရုပ်အစဉ်သို့လည်းကောင်း, ကျန်းမာမှုရုပ်အစဉ်မှ ဖျားနာမှု ရုပ်အစဉ်သို့လည်းကောင်း ပြောင်းရွှေ့ ဖြစ်ပေါ်ရာစသည်တို့တွင် ဉာဏ်ကုန်နှင်၍ ကြည့်လျှင် သိမြင်ရသော ရုပ်အစဉ်တို့၏ ချုပ်ပျက်မှု မှန်သမျှသည် ရုပ်သန္တတိ မရဏ မည်၏။

၃။ ခဏိကမရဏ ဆိုသည်ကား ရုပ်နာမ်တို့၏ ဥပါဒ်ဌီဘင်

http://www.dhammadownload.com



ခဏငယ် အစဉ်အားဖြင့် ဖြစ်နေမှုမှ ပျက်ဆုံးချုပ်ကွယ်ခြင်း ဘင်ခဏသည် ခဏိကမရဏ မည်ပေသည်။

ဤမရဏ သုံးမျိုးတို့တွင် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ကား သမ္မုတိ မရဏသည်သာလျှင် ဟောတော်မူလိုရင်း မရဏဖြစ်ပေသည်။ ထို့ကြောင့် အဘိဓမ္မာ ဝိဘင်းပါဠိတော်၌ -

* တတ္ထ ကတမံ မရဏံ၊ ယာ တေသံ တေသံ သတ္တာနံ တမှာ တမှာ သတ္တနိကာယာ စုတိစဝနတာ ဘေဒါ အန္တရဓာနံ မစ္စုမရဏံ ကာလကိရိယာ ခန္ဓာနံ ဘေဒေါ ကဠေဝရဿ နိက္ခေပေါ ဇီဝိတိန္ဒြိယဿုပစ္ဆေဒေါ၊ ဣဒံ ဝုစ္စတိ မရဏံ၊ ဣတိ အယဉ္စ ဇရာ၊ ဣဒဉ္စ မရဏံ၊ ဣဒံ ဝုစ္စတိ ဇာတိ ပစ္စယာ ဇရာမရဏံ။

တတ္ထ=ထိုဇရာမရဏ နှစ်ပါးတို့တွင်၊ မရဏံ=မရဏဟူသည်၊ ကတမံ=အဘယ်နည်း၊ တေသံတေသံ သတ္တာနံ=ထိုထိုသတ္တဝါတို့၏၊ တမှာ တမှာ သတ္တနိကာယာ=ထိုထိုသတ္တဝါမျိုးအပေါင်းမှ၊ ယာစုတိ=အကြင်စုတေခြင်းသည်၊ အတ္ထိ-ရှိ၏၊ ယာစဝနတာ=အကြင်ရွေ့ပြောင်းခြင်းသည်၊ အတ္ထိ=ရှိ၏၊ ယောဘေဒေါ=အကြင်ပျက်စီးခြင်းသည်၊ အတ္ထိ=ရှိ၏၊ ယံအန္တရဓာနံ=အကြင်ကွယ်လွန်ခြင်းသည်၊ အတ္ထိ=ရှိ၏၊ ယံမစ္စု=အကြင်သေခြင်းသည်၊ အတ္ထိ=ရှိ၏၊ ယံမရဏံ=အကြင်အသက်ကို စွန့်ခြင်းသည်၊ အတ္ထိ=ရှိ၏၊ ယာကာလကိရိယာ=အကြင်သေမှုသည်၊ အတ္ထိ=ရှိ၏၊ ခန္ဓာနံ=ခန္ဓာတစ်ပါး, လေးပါး, ငါးပါးတို့၏၊ ယော ဘေဒေါ=အကြင်ပျက်ဆုံးခြင်းသည်၊ အတ္ထိ=ရှိ၏၊ ဇီဝိတိန္ဒြိ ယဿ=ဇီဝိတိန္ဒြေအစဉ်၏၊ ယော ဥပစ္ဆေဒေါ=အကြင်ပြတ်ခြင်းသည်၊ အတ္ထိ=ရှိ၏၊ ဣဒံ=ဤအမှုကို၊ မရဏံ=မရဏဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏၊ ဣတိ=ဤသို့၊ အယဉ္စဇရာ=ဤဇရာလည်းကောင်း၊ ဣဒဉ္စမရဏံ=ဤမရဏလည်းကောင်း၊ ဣဒံ=ဤတရားနှစ်ပါးကို၊

http://www.dhammadownload.com



ဇာတိပစ္စယာ=တစ်ဖန်အသစ် ဖြစ်ပေါ်ခြင်းဟူသော ဇာတိကြောင့်၊ ဥပ္ပန္န=ဖြစ်သော၊ ဇရာမရဏံ=ဇရာမရဏဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

ဟူ၍ ဟောတော်မူ၏။

ဤသို့လျှင် ဇာတိရှိသော သတ္တဝါ သခ်ါရတို့သည် ဇရာမရဏတို့နှင့် မကင်းနိုင်ချေ၊ ဇာတိ၏နောက်မှ ဇရာမရဏတို့ ကပ်လျက်ချပ်လျက် ပါရှိလာကြ၏၊ ထိုသို့သောအဓိပ္ပါယ်ကို ရည်ရွယ်တော်မူ၍။

ကျေးဇူးရှင်ကြီး၏ ပဋိစ္စသမုပ္ပါဒပျို့ လင်္ကာကြီး၌-

- သန္ဓေဇာတိ၊ တစ်ဖန်ငြိ၍၊
တြိ ဘုံသူ၊ အဆူဆူလျှင်၊
လူလူ နတ်နတ်၊ အရပ်ရပ်တည့်၊
မတ်မတ် မားမား၊ ဖြစ်ပြန်ငြားသော်၊
သုံးပါးအရွယ်၊ စ,လယ်, အဆုံး၊ ရှိမြဲထုံးဖြင့်၊
အနှုန်း စဉ်စီ၊ သန္ဓေချီက၊
နာရီ စဉ်သင့်၊ အဆင့်ဆင့်လျှင်၊
ရင့်မြဲရော်မြဲ၊ တသဲသဲတည့်၊
မစဲနေ့ည၊ တရွရွလျှင်၊
ခဏ သန္တတိ၊ အဂ္ဂိဇရာ၊
နှစ်ဖြာလောင်မီးရှိန်ရှိန်ညီး၍၊
အကြီးအငယ်၊ အရွယ် ခြားနား၊ အစားစားလျှင်၊
အသွား တွင်တွင်၊ မစဲ နှင်၏၊
လေးအင် သေမှု၊ တစ်ခုခုလည်း၊
ဗဟုအန္တရာယ်၊ အသွယ်သွယ်နှင့်၊
နှီးနွယ် ရုံးစည်း၊ တစ်လုံးတည်းလျှင်၊
ကြီးကြီး ငယ်ငယ်၊ အရွယ် မထောက်၊

http://www.dhammadownload.com



သေချိန်ရောက်က၊
ချုပ်ပျောက်ခန္ဓာ၊ မငြင်းသာသည်။
ဇရာမရဏ စွမ်းရည်တည်း။

ဟူ၍ ရေးစပ်တော်မူ ခဲ့ပေသည်။ ။

-----------*-----------

## ၁၃။ သောကာဒိ ဒုက္ခပရိညာ

(၄၀) သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဒုက္ခပရိညာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

(၄၁-၄၂) ခမ္ဘံ ၊ သံဃံ

သောက=စိုးရိမ်မှု, ပရိဒေဝ=ငိုကြွေး မြည်တမ်းမှု, ဒုက္ခ=ပင်ပန်းဆင်းရဲမှု, ဒေါမနဿ=နှလုံးမသာယာမှု, ဥပါယာသ=သက်ကြီးရှိုက်ငင်ပင်ပန်းမှု, တည်းဟူသော ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီးကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိ သည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာ ဟူ၍ ဆည်းကပ်ပါ၏။

ဤငါးမျိုးတို့တွင် -

\- သောစနံ သောကော။

သောစနံ=စိုးရိမ်ပူဆွေးခြင်း၊ သောကော=စိုးရိမ်ပူဆွေးခြင်း။

အဆွေအမျိုးတို့၏ ပျက်စီးခြင်း=ဉာတိဗျသနစသော ဗျသနတရားငါးပါးတို့နှင့် တွေ့ဆုံခြင်းတို့ကြောင့် စိုးရိမ်ပူဆွေးမှုကို သောကဟု ဆိုပေသည်။

တစ်နည်း -

သောစန္တိ စိတ္တပရိဠာဟံ ဂစ္ဆန္တိ ဧတေနာတိ သောကော။

http://www.dhammadownload.com



ဧတေန=ဤတရားဖြင့်၊ သောစန္တိ=စိုးရိမ်ပူဆွေးကြရကုန်၏၊ စိတ္တပရိဋ္ဌာဟံ=စိတ်ပင်ပန်းခြင်းသို့ ဂစ္ဆန္တိ=ရောက်ကြရကုန်၏၊ ဣတိ တသ္မာ= ထိုသို့ စိုးရိမ်ပူဆွေးကြောင်းဖြစ်သော သတ္တိကြောင့်၊ သောကော=သောက မည်၏။

သောကကိစ္စကို ဆောင်ရွက်နိုင်သော ဒေါမနဿဝေဒနာဓာတ် ရှိမှုကြောင့် သတ္တဝါတို့သည် လွန်စွာပူဆွေး စိတ်မအေးနိုင်ဘဲ ရှိကြကုန်၏။ သောကအတွက်စိတ်ပူပန်ခြင်း အမျိုးမျိုးကို ရရှိကြကုန်၏။ သောက ကင်းသောပုဂ္ဂိုလ်မှာမူကား တစ်စုံတစ်ရာ စိုးရိမ်ပူဆွေးခြင်း မရှိချေ။ ပကတိသီတာရေပမာ လွန်စွာချမ်းသာခြင်း တည်းဟူသော သောမနဿ သုခကို ရရှိနိုင်လေသည်။ ထို့ကြောင့် သောကကို ပူဆွေး ကြောင်းတရား, စိတ်မအေးနိုင်ကြောင်း တရားဟူ၍ ဆိုရပေသည်။ တရားကိုယ်အားဖြင့် ဒေါမနဿဝေဒနာပေတည်း။

ဗျသနတရား ငါးပါးတို့တွင် တစ်ပါးပါးဖြင့် နှိပ်စက်မှုကို ခံရသော ပုဂ္ဂိုလ်မှာ သောကတရားဖြစ်ပေါ်လာ၏။ ထိုသောကတရား ဖြစ်ပေါ် လာသောအခါ ထိုပုဂ္ဂိုလ်၏ စိတ်နှလုံးသည် အဆိပ်လူးထားသောမြားဖြင့် ထိုးဆွအပ်သကဲ့သို့လည်းကောင်း, မီး၌အုံးထားအပ်သော ကြိမ်ညွှန့် ကြိမ်ဖူးကဲ့သို့လည်းကောင်း ဖြစ်ရှိလေ၏။

ဗျသနတရား ငါးပါး ဆိုသည်ကား -

၁။ ဉာတိဗျသန=အဆွေအမျိုး ပျက်စီးခြင်း၊

၂။ ဘောဂဗျသန=စည်းစိမ်ဥစ္စာ ပျက်စီးခြင်း၊

၃။ ရောဂဗျသန=တစ်ခုတစ်ခုသော ရောဂါဖိစီး နှိပ်စက်၍ ပျက်စီးခြင်း၊

၄။ သီလဗျသန=စောင့်ရှောက် ထိန်းသိမ်းသော သီလ၏ ပျက်စီး ဆုံးရှုံးခြင်း၊

http://www.dhammadownload.com



၅။ ဒိဋ္ဌိဗျသန=ဖြောင့်မှန်စွာ ယူအပ်သော သမ္မာဒိဋ္ဌိအယူ၏ ပျက်စီး ပြုန်းတီးခြင်း၊

ဤငါးပါးတို့ပေတည်း၊ ထို့ကြောင့် အဘိဓမ္မာဝိဘင်းပါဠိတော်၌-

* တတ္ထ ကတမော သောကော၊ ဉာတိဗျသနေန ဝါ ဖုဋ္ဌဿ, ဘောဂဗျသနေန ဝါ ဖုဋ္ဌဿ, ရောဂဗျသနေန ဝါ ဖုဋ္ဌဿ, သီလဗျသနေန ဝါ ဖုဋ္ဌဿ, ဒိဋ္ဌိဗျသနေန ဝါ ဖုဋ္ဌဿ, အညတရညတရေန ဗျသနေန သမန္နာဂတဿ အညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ သောကော သောစနာ သောစိတတ္တံ အန္တောသောကော အန္တောပရိသောကော စေတသော ပရိဇ္ဈာယနာ ဒေါမနဿံ သောကသလ္လံ၊ အယံ ဝုစ္စတိ သောကော။

တတ္ထ=ထိုဥဒ္ဒေသပါဠိ၌၊ သောကော=သောကဟူသည်၊ ကတမော= အဘယ်တရားနည်း၊ ဉာတိဗျသနေန=သားသမီး စသောဆွေမျိုးတို့၏ ပျက်စီးမှုနှင့်၊ ဖုဋ္ဌဿဝါ=တွေ့သောသူ၏လည်းကောင်း၊ ဘောဂ ဗျသနေန=စည်းစိမ်ဥစ္စာတို့၏ ပျက်စီးမှုနှင့်၊ ဖုဋ္ဌဿဝါ=တွေ့ထိသောသူ၏ လည်းကောင်း၊ ရောဂဗျသနေန=ချမ်းသာမှုကို ဖျက်ဆီးတတ်သော ရောဂါဆိုး အနာဆိုးနှင့်၊ ဖုဋ္ဌဿဝါ=တွေ့သောသူ၏လည်းကောင်း၊ သီလဗျသနေန=ကိုယ်ကျင့်သီလ ပျက်စီးမှုနှင့်၊ ဖုဋ္ဌဿဝါ=တွေ့သော သူ၏လည်းကောင်း၊ ဒိဋ္ဌိဗျသနေန=အယူပျက်စီးမှုနှင့်၊ဖုဋ္ဌဿဝါ= တွေ့သောသူ၏လည်းကောင်း၊ အညတရညတရေန ဗျသနေန=ဆိုခဲ့ပြီး သည်မှကြွင်းသော အမှတ်မရှိ တစ်ပါးပါးသော ပျက်စီးမှုနှင့်၊ သမန္နာ ဂတဿဝါ=ပြည့်စုံသောသူ၏လည်းကောင်း၊ အညတရညတရေန ဒုက္ခ ဓမ္မေန=အမှတ်မရှိ တစ်ပါးပါးသော ဒုက္ခဓမ္မနှင့်၊ ဖုဋ္ဌဿဝါ=တွေ့သော သူ၏လည်းကောင်း၊ သောကော=စိုးရိမ်မှုသည်၊ သောစနာ=ပူပင်မှုသည်၊

http://www.dhammadownload.com



သောစိတတ္တံ=စိတ်ပူပန်သည်၏အဖြစ်သည်၊ အတ္ထိ=ရှိ၏၊ အန္တော သောကော=အတွင်း၌ စိုးရိမ်မှုသည်၊ အန္တောပရိသောကော=အတွင်း၌ ထွေထွေလာလာ ပူပန်မှုသည်၊ အတ္ထိ=ရှိ၏၊ စေတသော=စိတ်၏၊ ပရိဇ္ဈာယနာ=ပူလောင်မှုသည်၊ ဒေါမနဿံ=နှလုံး မသာယာမှုသည်၊ သောကသလ္လံ=သောကငြောင့်စူးမှုသည်၊ အတ္ထိ=ရှိ၏၊ အယံ=ဤအမှုကို၊ သောကော=သောကဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

ဟူ၍ ဟောတော်မူ၏။ ပရိဒေဝ ဟူသည်မှာ -

- ပရိဒေဝနံ ပရိဒေဝေါ။

ပရိဒေဝနံ=ငိုကြွေး မြည်တမ်းခြင်း၊ ပရိဒေဝေါ=ငိုကြွေး မြည်တမ်းခြင်း။

အထူးထူး အထွေထွေ ငိုကြွေးမြည်တမ်းသော အခြင်းအရာ အားဖြင့်ဖြစ်သော ဒေါသမူစိတ်ကြောင့်ဖြစ်သော စိတ္တဇသဒ္ဒ ရုပ်ပေတည်း။

(တစ်နည်း) တံတံ ပဝတ္တိံ ပရိကိတ္တေတွာ ဒေဝန္တိ ကန္ဒန္တိ ဧတေနာတိ ပရိဒေဝေါ။

ဧတေန=ဤတရားဖြင့်၊ သတ္တာ=သတ္တဝါတို့သည်၊ တံတံ ပဝတ္တိံ= ထိုထို အကြောင်းအရာစုကို၊ ပရိကိတ္တေတွာ=ပြောကြား ဖွဲ့နွဲ့ကြကုန်၍၊ ဒေဝန္တိကန္ဒန္တိ=ငိုကြွေးကြကုန်၏၊ ဣတိတသ္မာ=ထိုသို့ ငိုကြွေးကြောင်း ဖြစ်သော သတ္တိကြောင့်၊ ပရိဒေဝေါ=ပရိဒေဝ မည်၏။

ပရိဒေဝတရား ရှိသည့်အတွက်ကြောင့် သောကဖိစီးမှုကို ခံရ သောသူသည် အောင့်အည်းသည်းခံ၍ နေခွင့်မရဘဲ ငိုကြွေး မြည် တမ်းရလေ၏၊ ပရိဒေဝတရား၏ တိုက်တွန်းနှိုးဆော်မှုကြောင့် အရှက် အကြောက်ကို မငဲ့ဘဲ ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောဆိုငိုကြွေးရလေ၏၊ ထို့ကြောင့် ပရိဒေဝကို ငိုကြွေးကြောင်းတရားဟူ၍ ဆိုရလေသည်။

http://www.dhammadownload.com



ငိုကြွေးမှု ဆိုသည်ကား မိမိ၌ ပျက်စီးဆုံးပါးသော ဗျသနငါးခု အရာစုတို့ကို ထုတ်ဖော်မြွက်ကြား၍ ညည်းတွားမြည်တမ်းမှုပေတည်း၊ သူတော်ကောင်းတို့၏ မျက်မှောက်၌ပင် သော်လည်း အရှက် အကြောက်ကို မငဲ့ဘဲ နှုတ်တွင်းမှ ပွက်အံသော အနိဋ္ဌသံတို့ဖြင့် မြည်တွန်တောက်တီးကာ ထွေထွေရာရာ ဖော်ပြ မြွက်ကြားမှုဟူ၍လည်း ဆိုရလေသည်။

ဤပရိဒေဝ ဟူသည်ကား သောကတည်းဟူသော ပြောင့်ဖြင့် စူးဝင်၍နေသော ပုဂ္ဂိုလ်မှာ ဖြစ်လာတတ်၏၊ တဏှာအားကြီး ပြင်းထန်လျှင် ဥပါဒါန်ဟု ခေါ်ဆိုရ ဖြစ်လာရသကဲ့သို့ သောကအားကြီး ပြင်းထန်လာလျှင် ပရိဒေဝ ခေါ်ဆိုရ ဖြစ်လာရပေသည်။

ထို့ကြောင့် အဘိဓမ္မာ ဝိဘင်းပါဠိတော်၌-

* တတ္ထ ကတမော ပရိဒေဝေါ၊ ဉာတိဗျသနေန ဝါ ဖုဋ္ဌဿ၊ ဘောဂဗျသနေန ဝါ ဖုဋ္ဌဿ၊ ရောဂဗျသနေန ဝါ ဖုဋ္ဌဿ၊ သီလဗျသနေန ဝါ ဖုဋ္ဌဿ၊ ဒိဋ္ဌိဗျသနေန ဝါ ဖုဋ္ဌဿ၊ အညတရညတရေန ဗျသနေန သမန္နာဂတဿ, အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ အာဒေဝေါ ပရိဒေဝေါ အာဒေဝနာ ပရိဒေဝနာ အာဒေဝိတတ္တံ ပရိဒေဝိတတ္တံ ဝါစာပလာပေါ ဝိပ္ပလာပေါ လာလပ္ပေါ လာလပ္ပနာ လာလပိတတ္တံ၊ အယံ ဝုစ္စတိ ပရိဒေဝေါ။

တတ္ထ=ထိုဥဒ္ဒေသပါဠိ၌၊ ပရိဒေဝေါ=ပရိဒေဝ ဟူသည်၊ ကတမော-အဘယ်တရားနည်း၊ ဉာတိဗျသနေန=သားသမီးစသော ဆွေမျိုးတို့၏ ပျက်စီးမှုနှင့်၊ ဖုဋ္ဌဿဝါ=တွေ့သောသူ၏လည်းကောင်း၊ ဘောဂဗျသနေန=စည်းစိမ်တို့၏ ပျက်စီးမှုနှင့်၊ ဖုဋ္ဌဿဝါ=တွေ့သောသူ၏လည်းကောင်း၊ ရောဂဗျသနေန=ချမ်းသာကို ဖျက်ဆီးတတ်သော

http://www.dhammadownload.com



ရောဂါဆိုး အနာဆိုးနှင့်၊ ဖုဋ္ဌဿဝါ=တွေ့သောသူ၏လည်းကောင်း၊ သီလဗျသနေန=ကိုယ်ကျင့်သီလ ပျက်စီးမှုနှင့်၊ ဖုဋ္ဌဿဝါ=တွေ့သောသူ၏ လည်းကောင်း၊ ဒိဋ္ဌိဗျသနေန=အယူပျက်စီးမှုနှင့်၊ ဖုဋ္ဌဿဝါ=တွေ့သောသူ၏လည်းကောင်း၊ အညတရ ညတရေန ဗျသနေန=ဆိုခဲ့ပြီးသည်မှကြွင်းသော အမှတ်မရှိတစ်ပါးပါးသော ပျက်စီးမှုနှင့်၊ သမန္နာဂတဿ=ပြည့်စုံသောသူ၏လည်ကောင်း၊ အညတရညတရေန ဒုက္ခဓမ္မေန=အမှတ်မရှိ တစ်ပါးပါးသော ဒုက္ခဓမ္မနှင့်၊ ဖုဋ္ဌဿဝါ=တွေ့သောသူ၏လည်းကောင်း၊ အာဒေဝေါ=ရည်သန်၍ ငိုကြွေးခြင်းသည်၊ ပရိဒေဝေါ=ပြောကြား၍ ငိုကြွေးမှုသည်၊ အတ္ထိ=ရှိ၏၊ အာဒေဝနာ=ရည်သန်၍ ငိုကြွေးမှုသည်၊ ပရိဒေဝနာ=ပြောကြား၍ ငိုကြွေးမှုသည်၊ အတ္ထိ=ရှိ၏၊ အာဒေဝိတတ္တံ=ရည်သန်၍ ငိုကြွေးတတ်သည်၏ အဖြစ်သည်၊ ပရိဒေဝိတတ္တံ=ပြောကြား၍ ငိုကြွေးတတ်သည်၏ အဖြစ်သည်၊ အတ္ထိ=ရှိ၏၊ ဝါစာပလာပေါ=စကားထွေလာ မြည်တမ်းခြင်းသည်၊ ဝိပ္ပလာပေါ=အထူးထူး အထွေထွေ မြည်တမ်းခြင်းသည်၊ အတ္ထိ=ရှိ၏၊ လာလပ္ပေါ=အဖန်ဖန် မြည်တမ်းခြင်းသည်၊ လာလပ္ပနာ=အဖန်ဖန် မြည်တမ်းမှုသည်၊ လာလပိတတ္တံ=အဖန်ဖန် မြည်တမ်းသူ၏ အဖြစ်သည်၊ အတ္ထိ=ရှိ၏၊ အယံ=ဤအမှုကို၊ ပရိဒေဝေါ=ပရိဒေဝဟူ၍၊ ဝုစ္စတိ= ဆိုအပ်၏။

ဟူ၍ ဟောတော်မူ၏။

ဒုက္ခ ဟူသည်မှာ -

ခမိတုံ ဒုက္ကရတ္တိ ဒုက္ခံ။

ခမိတုံ=သည်းခံ၍ နေခြင်းငှါ၊ ဒုက္ကရံ=ခဲယဉ်းလှစွာ၏၊ က္ကတိတသ္မာ= ထို့ကြောင့်၊ ဒုက္ခံ=ဒုက္ခမည်၏။

ကိုယ်၌ဖြစ်သော ဒုက္ခဝေဒနာကို အရကောက်အပ်၏၊ ဒုက္ခ

http://www.dhammadownload.com



ဝေဒနာ ဖြစ်ပေါ်၍လာလျှင် အလွန်တရာပင် ကျင်နာခံခက်လှသဖြင့် သည်းခံဖို့ရန် ခဲယဉ်းကြပ်တည်းလှစွာ၏။

ထို့ကြောင့် အဘိဓမ္မာ ဝိဘင်း ပါဠိတော်၌-

* တတ္ထ ကတမံ ဒုက္ခံ ၊ ယံ ကာယိကံ အသာတံ, ကာယိကံ ဒုက္ခံ, ကာယသမ္ဖဿဇံ အသာတံ ဒုက္ခံ ဝေဒယိတံ၊ ကာယ သမ္ဖဿဇာ အသာတာ ဒုက္ခာ ဝေဒနာ၊ ဣဒံ ဝုစ္စတိ ဒုက္ခံ။

တတ္ထ=ထိုဥဒ္ဒေသပါဠိ၌၊ ဒုက္ခံ=ဒုက္ခဟူသည်၊ ကတမံ=အဘယ်နည်း၊ ကာယိကံ=ကိုယ်အင်္ဂါ၌မှီသော၊ ယံအသာတံ=အကြင်မသက်သာမှုသည်၊ ကာယိကံ=ကိုယ်အင်္ဂါ၌မှီသော၊ ယံဒုက္ခံ=အကြင်ဆင်းရဲမှုသည်၊ ကာယ သမ္ဖဿဇံ=ကိုယ်အင်္ဂါ၌ တွေ့၍ဖြစ်သော၊ အသာတံ=မသက်သာသော၊ ဒုက္ခံ=ဆင်းရဲသော၊ ယံဝေဒယိတံ=အကြင်ခံစားမှုသည်၊ အတ္ထိ=ရှိ၏၊ ကာယသမ္ဖဿဇာ=ကိုယ်အင်္ဂါ၌တွေ့၍ဖြစ်သော၊ အသာတာ=မသက်သာ သော၊ ဒုက္ခာ=ဆင်းရဲသော၊ ယာဝေဒနာ=အကြင်ခံစားမှုသည်၊ အတ္ထိ= ရှိ၏၊ ဣဒံ=ဤအမှုကို၊ ဒုက္ခံ=ဒုက္ခဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

ဟူ၍ ဟောတော်မူ၏။

ဒေါမနဿ ဟူသည်မှာ-

\- ဒုမနဿ ဘာဝေါ၊ ဒေါမနဿံ။

ဒုမနဿ=နှလုံး မကောင်းသောသူ၏၊ ဘာဝေါ=ဖြစ်ကြောင်းတည်း၊ ဒေါမနဿံ=နှလုံးမကောင်းသောသူ၏ ဖြစ်ကြောင်း။

စိတ်၌ဖြစ်သော စေတသိက ဒုက္ခဝေဒနာကို အရကောက်အပ်၏။

ထိုဒေါမနဿကိုပင်လျှင် အဘိဓမ္မာဝိဘင်းပါဠိတော်၌-

* တတ္ထ ကတမံ ဒေါမနဿံ၊ ယံစေတသိကံ အသာတံ,

http://www.dhammadownload.com



စေတသိကံ ဒုက္ခံ, စေတော သမ္ဖဿဇံ အသာတံ ဒုက္ခံ
ဝေဒယိတံ, စေတော သမ္ဖဿဇာ အသာတာ ဒုက္ခာ
ဝေဒနာ၊ ဣဒံ ဝုစ္စတိ ဒေါမနဿံ။

တတ္ထ=ထိုဥဒ္ဒေသပါဠိ၌၊ ဒေါမနဿံ=ဒေါမနဿဟူသည်၊ ကတမံ=အဘယ်နည်း၊စေတသိကံ=စိတ်၌မှီသော၊ ယံ အသာတံ=အကြင်မသက်သာမှုသည်၊ စေတသိကံ=စိတ်၌မှီသော၊ ယံ ဒုက္ခံ=အကြင်ဆင်းရဲသည်၊ အတ္ထိ=ရှိ၏၊ စေတော သမ္ဖဿဇံ=စိတ်နှလုံး၌တွေ့၍ဖြစ်သော၊ အသာတံ=မသက်သာသော၊ ဒုက္ခံ=ဆင်းရဲသော၊ ယံ ဝေဒယိတံ=အကြင်ခံစားမှုသည်၊ စေတော သမ္ဖဿဇာ=စိတ်နှလုံး၌တွေ့၍ ဖြစ်သော၊ အသာတာ=မသက်သာသော၊ ဒုက္ခာ=ဆင်းရဲသော၊ ယာဝေဒနာ=အကြင်ခံစားမှုသည်၊ အတ္ထိ=ရှိ၏၊ ဣဒံ=ဤအမှုကို၊ ဒေါမနဿံ=ဒေါမနဿဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

ဟူ၍ ဟောတော်မူ၏၊ ပြဆိုအပ်ခဲ့သော ဒုက္ခနှင့် ဒေါမနဿ တို့တွင် ဒုက္ခဟူသည်မှာ စိုးရိမ်ပူဆွေးခြင်း သောကဟူသော ပြောင့်တံသင်း စူးဝင်အပ်သော ပုဂ္ဂိုလ်၏ သန္တာန်၌ အသည်းတွင်း, နှလုံးတွင်း, ရင်တွင်း, ဝမ်းတွင်း လှိုက်လှိုက်လှဲလှဲ ပူပန်မှု၌ ပင်ပန်းမှုတို့ပေတည်း။

ဒေါမနဿ ဟူသည်မှာ စိုးရိမ်ပူဆွေးခြင်း သောကဟူသော ပြောင့်တံသင်း သည် စူးဝင်အပ်သော ပုဂ္ဂိုလ်၏ စိတ်အစဉ်၌ တရိပ်ရိပ် တငွေ့ငွေ့နှင့် မမေ့နိုင်, မပျောက်နိုင်, မကြည်နိုင်, မချမ်းနိုင်ဖြစ်ခါ စိတ်၌ဖြစ်သော မကြည်မသာ ဆင်းရဲပင်ပန်းမှုပေတည်း။

ဥပါယာသ ဟူသည်မှာ -

- ဘုသော အာယာတနံ ဥပါယာသော၊

ဘုသော=ပြင်းထန်စွာ၊ အာယာတနံ=ပင်ပန်းခြင်းတည်း၊ ဥပါယာသော=ပြင်းထန်စွာ ပင်ပန်းခြင်း။

http://www.dhammadownload.com



ပြင်းထန်စွာ ပင်ပန်းခြင်းဆိုသည်ကား ဒေါသမီးလောင်သည့်အတွက် စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းရုံမျှမက နစ်၍ မျော၍သွားမှု၊ သေငယ်ဇောဖြင့် မေ့လျော့သွားမှု၊ ရှိုက်ကြီးငင်ကြီးဖြစ်မှု၊ ရင်ထဲတွင် ဆို့နင့်လာမှု ဖြေမဆည်နိုင်ဘဲ ယိုင်လဲသွားမှုများပေတည်း၊ သေရိဝဇာတ်တော်မှ ဒေဝဒတ်အလောင်း ရွဲကုန်သည်၏ ဖြစ်ပုံမျိုးပေတည်း။

ထို ဥပါယာသကိုပင်လျှင် အဘိဓမ္မာဝိဘင်းပါဠိတော်၌-

* တတ္ထ ကတမော ဥပါယာသော၊ ဉာတိဗျသနေန ဝါဖုဋ္ဌဿ၊ ဘောဂဗျသနေန ဝါ ဖုဋ္ဌဿ၊ ရောဂဗျသနေန ဝါ ဖုဋ္ဌဿ၊ သီလဗျသနေန ဝါ ဖုဋ္ဌဿ၊ ဒိဋ္ဌိဗျသနေန ဝါ ဖုဋ္ဌဿ၊ အညတရညတရေန ဗျသနေန သမန္နာဂတဿ အညတရညတရေန ဒုက္ခ ဓမ္မေန ဖုဋ္ဌဿ အာယာသော ဥပါယာသော အာယာသိတတ္တံ ဥပါယာသိတတ္တံ၊ အယံ ဝုစ္စတိ ဥပါယာသော။

တတ္ထ=ထိုဥဒ္ဒေသပါဠိ၌၊ ဥပါယာသော=မရှုနိုင် မဆည်နိုင် အရှိုက်အငင် ပင်ပန်းခြင်းသည်၊ ကတမော=အဘယ်နည်း၊ ဉာတိ ဗျသနေန=သားသမီးစသော ဆွေမျိုးတို့၏ ပျက်စီးမှုနှင့်၊ ဖုဋ္ဌဿ ဝါ=တွေ့သောသူ၏လည်းကောင်း၊ ဘောဂဗျသနေန=စည်းစိမ်တို့၏ ပျက်စီးမှုနှင့်၊ ဖုဋ္ဌဿ ဝါ=တွေ့သောသူ၏လည်းကောင်း၊ ရောဂ ဗျသနေန=ချမ်းသာကို ဖျက်ဆီးတတ်သော ရောဂါဆိုး အနာဆိုးနှင့်၊ ဖုဋ္ဌဿ ဝါ=တွေ့သောသူ၏လည်းကောင်း၊ သီလဗျသနေန=ကိုယ်ကျင့် သီလ ပျက်စီးမှုနှင့်၊ ဖုဋ္ဌဿ ဝါ=တွေ့သောသူ၏လည်းကောင်း၊ ဒိဋ္ဌိဗျသနေန=အယူပျက်စီးမှုနှင့်၊ ဖုဋ္ဌဿ ဝါ=တွေ့သောသူ၏လည်းကောင်း၊ အညတရညတရေန ဗျသနေန=ဆိုခဲ့ပြီးသည်မှ ကြွင်းသော အမှတ်မရှိ တစ်ပါးပါးသော ပျက်စီးမှုနှင့်' သမန္နာဂတဿ=ပြည့်စုံ သောသူ၏လည်းကောင်း၊ အညတရညာ

http://www.dhammadownload.com


တရေန ဒုက္ခဓမ္မေန=အမှတ်မရှိ တစ်ပါးပါးသော ဒုက္ခဓမ္မနှင့်၊ ဖုဋ္ဌဿ ဝါ=တွေ့သောသူ၏လည်းကောင်း၊ အာယာသော=အလွန် ပင်ပန်းခြင်းသည်၊ ဥပါယာသော=ပြင်းစွာပင်ပန်းခြင်းသည်၊ အတ္ထိ=ရှိ၏၊ အာယာသိတတ္တံ=လွန်စွာပင်ပန်းသည်၏အဖြစ်သည်၊ ဥပါယာသိတတ္တံ=ပြင်းစွာပင်ပန်းသည်၏ အဖြစ်သည်၊ အတ္ထိ=ရှိ၏၊ အယံ=ဤအမှုကို၊ ဥပါယာ-သော=ဥပါယာသဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

ဟူ၍ ဟောတော်မူ၏။

သောက, ပရိဒေဝ, ဥပါယာသ ဤသုံးခုတို့၏ ဖြစ်ပုံအထူးကား သောက အားကြီးလာ အရှိန်မြင့်လာလျှင် ပရိဒေဝဖြစ်လာ၏၊ ပရိဒေဝ အားကြီးလာ အရှိန်မြင့်လာလျှင် ဥပါယာသ ဖြစ်လာ၏။

ဥပမာကား -

- တစ်ခုသော ဆီပူအိုးကင်း၌ ကြိုက်ကြိုက်ဆူပွက်၍နေသော ဆီများနှင့်သောက တူ၏။
- ပွက်ဆူနေရုံ မကဘဲ ဆူဝေလျှံတက်၍ နေမှုနှင့် ပရိဒေဝ တူ၏။
- ကျန်ရစ်သော ဆီပူအိုးကင်း၌ နစ်၍ ခန်းခြောက်တူးခြစ်မှုနှင့် ဥပါယာသ တူ၏။

ဟု မှတ်ယူပါလေ။

ဤသောကစသော တရားငါးပါးတို့သည် ဇာတိကြောင့်သာ ဖြစ်ပေါ်လာ ကြကုန်၏၊ ဇာတိမဖြစ်ကြသော သူတို့၌သာ ဖြစ်ပေါ်ခွင့်ကို ရနိုင်ကြကုန်သောကြောင့် ဇာတိကြောင့်ဖြစ်၏-ဟု ဆိုကြကုန်၏။

ထို့ကြောင့် ကျေးဇူးရှင်ကြီး၏ ပဋိစ္စသမုပ္ပါဒပျို့လင်္ကာကြီး၌ -

http://www.dhammadownload.com



- သန္ဓေ ဇာတိ၊ ခန္ဓာ ရှိက၊
ဉာတိ ဘောဂ၊ စသည်သင်းပင်း၊
ကွေကွင်းခြင်းနှင့်၊
မကောင်းစသာ၊ ကြုံကြိုက်လာသော်၊
ပူဆာ သောက၊ ရှုတငိုကြွေး၊
သက်မွေးဝန်ထမ်း၊ ပူချမ်းဒုက္ခ၊
အနိဋ္ဌကြောင့်၊ စိတ်ကမကြည်၊
မဆည် ငင်ရှိုက်၊ အလှိုက်အလှဲ၊
ဆင်းရဲ ငါးပါး၊ အကျဉ်းအားတည့်၊
ကျယ်ပွါး အနန္တ၊ တွေ့ကြုံရသည်။
မူလဇာတိ အနှုန်းတည်း။ ။

ဟူ၍ စပ်ဆိုတော်မူခဲ့ပေသည်။

---------*---------

## ၁၄။ ဒုက္ခက္ခန္ဓ ပရိညာ

(၄၃) ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ ပရိညာ ပရိယန္တံ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

(၄၄-၄၅) ဓမ္မံ - သံဃံ

ဤသို့ ချမ်းသာမဖက် သက်သက်ဖြစ်သော ထိုဆင်းရဲအစုကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ မိမိခန္ဓာကိုယ်၌ သိမြင်ရခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ဤသို့လျှင် အဝိဇ္ဇာ အစရှိကုန်သော တရားတို့၏ အကြောင်းအကျိုး ဆက်လက်ဖြစ်ပွား၍နေသော ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးသည်

http://www.dhammadownload.com



စင်စစ်အားဖြင့် သုခဟူသည် မြူမျှမရှိ ပကတိ ဒုက္ခသက်သက်ကြီးသာ ဖြစ်၍နေ၏။

ပဋိစ္စသမုပ္ပန္န တရားတို့၏ ဆက်လက်ဖြစ်ပေါ်၍ နေသည်ကိုပင် ပညာမျက်စိမှ ကင်းကုန်သော အန္ဓပုထုဇဉ်တို့က ငါ့ကိုယ်ငါ့ဟာ ငါ့ခန္ဓာ ဟူ၍လည်းကောင်း, ငါ့ဉစ္စာဟူ၍လည်းကောင်း, မှတ်မှား စွဲလမ်း၍ နေကြကုန်၏။ အမြင်မှောက်မှား ဖောက်ပြားချွတ်ယွင်း၍ နေကြကုန်၏။ တစ်စုံတစ်ရာမျှ မိမိတို့နှင့် မသက်မဆိုင်ဘဲ သူ့သဘာဝအလျောက် ဖြစ်ချင်တတ်တိုင်း ဖြစ်၍နေသော တရားတို့ကို အရမ်းမဲ့ စွဲလမ်း၍ နေကြကုန်၏။

အဝိဇ္ဇာ စသည်တို့၏ ဖြစ်မှုသည် ဇာတိ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ဖြစ်ရန် အခြေခံ အမြစ်အရင်း တွေသာတည်း၊ ဇာတိ ဇရာစသည်သို့ ဆိုက်ရောက်ရုံက ပိုမို၍ အကျိုးထူး မရှိချေ၊ ဇာတိ ဇရာစသည်တို့ကလည်း စင်စစ်ဒုက္ခတုံး ဒုက္ခခဲကြီးတွေ သာဖြစ်၏။

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကို ဒုက္ခစက်ကြီး ဟူ၍ ဆိုရ၏၊ ထိုဒုက္ခစက်ကြီးကို ငါ့ကိုယ် ငါ့ဟာ ငါ့ခန္ဓာဟူ၍ မှတ်မှား စွဲလမ်း၍နေသော သတ္တဝါတို့သည်လည်း ဒုက္ခစက်ကြီးတွင်းသို့ အတင်း သက်ဆင်း၍ နေကြသည် မည်ကုန်၏၊ ဒုက္ခစက်သွားတို့၏ ဝါးမှု ကြိတ်မှု နင်းနယ်မှုတို့ကို အတင်းငုံ့ကာခံ၍ နေကြသည် မည်ကုန်၏။

ဤသို့လျှင် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ သုခမဖက် သက်သက် သော ဒုက္ခအစု ဒုက္ခအပုံတို့ ပေါင်းဆုံမိသော သဘောအဓိပ္ပါယ်ကို ရည်ရွယ်တော်မူ၍ အဘိဓမ္မာဝိဘင်းပါဠိတော်၌-

* ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော

http://www.dhammadownload.com

http://www.dhammadownload.com